
www.burmeseclassic.com

# ဆုမြတ်မွန်မွန်

## အသက်သွင်းလိပ်ပြာလေးရဲ့ရာဇဝင်



NYI NYI

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com







BURMESE CLASSIC .com



စီစဉ်သူ
မောင်ကျော်လှိုင်
(စေတနာစာပေ)

# ဆုမြတ်မွန်မွန်



အသက်သွင်းလိပ်ပြာလေးရဲ့ရာဇဝင်

www.burmeseclassic.com

www.burmeseclassic.com







# ပစ္စုပ္ပန်

(လင်းလျှန်းပိုလ် – ဘုန်းမေထိုက်)

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com













"ကိုယ်တို့ လမ်းခွဲကြရအောင် ... ဘုန်းမေထိုက်"

မေထိုက်သည် ထိုစကားကို နီးနီးလေးကပ်ကာ ကြားလိုက်ရသော်လည်း အဝေးကြီးမှလှမ်း၍ အော်ပြောလိုက်သလို နားထဲတွင် မပီသ မသဲကွဲဘဲ ဖြစ်၍သွားသည်၊ ကြားလျှင်ကြားချင်း ယုံတောင် မယုံနိုင်ချေ။

ပထမတော့ သူ နောက်နေသလားဟု ထင်မိသေး



www.burmeseclassic.com

www.burmeseclassic.com



သည်။ သို့သော် မှုန်မှိုင်းတင်းမာကာ အေးစက်နေသော မျက်နှာထားဟာ သူ နောက်နေတာမဟုတ်ဘူးဟု အတိအကျယုံ၍ရသွားသည်။ ချက်ချင်းပင် သူမ ရင်ထဲ၌ မီးလျှံတစ်ခု ပေါက်ဖွားလာသည်။

"ဘယ်လို ... ဘယ်လို ပြောလိုက်တာလဲ လင်းလွန်း၊ ထိုက်တို့လမ်းခွဲကြမယ်ဟုတ်လား ... ဘာအတွက်ကြောင့်လဲ ... ဘာ အတွက်ကြောင့်လဲဟင် ... "

ထိုက်က အတုန်တုန်အလှုပ်လှုပ်ပင် သူ့လက်မောင်းကိုလှုပ်ကာ မေးမိသည်။ အိုး ... ဒီနေ့မှ သူ့ရဲ့ ဝတ်ပုံစားပုံတာလည်း အရင်လိုမဟုတ်တော့တာ ထိုက် သတိထားမိသည်။ အခါတိုင်းဆိုလျှင် စပို့ရှပ်လက်တိုများနှင့် ပုဆိုးအကွက်စိပ်စိပ်လေးများကို အချိုးတကျ တွဲဖက်ဝတ်ဆင်ကာ .frame less မျက်မှန်ပါးပါးလေး တပ်တတ်သော သူက ဒီနေ့မှ အပြင်အဆင်တွေ လုံးဝပြောင်းလဲလျက်ရှိနေ၏။

ဘော်ဒီဖစ်တီရှပ်နက်ပြာရောင်နှင့် ဂျင်းဘောင်းဘီကို အချိုးတကျဝတ်ဆင်ထားသောသူဟာ ဘာကိုမှ ဂရုမစိုက်သည့်ဟန် အထင်းသားဖြင့် နက်ပြာရောင် MARK II ကားကို မှီကာရပ်နေသည်။ သူ့မျက်လုံးများကိုတော့ ခဲအော်ကလေမျက်မှန်အနက်ဖြင့် ဖုံးအုပ်ထားသည်မို့ မမြင်ရချေ။





ဘုရားရေ ... လွန်ခဲ့တဲ့နှစ်နှစ်ခန့်က စတင်ချစ်ကျွမ်းဝင်ခဲ့ရတဲ့ ထိုက်ရဲ့ချစ်သူပုံစံဟာ ဒီလိုမျိုးမဟုတ်ပေ။ သူ မှီကာရပ်ထားသော ကားမျိုး၊ သူ့ခါးပတ်၌ချိတ်ထားသော မိုဘိုင်းလ်ဖုန်းမျိုး သူ့ထံမှာ မရှိ။ အဆောင်အယောင် အပြင်အဆင်တွေ တောက်ပသားနားလွန်းသောသူဟာ ဘယ်လိုပြောင်းလဲသွားရတာပါလိမ့်။ ထိုက်ရဲ့ချစ်သူဟာ ဘာကား၊ ဘာဖုန်းမှ မရှိတဲ့ သာမန်လူတစ်ယောက်ပါ။

သို့သော် ထိုက်သည် ဒါတွေကို မစဉ်းစားအားသေး။ သူ ပြောလိုက်သော စကားကသာ ထိုက်အတွက် သေရေးရှင်ရေးတမျှ အရေးပါနေလေသည်။

"လင်းလွန်း ... ရှင် ... ဘာပြောလိုက်တာလဲ ... တဆိတ်လောက် ထိုက်ကို ပြန်ပြောစမ်းပါ",

"မင်းနဲ့ ကိုယ်နဲ့ လမ်းခွဲရအောင်လို့ပြောနေတာ ... ဒီ့ထက်ရှင်းရှင်းပြောရရင် မင်းကို ကိုယ် ဖြတ်လိုက်ပြီလို့ ပြောနေတာ... မင်းကို ကိုယ် မေ့ပြီ ... "

ဘုရားရေ ... ။ ဒါဟာ သူမရဲ့ချစ်လှစွာသော ချစ်သူ၊ သူမကိုလည်း အသက်လိုချစ်ရပါသော ချစ်သူတစ်ယောက်က ပြောသည့်စကားတွေတဲ့။ ဘယ်လိုဖြစ်ကုန်တာလဲ။ သူမက သူ့ထံမှာ



www.burmeseclassic.com

www.burmeseclassic.com



အပ်နှံထားခဲ့သော ယုံကြည်ခြင်းတွေ၊ မျှော်လင့်ခြင်းတွေ၊ နောက် သူနှင့်သူမ နှစ်ဦးတည်းသာသိသည့် ကြင်နာခြင်းတွေ၊ ချစ်ခြင်းတွေ၊ ဒါတွေက ... ။ ဒါတွေကို သူ ဘယ်လို ဖယ်ရှားရှင်းခဲ့မှာလဲ။

"မဖြစ်နိုင်ဘူး လင်းလွန်း ... ဘာ့အတွက်ကြောင့်လဲ ... ထိုက် ... ထိုက်တို့ သိပ်ချစ်ခဲ့ကြတယ်လေ ... ထိုက် ... ရှင့်ကို သိပ်ချစ်ခဲ့တယ်လေ"

ချက်ချင်းပင် သူမရဲ့မျက်ရည်တွေက အိုင်ဖွဲ့၍ လာခဲ့သည်။ သူကခပ်တင်းတင်းမျက်နှာထားကို တစ်စက်လေးမျှမလျှော့ချေ။ ထိုက်သည် ရုတ်ခြည်းပြောင်းလဲသွားသောအခြေအနေတစ်ခုကို လိုက်မမီစွာဖြင့် ရင်ထဲမှ ဆို့နင့်လာကာ နှလုံးသားတစ်ခုလုံး အောင့်မျက်၍လာခဲ့လေသည်။

အဖြစ်အပျက်က သူမအတွက် တကယ့်ကို Shock ပင်။ သူ့ရဲ့ရိုက်ချက်ကား အမှန်ကိုပြင်းထန်လှပါသည်။

"ကိုယ်ကတော့ မင်းကို တကယ်မချစ်ခဲ့ဘူး ဘုန်းမေထိုက်"

"ဟင် ... "

သူသည် ထင်မှတ်မထားသော စကားတွေနဲ့ချည်း သူမရဲ့နှလုံးသားကို ဖြိုချလျက်ရှိသည်။

"မင်းကို ဘယ်တုန်းကမှ မချစ်ခဲ့ဘူး ဘုန်းမေထိုက် ...





မင်းကို တစ်ချိန်လုံးမုန်းပဲ မုန်းနေခဲ့တာ ... မင်းကို အမြဲတမ်း နာကြည်းနေခဲ့တာ ... "

"ဘာအတွက်လဲ ... ဘာအတွက်ကြောင့်လဲ ... ထိုက်ကို ရှင်းရှင်းပြောစမ်းပါ ... "

သူမဟာ ... ရက်စက်ပြတ်တောက်လွန်းသော သူ့စကားတွေ၌ စိတ်ဆိုးဖို့တောင် သတိမရအားဘဲ တဖျုတ်ဖျုတ်ခုန်လာသော ရင်အစုံဖြင့် အထူးစိတ်ဝင်စားသွားခဲ့သည်။ သူက မျက်မှန်ကို ဆွဲချွတ်ကာ သူမရဲ့မျက်လုံးတွေထဲသို့ တည့်တည့်စူးစိုက်ကြည့်လာသည်။

လုံးဝကို နောက်လှည့်မကြည့်တော့မည့် စိမ်းကားရက်စက်သော မျက်ဝန်းများ ... ။

"ပြောမှာပါ ဘုန်းမေထိုက် ... ဒီလို ပြောခွင့်ရမဲ့ရက်မျိုးကိုလည်းကိုယ် အမြဲစောင့်နေခဲ့တာပါ ... မင်းရဲ့ရာဇဝင်မှာ မင်းကြောင့် သေသွားခဲ့ရတဲ့ ရှင်းလင်းကို မင်းမှတ်မိဦးမှာပါ"

ရှင်းလင်းကို ! ။ ထိုနာမည်သည် သူမနားထဲတွင် မိုးကြိုးပစ်ချလိုက်သလို မြည်ဟီး၍သွားခဲ့သည်။ ရုတ်တရက် ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ကျသွားသလိုကို အာရုံမှာ မှုန်မှိုင်းသွားစေခဲ့သည်။ တကယ်လည်း တစ်ချိန်တုန်းက ထိုနာမည်ဟာ သူမရဲ့ဘဝကို အမှန်ပင် အမှောင်ကျစေခဲ့တာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရှင်းလင်းကိုဆိုတဲ့ တစ္ဆေကောင်ဟာ သူမကို ဘယ်အထိ ခြောက်လှန့်နေဦးမှာပါလဲ ... ။

"ရှင်းလင်းကို ! ... ရှင်းလင်းကိုဟာ လင်းလွန်းနဲ့ ဘယ်လို ပတ်သက်နေလို့လဲ ... "

သူ့ရဲ့မျက်လုံးများက အမုန်းကြောင့် ပိုမိုစိမ်းညို့သွားရကာ ...

"ရှင်းလင်းဟာ ငါ့ရဲ့ညီတစ်ဝမ်းကွဲပဲ မေထိုက် ... ဒါပေမဲ့ ညီအစ်ကိုအရင်းထက် ငါတို့ချစ်ခဲ့ကြတယ် ... မောင်နှမသားချင်းမရှိတဲ့ ငါတို့နှစ်ယောက်ဟာ တကယ့်ညီအစ်ကိုတွေပဲ၊ မင်းကြောင့် အပြစ်မရှိတဲ့ ငါ့ညီသေသွားခဲ့ရတယ် ... မင်းသတ်တာ ... ရှင်းလင်းကို မင်းသတ်ခဲ့တာ ... "

သူက မေထိုက်ကို လက်ညှိုးငေါက်ငေါက်ထိုးကာ ဒေါသတကြီး အော်ဟစ်သည်။ ထိုအချိန်တွင် မေ့ထိုက်ဟာ အရာအားလုံးကို ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက်လို့သွားခဲ့ပြီဖြစ်သည်။

သို့သော် မေထိုက်က သူ့ကို သိပ်ချစ်နေခဲ့ပြန်သည်။ သူ့ကို မစွန့်လွှတ်နိုင်ပေ။ မေထိုက်သည် မျက်ရည်တွေ စီးကျလာတာကိုပင် မသုတ်နိုင်အားပဲ ... ။





"ဟင့်အင်း ... မဟုတ်ရဘူး ... အဲဒါ ... မဟုတ်ရပါဘူး လင်းလွန်းရယ် ... "

"မပြောနဲ့တော့ မေထိုက် ... လူတစ်ယောက်ကို ဘာအပြစ်မှမရှိဘဲ ဘလိုင်းကြီး ဖြတ်ချလိုက်ရင် ဘယ်လိုခံစားရသလဲ ... အခု မင်း သိပြီမဟုတ်လား ... အေး ... မင်းက အသည်းကွဲရုံပဲ ကွဲခဲ့ကာပါ ... ရှင်းလင်းက သေကို သေသွားခဲ့တာ ... မင်းက ရှင်းလင်းကို သေအောင် သတ်ခဲ့တဲ့ မိန်းမ ... ယောကျ်ားတစ်ယောက်ကို အလှအပနဲ့ ဆော့ကစားပြီး မလိုတဲ့အချိန်မှာ ခေါက်ပစ်ခဲ့တဲ့မိန်းမ ... မင်း အရူးလုပ်ခဲ့လို့ ရှင်းလင်းသေရတာ ... ဒီနေ့ဟာ ရှင်းလင်းသေတာ နှစ်နှစ်ပြည့်တဲ့နေ့ပဲ မေထိုက် ... မင်းကို ငါ ဘယ်တော့မှ ခွင့်မလွှတ်ဘူး ... "

သူက ပြောပြီးလျှင်ပြီးချင်း ချာခနဲလှည့်ကာ ကားပေါ်တက်လျက် မောင်းထွက်ဖို့ ပြင်သည်။ ထိုက်သည် အရူးတစ်ယောက်လိုပင် သူ့လက်ကိုဆွဲကာ ...

"မဟုတ်ဘူး လင်းလွန်း ... ရှင်သိထားတာတွေက အလွဲတွေပါ ... ထိုက်ကို ရှင်းပြခွင့်ပေးပါ ... ထိုက် ရှင်းပြပါရစေ"

"ဆောရီး ဘုန်းမေထိုက် ... ယောကျ်ားတစ်ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com



တောင် ရှုးသွားအောင် ... နောက်ဆုံးသေသွားအောင် လုပ်နိုင်တဲ့ မင်းရဲ့ပညာရှင်အစွမ်းကို ငါလည်းလန့်ပါတယ် ... ဟမ္ဗူရာဘီရဲ့ ကိုယ်ခဉပဒေကို မင်းကြားဖူးမှာပေါ့ ... ရှင်းလင်းရဲ့အသက်အတွက် မင်းရဲ့နှလုံးသားတစ်ခု ပြန်ပေးရတာ တန်ပါတယ် ...

မင်းသိထားဖို့က မင်းကို ချစ်ပြခဲ့တာတွေ ... ကြင်နာယုယခဲ့တာတွေကို မင်း စွဲလမ်းစွာ ရှုးသွပ်မနေနဲ့ ... အဲဒါအတုတွေ ... ငါ ဟန်ဆောင်ခဲ့တာ ... မင်းကို လက်စားချေဖို့အတွက် ငါ သုံးခဲ့တဲ့ပညာတွေ ...

ငါ့လုပ်ရပ်က ... ယောကျ်ားတစ်ယောက်အနေနဲ့ အောက်တန်းကျကောင်းကျလိမ့်မယ် ... ဒါပေမဲ့ မင်း လှည့်စားချင်တိုင်း လှည့်စားခဲ့ပြီး သေသွားတဲ့ ရှင်းလင်းအတွက် တရားတယ်လို့ ငါ သတ်မှတ်တယ် ... မင်းလည်း မင်းရာဇဝင်အကြောင်းကို မင်းသိမှာပါ ... "

မသိဘူး။ ကိုယ် မသိချင်ဘူး လင်းလွန်းရယ်။ ကျွန်မရဲ့ ရာဇဝင်ဟာ ကျွန်မ ပြန်မတွေးချင်ဆုံး အကြောင်းအရာတစ်ခုပါ။

တစ်ခါက ဒသမှာ အမှန်တရားတိုင်းဟာ ထုတ်ဖော်





ပြောပြလို့ မသင့်တော်တဲ့ အမှန်တရားတွေ ရှိတယ်ဆိုတာ ရှင် နားလည်အောင် ဘယ်လိုရှင်းပြပေးရမှာလဲ။

သူမက နောက်ဆုံးလက်ကျန် မျှော်လင့်ချက်များဖြင့် သူ့ကို အားကိုးတကြီးကြည့်ကာ ...

"ထိုက် ရှင့်ကို အနူးအညွတ်တောင်းပန်ပါတယ် လင်းလွန်းရယ် ... ထိုက် ရှင်းပြတာလေးကို နားထောင်ပေးပါ ... ပြီးမှ ရှင် ကြိုက်သလို ဆုံးဖြတ်ပါ"

သူက နှုတ်ခမ်းကွေးညွတ်ရုံမျှ ပြုံးလျက် ခေါင်းကို ခါယမ်းသည်။ သူ့မျက်မှန်ကို ပြန်တပ်လိုက်ပြီးနောက် ...

"မင်းကို ငါ မယုံဘူး ဘုန်းမေထိုက် ... မင်းနဲ့ငါ့ဇာတ်လမ်းက ဒီမှာပဲ ပြီးဆုံးသွားခဲ့ပြီ ... "

သူက ပြောပြီးလျှင် ကားကိုချက်ချင်းမောင်းထွက်သွားလေသည်။ သူမမှာသာ ဟပ်ထိုးလဲကျမတတ် ကျန်ရစ်နေခဲ့သည်။ သူကတော့ လုံးဝနောက်ပြန်လှည့်မကြည့်တော့ပေ ... ။ အားလုံး ပြီးဆုံးသွားခဲ့ပြီတဲ့ ... ။

ထိုနေရာမှာပင် သူမက အရုပ်ကြိုးပြတ်မတတ် သည်းထန်စွာပင် ငိုကြွေးကာ ကျန်ရစ်နေခဲ့သည်။ သူမ အင်မတန် အားကိုးချစ်ခင်ခဲ့ရသော၊ လေးစားမြတ်နိုးခဲ့ရသော၊ ယုံကြည်မျှော်



www.burmeseclassic.com

www.burmeseclassic.com



လင့်ခဲ့ရသော မျှော်လင့်ချက်တွေအားလုံး တစ်ချိတည်းနှင့် ကျိုးပဲ့ပျက်စီးခဲ့ရပြီ ဖြစ်သည်။

အချစ်ဆိုတာ ဒီလိုပဲ ပြောင်းလဲလို့ ရသလား လင်းလွန်းရယ်။ ကိုယ့်ကို အသည်းခွဲရမှ မင်း ကျေနပ်ပျော်ရွှင်မယ်ဆိုရင်လည်း ကိုယ် ကျေကျေနပ်နပ်ကြီး လက်ခံနိုင်ပါတယ်။ ဒါဟာ ရှင်းလင်းအတွက် အကြွေးဆပ်တဲ့သဘောပါပဲ။

တကယ်တော့ ကိုယ်က ရှင်းလင်းကို အကြောင်းမဲ့ဖြတ်ပြီး အသည်းခွဲခဲ့ရတာ မဟုတ်ပါဘူး။ ပတ်ဝန်းကျင်ရဲ့အမြင်မှာတော့ ကိုယ်ဟာ အသည်းစားတတ်တဲ့မိန်းမတစ်ယောက်အဖြစ် နာမည်ကြီးခဲ့တာ မှန်ပါတယ်။ ယောကျ်ားတစ်ယောက်ကို လူသိရှင်ကြားတွဲပြီးမှ အစိမ်းဖြတ် ဖြတ်ပစ်ခဲ့တဲ့ မိန်းမတစ်ယောက်လည်း ဟုတ်ပါတယ်။ ကိုယ် ကိုယ်တိုင်လည်း ဒီအတိုင်းပဲ ဝန်ခံထားခဲ့တာပါ။

ဒါပေမဲ့ ကိုယ် ဝန်ခံတိုင်း အမှန်တရားဖြစ်မတဲ့လား လင်းလွန်းရယ်။ အမှန်တရားတိုင်းကရော ဝန်ခံဖို့ ကောင်းရဲ့လား။ ကိုယ်နဲ့ရှင်းလင်းနဲ့ပဲ သိခဲ့တဲ့ အမှန်တရားတစ်ခုဟာ ရှင်းလင်းကလည်း ဝန်မခံ၊ ကိုယ်ကလည်း ထုတ်ဖော်မပြောဝံ့တော့တာမို့ ဒီဇာတ်လမ်းရဲ့ ရာဇဝင်မှာ ကိုယ်က လူကြမ်းဖြစ်ခဲ့ရတာပါ။





တစ်ခါတစ်ရံ တချို့ဇာတ်လမ်းတွေမှာ လူကြမ်းတွေဟာ သနားစရာအကောင်းဆုံးလူတွေ ဖြစ်နေတတ်တယ်ဆိုတာကို မင်း သိဖို့ကောင်းတယ် လင်းလွန်း။ အတိတ်ဆိုတာ ကိုယ့်အတွက်တော့ ပြန်မတွေးချင်ဆုံး ကာလတစ်ခုပါ။

***



www.burmeseclassic.com

www.burmeseclassic.com











## အတိတ်

## (I)



www.burmeseclassic.com

www.burmeseclassic.com













မေထိုက်တို့ မြို့လေးတွင်တော့ ... မေထိုက်က ယောက်ျားလေးတိုင်းရဲ့ ပါးစပ်များမှာ ရေပန်းစားသောသူ တစ်ယောက်ဖြစ်သည်။ ဖြူစင်သန့်ပြန့်လွန်းသော အသားအရေနှင့်လိုက်ဖက်ညီလှသော နှုတ်ချာမောပြေပြစ်သောရုပ်ရည်က ဘယ်သူ့ကိုမဆို နှစ်ခါထပ်ကြည့်မိအောင် စွမ်းဆောင်နိုင်သည်။

ပန်းကျော့ရုံ ဖဲပြာနေသော နီညိုရောင်ဆံနွယ်ရှင်ရင့်



www.burmeseclassic.com

www.burmeseclassic.com



တွေ တလွှင့်လွှင့်နှင့် ဆိုင်ကယ်စီးသွားသော မေထိုက်ရဲ့နောက်သို့ ဆိုင်ကယ်တွေ တစ်အုပ်ကြီး ပါလာလေ့ရှိတတ်သည်။ မေထိုက်တို့ မြို့လေးမှာ ယောကျ်ားလေး မိန်းကလေး အတော်များများဟာ ဆိုင်ကယ်စီးကြတာ Style တစ်ခုလို ဖြစ်နေတာမို့ ညနေဘက်ဆိုလျှင် လေညင်းခံထွက်သော ဆိုင်ကယ်တွေ တစ်ပုံတစ်ပင်ပဲ ဖြစ်သည်။

သူ့ကို စတွေ့ခဲ့တာတော့ မေထိုက်တို့မြို့ရဲ့ နာမည်ကြီးလှသော ကန်စောင်းရှိ အကြော်ဆိုင်မှာ ဖြစ်သည်။ ညနေ နေချို့ချိန်ရောက်လာပြီဆိုလျှင် ဈေးကောင်းသော ကန်စောင်းရှိ အကြော်ဆိုင်၊ UNISON လက်ဖက်ရည်ဆိုင်တို့၌ လူငယ်လူရွယ်တွေ ပြည့်နှက်၍နေချေပြီ။

"အကြော်တစ်ပွဲ အန်တီရေ ... ထိုက်က ထုံးစံအတိုင်း ရနိုင်သုပ်တစ်ပွဲ ... ဟဲ့ စန္ဒီမ ရှင်ကရော ... "

"စန္ဒီက ငါးဖယ်ဟင်းချိုသောက်မယ် ... သွယ်က ဘာလဲ"

"သွယ်က ဘာမှ မစားဘူး ... အကြော်ပဲ ... ဟဲ့ ချာတိတ် UNISON က လက်ဖက်ရည်ပုံမှန် မှာပေးဦး ... "

"သုံးခွက်မှာလေဟဲ့ ... နင်ကလည်း သောက်နေကြဟာကို သူ့အတွက်ပဲ မှာနေတယ်"





ဝင်ပြောသော ထိုက်ကို သွယ်က မျက်စောင်းတစ်ချက် ပစ်ထိုးကာ ...

သိပ်ငတ်မနေနဲ့ ... တစ်ခွက်တည်းလို့ မပြောဘူး ... သူလည်း သဘောပေါက်တယ်"

ချာတိတ်လေးက ရယ်ကျဲကျဲဖြင့် ...

"ဟုတ်ပါတယ် အစ်မရဲ့ ... ကျွန်တော် သိပါတယ် ... ရှယ်ပုံမှန် သရီးနော် ... "

ထိုကလေးထွက်သွားမှ ထိုက်က သွယ့်ကို ကျိတ်မာန်ရသည်။

"သွယ်စုတ်မနော် ... ငါ့ကိုများ ငတ်သလေး ဘာလေးနဲ့ နင့်ပါးစပ်ကလေ သိပ်ကိုကြမ်း ... အဲဒါကြောင့် နင့်ကိုကြိုက်မဲ့သူ မရှိတာ ... "

"အောင်မယ် ... အောင်မယ် ... တော်ကရော,အဖြစ်ရှိတာကျလို့ ... ဘယ်လောက်ပဲ ဝိုင်းဝိုင်းလည်နေပစေ အတွဲရှိမှ အထင်ကြီးတာဟေ့ ... "

ထိုက်တို့သုံးယောက်စလုံး၌ အမှန်ကိုပင် အတွဲရှိကြသေးချေ။ ဆယ်တန်းအောင်ပြီးခဲ့တာ နှစ်နှစ်ခန့်ရှိပြီဖြစ်သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



Distance သာ တက်လျက် စားအလိုက်အိပ်လိုက်ဖြင့် မိဘရင်ခွင်မှာ ဇိမ်ကျကောင်းတုန်းပဲ ဖြစ်ကြသည်။

ထိုက်သည်လည်း ပိုးပန်းသူတွေ ဘယ်လောက်ပဲ များများ ရည်းစားထားဖို့ကို စိတ်မဝင်စားသေးတာ ရှားရှားပါးပါး အပျိုချောလေးပင်။

“ငါ ကြားဖူးတာ တစ်ခုရှိတယ်ဟ ... ”

စာကြီးပေကြီးတွေ ဖတ်ကာ စာရေးဆရာမ သိပ် ဖြစ်ချင်ရှာသော စန္ဒီက အကြော်တစ်ခုကိုစဝါးရင်းမှ အတည်အတန့် ဟန်ဖြင့် ဆိုလာသည်။

“အင်း ... ပြောစမ်းပါဦး ... မဟုတ်က ဟုတ်ကလေး”

ထိုက်က ပြောင်စပ်စပ်ဖြင့် နောက်လိုက်လျှင် စန္ဒီက မပြောတော့ဘူးဟုဆိုကာ စိတ်ကောက်ချင်ဟန်ဆောင်သေးသည်။ ထစ်ခနဲဆို လုံးဝစိတ်မညစ်တတ်သော သွယ်ကတော့ ...

“ကဲပါ ... ပြောမှာလား မပြောဘူးလား ... မထိုက်ကလည်း သူများဆို အလွန်စချင် နောက်ချင် ... ဟို မိန်းမကလည်း ပဲကျွေးမနေနဲ့ ပြော ... ကြားထဲက စိတ်မရှည်တော့ဘူး”

သူ့ဒိုင်တွေကို ပြောပြရဖို့ဆိုလျှင် နှစ်ခါမပူတတ်





သော စန္ဒီက မျက်စောင်းတော့ထိုးဖြစ်အောင်ထိုးပြီးမှ ပြောတာ ဖြစ်သည်။

“ယောကျ်ားလေးပဲဖြစ်ဖြစ် မိန်းကလေးပဲဖြစ်ဖြစ် အသက် နှစ်ဆယ်အထိ ရည်းစားမရှိသေးဘူးဆိုရင် အဲဒီတစ်ယောက် က အမှန်တကယ်ကို ပိန်းလို့ပဲဟ ... ဂေါက်နေလို့ပဲ ... အဲ အသက်နှစ်ဆယ်ကျော်ပြီးတဲ့အချိန်မှာ ရည်းစားမထား တော့ဘူးဆိုရင်တော့ အဲဒီတစ်ယောက်က သိပ်နေနိုင်တယ် လို့ ချီးကျူးရမယ် ... ”

“ဟဲ့ ... ဒါဆို ငါတို့က အပိန်းတွေပေ့ါ”

သွယ်က အလန့်တကြား ထအော်တာ ဖြစ်သည်။

“ဒါပေ့ါ ... နင်တို့ ငါတို့ ပိန်းနေတယ် ... အဲဒါ ဖြစ်နိုင်တယ်၊ စဉ်းစားကြည့်လေ ... တို့နဲ့ရွယ်တူတွေ ဘဲတွေ ရှိတဲ့သူချည်း ပဲ ... အဲ မရှိတာတွေလည်း ရှိတာပေ့ါ ... အဲဒါတွေက အပိန်းစာရင်းဝင်တွေပဲ ... ”

“ဟယ် ... စန္ဒီကလည်း ရည်းစားမရှိတာနဲ့ အပိန်းစာရင်းဝင် ရမှာလား ... နင့်ဒိုင်က ချော်နေပြီနော်”

ဝေဖန်မိလေသော ထိုက်ကိုမှ စန္ဒီက ခနဲ့ပြုံး ပြုံးလေကာ ...



www.burmeseclassic.com

www.burmeseclassic.com



"နင်ဆို ငါတို့ပိန်းတာထက်ကို ပိုပိန်းသေးတယ် မေထိုက်ရဲ့၊ နင့်အနားမှာ ဘဲတွေ ဒီလောက်ဝိုင်းနေတာ နင် လုံးဝမလှုပ်ရှားဘူးဆိုတာကိုက နင့်မှာ တစ်ခုခု ချို့ယွင်းနေလို့ပဲ ... ငါတို့ ဆယ်ကျော်သက်အရွယ်ဆိုတာ ဆန့်ကျင်ဘက်နဲ့တွေ့ရင် စိတ်လှုပ်ရှားတတ်တဲ့ အရွယ်ဟာ ...

ကိုးတန်း ဆယ်တန်းအရွယ်မှာ ရည်းစားမထားချင်ခဲ့တာက တော့ ကောင်းပါတယ် ... အခုလို လွတ်လပ်ပျော်ရွှင်ရတဲ့ တက္ကသိုလ်ကျောင်းသူဘဝမှာတော့ ... ရည်းစားလေးတစ်ယောက်တောင် အဖြစ်ရှိအောင် မထားနိုင်ဘူးဆိုတာက အင်း ရှယ်တူအချင်းချင်း နည်းနည်းတော့ အောက်သလိုပဲ ဟာ ...

မဟုတ်ဘူးလား ... "

စန္ဒီရဲ့စကားကို ရုတ်တရက်တော့ သွယ်ရော မေထိုက်ရောပါ ပြန်မဖြေနိုင်ကြချေ။ အတွေးကိုယ်စီနှင့် ငြိမ်သက်လျက်ရှိနေကြသည်။ အင်း ကိုယ်တို့မြို့မှာ ယောက်ျားလေးတချို့ဟာ DT တွေ သိပ်စီးကြသည်။ အဲဒီဆိုင်းကယ်အမြင့်ကြီးတွေပေါ်မှာ သူတို့ကောင်မလေးတွေကိုတင်လျက်၊ ကောင်မလေးတွေကလည်း သူ





တို့ကောင်လေးတွေရဲ့ခါးကို မလွတ်တမ်းဖက်လျက် အတူစီးသွားကြပုံကို ထိုက်တို့ငေးကာ သဘောကျမိခဲ့သားပဲ။

ဒါဟာ သူများရည်းစားစုံတွဲကို အားကျတာ မဟုတ်ဟုတော့ ထိုက်ကထင်သည်။

"အေးဟာ ... စန္ဒီမ ... ရှင်ပြောမှပဲ ... ကျုပ်တို့အဖြစ်က နည်းနည်းများတုံးနေသလားလို့ပဲ ... တစ်နေ့ ... တစ်နေ့ စားလိုက် အိပ်လိုက် စာဖတ်လိုက် ဒါနဲ့ပဲ ပြီးတာ"

"အေးလေ ... လွန်ခဲ့တဲ့ ငါးနှစ်လောက်ထဲကလည်း ဒီလိုပုံစံပဲ ... ဘာမှ မပြောင်းလဲဘူး ... အထူးသဖြင့် မေထိုက်ပဲ ချိုးကျူးရမှာလား ... ကဲ့ရဲ့ရမှာလား မစဉ်းစားတတ်တော့ဘူး ... ဟဲ့ မေထိုက် ... ရှင် တစ်ခါမှ ရင်မခုန်ဖူးဘူးလား"

မေထိုက်သည် ခေါင်းကို သွက်သွက်ကြီး ခါယမ်းကာ ...

"ဒိုး ... တစ်ခါမှကို မခုန်ဖူးတာ ... "

"ကျွတ် ... တို့အဖြစ်ကလည်းဟာ ... တခြားနေရာတွေမှာ တော်သလောက် ဒီနေရာမှာတော့ ပိန်းနေတာ တကယ့်ကို ဖြစ်နိုင်တယ် ... "



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး ... ငါတို့အဖြစ်က စိတ်ကစားနေတာရော မဖြစ်နိုင်ဘူးလား ... "

မေထိုက်ရဲ့တင်ပြချက်ကို စန္ဒီက အာခနဲ သံရှည်ဆွဲသံကြီးနှင့် ခါးခါးသီးသီးကို ငြင်းဆန်လေသည်။

"စိတ်ကစားရအောင် ဆယ့်ခြောက်နှစ်မမှ မဟုတ်တာဟာ၊ ငါတို့အရွယ် သူများတွေ ကလေးတောင်မွေးပြီးနေပြီ ... ကဲ ... အဲဒါ အသာထားပါဟာ ... ငါ သိချင်တာက သူများတွေ ပြောပြောနေတဲ့ အချစ်ဆိုတာကြီးကို ယောင်ယောင်လေးတောင် ... တို့သုံးယောက် မတွေ့ဘူးကြသေးတာကို ပြောချင်တာ ...

စာအုပ်တွေ၊ သီချင်းတွေ၊ ရုပ်ရှင်တွေထဲမှာသာ ကြားဖူးတဲ့ အချစ်ဆိုတာကို တစ်ခါတလေတော့လည်း တကယ် စိတ်ဝင်စားတယ်ဟာ ... နင်တို့စဉ်းစားကြည့်စမ်း ... အဲဒါ အသစ်နော် ... "

စန္ဒီရဲ့စကားကို ကိုယ်က လေးလေးနက်နက် မစဉ်းစားနိုင်အားတော့ချေ။ အကြောင်းမူကား ဝိသမသတ်ထောင့်တော့ မဟုတ်ပါ။ ရခိုင်မုန့်တီသုပ်ကို စားနေပြီဖြစ်သဖြင့် တရှူးရှူးတရှဲရှဲနှင့် စပ်နေရသောကြောင့် ဖြစ်လေသည်။





ဒီနေ့မှ ရခိုင်သုပ်ကလည်း ပို၍စပ်နေသလားတော့ မသိချေ။ ထိုက်သည် မျက်ရည်တွေလည်ကာ နှာခေါင်းတွေ နီရဲလာလျက် နှာရည်တွေတောင် ထွက်လာရသည်။

"အမလေး ... စပ်လိုက်တာ ... အရမ်းစပ်တာပဲ ... မရတော့ဘူး ... ရေ ... ရေသောက်မှ ဖြစ်မယ်"

ရေနွေးကြမ်းကလည်း အပူကြီးဖြစ်သဖြင့် ဘယ်လိုမှ သောက်မရတဲ့အဆုံးမှာ ထိုက်ဟာ ရေရှိမယ့်နေရာကို ထပြေးဖို့ လုပ်ရတော့သည်။ အဲဒီအချိန်မှာပဲ သူက ထိုက်ရဲ့ရှေ့သို့ PMG ရေသန့်ဘူးသေးသေးလေးကို ချပေးလိုက်တာ ဖြစ်သည်။

ထိုက်သည် အင်မတန်စပ်နေတာကြောင့် ဘယ်သူ ဘယ်ဝါကပေးသော ရေသန့်ရယ်လို့ ဝေခွဲမနေနိုင်ချေ။ အဖုံးကိုဖွင့်ကာ တစ်ရှိန်ထိုးမော့ပစ်လိုက်လေသည်။

"ရှား ... လား ... လား ... တော်ပါသေးရဲ့ ... အခုမှ သက်သာသွားတော့တယ် ... "

"အစပ်တွေ အရမ်းစားတာကိုး ... ရော့ ... သကြားလုံးစား"

သူက ... ပြုံးရွှင်ကြည်လင်သော မျက်နှာထားဖြင့် သကြားလုံးလေးတွေကိုလည်း ကမ်းပေးလာသည်။ ထိုက်သည်



www.burmeseclassic.com

www.burmeseclassic.com



ခေတ္တမျှတော့ ကြောင်သွားသေးသည်။ ပြီးတော့မှ အပြုံးနှင့်ခေါင်းယမ်းပြကာ ...

"တော်ပါပြီ ... မစားတော့ဘူး ... ကျေးဇူးပဲနော်"

ထိုက်က သူ့ရေသန့်ဘူးကို ပြန်ကမ်းပေးလိုက်လျှင် သူက ဖင်ကပ်သာကျန်တော့သောရေကိုကြည့်၍ ဟက်ခနဲရယ်လေသည်။

"ယူထားလိုက်တော့လေ... အစပ်တွေ ဘာလို့ အဲဒီလောက်စားရတာလဲရှော့ ... ဒါလေး ငုံထား ... "

သူက စားပွဲပေါ်ကို သကြားလုံးတွေ တင်ပေးခဲ့ပြီးနောက် ထိုက်ကို ခေါင်းတစ်ချက်ဆတ်ပြသလို နှုတ်ဆက်ပြီးနောက် သူ့နေရာသို့ သူ ပြန်သွားထိုင်နေသည်။ သူ့စားပွဲက ထိုက်တို့စားပွဲနှင့် မျက်စောင်းထိုးကျကျမှာမို့ နီးနီးလေးပင်။ သူ ဘယ်အချိန်ထဲကများ လှမ်းကြည့်နေတာပါလိမ့်။

သူ့ကို လှမ်းကြည့်မိတော့ သူက ချိုမြသည့်မျက်ဝန်းများဖြင့် ထိုက်ကို ငေးကာနေသည်။ ထိုက်သည် ချက်ချင်းပင် အကြည့်ကိုလွှဲလိုက်လေသည်။

"အင်း ... ဇာတ်လမ်းကတော့ စပြီ ... ပြောနေတာလည်း





အချစ်အကြောင်း ... ရောက်လာတာလည်း အင်မတန်ဖြောင့်သောဘဲ ... "

"ဟုတ်တယ်ဟ ... Plot လေးကလည်းလှတယ် ... မင်းသမီးက ငရုတ်သီးစပ်နေတဲ့အချိန်မှာ မင်းသားက ရေသန့်ဘူးလာပေးတာ ... တော်တော်လှတဲ့ဇာတ်လမ်းအဖွင့်ပဲနော်သွယ် ... "

သွယ်နှင့်စန္ဒီတို့သည် ချက်ချင်းဖြစ်သွားသော အခြေအနေတစ်ခုကို အံ့သြသဘောကျစိတ်နှင့်အတူ တဖွဖွပြောလျက်ရှိလေသည်။

အဟုတ်ကိုပင် သူကလည်း အင်မတန် သန့်ပြန့်သားနားသော ရုပ်ရည်မျိုးဖြစ်သည်။ ထိုက်တို့မြို့က ကောင်လေးတွေနှင့်လည်း မတူလှ။ သူ့ပုံစံမှာ မြို့ကြီးသားတစ်ယောက်နှယ် ချောမောကြည့်ကောင်းနေသည်။ ကိုရီးယားဆံပင်ပုံစံမရှည်တရှည်နှင့် High Light ဖောက်ထားသော ဒီဇိုင်းနှင့် အဖြူရောင် Alter ရှပ်၊ နက်ပြာရောင် ဂျင်းပန့်ကို အချိုးတကျဝတ်ဆင်ထားသော သူဟာ ဒီမြို့သားတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ချေ။

"ဟဲ့ ... မေထိုက် ... သူ ရှင့်ကို ရေလည်ရှိုင်းနေတာမှာ၊ နှစ်မိနစ်ကို တစ်ခါလောက်ကြည့်နေတာ ... "



www.burmeseclassic.com

www.burmeseclassic.com



"အေး ... နင်ကလည်း တစ်စက္ကန့်ကို တစ်ခါလောက်ပြန်ကြည့်မနေနဲ့ ... ဣန္ဒြေရရနေစမ်း"

"ပုံစံကတော့ ရှင်ဒေါင်ဟန့်လိုလို ... ဂျွန်စောလိုလိုပဲဟ ... အငြိမ်ချောတဲ့ရုပ် အဟိ ဟိ ... "

"အဲဒီ စန္ဒီမတို့ကတော့လေ ... စာရေးဆရာ မရှူး ရှူးနေတယ်လို့ မပြောရဘူး ... ချောတာတောင် အငြိမ်ချောတွေ အထချောတွေ ရှိသေးတာကျနေတာပဲ ... "

သူ့ကို ခိုးကြည့်လိုက်ကြ သုံးယောက်ကြား အတင်းတုပ်လိုက်ကြနှင့် ထိုက်တို့တတွေ အလုပ်ရှုပ်ကြခြင်းဖြစ်သည်။

"အထချောလည်း ရှိတာပဲဟ ... ဒါရိုက်တာရင်တို့၊ ဂန်စောမင်းတို့ကျတော့ အထချော ချောတာ ... Rain တို့ ဘာတို့ အဲဒါမျိုးတွေက ... "

"ကဲပါ ... အဲဒီ ဝေးဝေးလံလံက ဘဲတွေကို ခေါက်ထားလိုက်စမ်းပါဦး ... နီးနီးနားနားက ဘဲအကြောင်းပဲ ပြောရအောင်ပါ ... ဟဲ့ ... မယ်ထိုက် ... သူ့ ရှင့်ကို လိုက်လိမ့်မယ်သိလား ... "

"အိုး ... စန္ဒီကလည်း ဘာကိစ္စလိုက်ရမှာလဲ ... "

ထိုက်က ထိတ်ထိတ်ပြာပြာ ငြင်းလိုက်ပြီးနောက်





သူ့ကို အမှတ်တမဲ့ လှမ်းကြည့်မိချိန်ဝယ် သူက သကြားလုံးစားဟူသော သဘောဖြင့် သကြားလုံးတစ်လုံးကို ထောင်ပြသည်။ ထိုက်ကို ကြည့်လျက် ပြုံးပြုံးပြပုံမှာ တကယ် အသည်းယားစဖွယ်ပင်။

"နင်နဲ့ငါနဲ့ လောင်းမလား မေထိုက် ... တုတ်ထိုးအဝစားကြေး ဘယ်လိုလဲ ... "

"အံမယ် ... ဘာလို့လောင်းရမှာလဲ ... မလောင်းတာ"

"ဟော ... ဟော ... တွေ့လား ... မင်းလည်း ရင်ခုန်နေမှာပါကွာ ... ဟား ... ဟား ... ဟား"

ဘာရယ်ကြောင့်မှန်းတော့ မသိချေ။ ထိုက်သည်လည်းပဲ သူ ထိုက်ကို တစ်ခုခုတော့ ရှေ့ဆက်တိုးလာလိမ့်မှာ ထင်ကို ထင်နေသည်။ ထင်သည့်အတိုင်းပင် ထိုက်တို့က ပြန်ဖို့ ငွေရှင်းစဉ် သူက ထိုက်တို့ဝိုင်းအတွက် ငွေရှင်းပြီး ထိုင်ရာမှ ထလာနေချေပြီ။

ဒီနေရာမှာတော့ ခပ်စွာစွာရှိသော သွယ်က ရှေ့ဆုံးမှ ဦးဆောင်ကာ သူ့ကို မေးလေသည်။

"ဒီမှာ ရှင်က ဘာလို့ကျုပ်တို့အတွက်ပါ ရှင်းရတာတုန်း ... ကျုပ်တို့ကို မစားနိုင် မသောက်နိုင်တဲ့သူတွေများ ထင်နေသလား ... "



www.burmeseclassic.com

www.burmeseclassic.com



"အဲလို မထင်ရပါဘူးခင်ဗျာ ... ကျွန်တော်က ခင်ဗျားတို့နဲ့ မိတ်ဆွေဖြစ်ချင်လို့ပါ ... "

သူက ထိုက်တို့မြို့သားတွေလို အိုးတို့အမ်းတမ်း၊ ရှက်ကိုးရှက်ကန်း အမူအရာ လုံးဝမရှိချေ။ လက်နှစ်ဖက်ကို နောက်ပစ်လျက် မော့မော့မောမောကြည့်ကာ ပြောပုံသည် ကိုယ့်ကိုယ်ကိုယ် လုံးဝယုံကြည်မှုရှိနေသော ဒီဇိုင်းဖြစ်၏။

သွယ်ကလည်း ခေသူ မဟုတ်ချေ။ ချက်ချင်းပင်။

"ရှင်က တစ်ယောက်နဲ့ မိတ်ဆွေဖြစ်ချင်တာလား၊ အားလုံးနဲ့လား ... "

"သြော် ... အားလုံးနဲ့ပဲ ခင်ဗျာ"

"ကျွန်မတို့က မသိတဲ့ယောကျ်ားလေးတွေနဲ့ အလွယ်တကူ မခင်မင်တတ်ဘူး"

"အခု သိအောင်ပြောပြမယ်လေ ... ကျွန်တော့်နာမည် ရှင်းလင်းကိုပါ ... ဆောက်လုပ်ရေးဝင်းထဲမှာနေပါတယ် ... ကျွန်တော်က ဒီမြို့ကို အခုမှရောက်ဖူးတာပါ ... ဧည့်သည်ပါ ခင်ဗျာ ... အသိမိတ်ဆွေလည်း မရှိသေးပါဘူး ... ဒါကြောင့် သနားသောအားဖြင့် ခင်မင်ပါ ... "

သူ့စကားကြောင့် ထိုက်တို့တတွေက တစ်ယောက်





မျက်နှာ တစ်ယောက်ကြည့်မိကြလေသည်။ အတည်ပြောနေဟန်တူသော ရည်မွန်သည့် သူ့စကားတွေဟာ ဘာမှငြင်းချင်စရာမရှိ။ သို့သော် ထိုက်တို့တတွေဟာ အခုမှ စတွေ့သည့် ယောကျ်ားလေး တစ်ယောက်နှင့်တော့ ချက်ချင်းခင်မင်လိုက်ဖို့ ဝန်လေးလေသည်။

"အခုချက်ချင်းတော့ စိတ်ကူးမရှိသေးဘူး ... "

ပြောပြီး သွယ်က ခြေလှမ်းစလှမ်းလိုက်လျှင် ထိုက် တို့တတွေပါ အတူတွဲ၍ထွက်ပြီးနေချေပြီ။ သူက နောက်ပါးဆီမှ ကပ်၍ ပါလာလျက် ...

"စိတ်ကူးရှိလာမဲ့ တစ်ချိန်ချိန်ကို စောင့်နေပါ့မယ်ခင်ဗျာ"

သူ့စကားကို ထိုက်တို့တတွေက ပြိုင်တူပခုံးတွန့်မိ ကြလေသည်။ ထိုက်တို့သုံးဦးစလုံးသည် သင်တန်းမှ အကြော်လာစားသည်ဖြစ်ရာ အပြန်ကျ ကိုယ့်ဆိုင်ကယ်အသီးသီးဖြင့် အချင်းချင်း နှုတ်ဆက်ပြီး အိမ်ပြန်ဖို့ရာ လမ်းတွေ ကွဲသွားသည်။

အားလုံးနဲ့ မိတ်ဆွေဖြစ်ချင်ပါတယ်ဆိုသော သူ့ရဲ့ စကားကတော့ ထိုက်ရဲ့ဆိုင်ကယ်နောက်က ခပ်မှန်မှန်ပင် လိုက်ပါ လာလေသည်။ ဒါမျိုးတွေကား ထိုက်အတွက် ရိုးနေပြီဖြစ်၍ ထိုက် အဖို့ ဘာမှမဆန်းကြယ်တော့ချေ။

ကိုယ့်အိမ်ရှေ့ကိုယ်ရောက်လျှင် ထိုက်က ဆိုင်ကယ်



www.burmeseclassic.com

www.burmeseclassic.com



ကို ဝေါက်ထောက်ပြီး သူ့ကို ခါးထောက်ရပ်ကြည့်နေလျှင် သူက လက်တစ်ဖက်ပြလျက် ရှေ့သို့ဆက်မောင်းသွားသည်။ ထိုက်က တော့ ခပ်မိုက်မိုက်ရှိလှသော သူ့ရုပ်ရည်ကို နှုတ်ခမ်းမဲ့လျက် နှာ ခေါင်းရှုံ့ ကျန်နေရစ်ခဲ့သည်။

သူသည် ထိုက်ဘဝတွင် ပထမဆုံး စိတ်ဝင်စားခြင်း ခံရသည့် ကောင်လေးတစ်ယောက်ပဲ ဖြစ်ပါသည်။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် (၁၀၆)၊ သုမင်္ဂလာ (၆) လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းသို့
ပေးပို့နိုင်ပါသည်။







သူနဲ့တွေ့ပြီး နောက်တစ်နေ့ဟာ သင်တန်း မရှိချေ။ ဒီနေ့တော့ အပြင်ထွက်ဖို့ စိတ်ကူးမရှိလှဘဲ သင်တန်းမှ သင်ခန်းစာ တချို့ကို ပြန်ဖတ်နေသော ထိုက်ဟာ အခုနလေးတင် စန္ဒီနဲ့သွယ့်ဆီ မှ ဖုန်းလာသဖြင့် သူ အိမ်လိုက်လာသည့်အကြောင်းကို ပြောျပြီး သွားသည်။ ငါးမိနစ်ခန့်ကြာလျှင် ထိုက်အတွက် အံ့သြရသော ဖုန်း တစ်ခုကား ထပ်၍ ဝင်လာပြန်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်လို ..."

"ဘုန်းမေထိုက်လားဟင် ..."

ထိုက်သည် ... ရုတ်တရက်တော့ အသံတိတ်သွားသည်။ ထိုက်ထံကို ယောက်ျားလေးများစွာထံမှ ဖုန်းတွေလာဖူးသည်။ ထိုက်ဟာ ဘယ်သူ့ကိုမှ အီစီကလီပြန်လုပ်၍ မထားခဲ့ကြသောအခါ မရမှန်းသိသဖြင့် ထိုက်ထံသို့ ဖုန်းသိပ်မဆက်ကြတော့။

ဒီအသံကတော့ အသစ်ပဲဖြစ်မည်။ ပြီးတော့ သူများလား။ သူဆိုရင်တော့ တစ်ရက်တည်းနှင့် ထိုက့်ရဲ့နာမည်နဲ့ ဖုန်းနံပါတ်ကို သိနိုင်တာကို ထိုက် နည်းနည်းတော့ အံ့သြရလေသည်။

"ဟုတ်ပါတယ် ... အခု ပြောနေတာ ဘယ်သူပါလဲ"

"ကျွန်တော် ရှင်းလင်းကိုပါ မှတ်မိလားဟင်"

ထိုက်သည် မညာချင်သဖြင့် ...

"တစ်နေ့က အကြော်ဆိုင်မှာ တွေ့တဲ့တစ်ယောက်မဟုတ်လား ... ရှင် ကျွန်မရဲ့နာမည်နဲ့ ဖုန်းနံပါတ်ကို ဘယ်လိုသိသွားခဲ့တာလဲ ..."

"ဒီမြို့လေးမှာ ဘုန်းမေထိုက်ရဲ့အကြောင်းကိုသိဖို့ဆိုတာ အရမ်းကိုလွယ်တဲ့ကိစ္စတစ်ခုပါ ... ကျွန်တော် အရည်အချင်းရှိလို့ မဟုတ်ပါဘူး"





"ထားပါတော့ ... အခု ဖုန်းဆက်တာ ဘာကိစ္စလဲ"

"ဘုန်းမေထိုက်က ကျွန်တော့်ကို သူငယ်ချင်းတစ်ယောက်

"ဘုန်းမေထိုက်က ကျွန်တော့်ကို သူငယ်ချင်းတစ်ယောက်အဖြစ် အသိအမှတ်ပြုမပေးနိုင်ဘူးလားဟင်"

"အဲဒါ ကျွန်မကို လာပြောရသလား ... ကျွန်မ သူငယ်ချင်းတွေဆီရော ရှင် ဖုန်းဆက်ပြီးပြီလား ..."

ထိုက်ရဲ့စကားကို သူက သဘောကျဟန်ဖြင့် ခပ်တိုးတိုး ရယ်လေသည်။ သတ္တုသံစွက်နေသော သူ့ရဲ့ ရယ်သံချိုချိုဟာ နားထောင်လို့တော့ အကောင်းသားပဲကွယ်။

"ထိုက်က အရမ်းစကားပြောတတ်တာပဲနော် ..."

"ရှင် ကျွန်မကို ထိုက်လို့ မခေါ်ပါနဲ့"

"ဟာ ဘာဖြစ်လို့လဲ ... ခေါ်ခွင့်မရှိဘူးလား"

"မရှိဘူး ... ကျွန်မ သူငယ်ချင်းတွေတောင် မေထိုက်လို့ပဲခေါ်တာ ... ရှင် အဲဒီလိုခေါ်စရာ ဘာအကြောင်းမှ မရှိဘူး"

ထိုက်ရဲ့အသံက မာဆတ်ဆတ်ဖြစ်သွားလျှင် သူက ချက်ချင်းကို လေသံအားနိမ့်ချပစ်ကာ ...

"ဆောရီးပါ ... ဘုန်းမေထိုက် မကြိုက်ဘူးဆိုရင် ကျွန်တော် မခေါ်တော့ပါဘူး ... ဒါပေမဲ့ ကျွန်တော့်ကိုတော့ ခင်ပါလို့"

"ကျွန်မ ယောက်ျားလေးတွေနဲ့ မခင်တတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အာ ... သေပြီဆရာ ... ဘာဖြစ်လို့လဲဟင်"

"အဲဒီ့အတွက် ကျွန်မမှာ အကြောင်းပြချက်မရှိဘူး ... မခင်ချင်တာ မခင်ချင်လို့ပေါ့ ... "

"ကျွန်တော့်ကိုတော့ခင်ကြည့်ပါ ထိုက် ... အဲ ဘုန်းမေထိုက်ရယ် ... စိတ်ကျေနပ်မှု အပြည့်ရစေရမှာပါ ... "

"အောင်မယ် ... ရှင့်စကားက ဘာစကားလဲ ... တော်ပြီ၊ တော်ပြီ ... ရှင်နဲ့စကားဆက်မပြောတော့ဘူး ... "

"ဟာ ... အဲလိုတော့ မလုပ်ပါနဲ့ ဘုန်းမေထိုက်ရယ် ... ဒီနေ့ အပြင်မသွားဘူးလားဟင် ... "

"ဘာမှ စကားရောဖောရော လာလုပ်မနေနဲ့ ... ဒီလောက်နဲ့ ပျင်းဖို့တောင် မလုံလောက်သေးဘူး ... ဟင်း"

ထိုက်က ... ပြောပြီးပြီးချင်း ဖုန်းကို ဝှပ်ခနဲချကာ ပလပ်ပါ ဖြုတ်ထားလိုက်လေသည်။ အသည်းအသန်လာကြွေပြနေသော တစ်ရွာသားကို သိပ်အခွင့်အရေး မပေးချင်သေးချေ။ ထို့နောက် ထိုက်သည် စာဖတ်ပြီး ရေချိုး၊ ထမင်းစား စသဖြင့် ကိုယ့်အလုပ်နှင့်ကိုယ်ရှုပ်ကာ သူ့ကိုမေ့သွားရသည်။

ထမင်းစားပြီး ဗွီဒီယိုတစ်ကားကြည့်နေစဉ်မှာပင် အိမ်က ကောင်မလေးက ထိုက်ကို ပါဆယ်ထုပ်တစ်ထုပ် လာ၍ပေးလေသည်။





"ဟဲ့ ... ဘယ်က ပါဆယ်လဲ ... စာတိုက်ကလား"

"မဟုတ်ဘူး မမ ... စာတိုက်က စာပို့သမားလည်း မဟုတ်ဘူး၊ လမ်းထိပ်က ကလေးလေးတစ်ယောက်ပဲ ... မမကို လူတစ်ယောက်က ပေးခိုင်းတာတဲ့ ... "

"ဘယ်လူတစ်ယောက်ကလဲ ... "

"ဟင့်အင်း ... အဲဒါလည်း မပြောပြဘူး"

"အေး ... ကောင်းတယ် ... အဲဒါလည်း ယူလာခဲ့သလား၊ အထဲမှာ မြွေပါနေရင် ဘယ်လိုလုပ်မလဲ"

ကောင်မလေးက မပြောတတ်သလိုနှင့် လှုပ်ထုတ်နေလျှင် ထိုက်က ခပ်မြန်မြန်ပင် သွားနိုင်းလိုက်ရသည်။ ပေးပို့သူ လိပ်စာ ဘာတစ်ခုမှ မပါသော ပါဆယ်ထုပ်လေးကို ထိုက်က စိတ်ပင်တစား ဖောက်လိုက်လျှင် ချောကလက်တစ်ပြား၊ စံပယ်နှစ်ပွင့်နှင့် ပို့စကဒ်သေးသေးလေးတစ်ခု ထွက်၍လာလေသည်။

"အံမယ် ... ထူးဆန်းသေးတော့ ... "

ထိုက်သည် စိတ်ထဲမှ ဖျတ်ခနဲပင် သူ့ကို သတိရသွားမိသည်။ ထိုက်ကို ပိုးပန်းသူတွေ ပေါလှသော်လည်း ဒီလို ကဗျာဆန်ဆန် အပြုအမူမျိုးတော့ ဘယ်သူမှမလုပ်ဘူးသေးချေ။ တစ်ကိုယ်တည်းပြုံးကာ ပို့စကဒ်လေးကိုဖွင့်၍ ဖတ်လိုက်လျှင် ...



www.burmeseclassic.com

www.burmeseclassic.com



"ဘုန်းမေထိုက် ...

ချောကလက်လေးကို စားပါ ... ခင်မင်တဲ့စိတ်တွေ နိုးကြွားပါ ...

ရှင်းလင်းကို ... "

ဟူ၍ တွေ့ရလေသည်။ ထိုက်သည် ပြုံးလိုက်ရင်းမှ သူ့စာသားကို သဘောကျသွားသည်ဆိုတာတော့ ဝန်ခံရပေမည်။ စံပယ်ပန်းလေးတစ်ပွင့်ကို ကောက်ယူနမ်းရှိုက်ရင်းမှ သူပေးသော ချောကလက်ကို တစ်ကိုက်ချင်း ကိုက်စားမိသည်။ နောက် ပို့စကဒ်ထဲမှ စာသားလေးကို ပြန်ဖတ်ကာ ပြုံးသည်။ နောက် စံပယ်ပန်းလေးကို မွှေးသည်။ ချောကလက်စားသည်။

ဒီလိုနှင့် သူဟာ ထိုက်ရဲ့ဘဝထဲသို့ တဖြည်းဖြည်း ချဉ်းနင်းဝင်ရောက်ခဲ့တာ ဖြစ်တော့လေသည်။







သိပ်မကြာသောအချိန်တွင်းမှာ သူက ထိုက်ရဲ့ အနားသို့ ပိပိပြင်ပြင်ပင် ရောက်ရှိလို့လာလေသည်။ ထိုက်တို့ သူငယ်ချင်းသုံးယောက်ဟာ LCCI Level (I) တက်နေကြခြင်းဖြစ်လေရာ သူက ထိုက်တို့သင်တန်းမှာပဲ ကွန်ပျူတာလာတက်သည်။

သင်တန်းအချိန်တွေကလည်း တူနေလေရာ အမြဲမို ကျ ထိုက်ရဲ့ ဆိုင်ကယ်လ်နောက်က သူ အမြဲပါသည်။ ပါလယ်က လည်း နေ့တိုင်း ရောက်စမြဲပင်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တော့ သင်တန်းပြီးချိန်တွင် ထိုက်ရဲ့ရှေ့သို့ ရှေ့သို့ ဖျတ်ခနဲ လာရပ်လျက် ...

"ဟိတ် ... ဘယ်လိုလဲ ... ခင်မင်တဲ့စိတ်တွေ ပေါ်လာပြီလား ..."

သူ့မျက်လုံးတွေ အမှန်တကယ်ကို ရိုးသားရိပ်ဖြင့် ရွှန်းလဲ့တောက်ပနေလျှင် ထိုက်သည် ထိုမျက်လုံးများကို ဥပေက္ခာ မပြုနိုင်တော့ချေ။

"အင်း ... အရင်လောက်တော့ မဆိုးတော့ပါဘူး"

သူက ... ဝမ်းသာအားရဖြစ်သွားသော မျက်နှာမျိုးဖြင့် ...

"ဟာ ... ဟုတ်လား ... အခြေအနေတိုးတက်လာပြီပေါ့ ... ဒါဆို ကျွန်တော့်ကို ခင်ပြီပေါ့နော် ..."

အဲဒီအချိန်မှာပဲ သွယ်နဲ့ စန္ဒီတို့ကပါ ရောက်လာခဲ့သည်။ သွယ်က ထိုက်ရဲ့ခါးကို နောက်မှသိုင်းဖက်ကာ ...

"တို့ သူငယ်ချင်းကို နေ့တိုင်း ချောကလက်တစ်တောင့်နဲ့ လာဘ်ထိုးနေတာဆို ... ဒီလို ကွက်ကြားမိုးရွာလို့တော့ ရှင့်ကို ခင်ဖို့ မစဉ်းစားနိုင်ဘူးနော် ..."





"ဟာ ... မဟုတ်ပါဘူးဗျာ ... ကျွန်တော် အားလုံးကို ခင်ချင်လို့ပါ ..."

"ဟယ် ... ဒါဆိုလည်း တို့နှစ်ယောက်ဆီကိုလည်း စံပယ်နှစ်ပွင့်နဲ့ ချောကလက်တွေ ပို့ဦးလေ ..."

သူက ဘာမှ မပြောတတ်သလိုဖြင့် ထိုက်ကိုပဲကြည့်ကာ ရှက်ကိုးရှက်ကန်းရယ်၍ နေလေသည်။ အဲဒီမှာ စတွေ့တာပဲ။ အဟုတ်ကိုပင် နားထင်ကို လက်နှင့်ကုတ်လျက် ထိုက်ကို ရယ်၍ ကြည့်နေသောပုံလေးကို ထိုက် ခင်သွားခဲ့တာ ဖြစ်သည်။

ပြီးတော့ စံပယ်နှစ်ပွင့်ကို ယူမိတိုင်း သူ့မျက်နှာကို ပြေးမြင်ကာ ရင်ခုန်မိတာကိုလည်း ထိုက်ဘာသာ ထိုက် ဆန်းစစ်မိနေပြီ။ ဒီတော့ ထိုက် ဆက်လက်ပြီး မှုမနေချင်တော့ပေ။

"ကဲပါ ... ရှင်တို့ကလည်း သိပ်နောက်မနေကြပါနဲ့ ... ဒီမှာ ရှင်းလင်းကို ရှင် ကျွန်မတို့ကို ရိုးရိုးသားသားခင်ချင်တာတော့ ဟုတ်ပါတယ်နော် ..."

"ဩော် ... အဲဒါတော့ ကျွန်တော် ရာနှုန်းပြည့် အာမ,မခံနိုင်ဘူး ခင်ဗျ ... အဟဲ ..."

ထိုက်တို့ သုံးဦးစလုံးက သူ့ကို ဖြိုင်တူပင် မျက်စောင်းထိုးမိကြလေသည်။ သို့သော် ဘာပဲပြောပြော သူ့ကို ထိုက်တို့



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းအဖြစ်တော့ သတ်မှတ်လိုက်ကြပြီ ဖြစ်သည်။ မွန်ရည်သန့်ပြန့်လျက် ဘယ်နေရာကမှ ပြောစရာမရှိသော သူ့ကို ထိုက်ကလည်း မိန်းကလေးပီပီ စိတ်ဝင်စားနေမိခဲ့ပြီ ဖြစ်သည်။

သူနဲ့ ခင်သွားပြီးတော့မှ သူ့အကြောင်းကို ထိုက်တို့က ပိုသိခွင့်ရခဲ့တာ ဖြစ်သည်။ ပြီးတော့ ကွန်ပျူတာသင်တန်းတွင် သူက တစ်ခဏအတွင်းမှာပင် နာမည်ကြီး မင်းသား ဖြစ်နေချေပြီ။

"ကျွန်တော်က ရန်ကုန်ကပါ ... Family က ဒက်ဒီရယ် မာမီရယ် ... ကျွန်တော် ရယ် သုံးဦးတည်းပဲ ... ကျွန်တော့်မှာ ကာစင်တစ်ယောက်ရှိသေးတယ် ... ဒါပေမဲ့ မသိရင်အားလုံးက ညီအစ်ကိုအရင်းလို့ပဲ ထင်ရတယ် ...

ကျွန်တော့်မာမီရဲ့ညီမက မွေးတာ ... ဒါပေမဲ့ ဒီကောင့်ကို မွေးပြီး ... အန်တီလေးက ဆုံးသွားတော့ ကျွန်တော့်မာမီလက်ထဲမှာပဲ သူရော ကျွန်တော်ရောကြီးလာတာ ...

ဒက်ဒီက ရာထူးတက်တော့ နယ်ကိုပြောင်းရတယ်လေ ... အမှန်ဆိုရင်တော့ ကျွန်တော် ဒီကိုပါလာဖို့ စိတ်ကူးမရှိဘူး၊ ဒါပေမဲ့ ... ဟိုကောင်ကလည်း သူ့ဖားသားကြီးရဲ့လိုင်းမှာ သင်္ဘောတက်သွားတော့ ကျွန်တော် ငေါင်ကျန်နေရစ်ခဲ့တာရော ... ရန်ကုန်မှာ တစ်ယောက်တည်း ထားခဲ့ဖို့ စိတ်မချ





တာရောကြောင့် ကျွန်တော် ဒီကို ပါလာရတာ ..."

"ဪ ... ဒါဆို ရှင်က ကျွန်မတို့မြို့ကို မလာချင်ဘူးပေါ့လေ ..."

စန္ဒီရဲ့ ရန်တွေ့သလိုအပြောကို သူက ဟက်ခနဲတစ်ချက်ရယ်ကာ ထိုက်ထံကိုတော့ တိုးလျှိုးသည့် မျက်ဝန်းတစ်စုံဖြင့် ကြည့်ပြီးမှ ...

"ကျွန်တော်က မွေးကတည်းက ရန်ကုန်မှာပဲ ကြီးလာတာကိုး စန္ဒီရဲ့ ... ဒက်ဒီနဲ့မာမီကလည်း ရန်ကုန်ကပဲဟာ ... ရန်ကုန်က ကျွန်တော့်မြို့ပဲ ...

ကျွန်တော့်ဘော်ဒါတွေအားလုံးလည်း ရန်ကုန်မှာပဲရှိတာ၊ အသိမိတ်ဆွေအပေါင်းအသင်းအားလုံး ရန်ကုန်မှာပဲဆိုတော့ ဒီကိုလာရမှာ ... ဒီမှာနေရမှာကို ပျင်းတာပေါ့ ...

ဒက်ဒီတို့ကတော့ သူ့အလုပ်နဲ့သူဆိုတော့ အဓိပ္ပာယ်ရှိသေးတယ် ... ကျွန်တော်ကတော့ အရမ်းငေါင်တာပေါ့ ... သူငယ်ချင်း မရှိ ဘာမရှိနဲ့ ... ရောက်ခါစကျ ရေလည်ကျွတ်နေတာပဲ ... အရမ်းလည်း ပူတယ်နော် ..."

ဒီတစ်ခါတော့ သူ့အပြောကို ထိုက်ကပါ မခံချင်ဟန်ဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



"အံမယ် ... ရှင်တို့ရန်ကုန်လည်း ပူတာပါပဲနော် ... ကားတွေကကြပ် ပူကပူနဲ့ ... ရှင်တို့ဆီက ပိုပူတာ ..."

သူက ထိုက်ကိုတော့ ပြိုင်မငြင်းဟန်ဖြင့် ပြုံးကြည့်လာကာ ...

"ဟုတ်ပါတယ် ... ခုတလော ရန်ကုန်လည်း အရမ်းပူလာတယ် ... အရင်လို မဟုတ်တော့ဘူး ... ဒါပေမဲ့ ဘုန်းမေးထိုက်ကတော့ အညာဒေသကလို့ ထင်ရက်စရာမရှိအောင် အသားအရေ အရမ်းလှတယ်နော် ..."

သူက ထိုက်ကို သေချာကြီးကြည့်ပြီး ပြောလေရာ ရှတ်တရက်မို့ ထိုက်ကား ရှက်သွားရလေသည်။ စန္ဒီတို့ကတော့ ပေါ်တင်ကြီးဟာယ်ဟု ပြောကြသည်။ ဒါကို ဘယ်သူက နည်းနည်းမှ လေမလျှော့သေးချေ။

"ကျွန်တော် ဘာကယ်ပြောနေတာပါ ... အဲဒါကြောင့် စတွေ့တွေ့ချင်းမှာ မေထိုက်ကို သတိထားမိသွားတာ ... စန္ဒီတို့တစ်တွေကိုကြည့်ရတာ ရယ်ရယ်မောမောနဲ့ ပျော်စရာကောင်းမဲ့ပုံလို့ ... အဲဒီကစပြီး ကျွန်တော် ခင်ချင်သွားခဲ့တာပါ ..."

"ဗွတ် ..."





စန္ဒီတို့တစ်တွေရဲ့ ဝိုင်းအော်သံကို သူက ကျေနပ်
သည့် အပြုံးတစ်ခုနှင့်သာ တုံ့ပြန်လေတော့သည်။ သူ့ကြည့်ရသည်
မှာ လိုချင်တာ ပြည့်စုံသွားသော ကလေးငယ်တစ်ယောက်လို ပျော်
ရွှင်နေပုံမျိုး ဖြစ်သည်။ ထိုက်ကို ကြည့်လာသော ချိုမြမြ မျက်
ဝန်းတွေထဲမှာ ထိုက်ကို စကားတွေ လှမ်းပြောနေသည်ဆိုတာကို
တော့ သူ မပြောဘဲနှင့်လည်း ထိုက်က သိခဲ့လေသည်။

ဝေမန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် (၁၀၆)၊ သုမင်္ဂလာ (၆) လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သာယာနီးကျွန်းသို့
ပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





သူများနှင့် မတူသော စတိုင်လ်ရှိပြီး ကြည့်ကောင်း ချောမောသော သူသည် ခဏလေးတွင်းမှာပင် ထိုက်တို့မြို့လေး၌ ပေါ်ပြူလာ ဖြစ်လာခဲ့သည်။ အရပ်ရှည်ရှည် အသားဖြူဖြူတွင် ချိုသော အပြုံးတစ်ခု အမြဲတပ်ဆင်ထားတတ်သော သူ့ကို ကြွေကြသော ကောင်မလေးတွေကလည်း အများကြီးပင်။

သူကတော့ ဘယ်သူ့ကိုမှ အရေးမလုပ်ချေ။ ထိုက်မှ





ထိုက်။ ထိုက် မျက်နှာကိုသာ အမြဲတစေ တမေ့တမော နေတတ်သောသူ ဖြစ်သည်။ သူနဲ့ သူငယ်ချင်းဖြစ်တာ တစ်လကြာသည်အထိ ထိုက်ကို ချစ်ကြောင်း ဖွင့်ဟမလာသေးသော်လည်း သူ့အပြုအမူနှင့် အပြောအဆိုတွေက ထိုက်ကို ဘယ်လောက်ချစ်ပါကြောင်း ပြောပြနေသလိုပင်။

သူ့အကြောင်းသည် ထိုက်တို့ သူငယ်ချင်းတွေကြားထဲတွင် ခေါင်းစဉ်တပ် ဆွေးနွေးရမည့်ကိစ္စတစ်ခု ဖြစ်လာခဲ့ချေပြီ။

"မေထိုက် ... ရှင် ရှင်းလင်းကို ဘယ်လိုဆုံးဖြတ်မယ် စိတ်ကူးထားလဲ ..."

စန္ဒီ့မေးခွန်းကြောင့် ထိုက်ရင်ခဲ့တွင် ငြိမ့်ခနဲ တစ်ချက် ဖြစ်သွားလေသည်။ မျက်လုံးထဲတွင် သားနားပြည့်စုံသော ဖျိုတိုင်းကြိုက်သည့် နှင်းဆီခိုင် သူ့ပုံရိပ်ကို ဖျတ်ခနဲ မြင်ယောင်၍ လာလေသည်။

"အင်း ... ငါ ဘယ်လိုဆုံးဖြတ်ရမှာလဲ ... သူကလည်း ဘာမှ မပြောသေးပါဘူးဟာ ..."

"မပြောသာတာ မပြောတာ ... သူ့ပုံစံက နင့်ကို ဒီလောက် ကြွေနေတာ အသိသာကြီးပဲဟာ ... သူ့အကြောင်းတွေလည်း အကုန်သိပြီးနေပြီပဲ ...



www.burmeseclassic.com

www.burmeseclassic.com



နင့်ကိုလည်း တကယ်ချစ်ပုံရတယ်လို့ ငါထင်တယ် ... နင်က သူ့ကိုဘာငြင်းချင်တာလဲ ...”

ငြင်းလောက်စရာလည်း သူ့တွင် ကြီးကြီးမားမား မရှိချေ။ သူ့အကြောင်းကလည်း ... မိန်းကလေးတစ်ယောက်အဖို့ ဘယ်နေရာကမှ ငြင်းစရာမရှိ။ ဆောက်လုပ်ရေးရုံးမှ စန္ဒီရဲ့ အသိတစ်ယောက်က စုံစမ်းပေးခဲ့သည်မှာ သူပြောသလိုပင် သူတို့က မိသားစုလိုက် ရန်ကုန်မှ ပြောင်းလာခဲ့ကြခြင်းဖြစ်သည်။ သူ့ဖခင်က ဆောက်လုပ်ရေးမှ အရာရှိကြီးတစ်ဦး ဖြစ်သည်။

မိဘအသိုင်းဝိုင်းမှလည်း ဘယ်ဘက်ကမှ ငြင်းစရာမရှိ။ စန္ဒီ့အသိ၏ အပြောအရဆိုလျှင် သူ့တွင် ဝိုင်းကြိုက်သူ အပျိုချောတွေ တောင်လိုပုံ၍ပင်တဲ့။

“ငါ သူ့ကို ဘာငြင်းရမှန်းလည်း မသိပါဘူးဟာ ...”

စန္ဒီက ထိုက်ကိုသိနေတယ်ဟူသော မျက်လုံးများဖြင့် ငေးကြည့်ကာ ...

“နင် သူ့ကိုငြင်းလည်း မငြင်းချင်ဘူး မဟုတ်လား ... ချစ်လားဆိုတော့လည်း နင် ပီပီပြင်ပြင် ဝန်မခံနိုင်ဘူး ... ဒါပေမဲ့ ငြင်းလိုက်မိပြီးမှ ငြင်းမိတာမှားသွားမလားဆိုတဲ့ ကြောင့်ကြ





မှုလည်း ရှိနေတယ် ... အဲဒီစိတ်တွေကို နင့်ကို လွှမ်းဆွဲနေတာ ငါပြောတာ ဟုတ်တယ်မဟုတ်လား ...”

ထိုက်သည် စန္ဒီရဲ့ အပြောတွေကို ဟုတ်နေသဖြင့် သဘောတကျ ရယ်မိလေသည်။ အဟုတ်ကိုပင် သူ့ကို ထိုက်မငြင်းချင်ပေ။ အိုး နှလုံးသားထဲမှ နှစ်နှစ်ကာကာ ချစ်မြတ်နိုးသလားဆိုတော့လည်း အဲဒီလိုလည်း မဟုတ်။

သို့သော် သူနဲ့ ဆုံလိုက်တိုင်း ထိုက် ရင်ခုန်တတ်သည်။ သူ့ရဲ့ ကြင်နာသောအကြည့်၊ ဂရုစိုက်သောအပြုအမူများကို ထိုက် မက်မောခုံမင်တတ်သည်။

သူလို မင်းသားတစ်ပါးက အသည်းအသန်ကြွေပြသောအဖြစ်ကို ထိုက်ကလည်း ခေတ်မိန်းကလေးပီပီ ဂုဏ်ယူသေးလေသည်။

“နင်ပြောတာတွေအားလုံး ဟုတ်နေတယ်စန္ဒီရယ် ... နင်မဆိုးဘူး သိလား ... စာရေးဆရာမ ဖြစ်နိုင်မယ် ... လူတွေရဲ့ ခံစားချက်ကို သိနေလို့လေ ...

ငါ သူ့ကို ရင်ထဲက နှစ်နှစ်ကာကာ ချစ်နေလားဆိုတော့လည်း အဲလိုကြီးလည်း မဟုတ်ဘူး ... ရင်ထဲမှာ တနင့်တပိုးကြီး မခံစားရဘူး ...



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့ ... သူ propose လုပ်လာရင် ငြင်းပစ်ချင်လိုက် သလားဆိုတော့လည်း အဲလိုလည်း မဟုတ်ဘူး ... တခြား သူတွေဆို ငါ့စိတ်ထဲမှာ ဘယ်လိုမှ သဘောကျတဲ့စိတ် မဖြစ် မလာဖူးဘူး ... ဒါမျိုးက သူ ပထမဆုံးပဲ ... အဲဒါတော့ သေချာတယ် ... ”

“ဒီတော့ သူ propose လုပ်လာရင် နင် မငြင်းတော့ဘူးပေါ့ ချစ်တယ်ပဲပေါ့ ... ”

ထိုက်သည် ထိုစကားကြောင့် နှုးနှုးညံ့ညံ့ပင် ပြုံးမိသည်။

“ချစ်တယ်ဆိုတဲ့စကားကို ငါ ဘယ်ယောကျ်ားလေးတစ်ယောက်ကိုမှ မပြောဖူးဘူးဟ ... သူ့ကိုတော့ ပထမဆုံး ပြောဖြစ်လိမ့်မယ်နဲ့တူတယ် ... ဘာလို့ပြောဖြစ်သွားတာလဲ ဆိုရင်တော့ သူ့ကို ချစ် မချစ် မသေချာသေးလို့ပဲ”

“ဟယ် ... နင့်စကားကလည်း အဆန်းပါလား ... မသေချာလို့ အဖြေမပေးတာပဲ ကြားဖူးပါတယ်ဟာ ... ”

ထိုက်သည် သွယ့်ရဲ့စကားကို အဓိပ္ပာယ်ရှိသော အပြုံးတစ်ခုဖြင့် ...

“သူ့ကို ငါ မချစ်ပေမယ့် ရင်ခုန်တယ်လေ ... ပြီးတော့





လက်ခံချင်တဲ့စိတ်လည်း ရှိတာပဲ ... ငြင်းချင်တဲ့စိတ်မှ မရှိတာ ... အဲဒါကို ငါ ဘာလုပ်ရမှာလဲ ...

“တကယ်လို့ သူ့ကို ငြင်းလိုက်ပြီးမှ ငါ ချစ်နေခဲ့တယ်ဆိုတာ သိသွားရင် ဘယ်လိုလုပ်မလဲ ... ”

“အေးဟာ ... အချစ်ဆိုတာကြီးက နည်းနည်းတော့ ရှုပ်ထွေးသလိုပဲနော် ... လိုက်လို့ကို မမီတော့ဘူး ... ”

စန္ဒီပင်လျှင် ညည်းညည်းညူညူ ပြောရလေသည်။

“အို ... သိပ်စဉ်းစားမနေနဲ့ မေထိုက် ... အချစ်ဆိုတာ တစ်ခါတလေမှာ လှည့်ဖြားတတ်တဲ့ သဘောရှိတာပဲ ... ဒီလို ဖီလင်မျိုးဟာ အချစ်ဖြစ်လာဖို့ လမ်းစပဲ ... ဆံပင်ဖြူအောင် လျှောက်စဉ်းစားမနေနဲ့တော့ ... နင့်ဘဝမှာ ဒီလို ဖီလင်မျိုး ဘယ်သူ့ကို ဖြစ်ဖူးလို့လဲ ... ပြီးတော့ နင်နဲ့ ရှင်းလင်းနဲ့က သိပ်လိုက်တာဟ ...

“တကယ် နင်တို့အတွဲက အရမ်း Romantic ဖြစ်တယ် ... နောက်ဆုံး ရှင်းလင်းက နင့်ကို သိပ်ချစ်တာပဲဟာ ... နင်တို့ အဆင်ပြေမှာပါ ... ”

သွယ့်စကားက ထိုက်ရဲ့ဆုံးဖြတ်ချက်ကို ပို၍ တိကျ နိုင်မာသွားစေခဲ့တာ ဖြစ်သည်။ ထိုက်ရဲ့ ရင်ခုန်သံတွေသည် ချစ်သူ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ရတော့မည်ဟူသောအသိဖြင့် ပို၍ စည်းချက်တွေ မြန်လာကြသည်။

တစ်ခါမှ ရည်းစားမထားဘူးသေးသော အပျိုစင်လေးတစ်ယောက်အတွက် ရည်းစားထားရတဲ့အရသာဟာ ဘယ်လိုမျိုးလဲဆိုတာ ထိုက် စိတ်ဝင်စားလေသည်။ ထိုက်ကို အစွမ်းကုန်ချစ်ပြတတ်မည့် ယောကျ်ားတစ်ယောက်ကို ထိုက် ရင်ခုန်တာထက် အတွေ့အကြုံသစ်တစ်ခုကို ထိုက်က ပိုရင်ခုန်တာဖြစ်၏။

ပြီးတော့ ... ပျိုတိုင်းကြိုက်သော နှင်းဆီခိုင်တစ်ယောက်၏ အသည်းနှလုံးကို အပိုင်စားရထားသောအဖြစ်ကိုလည်း ထိုက်က တိမ်းမူးသေးတာ ဖြစ်လေသည်။

✳✳✳

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် (၁၀၆)၊ သုမင်္ဂလာ (၆) လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းသို့
ပေးပို့နိုင်ပါသည်။







ထိုက်ဘက်က သူနှင့်ပတ်သက်၍ ခံစားချက်တွေ ရှိလာချိန်တွင် သူကလည်း ထိုက်ကို အတိအလင်းပင် ချစ်ရေးဆိုလာခဲ့တာ ဖြစ်လေသည်။ ကန်ရေပြင်ကို ဖြတ်၍ တိုက်ခတ်လာသော လေညင်းတွေအောက်တွင် သူက နှလုံးသားတစ်ခုလုံး တိမ်းမူးနေသောလေသံဖြင့် ...

"မေထိုက် ပြောစရာရှိတယ် သိလား ... "



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ပြောပေါ့"

စန္ဒီနှင့် သွယ့်ကို သူ ဘယ်လို ပ,ထုတ်ထားသလဲ တော့ မသိချေ။ တစ်ယောက်တစ်မျိုးစီ အကြောင်းပြလျက် သူနှင့် ထိုက်ကို ထားခဲ့ကာ ထွက်သွားကြလေပြီ။

သူက ထိုက်ရဲ့မျက်နှာကို တရှိုက်မက်မက်ငေးကြည့် ရင်းမှ ...

"ကိုယ် မေထိုက်ကို ချစ်နေတယ် ... "

"အင်း ... အဲဒီတော့"

ထူးဆန်းသည်မှာ ထိုက်သည် သူ့စကား၌ ရှက်ရွံ့ သွားခြင်းမျိုး မရှိချေ။ တခြားတစ်နေရာသို့ ငေးခြင်း၊ ခေါင်းငုံ့နေ ခြင်း၊ လက်ကိုင်ပဝါကို လုံးချေနေခြင်းများ လုံးဝမရှိဘဲ သူ့ကို ခပ်ပြုံး ပြုံးပင် ပြန်မေးမိသည်။

သူက အရည်တဖျတ်ဖျတ်လက်နေသော မျက်ဝန်း များဖြင့် ...

"မေထိုက် ကိုယ့်ကို ပြန်ချစ်ပါလားဟင် ... "

ထိုက်သည် သူ့စကားကို လွတ်လွတ်လပ်လပ် ရယ် မိလေသည်။ သူနှင့်ပတ်သက်၍ ထူးခြားတာတစ်ခုမှာ သူငယ်ချင်း





တစ်ယောက်လို ပို၍နှောင်တွယ်မိခြင်း ဖြစ်သည်။ သူ့ကိုဆိုလျှင် မဝံ့မရဲဖြစ်နေတာ၊ ပြောမထွက်တာမျိုး လုံးဝမရှိ။ အမြဲ ပွင့်ပွင့်လင်း လင်းပင် ဆက်ဆံနိုင်သည်။

"မေထိုက်ကလည်းကွာ ... ချစ်တယ်ပြောတာကို ဟာသ ပြောပြနေတာကျနေတာပဲ ... ကိုယ် တကယ်ပြောနေတာ"

"အေးပါ ... သိပါတယ်"

"ဟာ ... သိတယ်ဆိုလည်း လုပ်ဦးလေ ... ကိုယ့်ကို ခပ်ပေါ့ ပေါ့ သဘောမထားပါနဲ့ကွာ ... ကိုယ် မေထိုက်ကို တကယ် ချစ်တာ အရမ်းချစ်တာ ... "

သူက နှလုံးသားထဲမှလာသော အသံမျိုးဖြင့် နင့်နင့် သည်းသည်းပြောလျှင် ထိုအပြောအတွက် ထိုက် ဖျတ်ခနဲကျေနပ် သွားရသည်။ သူ့ပုံစံဟာ ထိုက်ထံတွင် အပြည့်အဝ ပျော်ဝင်ကျဆုံး လျက် ရှိသောပုံမျိုးပင် ... ။

"ရှင့်ကို ကျွန်မမှ မယုံရဲသေးတာ ... "

မေထိုက်က မပွင့်တပွင့်ပြန်ဆိုလျှင် သူက မချင့်မရဲ ဖြစ်ကာသွားသလိုနှင့် ...

"ဘာကို မယုံရဲတာလဲ မေထိုက်ရယ် ... ဘာလဲ သုံးနှစ်သုံးမိုး စောင့်ခိုင်းပြီးမှ ယုံမှာလားဟင် ... "



www.burmeseclassic.com

www.burmeseclassic.com



"သုံးနှစ်သုံးမိုးတော့ မစောင့်နိုင်းပါဘူး"

သူက ထိုက်ရဲ့အပြောကို လှစ်ခနဲပြုံးသည်။ သူ့ ပြုံးမှပင် ထိုက်သည် ကိုယ့်စကားကိုယ်နည်းနည်းကျွံသွားပြီမှန်း သဘောပေါက်လေသည်။ သို့သော် မထူးတော့ဘူးဟူသော အပြုံးဖြင့် ရှေ့ဆက်တင်ကာ ...

"ရှင်က တစ်မြို့တစ်ရွာက လာတဲ့သူလေ ရှင်းလင်းရဲ့ ... ရှင့်မှာ ရည်းစားတွေ ဘာတွေ ရှိရင် ရှိနေမှာပေါ့ ... ဟိုမှာတစ်ယောက် ဒီမှာတစ်ယောက်ထားနေရင် ဘယ်နဲ့လုပ်မလဲ ..."

"ဪ ... အဲဒီအတွက်တော့ ကိုယ့်ကို ယုံပါကွာ ... ကိုယ်မေထိုက်ကို ဘယ်လိုသက်သေပြရမလဲ ... ကိုယ့် မေမေဆီခေါ်သွားပြီး သက်သေပြရမလား ... ကိုယ် မေထိုက်ကိုပဲ ချစ်ဖူးတာပါ ..."

"အံမယ် ... မယုံပါဘူးနော် ... ဒီမှာတောင် ရှင်က မင်းသားဖြစ်နေတာ ... ရန်ကုန်မှာဆို ဒီ့ထက်ပိုမှာပေါ့ ... ရည်းစားတစ်ယောက်တောင်မထားဖူးဘူးဆိုရင် ဒါ ရှင်သိပ်ပိန်းလို့ပဲ"

"ဒါဆို မေထိုက်လည်း ပိန်းတာပဲပေါ့"





"ဘာဆိုင်လို့လဲ ..."

"ဆိုင်တယ်လေ ... မေထိုက်ရော ရည်းစားထားဖူးလို့လား၊ မထားဘူးပဲနဲ့ကွာ သူ့ကိုယ်သူ ဆရာကြီး ဒီနိုင်းဖမ်းချင်နေတယ် ...

ကဲပါ ... မထားဘူးတဲ့သူအချင်းချင်း ထားကြည့်ကြတာပေါ့နော် ... မကောင်းဘူးလား ..."

"မကောင်းပါဘူး ... ကျွန်မ ရည်းစားမထားချင်ပါဘူး"

"ဟာ ... ဘာလို့လဲ ... ရည်းစားထားရတာ ပျော်စရာကြီးပါ ... စမ်းချစ်ကြည့်ပါလားနော် ..."

ကိုယ်ကို ရှေ့သို့ကိုင်းကာပြောသော သူ့ပုံစံဟာ အသည်းအသန်ပဲမို့ ထိုက်က သူ့အဖြစ်ကို တဟက်ဟက်နှင့်ရယ်ကာ ပညာပေးချင်သော သဘောဖြင့် ပြောတာဖြစ်၏။

"ရည်းစားထားတာ လွတ်လပ်ခွင့်တွေ ဆုံးရှုံးတယ်ထင်လို့ မထားတာ ရှင်းလင်းရဲ့ ... ဟိုဟာမလုပ်ရ ဒါမလုပ်ရ ချုပ်ချယ်တာတွေ ကျွန်မ သိပ်မုန်းတာ ... ဒါကြောင့် ဟိုးအရင်ထဲက မထားခဲ့တာ ... ကျွန်မက ကျွန်မကိုယ် ကျွန်မလည်း တန်ဖိုးထားတယ် ... ကိုယ့်ကိုလည်း တန်ဖိုးထားမှ ကြိုက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် မေထိုက်ကို တန်ဖိုးတကြီးချစ်တာပါ မေထိုက်ရယ်၊ ကိုယ့်အချစ်ကို ယုံပါ ... ကိုယ့်ကြောင့် မေထိုက်ရဲ့ လွတ်လပ်ခွင့်တွေ မဆုံးရှုံးစေရပါဘူး ... "

ဒါပဲ။ ထိုက် လိုချင်တာ ဒီအပြောပဲ။ အဟုတ်ကိုပင် ထိုက်သည် ရည်းစားတစ်ယောက်ထားပြီး ခြေချုပ်မိမှာကို မလိုလားချေ။ ပြီးတော့ ကိုယ်ကချည်း အလျှော့ပေးရသည့်အဖြစ်ကိုလည်း မလိုလား

"နော် ... မေထိုက် ... မေထိုက်စိတ်တိုင်းကျ အရာအားလုံးဖြစ်စေရပါမယ်ကွာ ... ကိုယ့်အချစ်ကိုလည်း ယုံပါ ... ကိုယ့်ကိုလည်း ယုံပါ ... "

သူလိုလူတစ်ယောက်က ထိုက်ထံမှ အချစ်ကို ဒီလို ခခယယတောင်းယူနေပုံမျိုးအား ထိုက် အမှန်ပင်ကြည်နူးတာကိုတော့ ဝန်ခံရပေမည်။ တဖြည်းဖြည်းနှင့် သူ့ကို ပြန်အဖြေပေးဖို့ နီးကပ်လာပြီဆိုတာ ထိုက်ကိုယ်ထိုက် ရိပ်မိလာရချေပြီ။

ထိုက်သည် သူ့ကို မျက်လုံးတစ်ချက် လှန်ကြည့်ရင်းမှ ...

"ရှင်းလင်း ကျွန်မကို ဘယ်အချိန်ကစပြီး ချစ်သွားတာလဲ"





သူက ထိုက်ရဲ့စကားကို တလေးတနက် စဉ်းစားကာ ပြန်ဖြေလေသည်။

"မေထိုက်ကို စတွေ့တာတော့ ငရုတ်သီးစပ်နေတဲ့ပုံကိုပဲ ကိုယ့်ဘဝမှာ ချောတဲ့လှတဲ့ မိန်းကလေးအများကြီးကို တွေ့ခဲ့ရဖူးတယ် ... ဒါပေမဲ့ ကိုယ်တွေ့ခဲ့တာ အော်ရီဂျင်နယ်လ်အတိုင်းပဲ ... ဘာမှ စိတ်ဝင်စားစရာမရှိဘူး ... အရမ်းချောတဲ့ ကောင်မလေးတစ်ယောက် ငရုတ်သီးစပ်နေတဲ့ပုံက ကိုယ့်အတွက် စိတ်ဝင်စားဖို့ကောင်းနေတယ် ... နှာရည်တွေထွက်၊ မျက်ရည်တွေထွက်နဲ့ တကယ်သစ်တယ်၊ အဲဒါကို သဘောကျမိရာက စ,တယ်ထင်တာပဲ ... မေထိုက်ကို ခင်ချင်လာတယ် ... တွေ့ချင်လာတယ် ... အမြဲ မြင်ချင်နေတာကနေ ကိုယ့်အချစ် ဖြစ်လာတယ်လို့ထင်တယ် ... "

သူက သူဖြေတတ်သလို ရိုးရိုးရှင်းရှင်းလေး ပြန်ဖြေတာ ဖြစ်လေသည်။

ဘာပဲပြောပြော ထိုက်သည် သူ့အဖြေကို သဘောကျစိတ်ဖြင့် ပြုံးမိသည်။ အဲဒီနောက် သူ့ကို အဓိပ္ပာယ်ပါ မျက်ဝန်းများဖြင့်ကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ရှင်းလင်း ... မျက်နက်ဖြန်ကစပြီး ရှင် ပို့နေတဲ့ပါဆယ်လ်ကို ရပ်လိုက်တော့ ..."

"ဘာဖြစ်လို့လဲ ..."

"ကျွန်မ ပြောတာကိုသာ နားထောင်စမ်းပါ၊ အဲဒီ ပါဆယ်လ်ကို မပို့နဲ့ဆို မပို့နဲ့တော့ ..."

"မေထိုက်အိမ်က ဆူလို့လားဟင်"

"ဟယ် ... သိပ်ရှည်တာပဲ ... ပို့မှာလား မပို့ဘူးလား"

"ပို့မှာ ... အဲ ... မပို့နဲ့ဆို မပို့တော့ပါဘူး ... ဒါပေမဲ့ ဘာလို့လဲ မေထိုက်ရာ ... ကိုယ့်ကို ငြင်းတော့မှာလား ... အဲဒီလို မရက်စက်စမ်းပါနဲ့ ...

ကိုယ် မေထိုက်ကို တကယ်မြတ်နိုးတာပါ ... ကိုယ့်ဘဝရဲ့ လက်တွဲဖော်အဖြစ် ရည်ရွယ်ထားတာပါ ..."

သူက တနင့်တပိုး ခံစားချက်တွေဖြင့် ပြောပုံကို ထိုက်က စိတ်ထဲမှ ကျိတ်၍ရယ်မိပေသည်။ အင်း ... သူဟာ မယုံနိုင်လောက်အောင်ကို ထိုက်အပေါ်မှာ သိပ်ချစ်နေခဲ့တာပါလား။ ဒါကိုလည်း ထိုက်က ကျေနပ်မိတာပင်။ တဖြည်းဖြည်းနှင့် ထိုက်ဟာ အတ္တကြီးသူ ဖြစ်မှန်းမသိအောင် ဖြစ်နေခဲ့ချေပြီ။

သူများဆီက အချစ်ကိုရလျှင်ဖြင့် ပျော်ရွှင်ကျေနပ်





လျက် ကိုယ့်ထံမှ အချစ်တစ်ခုကိုတော့ မေ့လျော့ထားမိသည်။

"ရှင် တော်တော် အသည်းနုတာပဲနော် ... ရှင် အသည်းကွဲဖူးလားဟင် ..."

"ဟာ ... မဦးမချွတ်ကွာ ... အခုမှ စချစ်ဖူးတာ ဘယ်လို အသည်းကွဲရမှာလဲ ... မေထိုက် မချစ်ရင်သာကွဲမှာ ... မေထိုက်ရယ် ..."

သူ စကားမဆက်နိုင်အောင် ထိုက်က လက်တစ်ဖက်ကာပြလိုက်သည်။

"ကျွန်မကို ခဏ ခဏ ဂျီမကျနဲ့ ... ဒါဆို ရှင့်ကို စဉ်းစားမယ်၊ ဟုတ်ပြီလား ... ကျွန်မက ယောကျ်ားလေးတစ်ယောက်ကို စဉ်းစားမယ်လို့ပြောတာတောင် ဒါ ပထမဆုံးပဲနော်"

သူက ဝမ်းသာအားရဖြစ်ကာ ခေါင်းတွေကို သွက်သွက်ကြီး ညိတ်ပြလေတော့သည်။ ထိုက် မှာထားသည့်အတိုင်း သူက စကားနားထောင်စွာဖြင့် ချောကလက်ပါဆယ်တွေလည်း မပို့တော့သလို လူမမာအမဲခြောက်တောင်းသလိုလည်း ခဏ ခဏလည်း အဖြေထပ်မတောင်းတော့။

သို့သော် ... အကြည့်ချင်းတွေ ဆုံလာလေတိုင်း မျက်ဝန်းတွေမှတော့ အဖြေတောင်းစမြဲပင်။ ထိုက်ကလည်း ပြုံးစေ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် မသိကျိုးကျွန်ပြုကာ မျက်နှာလွှဲပစ်စမြဲပင်။ ဒီလိုနှင့် နောက်ထပ် တစ်လပြည့်ပြီးတဲ့အချိန်မှာတော့ ထိုက်က သူ့လက်ထဲသို့ ကိုယ်တိုင် ကိုယ်ကျပင် ပါဆယ်လ်တစ်ထုပ် ထည့်ပေးခဲ့တာ ဖြစ်လေသည်။ သူက ပါဆယ်ထုပ်ကို မဝံ့မရဲယူရင်း ...

"အထဲမှာ ဘာတွေလဲဟင် ..."

"အိမ်ရောက်ရင် ဖွင့်ကြည့်ပေါ့ ..."

ထိုက်က ပြုံးစိစိဖြင့်ပြောကာ သူ့ကို တစ္တာပြ လျက် အိမ်ပြန်ရောက်လာခဲ့သည်။ ထိုက်ရဲ့ပါဆယ်ထဲတွင် သူ ပေးခဲ့ ဖူးသည့်အတိုင်း ချောကလက်တစ်တောင့်၊ စံပယ်နှစ်ပွင့်နှင့် ထိုက်ရဲ့ လက်မှတ်ထိုးထားသော ပို့စကဒ်လေးတစ်ခု ပါဝင်လေသည်။

သိပ်မကြာချေ။ သူ့ထံမှ ချက်ချင်းပင် ဖုန်းဆက်လာ သည်။ သူ့အသံသည် စိတ်လှုပ်ရှားမှုများစွာဖြင့် တုန်ရင်နေသော အသံမျိုး ဖြစ်သည်။

"ထိုက် ..."

ဒီတစ်ခါတော့ သူ့ရဲ့ အဖျားဆွတ်ခေါ်သံ ထိုက်ကို ဘာ ကွန်ပလိန်မှ မတက်မိတော့ချေ။ သိပ်မကြာခင်မှာ သူဟာ ဒီနာမည်ကို တရားဝင်ခေါ်ခွင့်ရတော့မှာပဲ။

"ပြောလေ ရှင်းလင်း ... ပါဆယ် ဖွင့်ပြီးပြီလား"





"ပြီးပြီ ... အဲဒါ ဘာလဲဟင်"

"ဟယ် ... ရှင် မျက်လုံးကန်းနေလား ... ဘာတွေတွေ့လဲ"

"ချောကလက်ရယ် ... စံပယ်ပွင့်လေးနှစ်ပွင့်ရယ် ... ကဒ် လေးရယ် ..."

"အင်းလေ ... အဲဒါ ရှင့်ကိုပေးတာ ..."

"ထိုက် ... အဲဒါ ဘယ်လိုအဓိပ္ပာယ်လဲဟင် ... ကဒ်ထဲမှာ ဘာစာမှလည်း ရေးမထားဘူး ... ကိုယ့်ကို ရှင်းရှင်းလင်း လင်းပြောပါ ထိုက်ရာ ..."

"ဟင့်အင်း ... ရှင် ထိုက်ကို အဲဒါမျိုးတွေ ဘာလို့ပေးခဲ့တာ လဲ ..."

"ချစ်လို့ပေါ့ ထိုက်ရယ် ..."

သူ့အသံက တိုးလျှလျှနှင့် မောနေသလိုပင်။ ထိုက် သည် လှစ်ခနဲပြုံးမိကာ ...

"အင်းပေါ့ ... ခုလည်း အဲဒီသဘောပဲပေါ့"

"ဗျာ ... ဘယ်လို ... ဟာ ... ဒါဆို ထိုက်က ကိုယ့်ကိုချစ်လို့ ပေါ့ ... ထိုက် ကိုယ့်ကို အဖြေပြန်ပေးတာပေါ့နော် ..."

"ငတုံး ..."



www.burmeseclassic.com

www.burmeseclassic.com



ထိုက်သည် ချစ်သူ ပူပူနွေးနွေးကောင်လေးကို ဤသို့ ပျစ်ပျစ်နှစ်နှစ်ခေါ်ပြီးမှ တဟားဟားနှင့် အော်ရယ်ကာ ဖုန်းချပစ်လိုက်တာ ဖြစ်လေသည်။ သူကတော့ ဘယ်လောက်များ ဆွေ့ဆွေ့ခုန်နေမလဲ မပြောတတ်။ အံ့သြစွာပင် သူ့ကို အဖြေပေးပြီးနောက် ရှက်ရွံ့ရင်ဖိုရမည့်အစား ထိုက်က ရယ်မောပျော်ရွှင်နေခဲ့တာ ဖြစ်ပါသည်။

ပေးမှာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင် အမှတ် (၁၀၆)၊ သုမင်္ဂလာ (၆) လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သဃ်န်းကျွန်းသို့ ပေးပို့နိုင်ပါသည်။







သူနှင့်ထိုက်တို့ ချစ်သူဖြစ်ပြီးသွားကြလျှင် သူ ပထမဦးဆုံး တောင်းဆိုသောကိစ္စမှာ သူ့ကို ဆိုင်ကယ်လ်စီး သင်ပေးဖို့ပဲ ဖြစ်သည်။

"ဟယ် ... ရှင့်ဘော်ဒါတွေကို သင်ခိုင်းပါလား၊ ပေါက်ပေါက်ရှာရှာဟယ် ... ကျွန်မကာပဲ ရှင့်ကို ဆိုင်ကယ်စီးသင်ပေးရဦးမယ် ..."

ေ စ တ န ာ စ ာ ေ ပ

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်းကွာ ... ကိုယ် ထိုက်ကိုစတွေ့ပြီးထဲက ထိုက် ဆိုင်ကယ်စီးတဲ့ပုံကို အရမ်းသဘောကျခဲ့တာ ... အဲဒီထဲက တစ်နေ့ကျရင် ထိုက်ကို ဆိုင်ကယ်စီးသင်ခိုင်းရမယ်လို့ စိတ်ထဲမှာ တေးထားခဲ့ပြီးသား ...
ထိုက်ပဲ သင်ပေးကွာ ... နော် ... လိမ္မာတယ်"

သူကား တစ်ဦးတည်းသောသားပီပီ ထိုက်နှင့်တွေ့လျှင် အတော်ချွဲနွဲ့တတ်ပြန်သည်။ သို့သော် ထိုက်ကိုလည်း ဖူးဖူးမှုတ် ချစ်တတ်သဖြင့် တော်တန်ရုံကိစ္စတိုင်းတွင် ထိုက်ကလည်း သူ့ကို အလိုလိုက်ခွင့်လွှတ်ပေးရပြန်သည်။

"ဆိုင်ကယ်စီးတာများ ဘာမှမခက်ပါဘူး ရှင်းလင်းရယ် ... ရှင် ကားတောင် မောင်းတတ်သေးတဲ့ဟာပဲ ... အမြင်နဲ့တင် တတ်ပါတယ် ... "

"အေးပါကွာ ... ဆရာမကလည်း အရမ်းဈေးကိုင်တာပဲ ... တစ်နေ့ကို (၁၅၀၀)ပေးမယ် သင်ပေးနော် ... "

ထိုက်သည် သူ့အပြောကို မျက်စောင်းတစ်ချက်နှင့်သာ တုံ့ပြန်ရင်း သူ့ဆန္ဒကိုလည်း မငြင်းနိုင်ချေ။ ဘောလုံးကွင်းထဲမှာ သူ့ကို ဆိုင်ကယ်စီးသင်ပေးရသည်။ ယောကျ်ားလေးဖြစ်သဖြင့် ဘယ်လောက်မှတောင် မသင်လိုက်ရချေ။ ခဏလေးနှင့် တတ်သွားသည်။





"ရှင်းလင်းက မဆိုးဘူးပဲ ... တတ်လွယ်တယ်နော်"

"ဆရာမက တော်လို့ပါ ... "

သူ့က ထိုက်ရဲ့ပခုံးကို သူ့ပခုံးနှင့် လှမ်းတိုက်ကာ ပြောသဖြင့် ဆတ်ခနဲပင် တုန်ယင်သွားရသည်။ ဒီတော့မှ သူနှင့်ထိုက်ဟာ ဘောလုံးကွင်းရဲ့ အစပ်နား အရိပ်ကောင်းသည့် သစ်ပင်ကြီးရဲ့အောက်မှာ နှစ်ယောက်သား နီးနီးကပ်ကပ် ရှိနေတာပါလားဟူ၍ သတိပြုမိသွားသည်။

သူနှင့်တွေ့လျှင် သင်တန်းမှာ၊ အကြော်ဆိုင်မှာ တစ်ခါတလေ ကော်ဖီဆိုင်မှာပဲ ထိုင်ဖြစ်ကြတာများ၍ လူရှင်းရှင်းမှာ တစ်ခါမှ မထိုင်ဘူးကြချေ။

သူ့ကိုတွေ့လျှင် ထိုက်သည် ချစ်စကား ကြိုက်စကားတွေကို ရှောင်ထိုးနေဖို့ထက် ရယ်မောစနောက်ဖို့သာ ပြင်သည်။

အခုလို နှစ်ယောက်တည်း ရှိနေခြင်းကို စိတ်ထဲတွင် တစ်မျိုးဖြစ်လာသဖြင့် ...

"ဆိုင်ကယ်စီးတတ်တာတော့ ဟုတ်ပါပြီ ... ရှင်းလင်းက ဘာဆိုင်ကယ်လ်ဝယ်မယ် စိတ်ကူးထားလဲ ... "

သူက ထိုက်မေးခွန်းကို ဖြေဖို့မကြိုးစားဘဲ ထိုက်ရဲ့ ဆံပင်တွေကို ဆွဲယူမွှေးရှိုက်လိုက်လျှင် ထိုက် တွန့်ခနဲဖြစ်သွားရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သို့သော် ဘာပြန်ပြောရမှန်းလည်း မသိချေ။

သူ့မျက်နှာက ထိုက်ရဲ့အနားသို့ ပိုမိုတိုးကပ်လာကာ ...

"ထိုက် ... ကိုယ့်ကို မောင်လို့ ခေါ်ပါလားဟင်"

"အာ ... ခေါ်ချင်ပါဘူး ... ဟင့်အင်း"

"ဘာလို့လဲ ထိုက်ရယ် ..."

သူက ... နွမ်းလျသည့်အသံမျိုးဖြင့် ဝဲကျနေသော ထိုက်ရဲ့ဆံနွယ်တွေကို နားထဲသို့ စုစည်းသိမ်းထည့်ပေးပြီးနောက် ရှင်းလင်းသွားသော နားသယ်စပ်နေရာတွင် ... အနမ်းရှည်တစ်ခု ဖန်တီးပေးပြန်လာသည်။

ထိုက်သည် တစ်ကိုယ်လုံးရှိ အကြောအချဉ်တွေ တောင့်တင်းသွားသလို မတ်ခနဲဖြစ်သွားရကာ သူ့မျက်နှာကိုလည်း တွန်းဖယ်ပစ်မိလေသည်။ ထိုက်ရဲ့စိတ်ကူးယဉ်ဘဝထဲက ရည်းစားထားမှုထဲတွင် ဒါမျိုးတွေ မပါချေ။

"ထိုက်က သိပ်ကပ်စေးနှဲတာပဲကွာ ..."

"ဟင့်အင်း ရှင်းလင်းရယ် ... ကျွန်မကို အဲဒါမျိုးတွေ မလုပ်နဲ့ ကျွန်မ မနေတတ်ဘူး ..."

သူက ထိုက်ကို ကလေးတစ်ယောက်အား ချစ်စနိုး





ဖြစ်ပုံမျိုးနှင့် ရယ်မောကာ ဦးခေါင်းကို အုပ်မိုးလှုပ်ယမ်းပစ်လျက် မချင့်မရဲဖြစ်လာပုံမျိုးဖြင့် သူ့ရင်ခွင်ထဲသို့ ခပ်တင်းတင်းပွေ့ဖက်ကာ ထည့်ထားဖို့ ပြင်သည်။

ဒီတစ်ခါတော့ ထိုက်သည် ဒေါသထွက်လာပြီဖြစ်သဖြင့် သူ့ကို ခပ်ဆတ်ဆတ် ပြန်အော်မိလေသည်။

"ရှင်းလင်းနော် ကျွန်မ မကြိုက်ဘူးလို့ ပြောနေတယ် ..."

"ထိုက်ကလည်းကွာ ... ကိုယ်တို့ချစ်သူတွေ ဖြစ်နေကြပြီပဲ၊ ကိုယ် ထိုက်ကို အရမ်းချစ်တာ သိရဲ့သားနဲ့ မရက်စက်ပါနဲ့ကွာ ..."

"ချစ်သူတွေဖြစ်တာနဲ့ပဲ ရှင် လုပ်သမျှ ကျွန်မက ငြိမ်ခံနေရမှာလား ..."

ထိုက်ရဲ့ ဆတ်ဆတ်ထိမခံအပြောကို သူက မျက်စိမျက်နှာပျက်စွာဖြင့် ...

"ဘယ်လို ပြောလိုက်တာလဲ ထိုက်ရယ် ... ထိုက်အပြောတွေက အရမ်းကို သူစိမ်းဆန်လွန်းတယ် ... အင်းလေ ... ရပါတယ် ... ကိုယ်က ချစ်ရတဲ့သူပဲ ... ကိုယ် အမြဲပဲ ထိုက်ကို အလျှော့ပေးပြီးသားပါ ..."

ဒီလို မျက်နှာငယ်လေးနှင့် ပြောလာတော့လည်း



www.burmeseclassic.com

www.burmeseclassic.com



ထိုက်ကား စိတ်မကောင်းဖြစ်ချေ။ သို့သော် ခက်နေတာတစ်ခုက သမုဒယဆန်သည့် အချစ်ရဲ့ ထိတွေ့ခြင်းတွေကို ထိုက် ခံစားရန်မရ ခြင်းပင် ဖြစ်လေသည်။ ထိုက် သိသမျှသော ရည်းစားဘဝတွင် အတူ အကြော်ဆိုင်ထိုင်မည်၊ အတူကော်ဖီသော်ကမည်၊ ဖုန်းပြောမည်။ ရယ်စရာတွေ့လျှင် အတူ ရယ်ပစ်မည်။ ဒီထက်ပိုသောကိစ္စရပ်များ ကို ထိုက် မကြုံတွေ့ချင်ပေ။

"ထိုက် ... ကိုယ့်ကို ချစ်ရဲ့လားဟင် ... "

သူ့မေးခွန်းကို ရုတ်တရက် ထိုက် မဖြေနိုင်ချေ။ ပြီး တော့ ယောကျ်ားလေးတွေ၏ အချစ်ဆိုတာကိုလည်း ထိုက် လိုက် ၍ မမီတော့ ... ။ သူတို့ရဲ့ အချစ်အပေါ် အဓိပ္ပာယ်ဖွင့်ဆိုပုံသည် မိန်းကလေးတွေရဲ့ အဓိပ္ပာယ်ဖွင့်ဆိုပုံနှင့်တော့ တော်တော်ကွဲပြား ခြားနားသည်ဟု ထင်လေသည်။

သူတို့က အချစ်ကို အငွေ့အဖြစ်နှင့်တင် ရောင့်ရဲချင် ပုံ မရကြ။

"ဘာတွေလာမေးနေတာလဲ ရှင်းလင်း ... ကျွန်မ စိတ်သိပ် ရှုပ်တယ် ... ဒါ ကျွန်မရဲ့ right ပဲရှင့် ကျွန်မမှ အဲဒါမျိုးတွေ မကြိုက်တာ ... "

သူက ထိုက်ကို အဓိပ္ပာယ်ပါသော မျက်ဝန်းများဖြင့် ငေးကြည့်ကာ ...





"ဆောရီး ထိုက် ... ကိုယ် နောက်ဆို ဆင်ခြင်ပါ့မယ်"

ထိုက်က ဘာမှ ပြန်မပြောဖြစ်တော့ချေ။ စိတ်ဆိုး သွားလား ဘာလားဟုလည်း မမေးချင်သဖြင့် မေးလည်း မနေ တော့။ သူကတော့ ငြိမ်သက်တိတ်ဆိတ်လို့သွားသည်မှာ အပြန် အထိပင်။

နောက်တစ်နေ့ဟာ သင်တန်းမရှိသောရက်တွေမို့ သူကလည်း ထိုက်ကို ဘယ်မှာတွေ့ကြစို့ဟူ၍ မချိန်းသလို ထိုက်က လည်း မမေးချေ။ နားတောင်အေးသည်ဟု သဘောထားလျက် ကိုယ့်ဟာကိုယ်သာ အိမ်မှာ နပ်နေလိုက်၏။ စန္ဒီတို့ ရောက်လာမှ ပင် ဇိမ်ပျက်တော့တာ ဖြစ်သည်။ စန္ဒီက ပြုံးစစဖြင့် ...

"ဟဲ့ ... မေထိုက် ... နင့်ဘဲကို ဆိုင်ကယ်စီးသင်ပေးတယ် ဆို ... "

"အင်း ... ဘယ်က ကြားတော်မူလာတာလဲ ... "

"ငါတွေ့လာတာပဲဟဲ့ ... မြို့ထဲမှာ သူ့ဘော်ဒါတွေနဲ့ စီးသွား တာ ... ဒါနဲ့ ဒီနေ့ ရှင်တို့ချိန်းမထားကြဘူးလား"

"မထားပါဘူးဟာ ... အလုပ်ကို ရှုပ်တယ် ... "

ထိုက်ရဲ့ မှုန်ကုပ်ကုပ်အပြောကို သွယ်က စိတ်ဝင် စားသလိုဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ … နင်တို့ ရန်ဖြစ်ထားကြတာလား … ထူးတော့ ထူးဆန်းနေတယ် … "

"မဖြစ်ပါဘူး … "

"တစ်ခုခုတော့ဖြစ်ပါတယ်ဟာ … မေထိုက်ရယ် နင့်မျက်နှာကို မြင်တာနဲ့ ဘာဆိုတာ ချက်ချင်းသိပါတယ်ဟာ … လျှို့မနေစမ်းပါနဲ့ဟာ … ပြီးတော့ နင့်ကို မေးမယ် မေးမယ်နဲ့ ခုထိ မမေးရသေးဘူး …

နင် ရည်းစားထားတဲ့ အတွေ့အကြုံလေးလည်း တို့ကိုပြောပြဦးလေဟဲ့ … "

"အေးလေ … ငါ့ကိုလည်း စာရေးဖို့ ကုန်ကြမ်းလေး ဘာလေး ပေးပါဦး … ဟဲ ဟဲ ကိုကိုက ထိုက်လေးကို ဘာလုပ်"

ထိုက်သည် စိတ်ရှုပ်သည့်ကြားမှ စန္ဒီရဲ့ပုံစံကိုကြည့်ကာ ရယ်ရပြန်လေသည်။

"မိန်းမတွေ လာနှောက်မှနေကြနဲ့ … ယောက်ျားတွေကံ အလကားပါဟာ … "

"ဟယ် … ရက်ရက်စက်စက် ပြောချလိုက်တာပါလား … ဒီလိုဆို ရှင်းလင်းတော့ အခြေအနေ သိပ်မကောင်းဘူးနဲ့တူတယ် … "





"နင်တို့ မသိပါဘူးဟာ … ရည်းစားထားရတာ ဘယ်လိုကိစ္စရပ်မျိုးတွေ ပါဝင်ဖွဲ့စည်းထားသလဲဆိုတာ ငါ တကယ်ပဲ မသိပါဘူး …

ငါ့အတွက်တော့ ရည်းစားဆိုတာ သူငယ်ချင်းထက် နည်းနည်းလောက်ပိုတဲ့ ခံစားချက်မျိုး ရှိတဲ့သူလို့ပဲ သတ်မှတ်တယ် … ပြီးတော့ ယောက်ျားလေးတွေရဲ့အချစ်က ငါတို့ထင်တာထက် လောဘကြီးပြီး အတ္တကြီးတယ် … သူတို့က မိန်းကလေးတစ်ယောက်ရဲ့အချစ်ကိုရရင် အားလုံးရပြီလို့ တွက်ထားကြလားတော့ မပြောတတ်ပါဘူး … သူတို့ဆန္ဒ မပြည့်ရင် မချစ်ဘူးလားနဲ့ အကျပ်ကိုင်တော့တာပဲ … ငါကတော့ အဲဒါမျိုး လုံးဝလက်သင့်မခံဘူးဆရာ … ကြိုက်ချင်ကြိုက် … မကြိုက်ချင်နေပဲ … "

"မေထိုက်ရယ် သွေးတွေကြီးနေလိုက်တာ … ဘာလဲ … ဇကန္တ ရှင်းလင်းက နင့်ကို မွှေးမွှေးပေးဖို့ ကြံစည်လို့ နင် ဒေါမနဿတွေပွားနေတာ မဟုတ်လား … "

စန္ဒီရဲ့ ရယ်ဟာဟာအမေးကို ထိုက်သည် ရှုတင်းတင်းနှင့် ဘာမှ ပြန်မဖြေသာချေ။ စန္ဒီက မသိလျှင် သူပဲ ရည်းစားငါးယောက်လောက် ထားဖူးသော ဒီဇိုင်းမျိုးနှင့် …



www.burmeseclassic.com

www.burmeseclassic.com



"မေထိုက်ရယ် ... ရည်းစားထားမှတော့ ဒါမျိုးကိစ္စတွေက ကင်းလို့မရဘူးဟ ... နင့်ဘဲကလည်း အရမ်းလောတာကိုး၊ ကိုယ့်မဒီအထာတော့ ကိုယ်မသိဘဲနဲ့ ... ဒီကိစ္စမျိုးက ဘယ်သူငယ်ချင်းမှ ကြားဝင်ပေးလို့ရတဲ့ကိစ္စမျိုး မဟုတ်ဘူးဟ၊ မကြိုက်ရင်လည်း ဒါမျိုးက လိမ္မာပါးနပ်ဖို့ လိုတယ်"

"အံမယ် ဒေါ်စန္ဒီ ... ရှင်က ဒါတွေ ဘယ်က သိနေရတာတုန်း ... "

သွယ်ရဲ့ ခါးထောက်အမေးကို စန္ဒီက ဟာဟားဟားနှင့် ရယ်မောလျက် ...

"ငါက စာရေးဆရာမ လုပ်မဲ့သူပဲဟဲ့ ... ဒီလောက်မှ မသိရင် အောက်သွားမှာပေါ့ ... ဒီလောက်ကိစ္စလေးတော့ အကင်းပါဟာ ... ကဲပါ ဒါတွေက အရေးမကြီးပါဘူး ... မေထိုက်ရှင်က သူ့ကို မခေါ်တော့ဘူးလား ... "

ထိုက်သည် ဘာမှအရေးမပါသလိုဖြင့် ပခုံးနှစ်ဖက်ကို စုံတွန့်ပြလျက် ...

"ငါ့ဘက်ကတော့ အေးဆေးပါ ... သူ လာခေါ်ရင်တော့ ခေါ်လိုက်ရုံပေါ့ ... ငါကတော့ စမခေါ်ပေါင် ... "

တကယ်ပင် ထိုက်သည် သူနှင့်မတွေ့ရသဖြင့် ဘယ်





နဲ့မှလည်း မနေချေ။ သတိရမှု၊ လွမ်းဆွတ်ခြင်းတို့ကိုလည်း မဖြစ်။ ငါ့ထဲကို ဖုန်းလေးမှတောင် မဆက်ဟူ၍လည်း မျှော်သောစိတ်လည်း ဖြစ်မနေသည်မှာ ထိုက်ကိုယ်ထိုက်ပင်လျှင် အံ့သြရလေသည်။

ပြောရလျှင်တော့ ထိုက်ဟာ အချစ်ရဲ့အရသာကို တကယ်ပဲ ခံစားတတ်သေးခဲ့တာ ဖြစ်ပါသည်။ ထိုက်က နေနိုင်သော်လည်း သူက မနေနိုင်ချေ။ နောက်တစ်ရက်ရောက်လျှင် ထိုက်ထံသို့ လူကိုယ်တိုင်ကြီး ပေါက်ချလာသဖြင့် ထိုက်မှာ အံ့သြ၍မဆုံးချေ။

မေမေက ထိုက် နံနက်စာ စားနေရာသို့ရောက်လာပြီးလျှင် ...

"သမီး ... အိမ်ရှေ့မှာ သမီးသူငယ်ချင်းဆိုတာ ရောက်နေတယ် ... ဘယ်သူလဲ မသိဘူး ... တစ်ခါမှလည်း မတွေ့ဖူးဘူး ... "

"ရှင် ... ဟုတ်လား ... ထိုက် သွားကြည့်လိုက်ဦးမယ်"

ထိုက်က ဘယ်သူများလဲဟူသော စူးစမ်းစိတ်ဖြင့် ဧည့်ခန်းထဲ အပြေးအလွှားသွားကြည့်မိလျှင် သူ ဖြစ်၍နေသည်။ ထိုက်ကို မြင်သောအခါ မလုံသလိုလို၊ မနေတတ်သလိုလိုနှင့် ငေး ချက်ရယ်ပြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုက်သည် မျက်မှောင်ကြုတ်ကာ အသံခပ်တိုးတိုးဖြင့် ...

"ဘာလာလုပ်တာလဲ ... "

"အိမ်လာလည်တာလေ ... ထိုက်က အရမ်းကိုနေနိုင်"

သူ့စကားပင် မဆုံးလိုက်။ ထိုက်က နှုတ်ခမ်းပေါ်လက်ညှိုးတစ်ချောင်း အမြန်တင်ကာ ...

"ရှူး တိုးတိုး ... မေမေရှိတယ် ... ရှင် သိပ်အတင့်ရဲတာပဲ၊ ကျွတ် ... "

ထိုက်က အလိုမကျသလို မှုန်တင်းနေတော့လည်း သူက မျက်နှာလေးငယ်လို့သာပင် ... ။ ခဏနေတော့ မေမေက ကော်ဖီတစ်ခွက်နှင့် ရောက်လာကာ သူ့ကို စပ်စုလေတော့၏။

"သားက သမီးရဲ့သူငယ်ချင်းလား ... "

"ဟုတ်ကဲ့ခင်ဗျ ... ကျွန်တော်နဲ့ သူနဲ့က Class အတူတူပါ"

"သြော် ... သမီးရဲ့ သူငယ်ချင်းအသစ်နဲ့တူတယ်"

မေမေတို့ကတော့ လုပ်ပြီ။ သမီးတွေချည်း မွေးထားသော မေမေသည် နေရာတကာ မချုပ်ချယ်သော်လည်း သမီးတွေ၏ ဘာအရေးကိစ္စကိုမဆို သိထားချင်သူဖြစ်သည်။ တစ်ခါမှ မမြင်ဘူးသော မွန်ရည်သန့်ပြန့်သည့် လူရွယ်ချောလေးတစ်ယောက်





ထိုက်ထံသို့ စောစောစီးစီး အိမ်ရောက်လာသည်ဆိုသော ကိစ္စဟာ မေမေ့အတွက်တော့ စိတ်ဝင်စားဖွယ် အတိပင်။

ထိုက်သည် သက်ပြင်းတစ်ချက်ကို ကျိတ်ရှိုက်လိုက်ကာ မပြော၍မဖြစ်တော့သဖြင့် ...

"ဟုတ်တယ် မေမေ ... သူက တလောကမှ ရန်ကုန်က ပြောင်းလာတာပါ ... သင်တန်းမှာ ခင်သွားတာ ... သူ့အဖေက ဆောက်လုပ်ရေးက အရာရှိကြီးလေ မေမေရဲ့"

အခုမှ ... ရှင်းလင်းဘာဝင်ကျသွားသော မေမေက ခေါင်းတဆတ်ဆတ်ညိတ်ကာ ပြုံးလျက် ...

"သြော် ... ဟုတ်လား ... လိုတဲ့အကူအညီရှိရင်လည်း ပြောပေါ့ကွယ် ... ဆောက်လုပ်ရေးဝင်းထဲမှာပဲ နေကြလား"

"ဟုတ်ကဲ့ခင်ဗျ ... ဖေဖေ့နာမည် ဦးလင်းမောင်ပါ၊ မေမေက ဒေါ်မြမြရီ ကျွန်တော်က ရှင်းလင်းကိုပါ အန်တီ ... ဖေဖေ ရာထူးတက်တာနဲ့ ဒီကိုရောက်လာတာပါ ... "

"သြော် ... အေးပေါ့ ... ရောက်ရောက်ချင်းဆိုတော့ သိပ်နေသားကျသေးမှာ မဟုတ်ဘူးပေါ့ ... နောက်တော့ အဆင်ပြေသွားမှာပါ ... ကဲ ... အေးအေးဆေးဆေးစကားပြောကြဦး"

မေမေက နောက်ထဲသို့ ပြန်ဝင်သွားလျှင် ထိုက်



www.burmeseclassic.com

www.burmeseclassic.com



သည် ချက်ချင်းပင် သူ့ကို မျက်စောင်းပြင်းပြင်း ထိုးပစ်လိုက်လေသည်။

"ဟာ ... ရေလည်တင်းလှချည်လား ... Why ? "

"နေစမ်းပါဦး ... ရှင် ဘာပေါက်လာတာလဲ ... ဟင် လုံးဝပဲ၊ လိုက်လို့ကို မမီဘူး ... ရှူးသွပ်တယ် ... "

"ထိုက်ရယ် ... ကိုယ့်ကို ဘာလို့ အဲဒီလောက် ပုန်းနေရတာလဲ ... သိပ်လှတဲ့ မိန်းကလေးတွေက ပိုရက်စက်တတ်တယ်ဆိုတာ အစက ကိုယ် တကယ်မယုံဘူး ... အခုမှ ယုံသွားတာ ... "

"ကဲပါ ... ဒိုင်ကြောင်တွေ လာရှုတ်မနေစမ်းပါနဲ့ ... ရှင်က ဘယ်လိုလုပ်ပြီး အိမ်တိုင်ရာရောက် ကြွချီတော်မူလာရတာလဲ ... "

တိုက်က စိတ်လျှော့လိုက်ပြီးနောက် သူ့ကို ခပ်ငေါ့ငေါ့ မေးလိုက်သည်။ သူက လေသံသဲ့သဲ့မျှဖြင့် ...

"ထိုက်ကို အရမ်းလွမ်းလို့ပေါ့ ... တော်သေးတယ်နော် ... ယောက္ခမလောင်းကြီးက သဘောကောင်းလို့"

"အောင်မာ တင်တင်စီးစီး ... ရှင်ဟာလေ သိပ်အကဲဆတ်တဲ့ လူ ... ဖုန်းဆက်လိုက်လည်း ရရဲ့သားနဲ့ ... "





"ဖုန်းဆက်ရင် ထိုက်က ဖုန်းချပစ်ချင် ချပစ်မှာလေ ... ပြီးတော့ မျက်နှာလည်း မမြင်ရဘူး ... ထိုက် အရမ်းလွမ်းတာပဲကွာ ... သိလား"

"ဟွန်း အပိုတွေ ... ကဲ ... ခဏနေ ပြန်တော့လေ ... ကြာရင် သိပ်မကောင်းဘူး"

"ညှိသည်ကို နင်တဲ့အိမ်ရှင်ကို ဒီတစ်ခါပဲ တွေ့ဖူးတယ် ... ကော်ဖီလေးတော့ ... ကုန်အောင် သောက်သွားပါရစေဦးနော် ... "

သူက ပြောင်စပ်စပ်ဖြင့်ပြောကာ ကော်ဖီတွေကို တကယ်ပဲ တဗွတ်ဗွတ်နှင့် မော့ချလေသည်။ ထိုက်သည် သူ့ကို စိတ်မဆိုးရက်တော့။ နားလည်သလိုလိုရှိစပြုလာသည်။ ပြီးတော့ သူဟာ ထိုက်ကို တကယ်ပဲ သိပ်ချစ်လှသည်ဆိုတာကိုလည်း အလိုလိုကို ထိုက် တစိမ့်စိမ့်သိမြင်၍ လာလေသည်။ ထိုက်ကိုထားစရာနေရာမရှိအောင် ယုယကြင်နာလျက် သစ္စာရှိသော သူ့ချစ်ခြင်းတွေကို ပြန်စဉ်းစားကြည့်မိလျှင် သနားသလိုလိုတောင် ရှိလာခဲ့လေသည်။

"ကိုယ် ပြန်တော့မယ်လေ ထိုက်၊ မနက်ဖြန် ကိုယ် မန္တလေးသွားမလို့ ... ဖားသားကြီးနဲ့ လိုက်သွားမှာ ... ကိုယ်က ဆိုင်ကယ်လိုက်ဝယ်မှာ ...



www.burmeseclassic.com

www.burmeseclassic.com



အလွန်ဆုံး တစ်ပတ်လောက်တော့ကြာမယ် ... ဘာမှာဦးမလဲ ... ”

“မမှာတော့ပါဘူး ... ဘာဆိုင်ကယ်ဝယ်မှာလဲ”

“ထိုက်ကို မြို့အနှံ့ လည်ကြွားလို့ရတဲ့ ဆိုင်ကယ်မျိုးပေါ့ ... ထိုက်က ကိုယ့်ချစ်သူမှန်းသိအောင် ဆိုင်ကယ်ပေါ်တက်ပြရမယ် ဟဲ ဟဲ ... ”

“ရှင်ဟာ တကယ်အရူးပဲ ... ”

သူကတော့ ထိုက်ရဲ့အပြောကို နာဟန်လည်း မတူဘဲ တဟဲဟဲနှင့် ရယ်မောလို့သာ နေလေသည်။ ပြောသာ ပြောရသည်။ ထိုက်သည် သူ့အပေါ်မှာ သံယောဇဉ်ကြီးလေးတစ်ချောင်းတော့ စတင်နှောင်ဖွဲ့မိပြီဖြစ်မှန်း ကိုယ့်ကိုယ်ကိုယ် သိရှိလိုက်လေသည်။

✳✳✳

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် (၁၀၆)၊ သုမင်္ဂလာ (၆) လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းသို့
ပေးပို့နိုင်ပါသည်။







သူ ဝယ်လာသော ဆိုင်ကယ်မှာ ခရမ်းရောင်နှင့် အဖြူရောင်ရောစပ်ထားသော YAMAHA DT ဆိုင်ကယ်ကြီးဖြစ်လျက် အလွန်လှပပါသည်။ ရန်ကုန်သားဖြစ်သောသူသည် အခုမှ ဆိုင်ကယ်ကောင်းမှန်းသိလျက် ... ဆိုင်ကယ်ရူး ရူးတော့သည်မှာ တစ်သက်လုံးက ဆိုင်ကယ်စီးလာသော ထိုက်ပင် မုန်းချင်စဖွယ်။

သူက ကားတောင် မသုံးတော့။ အမြဲတစေ ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ကယ်ကြီးနှင့် ဟန်ရေးပြလျက်ရှိသည်။ ပြီးတော့ ပိုဆိုးသည်မှာ သူ့ဆိုင်ကယ်ကြီးနောက်တွင် ထိုက်ကို လိုက်စေခြင်းဖြစ်သည်။ စစချင်း နေ့တုန်းကဆိုလျှင် သူက ထိုက်ရှေ့သို့ ဆိုင်ကယ်ကြီးကို ဝေါခနဲ ထိုးရပ်လာလျက် ...

"ထိုက် နောက်ကတက် ... Eco ဘက် သွားလည်ရအောင်"

"ဟယ် ... ဒါ ရှင်ဝယ်လိုက်တဲ့ ဆိုင်ကယ်ကြီးလား ... လှသားပဲ ..."

"နောက်က တက်ပါဆိုကွာ ... မြန်မြန်လေး"

"ထိုက်ရဲ့ဘီးနဲ့ပဲသွားပါ့မယ် ... ရှင့်ဘာသာရှင် စီးစမ်းပါ"

ထိုက်သည် သူနဲ့ချစ်သူဖြစ်တာသာ ငါးလပြည့်တော့မည်။ တစ်ခါမှ သူနှင့်အတူတူတွဲ၍ ဆိုင်ကယ်မစီးဘူးချေ။ သူ့နောက်ကလည်း မလိုက်။ အဲဒီလိုစုံတွဲစီးသွားလျက် လူတွေကြည့်ကြမှာကိုပဲ ထိုက်က ရှက်တာဖြစ်၏။

အခုလို DT ဆိုင်ကယ်မြင့်မြင့်ကြီးကြီးဆို ပိုတောင်ဆိုးသေးသည်။ နောက်က ထိုင်သောသူဟာ ရှေ့ကစီးနေသူထက် မြင့်နေလျက် ထင်းထင်းကြီး ဖြစ်နေတတ်တာကို ထိုက် မျက်နှာအပူဆုံးပင်။ ပြီးတော့ ... ထိုဆိုင်ကယ်မျိုးတွေဟာ အတူစီးလျှင်





အသားချင်းထိလျက် ရှေ့ကလူကိုလည်း ခါးဖြစ်ဖြစ်၊ ပခုံးဖြစ်ဖြစ် ဖက်ထားပါမှ ...

ဟင် ဒီအကြံသမားကိုတော့ ထိုက် တယ်မသက်ာချင်တော့ပေ။

"ဘာလဲ ဒေါ်ဘုန်းမေထိုက် ... ခင်ဗျားကို ပွေ့ချီရမလား"

အောင်မယ် သူကပင် စိတ်မရှည်တဲ့လေသံနဲ့။ ထိုက်သည် တစ်ခုခု ပြန်ပြောဖို့ ဟန်ရေးပြင်နေဆဲမှာပင် စန္ဒီက ဝင်ရောက်လျက် ...

"အေးလေ ထိုက်ကလည်း လိုက်သွားလိုက်ပါ ... နင့်ဘီးကို ငါ စီးသွားပေးမယ် ... အပြန်ကျ သူ့ကို ငါ့အိမ်လိုက်ပို့ခိုင်းလိုက် ... ပေး ... သော့"

စန္ဒီက လက်မြန်ခြေမြန်ပင် ထိုက်ရဲ့လက်ထဲမှသော့ကိုဆွဲယူကာ သွယ်နှင့်အတူ ထွက်သွားပြီဖြစ်သဖြင့် ထိုက်ဟာ မျက်စောင်းတစ်ချက်ထိုးလျက် သူ့ဆိုင်ကယ်ပေါ်သို့ တက်ရတော့သည်။

"ကိုယ့်ခါးကို ဖက်ထားနော် ... အားမနာနဲ့ ... ထိုက်ပြုတ်ကျမှာစိုးလို့ပြောတာပါ ဟဲ ဟဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကို သတ်ချင်တယ်နော် ... ရှင် ဘာအကြံနဲ့ ဒီဘီးကိုဝယ်ရတာလဲ ..."

သူက ခါးကို ဖက်မလာသေးသော ထိုက်ကို ပညာပြသည့်သဘောဖြင့် ကလပ်ကိုဆောင့်၍လွှတ်လိုက်လျှင် ရုတ်တရက်မို့ လန့်ဖျပ်သွားလျက် သူ့ခါးကို ကယောင်ကတမ်း ဖက်ရလေသည်။ သူက တဟားဟားနှင့် သဘောတကျ အော်ရယ်လျက် လီဗာကိုလည်း နည်းနည်းမှ မလျှော့။

ကိုယ်မွေးတဲ့ မျောက်က ကိုယ့်ပြန်ခြောက်လျက် အသည်းယားချင်စဖွယ်ပင် အလိမ်အခေါက်တွေ လုပ်ပြသေးသည်။ ထိုက်ခမျာ ကြောက်လွန်းသဖြင့် သူ့ခါးကို မလွှတ်တမ်းဖက်ကိုထားရသည်မှာ သူက မဖက်နဲ့ဆိုလျှင်တောင် လွှတ်ပေးမှာ မဟုတ်တော့ချေ။

Eco က ကန်တင်းသို့ရောက်လျှင် သူကတော့ မှိုရသည့်မျက်နှာထားဖြင့် မချိုမချဉ်ပြုံးလျက် ရှိလေသည်။

"တော်တော် မြူးနေတယ်ပေါ့ ... ဟွန်း ... နောက်ဆို ရှင့်နောက်က ဘယ်တော့မှ လိုက်မစီးဘူးမှတ်"

သူက ... စားပွဲပေါ်တင်ထားသော ထိုက်ရဲ့လက်ကလေးတစ်ဖက်ကို လာရောက်အုပ်မိုးလျက် ...





"အဲဒီလို မတွေးပါနဲ့အချစ်ရာ ... ဒါ ကိုယ်နဲ့ထိုက် အတူတူစီးဖို့ဝယ်ထားတဲ့ ဆိုင်ကယ်ပါ ... ကိုယ့်ဆိုင်ကယ်နောက်မှာ ထိုက်ကလွဲလို့ ဘယ်မိန်းကလေးကိုမှ မတင်ဖို့ ဆုံးဖြတ်ပြီးသား ... ထိုက်သာလျှင် ကိုယ့်ရဲ့ ပထမဆုံးနဲ့နောက်ဆုံးချစ်သူပဲ ... တစ်ခါတလေ အပြုအမူတွေကြောင့် ကိုယ်အရမ်းခံစားရတယ် ...

ကိုယ်က ကိုယ့်ချစ်သူကိုတောင် မာနကြီးတယ် ... ကိုယ့်ကို မချစ်လို့ဘဲလို့တော့ ကိုယ် မစွပ်စွဲချင်ပါဘူး ... ထိုက်က မာနကြီးတာ ဟုတ်လား ..."

"မာနကြီးလို့ပဲ ရှင့်ဆိုင်ကယ်နောက်က ပါလာတာပေါ့ ... ရှင်တို့ယောကျ်ားတွေဟာလေ တော်တော်အထွာကြီးကြတယ် ... တကယ် မုန်းဖို့ကောင်းတယ် ...

အခုဆို ရှင်နဲ့ထိုက် အတူတွဲစီးသွားကြတာကို တော်တော်များများက မြင်တယ်ပြောကြတော့မယ် ... ဒီမှာက ရှင်တို့ရန်ကုန်လို မဟုတ်ဘူး ရှင်းလင်းရဲ့ ...

တစ်ခုခုဆို အရမ်းသိလွယ်ကြတယ် ... ရှင်က အချိန်တန်ရင် အိမ်ပြန်မယ့်သူ ... ကျွန်မက ဒီမှာအမြဲနေမယ့်သူ ... [illegible]



www.burmeseclassic.com

www.burmeseclassic.com



က မိန်းကလေးရှင့် ... အစစအရာရာ အရမ်းဆင်ခြင်ရတယ် နားလည်လား ..."

သူက ထိုက်ရဲ့မျက်နှာကို လေးနက်စွာ စိုက်ကြည့် လာခဲ့သည်။

"အင်းကွာ ... အဲဒါတော့ ဟုတ်တယ် ... နယ်မြို့လေးတစ်မြို့နဲ့ ရန်ကုန်နဲ့ကွာတာတော့ အမှန်ပဲ ... ထိုက်ကို ဖားသားကြီးတို့ ရုံးကလူတချို့ကတောင် သိကြတယ် ... အခု ကိုယ့်ချစ်သူဆိုတာတောင် သိသွားကြပြီ ...

ဒါပေမဲ့ ကိုယ် ကျေနပ်တယ်ကွာ ... ထိုက်က ကိုယ့်ချစ်သူဆိုတာ တစ်မြို့လုံးသိလည်း ကျေနပ်တယ် ... ဒါမှ ထိုက်ရဲ့အနားကို ဘယ်ကောင်မှ မကပ်တော့မှာ ..."

ထိုက်က သူ့ကို မျက်စောင်းလှမ်းထိုးလိုက်လျှင် သူက လက်မြန်ခြေမြန်ပင် ထိုက်ရဲ့နှာခေါင်းကို ဖျတ်ခနဲ ဆွဲလိမ်လိုက်လေသည်။ အဲဒီလိုအကြောင်းအရာတွေကပဲ သူနဲ့ထိုက်ကို ခဏခဏ စကားများစေတာ ဖြစ်သည်။

ထိုက်သည် ကိုယ့်ကို လူရှေ့သူရှေ့မှာ ဆံပင်သပ်ပေးတာ၊ ချွေးသုတ်ပေးတာ၊ သူ အသည်းယားလာတိုင်း နှာခေါင်းလိမ်ဆွဲ၊ ပါးလိမ်ဆွဲလုပ်တာမျိုးတွေအား နည်းနည်းမှ မကြိုက်ချေ။





ကလက်သည်ဟု မြင်လေသည်။ သူကတော့ ထိုသို့မဟုတ်။ ဒါဟာ Romance တဲ့။ တစ်ခါတလေများဆိုလျှင် သူက ဈေးတွေဘာတွေတောင် လက်ချင်းချိတ်ကာ သွားချင်သေးသည်။ ထိုအခါမျိုးတွင်တော့ ထိုက်ကား ခါးခါးသီးသီးကို ငြင်းဆန်ရလေသည်။

ထိုက်ရဲ့မိဘတွေဟာလည်း မြို့ပေါ်ရှိ လူသိများထင်ရှားသော ဆန်စက်၊ ဆီစက်တွေ ပိုင်ဆိုင်သည့် မြို့မျက်နှာဖုံးတွေ ဖြစ်သလို သူ့မိဘတွေကလည်း အရာရှိကြီးအဖြစ် သိကြလေရာ ထိုက်တို့နှစ်ယောက်သည် ဘယ်ကိုသွားသွား လူသိကြသူများပင် ဖြစ်ပါသည်။

ထိုက်ရဲ့ သဘောကတော့ သိသာသိစေ မမြင်စေနဲ့ ဟူ၍ပင်။ သူကတော့ အလွန်မဏ္ဍပ်တိုင် တက်ပြချင်လေရာ ထိုက်နှင့်တော့ ဖြောင့်ဖြောင့်ကြီးပင် ဆန့်ကျင်တာဖြစ်၏။ သို့သော် ဘယ်လိုပဲဖြစ်ဖြစ် တောက်ပြောင်သားနားလှသော YAMAHA DT ဆိုင်ကယ်ကြီးကို အတူတွဲဖက်စီးသွားတတ်ကြသော လိုက်ဖက်အတွဲညီလှသည့် ခေတ်မီစုံတွဲကိုတော့ဖြင့် ဘယ်တော့ယူကြတော့မှာလဲဟု စိတ်ဝင်စားသူတွေ. တစ်နေ့တခြား များပြားလို့ လာခဲ့သည်မှာ မေမေကပင် ဖွင့်ဟမေးလာခဲ့သည်အထိပင် ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးနဲ့ရှင်းလင်းတို့ ချစ်သူဖြစ်တာ ဘယ်လောက်တောင် ကြာပြီလဲ ... "

ထိုက်သည် ... မျက်နှာပူပူနှင့်ပင် မေမေ့ကို မဝံ့မရဲ ကြည့်လျက် ...

"ခြောက်လလောက် ရှိပါပြီ မေမေ ... "

"အင်း ... ကောင်လေးက ဘာမှတော့ ပြောစရာမရှိပါဘူး၊ ဒါပေမဲ့ သေချာတော့ လေ့လာဦးပေါ့ ... အရမ်းကြီးလည်း မတွဲနဲ့ပေါ့ သမီးရယ် ... ကိုယ်က မိန်းကလေးလေ ... တစ်ခုခုဆို ကိုယ်က ပိုနစ်နာမှာ ... သူက တစ်မြို့တစ်ရွာက ... သူ့အခြေအနေကရော ဘယ်လိုရှိလဲ ... "

"ဟို ... ကောင်းပါတယ် မေမေ ... ထိုက်ကိုလည်း ဂရုစိုက်ရှာပါတယ် ... "

"အင်းပေါ့ ... ဘာပဲဖြစ်ဖြစ် ကိုယ့်ကိုယ်ကိုယ်တော့ စောင့်ထိန်းသမီးရေ ... အညှာမလွယ်မိစေနဲ့ ... မိန်းကလေးဆိုတာ ဘဝပျက်ချင်ရင် ခဏလေးပဲ ... မေမေ့သမီးတွေကို မေမေက ယုံကြည်ပြီးသားပါ ... ဒါပေမဲ့ သတိဆိုတာ ပိုတယ်မရှိဘူးပေါ့ ... ကိုယ့်ချစ်သူဆိုပြီးတော့လည်း ကိုယ်က ယုံစားလို့ မရဘူးလေ ...





ယောကျ်ားဆိုတာ ယောကျ်ားစိတ်ကတော့ ရှိကြတာပဲ နားလည်လား သမီး ... "

"ဟုတ်ကဲ့ပါ မေမေ ... ထိုက် နားလည်ပါတယ်"

ထိုက်ကား မေမေ့စကားတွေကို နားထဲစွဲအောင် မှတ်သားထားခဲ့တာ ဖြစ်ပါသည်။ ထိုက်ကဲ့သို့ပင် သူ့အမေကလည်း သူနှင့်ထိုက်အကြောင်းကို သိသွားခဲ့ပြီဟု ထပ်မံသတင်းပေးလာပြန်သည်။ မသိမှလည်းနေရော ထိုက် ဓာတ်ပုံပါသော ဖိတ်စာတန်းကို သူ့ခုတင်ခေါင်းရင်းတွင် ထား၍အိပ်သည်။ ထိုက် ဓာတ်ပုံပါသော နာရီကို သူ့အခန်းထဲတွင် ချိတ်၍ထားသည်။ သူ ကော်ဖီသောက် သောခွက်တွင် ထိုက်ရဲ့ပုံပါသည်။

တီရှပ်မှာတောင် ထိုက်ရဲ့ပုံကို စတစ်ကာလုပ်မယ် ပြောသဖြင့် ထိုက်ဟာ အကြောက်အကန် ငြင်းဆိုထားခဲ့ရတာဖြစ်သည်။ အဲဒီလောက် အသည်းအသန်ချစ်သော သူ့ချစ်သူကို သူ့မေမေကလည်း warmly welcome ပါပဲတဲ့။ တဖြည်းဖြည်းနှင့် သူနဲ့ထိုက်သည် ချစ်သူသက်တမ်း တစ်နှစ်ပြည့်ခါနီးမှာပင် တကယ်လက်ထပ်တော့မည့်သူတွေလို ဖြစ်၍လာတော့သည်။ ဒါဟာ ထိုက်က ဖန်တီးတာလည်းမဟုတ်။ ဒီလောက်လည်း ထိုက် မမျှော်မှန်းခဲ့၊ မရည်ရွယ်ခဲ့ချေ။



www.burmeseclassic.com

www.burmeseclassic.com



"ထိုက် ကိုယ်တို့ နောက်တစ်နှစ်လောက်နေရင် လက်ထပ်ကြစို့နော် ... "

သူ အဲဒီလိုပြောလာတော့တောင် ထိုက် ဖျတ်ခနဲ တုန်သွားခဲ့သေးသည်။ ထိုက်ရဲ့ပခုံးကို ခေါင်းမှီလျက် ပါးပြင်တွေကို မွှေးကြူတတ်သော သူ့ကို နားလည်စွာ ခွင့်လွှတ်ပေးရပေါင်းလည်း များလှပြီ ဖြစ်သည်။

"နော် ... ထိုက် ... လက်ထပ်ကြမယ်နော်"

သူက ထိုက်ရဲ့မေးဖျားကို မချင့်မရဲ ဖျစ်ညှစ်ပစ်လျက်ဆိုလာလျှင် ထိုက်က တစ်ခုခုပြန်ဖြေဖို့ ကြိုးစားရသည်။

"ရှင်းလင်း အလုပ်တစ်ခုခု မလုပ်တော့ဘူးလား ... "

"လုပ်မှာပေါ့ ထိုက်ရဲ့ ... ဒါပေမဲ့ ကိုယ် ရန်ကုန်မှာပဲ လုပ်ဖြစ်လိမ့်မယ် ... ဒက်ဒီကလည်း ဒီမှာ နှစ်နှစ်လောက်နေပြီးရင် ရန်ကုန်ကို ပြန်ရောက်မှာပဲလေ ... မပူပါနဲ့ထိုက်ရယ် ... ကိုယ်က ထိုက်ကို ပြည့်ပြည့်စုံစုံထားမှာပါ ... ထိုက်သာ ကိုယ့်နောက်လိုက်ခဲ့နော် ... လိုက်မယ် မဟုတ်လားဟင် ... "

"အင်းပါ ရှင်းလင်းရယ် ... အဝေးကြီးလိုပါသေးတယ်"

"ကိုယ်ကတော့ မြန်မြန်နီးချင်ပြီကွာ ... ကိုယ် ဟိုကောင့်ကို





တောင် လှမ်းကြွားထားတယ် သိလား ... ငါတို့ရှေ့နှစ်ဆိုယူတော့မှာလို့ ... အဲဒါ မင်းသဘောက ဆင်းလာပြီး လူပျိုရန် လာလုပ်ပေးဦးလို့ ... "

သူကား ကြွားစရာမရှိလျှင် ... ရေထဲနေသောသူတောင် အလွတ်မပေးဘဲ စာရေးကြွားတတ်သူပင် ဖြစ်သည်။

"အဲဒီ လဒက အစတုန်းက ထိုက်ကို အထင်သေးနေတာ၊ ကိုယ့်ကို ရန်ကုန်မှာတုန်းက ရည်းစားမထားခဲ့ဘဲနဲ့ နယ်ရောက်မှ ဖူးစားရှင်တွေ့လို့တဲ့ ... ထိုက်ကိုလည်း တောသူဘာညာနဲ့ စတာပေါ့ကွာ ... သိတယ်မှလား ... ကိုယ်လည်း ထိုက်ဓာတ်ပုံတွေ ပို့ပေးလိုက်တယ် ... အံမလေး အဲဒီကျမှ သဘောတော်တွေ စွတ်ကျနေတာ ... ကိုယ့်ကိုတောင် လက်သွက်တယ်တဲ့ ... "

သူဟာ သဘောလိုက်နေတယ်ဆိုသော သူ့ရဲ့ညီအစ်ကိုဝမ်းကွဲကိုလည်း ပါးစပ်ဖျားမှ မချအောင်ပင် ချစ်နိုင်လွန်းသေးသည်။ နှစ်ယောက်စလုံးဟာ တစ်ဦးတည်းသော သားတွေပီပီ ညီအစ်ကိုတွေလိုပဲ တစ်အိမ်တည်းနေလျက် သံယောဇဉ်အင်မတန်ကြီးရှာသည်တဲ့။ တဖြည်းဖြည်းနှင့် ထိုက်ဟာ သူ့ဘဝတစ်ခုလုံးနှင့်ရှုမ်းဝင်ပတ်သက်၍လာသည်။ ဒီလိုပင် ထိုက်ရဲ့အသိုင်းအဝန်း မိတ်ဆွေ၊



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းများအကြားတွင်လည်း သူနှင့်ထိုက်ကို တစ်နေ့ လက်ထပ်ကြတော့မည်၊ မိဘချင်းပင် ပြောဆိုပြီးပြီဟူ၍ စကားတွေ ကားလာသည်အထိပင်။

စန္ဒီတို့ပင်လျှင် တအံ့တသြနှင့် စကားစပ်မိလေတိုင်း ...

"မေထိုက်ရေ ... ရှင်တို့နှစ်ယောက်ကတော့ မြို့ရဲ့ Hot Issue ပဲနော် ... အားလုံးက စိတ်ဝင်စားလျက်သားပဲ"

"အေးလေ ... နင် သူ့ကို ဘယ်လိုသဘောထားပြီး ချစ်ခဲ့လဲ၊ ငါတို့အသိဆုံးပဲဟာ ... နင်တို့ ဒီလောက်ကြီး အတည်ဖြစ်သွားလိမ့်မယ်လို့ကို မထင်ဘူး ... ရှင်းလင်းက နင့်ကို မယုံနိုင်လောက်အောင် ချစ်နေတယ် ...

ငါ အရေးကြီးဆုံးတစ်ခုမေးရဦးမယ် ... နင် ရှင်းလင်းကို ချစ်လား မေထိုက် ... ချစ်သွားပြီလား ..."

ထိုက်သည် ထိုမေးခွန်းကို ရုတ်တရက် ပြန်မဖြေနိုင်ဘဲ အသာငြိမ်သက်နေမိသည်။ သေချာတာတစ်ခုကတော့ သူ့ကို ထိုက် ချစ်လွန်း၍ အဖြေပေးခဲ့ခြင်းမဟုတ်ပါ။ ပေါ့ပေါ့လေး ရည်းစားထားခဲ့ခြင်းလည်း မဟုတ်ပြန်ပေ။ သို့သော် နှစ်ဖက်မိဘတွေရဲ့နားသို့ တစ်နှစ်ဆိုသော အချိန်လေးတွင်းမှာ ပေါက်ရောက်၍ ဒီလောက်





အသိအမှတ်ပြုခံရလိမ့်မည်ဟု ထိုက် တစ်ခါမှ တွေးမထားခဲ့ချေ။

"အမှန်တိုင်း ဝန်ခံရရင် အချစ်ဆိုတဲ့အရသာကို ရှုးရှုးနင့်နင့်ကြီး မခံစားရပေမဲ့ သူ့ကို ငါ ချစ်တယ်လို့တော့ ထင်မိတယ်၊ ဘာလို့လဲဆိုတော့ လက်ထပ်ဖို့ကို လက်ခံနိုင်လို့ပဲ ... အဲဒါဟာ သံယောဇဉ်လည်း ဖြစ်ချင်ဖြစ်မယ် ...

ပြောမပြတတ်ဘူး၊ သေချာတာတစ်ခုကတော့ ယောကျ်ားတစ်ယောက်အပေါ်မှာ အထင်သေးရွံရှာတဲ့စိတ်မရှိဘူးဆိုရင် လက်ထပ်ဖို့ ရာနှုန်းများပါတယ် ..."

ထိုက်သည် ဘာ့အတွက်ကြောင့် ထိုစကားမျိုးကို ပြောမိသွားလဲဆိုတာ ကိုယ့်ကိုယ်ကိုယ်တောင် မသေချာပေ ... ။ ထူးဆန်းသည့်တစ်ခုမှာ ကြီးမားသောအပြောင်းအလဲတစ်ခု မဖြစ်ခင်စပ်ကြား၌ အချစ်ဆိုတာကို ထိုက် နက်နက်နဲနဲ စဉ်းစားနေမိခြင်းပင် ဖြစ်၏။

အချစ်နှင့် ခွင့်လွှတ်ခြင်းက ဘယ်လိုအပြန်အလှန်အကျိုးပြုနေတာပါလိမ့်။



www.burmeseclassic.com

www.burmeseclassic.com





မှတ်မှတ်ရရ ထိုနေ့က သူနှင့်ထိုက်ရဲ့ ချစ်သူသက်တမ်းတစ်နှစ်ပြည့်သောနေ့ဖြစ်သည်။ သို့သော် ထိုက်မသိခဲ့။ သူက ထိုက် သင်တန်းမသွားခင် ဖုန်းဆက်လာ၍ ...

"ထိုက် ဒီနေ့ ဘာနေ့လဲ သိလား ... "

"ရှင့်အိမ်မှာ ပြက္ခဒိန်မရှိဘူးလား ... ဒီနေ့ ဗုဒ္ဓဟူးနေ့"

"အာ ... လွဲပြန်ပြီကွာ ... ဒီနေ့ ထိုက်နဲ့ကိုယ်တို့ရဲ့ 1st Anniversary လေကွာ ... သိပ်ချစ်တာပဲနော် ... "





သူက ခနဲ့သံနှင့်ဆိုမှပင် ထိုက်သည် ဖျတ်ခနဲသတိရသွားလျက် သူ့ကို နည်းနည်းတော့ အားနာသွားခဲ့ရသည်။

"အေးဟယ် ... ဆောရီး ... ကဲ ... ပြော ... အဲဒီတော့ ဘာဖြစ်လဲ ... "

"သင်တန်းကို ကိုယ်လာကြိုမယ် ... ပြီးရင် ထိုက်ကို Amazing Zone ကိုခေါ်သွားမယ် ... အဲဒါ ထိုက်က လှလှလေးပြင်ခဲ့ ... ကိုယ်ကြိုက်တယ်ဆိုတဲ့ ဝတ်စုံကိုလည်း ဝတ်ခဲ့ ... နော် ... အချစ်"

"အင်း ... အင်း ... ဒါပဲ မဟုတ်လား"

ဖုန်းချပြီးလျှင် ထိုက်မှာ သူပြောတဲ့အတိုင်း ပြင်ဆင်ရပြန်သည်။ သူ အင်မတန် နှစ်သက်ကာ ထိုက်ရဲ့အသားအရေနှင့် လိုက်ဖက်လွန်းသည်ဟု တဖွဖွပြောသော ခရမ်းရောင်လက်ပြတ်ဝတ်စုံလေးကိုလည်း မမေ့မလျော့ ဝတ်ရသေးသည်။ သေချာပြင်ဆင်ပြီးလျှင် ထိုက်ကာ 1st Anniversary အတွက် ထူးထူးခြားခြား လှပသွားချေပြီ။

သင်တန်းသို့ရောက်လျှင် စန္ဒီတို့ကတောင် ...

"မေထိုက် ... ဒီနေ့ တယ်လှနေပါလား ... "

"ဒီနေ့ သူနဲ့ငါရဲ့ Anniversary လေကွယ့် ... "



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ဒါဆိုလည်း ဝါးတီးလေးဘာလေး လုပ်ဦးလေးဟဲ့၊ ဘယ်မလဲ ရှင်းလင်း သူလာမှာလား ... "

"Class ပြီးရင် လာခေါ်မယ်တဲ့ ... "

ထိုက်တို့ class ပြီးသွားလျှင် သင်တန်းအောက်မှာ ကားကို မှီလျက်စောင့်နေသော သူ့ကို အဆင်သင့်တွေ့ရသည်။ သူသည်လည်း ခရမ်းရောင်ဖျော့ဖျော့ ARROW စပို့ရှပ်လက်တိုနှင့် ထိုက်နှင့် လက်ဖက်ညီအောင် ဝတ်လာသဖြင့် ထိုက်မှာ ကျိတ်ပြုံးရသေးသည်။

စန္ဒီက မင်းသားတစ်ပါးလို ချောမောကြည့်ကောင်းနေသော သူ့ကို ...

"ရှင်းလင်း ... နင် ဒီလိုတော့ ငါတို့ကို နောက်ကြောင်းရိုက်သွားဖို့ မစဉ်းစားနဲ့နော် ... ဘာကျွေးမှာလဲ ... "

"ဩော် ... ကျွေးမှာပေါ့ ... တူမောရိုးလ် ... နော် ... ဒီနေ့တော့ ပလိစ် ... တူမောရိုးလ်မှာတော့ ရှယ် ... "

သူက ပျော်ရွှင်ကျေနပ်နေသော မျက်နှာထားဖြင့် ထိုက်အတွက် တံခါးတောင် ဖွင့်ပေးလိုက်သေးသည်။ ကားပေါ်တက် မောင်းထွက်လာလျှင် ထိုက်က သူ့ဘက်သို့ စောင်းငဲ့လျက်





"ဒီနေ့ ဘာလို့ ဆိုင်ကယ်မစီးတာလဲ ... "

"ထိုက် ဇိမ်ရှိအောင်လို့ပါ ... "

"အခုရော ဘယ်ကိုသွားမှာလဲ ... "

"ဟာ ... ဒီကလေးမ သိပ်အမေးမြန်းထူတာပဲ ... ငြိမ်ငြိမ်နေ ... စကားမများနဲ့ ရောက်ရင်သိရမယ် ... "

ထိုက်က သူ့ကို မျက်စောင်းတစ်ချက်ထိုးပြီးနောက် ဘာမှထပ်မမေးတော့ပေ။ သီချင်းနားထောင်လျက် အသာငြိမ်သက်ကာ လိုက်ပါလာသည်။ တဖြည်းဖြည်းနှင့် သူ မောင်းနှင်နေတာက မြို့စွန်ရှိ စက်မှုဇုန်ဘက်ဖြစ်သည်။ အဲဒီနောက်မှာတော့ အရိပ်ကောင်းလှသည့် ကုက္ကိုကပင်တွေအောက်ရှိ ခြံလေးအရှေ့မှာ ကားရပ်လျက် ဟွန်းတီးလိုက်လျှင် လူတစ်ယောက်က အပြေးထွက်လာသည်။

သူက လက်တစ်ဖက်ပြကာ အသံပေးနှုတ်ဆက်လိုက်လျှင် ထိုသူက ကားဝင်လို့ရအောင် ခြံတံခါးကို ဖွင့်ပေးသည်။ ပြီးလျှင် သူ့လက်ထဲသို့ သော့တစ်ချောင်းထည့်ပေးပြီးနောက် စက်ဘီးတစ်စီးကိုနင်းလျက် သွက်သွက်ထွက်သွားတော့သည်။ ထိုက်သည် မြင်နေသမျှကို ခေါင်းတလည်လည်နှင့်ပင် အကဲခတ်လျက်



www.burmeseclassic.com

www.burmeseclassic.com



ရှိနေစဉ် သူက ထိုက်ရဲ့ပခုံးကိုဖက်လျက် သစ်သားအိမ်မဲလေးထဲသို့ ခေါ်လာရင်းမှ ရှင်းပြလာသည်။

"ဒါ ကိုယ်တို့ဝယ်ထားတဲ့ ခြံလေ ထိုက်ရဲ့ ... ဟိုလူကတော့ ခြံစောင့်ပေါ့ ... ဒီနေ့ ကိုယ်နဲ့ထိုက်ရဲ့ တစ်နေ့တာကို ဒီမှာပဲ ချစ်ချစ်ခင်ခင် ကျော်ဖြတ်ကြမယ် မကောင်းဘူးလား"

"ဟင် ... ဖျင်းစရာကြီး"

ထိုက်ရဲ့စကားကြောင့် သူက တဟားဟားနှင့်အော် ရယ်လေသည်။ ထိုက်ရဲ့ဆံပင်တွေကိုလည်း ဆွဲဖွသေးသည်။ သူ့ရဲ့ အမြုံးဓာတ်ဟာ ထိုက်ထံသို့ပါ ကူးစက်လာလျက် ထိုက်ပင်လျှင် ပျော်ရွှင်လို့လာသည်။

"လာ ... ထိုက်"

သူက ထိုက်ရဲ့ပခုံးကို မွေ့ဖက်ခေါ်ဆောင်၍လာ သည်။ လေတဖြူးဖြူးတိုက်ခတ်နေသော အိမ်လေးဟာ တိတ် တိတ်ဆိတ်ဆိတ်နှင့် နေချင့်စဖွယ်ကောင်းသည်။ သူခေါ်သွားသော အခန်းထဲသို့ရောက်လျှင် ထိုက်မျက်လုံးတွေ ဝိုင်းစက်လို့ပင် သွားရ လေသည်။

"ဟယ် ... ဒါ ဘယ်တုန်းကဆွဲထားတာလဲ"





ခုတင်ခေါင်းရင်းက နံရံတွင် ချိတ်ဆွဲထားသည်မှာ ထိုက်ရဲ့ပုံတူပန်းချီကားကြီးဖြစ်၏။ သို့သော် အဲဒီလို ဓာတ်ပုံမျိုး ထိုက်ထံမှာ မရှိပေ။ ပန်းချီကားထဲမှ ထိုက်သည် ဖြူစင်လှပသော သတို့သမီးဝတ်စုံကို ဝတ်ဆင်ထားလျက် မခို့တရို့ပြုံးနေ၏။ အတော့် ကို အသက်ဝင်ကာ လက်ရာမြောက်သော ပန်းချီကားကြီးကို ထိုက် ပင် ပါးစပ်အဟောင်းသားနှင့် ငေးကြည့်နေရ၏။

"အံ့သြနေလား ... အဲဒါ ကိုယ့်သတို့သမီးပုံလေ ... "

"အေးဟယ် ... အရမ်းတူတာပဲ ... ရှင် ရန်ကုန်ကို လှမ်းမှာ ထားတာလားဟင် ... "

"ဒါပေါ့ ... ခဏနေဦး ... နောက်ထပ်တစ်ခုကျန်သေးတယ်"

သူက အသာပြုံးကာ ကြင်ပေါ်ထိုင်နေရာမှ အံဆွဲ ဂစ်ခုကို သွား၍ဖွင့်နေသည်။ အခန်းပတ်ပတ်လည်တွင် ပန်းချီကား ကြီးအပြင် ထိုက်ရဲ့ဓာတ်ပုံတွေ အပြည့်ပဲဖြစ်သည်။ သူဟာ ထိုက် ထင်ထားတာထက်ကို ရူးမူးစွာ ချစ်နိုင်သောသူပင်။

"ထိုက်ကို ... ကိုယ်က ပြောပြလို့မတတ်အောင်ကို ချစ် တယ် ... ကိုယ့်ဘဝမှာ ဘယ်သူ့ကိုမှ အဲဒီလောက်ကို မချစ် ဖူးဘူး ... "



www.burmeseclassic.com

www.burmeseclassic.com



သူက တိုးတိုးပြောကာ ထိုက်ရဲ့ ဘယ်ဘက်လက်လေးကို ဆွဲယူလျက် လက်သူကြွယ်တွင် တဖျတ်ဖျတ်လက်တောက်ပနေသော စိန်လက်စွပ်လေးတစ်ကွင်းကို စွပ်ပေးလိုက်လေသည်။ ထိုက်သည် လက်စွပ်လေးကို ငုံ့ကြည့်လျက် ...

"ဒါ ... ဒါက ဘာလဲဟင် ..."

"အဲဒါ ကိုယ့်ရဲ့ စေ့စပ်လက်စွပ်ပေါ့ ... ထိုက်ကို လက်ထပ်ခွင့်တောင်းခံတာ ... ထိုက် ကိုယ့်ကို လက်ထပ်ပါ ... လက်ထပ်မယ် မဟုတ်လားဟင် ..."

သူက ထိုက်ရဲ့လက်ဖမိုးလေးကို အသာအယာနမ်းမွှေးလျက် အသနားခံသော မျက်လုံးများဖြင့် ပြောလိုက်လျှင် ထိုခဏ၌ ထိုက်ရဲ့နှလုံးသားတစ်ခုလုံး နွေးခနဲဖြစ်၍သွားလေသည်။ ထိုက်ထံမှ လက်ထပ်ခွင့်ကို အသေအချာတပ်တောင်းခံသော သူ့ကိုလည်း ရင်ထဲ၌ နှစ်လိုစိတ် ဖြစ်ထွန်းသွားခဲ့သည်။

အဲဒါပါပဲ။ ထိုက်တို့ မိန်းကလေးတွေဟာ ချစ်သူကောင်လေးတွေထံက ကိုယ့်ကို မြတ်နိုးတန်ဖိုးထားမှုကိုပဲ အဓိကအလိုရှိကြတာပါ။

"ရှင့်ကို ထိုက် လက်ထပ်ပါ့မယ် ..."





ထိုစကားပြောပြီးလျှင် ... ထိုက်သည် အိပ်မက်ထဲလမ်းလျှောက်နေရသူကို ဝေဝေဝါးဝါးဖြစ်၍သွားသည်။ ထိုက်ဟာ ယောကျ်ားတစ်ယောက်ကို ချစ်ပါတယ်ဟု ဗြဲဗြဲပြင်ပြင် မပြောခဲ့ဘူး သော်ငြားလည်း လက်ထပ်ပါ့မယ်ဟု ကတိပေးသလိုနှင့် ခေါင်းညိတ်မိသွားချေပြီ။

ထိုက်ရဲ့ အာရုံထဲတွင် ... မူးယစ်ရီဝေစေသော ဖြားယောကျ်ားတစ်ယောက်၏ အချစ်ရနံ့တို့က ခပ်မဆိတ်သာ ဖြားယောင်းလျက်ရှိ၏။ သူ့ကို စတွေ့ခဲ့ပုံ၊ ရှိန်းလဲ့သည့်အကြည့်တွေကို ထိုက်က အသိအမှတ်ပြုပေးခဲ့ပုံ၊ ရင့်ခုန်သော ခံစားချက်နှင့် သဘောကျစရာကောင်းသည့် အချက်အလက်တွေကြောင့် ရည်းစားတော်ခဲ့ပုံ။ မျက်နှာတစ်ချက်အညိုမခံဘဲ အလိုလိုက် အကြိုက်ဆောင်ခဲ့ပုံ။ ချစ်သူသက်တမ်းရှည်ကြာခဲ့ပုံ။ ဒါတွေဟာ ထိုက်ရဲ့အာရုံထဲတွင် ရုပ်ရှင်ပြကွက်တွေကို တစ်ကွက်ပြီးတစ်ကွက် ပြန်ပေါ်လာသဖြင့် လျက်ရှိသည်။

အတွေးထဲမှာ နှစ်မျောလိုက် ... ၊ စိတ်ထဲ ခံစားမှုတစ်မျိုးဖြစ်လိုက်တို့ဖြင့် ခံစားနေရသည်။

အို ... မုန်းလိုက်တဲ့ ဒီအကြောင်းတွေ ... ချစ်ခြင်းဟန်ဆောင်တဲ့မာယာတွေ ... ။



www.burmeseclassic.com

www.burmeseclassic.com



ထိုက်သည် သူ့ကို စူးရှရှတစ်ချက်ကြည့်လျက် ...

"ရှင် သိပ်အောက်တန်းကျတဲ့လူပဲ ရှင်းလင်း ... ရှင်ကျွန်မကို အပေါစားလို ဆက်ဆံတယ် ... ရှင် ... ရှင် ... "

ကြံစည်ရက်လေခြင်းဟူသော ဝမ်းနည်းမှုနှင့် တန်ဖိုးမထားလေခြင်း၊ အထင်သေးခြင်း၊ အပိုင်တွက်ခံရခြင်းစသည့် ဒေါသထွက်မှုများသည် ထိုက်ကို စကားမဆက်နိုင်လောက်အောင် တုန်ယင်စေသည်။

"စိတ်မဆိုးပါနဲ့ ထိုက်ရယ် ... ကိုယ် တောင်းပန်ပါတယ်၊ ကိုယ် မင်းကို တကယ်ချစ်တာပါ ... ကိုယ်တို့က လက်ထပ်ကြမဲ့သူတွေပဲ ... "

"တော်တော့ ... "

ထိုက်ရဲ့အသံက အခန်းထဲတွင် ကျယ်လောင်စူးရှစွာ ထွက်သွားသည်။ လက်ထပ်ကြမဲ့သူတွေတဲ့ ... ။ သူပြောလိုက်မှပင် ထိုက်သည် ထိုစကားတစ်ခွန်းအတွက် အကြီးအကျယ်နောင်တရ၍ သွားခဲ့သည်။ ဆိတ်ကွယ်ရာအခန်းတစ်ခုထဲမှာ နှစ်ယောက်တည်းရှိတုန်း လက်ထပ်ဖို့ ခေါင်းညိတ်မိတဲ့ မိန်းကလေးတစ်ယောက်အတွက် တန်ဖိုးကို သူ ဒီလိုပဲ သတ်မှတ်သလား။





ထိုက်သည် အကြီးအကျယ် ရင်နာစွာဖြင့် လက်မှ လက်စွပ်ကို ချွတ်လျက် သူ့ထံသို့ ဒေါသတကြီး ပစ်ပေါက်ကာ ...

"ရှင့်ရဲ့ လက်ထပ်ခွင့်ကို ကျွန်မ အခုပဲ ပြန်ငြင်းတယ် ရှင်းလင်း ... ရှင်ဟာ သိပ်အခွင့်အရေးယူတဲ့ ယောကျ်ား ... ရှင် ကျွန်မကို ဘယ်လိုမိန်းမစားမျိုးများ မှတ်နေလို့လဲ ... ရှင် ချစ်တယ်ဆိုတဲ့ အချစ်က ဘာလဲ ... အလကားပဲ ... ရှင် လိုချင်တာ ကျွန်မရဲ့ ခန္ဓာကိုယ်ပဲ ... ရှင်ဟာ အချစ်ကို ဗန်းပြပြီး ကျွန်မကို နင်းခြေဖို့ ကြိုးစားတဲ့သူ ... အလကား လူ ... ဒီနေ့ကစပြီး ရှင်နဲ့ ကျွန်မ ဘာမှ မပတ်သက်တော့ဘူး ... နားလည်လား ...

သူမက သူ့ကို လက်ညှိုးငေါက်ငေါက်ထိုးပြောကာ ရင်ထဲတွင် ဝမ်းနည်းစိတ်ဖြင့် ချာခနဲပင် လှည့်ထွက်လာခဲ့သည်။ ဒီလိုအဖြစ်မျိုး ဖြစ်လိမ့်မည်ဟု တုန်လှုပ်ချောက်ချားနေမိလေသည်။ သူမ ဘယ်တုန်းကမှ တွေးမထင်ထားခဲ့ချေ။

သူက နောက်မှ ကမူးရှူးထိုးပြေးလိုက်လာလျက် "ထိုက် ... ဘာတွေပြောသွားတာလဲ ... ထိုက်ပြောတာ လုံးဝ မဖြစ်နိုင်ဘူး ... ကိုယ် မင်းကို အဆုံးရှုံးမခံနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သွားသေလိုက် ... နင့်လို အောက်တန်းကျတဲ့သူနဲ့ ဒီတစ်သက် လုံးဝအဆက်အဆံ မလုပ်ဘူး ..."

"ထိုက် ... အဲဒါဟာ ဒီလောက် ဒေါသထွက်စရာလား ... ကိုယ့်ကို ဖြတ်ပစ်စရာလား ... နှစ်ယောက်တည်းသိတဲ့ကိစ္စအတွက် နားလည်မှု မပေးနိုင်ဘူးလား ..."

ထိုက်သည် အပြေးတစ်ပိုင်း လှမ်းနေရာမှ ထိုစကားကြောင့် ခြေစုံရပ်ပစ်လိုက်သည်အထိ နာကျင်ဆို့နင့်လို့ သွားခဲ့သည်။ သူ ပြောနေသောကိစ္စသည် ထိုက်ရဲ့ ဘဝကြီးတစ်ခုလုံးနှင့် ဘာမှ မဆိုင်သလို၊ အရေးမပါသလိုပင် ...။ ထိုက်အတွက် တန်ဖိုးထားသော စကားမျိုး တစ်ခွန်းမှမပါ ...။ ထိုက်ကို ချစ်လွန်းလှပါသည် ဆိုသော ယောကျ်ားတစ်ယောက်၏ အချစ်တွေဟာ အခုချိန်မှာ သဲတစ်ပွင့်မျှပင် တန်ဖိုးမရှိတော့ချေပြီ။

ထိုက်သည် သူ့မျက်နှာကို စေ့စေ့ကြည့်လျက် ...

"နင့်ကို ငါ သိပ်ရွံတယ် ... သိပ်အထင်သေးတယ် ရှင်းလင်းကို ... အဲဒါဟာ နင့်ကိုဖြတ်ဖို့ အလုံလောက်ဆုံးအချက်ပဲ၊ နင် ငါ့နောက်ကို ဆက်မလိုက်လာခဲ့နဲ့ ... အခုချိန်မှာ ငါ အရမ်းလူသတ်ချင်နေတယ် ... ငါ့သိက္ခာကို နင်းခြေချင်တဲ့ ယောကျ်ားတစ်ယောက်ကို ငါ အရမ်းသတ်ချင်နေတယ် ... နင့်မျက်နှာကို ငါ ဘယ်တော့မှ မမြင်ချင်ဘူး ..."





သူ့မျက်နှာကား ချက်ချင်းပင် သွေးဆုတ်လျက် ဖြူရော်၍ ကျန်ရစ်ခဲ့သည်။ သူ ထိုက်ကို ချစ်ခဲ့သည်။ သို့သော် သူ့အချစ်အတွက် အချစ်ချည်းမဟုတ် ...။ ထိုက်ကရော ... သူ့ကို ချစ်သလိုလို ရှိခဲ့သည်။ သို့သော် အခုချိန်မှာတော့ နာကျင်မှုများစွာနှင့် သူ့ကို မမြင်လိုတော့ပြီ ...။

ယောကျ်ားတွေ၏ အချစ်ကို ထိုက် လုံးဝကို လိုက်မမီခဲ့တာ ဖြစ်ပါသည်။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင် အမှတ် (၁၀၆)၊ သုမင်္ဂလာ (၆) လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းသို့ ပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





ဆုံးဖြတ်ချက်တစ်ခုကိုချပြီးလျှင် မပြင်တတ်သော ထိုက်အတွက် ရှင်းလင်းကို ပြန်လက်ခံဖို့ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်သောကိစ္စတစ်ခု ဖြစ်ခဲ့ချေပြီ။ နောက်တစ်နေ့တွင် Anniversary အတွက် အပြတ်နွှဲဖို့ အားခဲပြင်ဆင်ထားသော စန္ဒီတို့ကို အေးစက်စက်မျက်နှာပေးတစ်ခုနှင့်ပင် ...

"သူနှင့် ငါ အပြီးပြတ်ပြီ ..."





ဟု ပြောခဲ့သည်။ ပထမတော့ နောက်နေတယ်ဟု ထင်နေသော သူငယ်ချင်းတွေဟာ အရယ်အမောမပြတ်ချေ ...။ နောက်တော့ တကယ်မှန်းသိသွားလျှင် အထိတ်ထိတ်အလန့်လန့်ဖြင့် အကြောင်းရင်းကို ထိုက်ထံ စုံစမ်းတော့သည်။

ဒီလိုကိစ္စမျိုးကို ဘယ်လိုစကားလုံးတွေနှင့် ထိုက်ဖွင့်ပြောရမည်နည်း။ ပြောစရာစကားလုံးကို ရှာမတွေ့ချေ။ ပြောပြဖို့ရာကို ထိုက် အလွန်အမင်း ရှက်လှသည်။ ထိုက်သည် ထိုအကြောင်းကို တွေးမိတိုင်း ရင်နာစွာဖြင့် ...

"ငါ့ကို ဘာမှ မမေးကြနဲ့တော့ဟာ ... သေချာတာတစ်ခုကတော့ သူ့ကို ငါ လုံးဝမချစ်ဘူး ... လုံးဝလည်း လက်ထပ်နိုင်မှာ မဟုတ်ဘူး ...
ဒါကြောင့် ဇာတ်လမ်းကို စောစောစီးစီးဖြတ်လိုက်တာ ...
နင်တို့လည်း သူ အကူအညီတောင်းလာရင် ဘာမှ ကူညီပေးဖို့ မလိုဘူး ..."

"မဟုတ်သေးဘူး ထိုက် ... ရှင်းလင်းက နင့်ကို အရမ်းချစ်တာလေ ... ပြီးတော့ နင်တို့ကိစ္စက တော်တော်များများ သိထားကြတဲ့ဥစ္စာ ...
နင် နာမည်ပျက်မှာပေါ့ ထိုက်ရယ် ..."



www.burmeseclassic.com

www.burmeseclassic.com



စန္ဒီက တွေးတွေးဆဆဖြင့် ဝေဖန်ထောက်ပြလာသော်လည်း ထိုက်က ပြတ်သားစွာပင် ခေါင်းခါခဲ့သည် … ။ မိန်းကလေးတစ်ယောက်ဟာ အထင်သေးရှုံ့ရှာသည့် ယောကျ်ားတစ်ယောက်ကို လက်တွဲဖို့ဆိုတာ ဘယ်နည်းနဲ့မှ ဖြစ်နိုင်မှာ မဟုတ်တော့ချေ။

ဖြစ်နိုင်ခြေရှိသည့် အရာအားလုံး ထိုက် အားလုံးစဉ်းစားပြီးခဲ့ပြီ … ။ အမှားတစ်ခုအတွက် နောင်တတစ်ခုမှလွဲ၍ ထိုက် ထပ်မံမပေးဆပ်ချင်တော့ပေ။

"လူတွေဟာ ချိုးမွှမ်းခုနစ်ရက်၊ ကဲ့ရဲ့ခုနစ်ရက်ပါဟာ … ဒီအပြောလေးကို ကြောက်တာနဲ့ပဲ ငါက တစ်သက်လုံး ဒုက္ခခံသွားရတော့မှာလား …

ထားလိုက်ပါတော့ … ဘာပဲဖြစ်ဖြစ် ငါ ခံနိုင်ရည်ရှိပါတယ်"

သွယ်နှင့် စန္ဒီက သူမရဲ့အကြောင်းကို ကောင်းကောင်းကြီး သိသူမို့ ဘာမှထပ်မပြောကြတော့ချေ … ။ ဒီအကြောင်းအရာနှင့် ပတ်သက်၍လည်း ဘာမှထပ်မံစကား စ,မလာတော့။

မပြီးစီးနိုင်သူက ရှင်းလင်းပဲ ဖြစ်သည်။ ရှင်းလင်းသည် ရေထဲက ငါးတစ်ကောင်ကို ကုန်းပေါ်တင်ထားသလို ဖျတ်





ဖျတ်လူးလျက်ရှိသည်။ ထိုက်သည် ဖုန်းဆက်လျှင်လည်း လုံးဝလက်မခံ၊ သင်တန်းလည်းမသွား။ ဘယ်ကိုမှလည်း မထွက်သဖြင့် သူကား အတော်အကျပ်ရိုက်နေဟန်တူကာ သူ့သူငယ်ချင်းတွေနှင့် အုပ်စုလိုက်ကြီး ဆိုင်ကယ်တွေဝိုင်းဖွဲ့ကာ အိမ်ရှေ့တွင် ပတ်သည်။

ညကြီးသန်းခေါင် ဂစ်တာတွေတီးကာ အသည်းကွဲသီချင်းတွေဆိုလျှက် ထိုက်ရဲ့ နာမည်ကို အော်ဟစ်သည်။ မခံရပ်နိုင်သော အိမ်နီးချင်း ကာလသားများနှင့် ရန်ဖြစ်ကာ ရပ်ကွက်ရုံးသို့ ရောက်ကြသည်။ သူ လုပ်နေသမျှဟာ ထိုက်ဖို့ အရှက်ကွဲစရာတွေချည်းပင်။ ဖေဖေဆိုလျှင် ထိုက်ကို ရစရာမရှိအောင်ပင် ဆူလေသည်။

"မေထိုက် … နင် တော်တော်ကဲတဲ့ ဟာမလေးပါလား၊ ဟင် … ဒီလောက်ရိုင်းတဲ့လူကို နင် ရည်းစားတော်ထားတယ် … အခု ဘာဖြစ်ရပြန်တာလဲ …

မိဘမျက်နှာကို အိုးမည်းမသုတ်နဲ့နော် မေထိုက် … နင့်ကြောင့် ဘယ်လောက်အရှက်ရသလဲ … နင် ကောင်းကောင်းသတိထားနေ … "

မေမေကလည်း မျက်နှာမသာမယာနှင့်ပင် ထိုက်ကို ခေါ်မေးရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်ရတာလဲ ... မေထိုက်ရယ် ... လူကြားလို့မှ မကောင်း ... ကောင်လေးနဲ့ ဘာပြဿနာတတ်ကြလို့လဲ"

မေထိုက်သည် အံကိုတင်းတင်းကြိတ်လျက် ...

"ထိုက်တောင်းပန်ပါတယ် မေမေ ... ထိုက် သူ့ကို ရှေ့ဆက် လက်တွဲဖို့ ဘယ်လိုမှ မဖြစ်နိုင်လို့ပါ ... ဒါမျိုး နောက် ဘယ်တော့မှ မဖြစ်စေရပါဘူး ..."

ထိုက်သည် အဲဒီအချိန်တွင် ရှင်းလင်းအား အဟုတ်ကို သတ်ချင်လောက်အောင်ကို ဒေါသထွက်ရတာဖြစ်၏။ ဖြစ်နိုင်လျှင် နုတ်နုတ်စင်းပစ်ကာ ခွေးကျွေးပစ်ချင်လောက်အောင်ကို မုန်းသည်။ သူလုပ်ပုံတွေဟာ ထိုက်ရဲ့သိက္ခာကို ရစရာမရှိအောင် ချနေသလိုပင် ... ။

"မေဇိုက် ... ရှင်းလင်းရဲ့ပုံစံက အရမ်းကို သွေးရူးသွေးတန်းဆန်နေပြီနော် ... အပြင်ကိုထွက်ပြီး နင် ဖြောင်ရှင်းလိုက်"

တကယ်တော့ သူနှင့် ထိုက်ကြားတွင် ဘာမှ ရှင်းစရာ မလိုတော့လောက်အောင်ကို ကိစ္စက ပြတ်နေခဲ့ပြီဖြစ်သည်။ သူ့ကို ထိုက် ဘာကြောင့် ခါးသီးမုန်းတီးသွားသလဲဆိုတာ သူ အသိဆုံးပင် ... ။ သို့သော် မုန်းစရာကောင်းလှသော လူလည်ကောင်





ဟာ ထိုက်ကပဲ အကြောင်းမရှိဘဲ ဖြတ်ပုံနှင့် လူတိုင်းကို အသနားခံထားသေးသည်။

ဆုံးဖြတ်ချက်တစ်ခုနှင့် သင်တန်းကို ရဲရဲဝံ့ဝံ့ပြန်တက်သောနေ့မှာပင် သူ့ရဲ့အူယားဖားယားပုံစံကို စ,တွေ့ရသည်။

"ထိုက် ... ကိုယ် ဘယ်လိုတောင်းပန်မှ မင်း ကျေနပ်မှာလဲ ... ကိုယ့်ကို သေအောင်လုပ်နေတာလား ... ကိုယ်တောင်းပန်ပါတယ်ကွာ ... ကိုယ့်ကို မရက်စက်စမ်းပါနဲ့"

"ဒီမှာ ရှင်းလင်း ... နင့်ကို ငါ အပြတ်ပြောခဲ့ပြီးသားကိစ္စကို နင် ဘာလို့ ရှေ့ဆက်တိုးနေရတာလဲ ... ငါကပဲ နင့်ကို ပြန်တောင်းပန်ပါ့မယ် ... ငါ့ကို မနှောင့်ယှက်ပါနဲ့တော့ ... နင် ငါနဲ့ဝေးရာမှာ နေစမ်းပါ ..."

"ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ ... မင်းကို ငါ ဘယ်လောက်ချစ်တယ်ဆိုတာ မင်း သိတယ်နော် ထိုက် ... မင်းကို ကိုယ် ဘယ်လိုမှ အဆုံးရှုံးမခံနိုင်ဘူး ... ကိုယ်တို့ အခုပဲ လက်ထပ်ကြမယ်လေကွာ ... နော် ..."

ထိုက်သည် ပြောထွက်သော သူ့ပါးစပ်ကို လက်သည်းနှင့် မကုတ်မိအောင် အတန်တန် စိတ်ထိန်းထားလျက် ...



www.burmeseclassic.com

www.burmeseclassic.com



"နင့်လိုကောင်မျိုးကို တစ်သက် မစဉ်းစားဘူး ... နားလည်လား ... နင် ရှေ့ဆက်နှောင့်ယှက်ရင် ငါ့အဆိုးမဆိုနဲ့"

ထိုက်က ပြောပြီး ချာခနဲ လှည့်အထွက်လာတွင် သူက ထိုက်ရဲ့လက်ကို ဖျတ်ခနဲ လှမ်းဆွဲထားသည်။ သူလုပ်ပုံက သင်တန်းရှေ့မှာမို့ အားလုံးက စိတ်ဝင်တစားနှင့် အကဲခတ်လျက်ရှိသည်။ ထိုက်သည် ... ထူပူသွားသော ရှက်ရွံ့စိတ်နှင့်အတူ ပေါက်ကွဲမတတ်ရှိနေသော ဒေါသတွေကို သူ့ဆီသို့ လွှဲပြောင်းပေးလိုက်သည်။

ထိုက်ရဲ့ လက်ဝါးနှင့်ထိသံမှာ ကျယ်လောင်စွာ မြည်သွား၏။ အားလုံးထံမှ အာမေဋိတ်သံတွေ အထင်းသားပင်။ ပထမတော့ ထိုက် ကြောင်ကာနေသေးသည်။ ထိုက်ကို ငေးကြည့်နေသော သူ့မျက်ဝန်းတွေဆီမှ မယုံနိုင်သော ကြေကွဲခြင်းတွေကို မြင်မှ ထိုနေရာမှ ထိုက် ကမူးရှူးထိုးပြေးထွက်လာမိခဲ့၏။

အဲဒီမှာတင် ကြီးမားသော အပြောင်းအလဲကြီးတစ်ခုက ဖြစ်ပေါ်ခဲ့တာပင်။ ထိုက်ရဲ့နောက်သို့ ပြေးလိုက်လျက် လမ်းကို မဆင်မခြင်ကူးကာ ထိုက်တို့နှစ်ယောက်တွင် သူက ထိုက်ရဲ့လက်ကို လှမ်းအဆွဲ ... ထိုက်ဟာ ရှက်စိတ် ဒေါသစိတ်နှင့် ပြန်ဆောင်





အရှိန်ပြင်းပြင်းမောင်းနှင်လာသော အရှန်း ရုတ်ရင်းဆန်ခတ်ဖြစ်ကာ အရှိန်ပြင်းပြင်းမောင်းနှင်လာသော ဆိုင်ကယ်တစ်စီးနှင့် ချိတ်ပါသွားတာ ဖြစ်တော့၏။

ဆိုင်ကယ်ရော သူပါ လုံးထွေးရစ်ပတ်လျက် လမ်းဘေးရှိ ဓာတ်တိုင်နှင့် သူဟာ အရှိန်ပြင်းပြင်း ဝင်ဆောင့်သည်။ ရေအိုးကို ရိုက်ခွဲလိုက်သလို သူ့ခေါင်းမှ သွေးတွေသည် ဖြာခနဲပင် ..." ထိုက်သည် ထိုမြင်ကွင်းကို သွေးပျက်မတတ် တုန်လှုပ်ချောက်ချားစွာ အော်ဟစ်ပြီးနောက် နေရာမှာတင် ပြိုလဲသွားခဲ့လေတော့သည်။

ပေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် (၁၀၆)၊ သုမင်္ဂလာ (၆) လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းသို့
ပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





အဖြစ်အပျက်များသည် မယုံနိုင်စရာကောင်းအောင်ကို ချောက်ချားစွာ ပြီးဆုံးသွားခဲ့သည်။ ရှင်းလင်းဟာ ဦးနှောက်ကို ပြင်းထန်စွာ ရိုက်မိသောအရှိန်နှင့် ဆေးရုံရောက်ပြီး ခဏအကြာမှာပင် ဆုံးသွားခဲ့သည်။ ပြဿနာတွေကား တသီတတန်းကြီးပင်။ ဆိုင်ကယ်သမားလည်း မသက်သာ။ အဲဒီအဖြစ်အပျက်မှာ ကိုယ်တိုင်ပါဝင်သူတစ်ယောက်လို ဖြစ်ခဲ့သော သူမလည်း မျက်မြင်သက်သေအဖြစ် တရားရုံးသို့ ရောက်ရသည်။





ရှင်းလင်းရဲ့ အမေက သူမကို အစိမ်းလိုက်ဝါးစားတော့မလိုကြည့်လျက် လက်ညှိုးငေါက်ငေါက်ထိုးပြောသော အပြောတွေကို အေးစက်သော မျက်နှာထားနှင့်ပင် ခံယူခဲ့သည်။ အားလုံးသော အသိုင်းဝန်းမှာ သူမသည် ယောကျ်ားတစ်ယောက်ကို အကြာကြီးတွဲခဲ့ပြီးမှ အကြောင်းမရှိဘဲ သစ်စိမ်းချိုး ချိုးသူ၊ ရက်စက်စွာအသည်းခွဲခဲ့သူ၊ သူမရဲ့ပယောဂ မကင်းစေခဲ့သူ၊ မြွေဟောက်လိုမိန်းမစသဖြင့် အတော်နာမည်ကြီးခဲ့သည်။ သူကတော့ အေးငြိမ်းရာကိုရောက်သွားသလောက် သူမကိုတော့ ပြစ်ချက်ပေါင်းများစွာဖြင့် ချန်ထားရစ်ခဲ့သည်။

ဒီအဖြစ်အပျက်ဟာ ထိုက်တို့ မြို့လေးမှာ အတော်ရေပန်းစားသော သတင်းတစ်ခုပဲဖြစ်သည်။ အင်မတန်စည်ကားလှသော သူ့ ဈာပနသို့ ထိုက် မသွားခဲ့တာပင်လျှင် ထိုက်အတွက် အကြီးမားဆုံး အပြစ်တစ်ခုလို ဖြစ်သွားခဲ့၏။

"ဒီလောက်ထိတော့ နင် အသည်းမာဖို့ မကောင်းပါဘူး မေထိုက်ရယ် … ဘာပဲပြောပြော ရှင်းလင်းဟာ နင်နဲ့ အဓိကပတ်သက်ခဲ့တဲ့သူပဲ … နင့်ကို ငါတို့ ဘယ်လိုနားလည်ရောတော့မှာလဲ … "



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုမှ နားလည်မပေးနဲ့တော့ စန္ဒီ ... ငါကိုယ်တိုင်ကို လူတွေကို နားမလည်နိုင်တော့တာ ... ယောကျ်ားတစ်ယောက်ရဲ့ အချစ်ဟာ တကယ်တော့ အဆိပ်ပဲ ... ရှင်းလင်းကိုဟာ ငါ့အတွက်တော့ အဆိပ်လိုကောင်ပဲ ... လူသာသေသွားတယ် ... ငါ့ကို ခုထိခုက္ခပေးဆဲပဲ ..."

"နင် ရှင်းလင်းအပေါ်မှာ ဘာတွေနာကျည်းနေရတာလဲ ... ငါတို့ကိုလည်း ပြောပြဦးပေါ့ ... အခုတော့ အားလုံးရဲ့အမြင်မှာ နင့်အလွန်တွေချည်း ဖြစ်နေတာပေါ့ မေထိုက်ရယ်"

သူငယ်ချင်းတွေက သူမနှင့် ငယ်စဉ်တည်းက ပေါင်းလာကြသူတွေမို့ စာနာနားလည်ပေးနိုင်လေသည်။ သို့သော် ထိုက်သည် ဘယ်သူ့ကိုမှ ဘာမှ ပြောချင်စိတ် မရှိတော့။ အားလုံးကို ထိုက်ရဲ့ ဝဋ်ကြွေးတွေဟုသာ သတ်မှတ်လေသည်။

"ဒီကိစ္စနဲ့ ပတ်သက်ပြီး ငါ့ကို ဘာမှ ထပ်မမေးကြပါနဲ့တော့ဟာ ... အားလုံးဟာ ငါ့အမှားတွေပါ ... ငါ့အပြစ်တွေလို့ပဲ ထားလိုက်ပါတော့ ...

ပြီးတော့ နင်တို့ကိုလည်း ငါ တစ်ခါတည်းပဲ နှုတ်ဆက်ခဲ့တယ် ... ငါ ဒီမြို့မှာ ဆက်မနေတော့ဘူး ..."





"ဟယ် ... နင် ဘယ်ကိုသွားမှာလဲ ..."

သူမမျက်လုံးများက အဝေးသို့ ရီဝေစွာ လှမ်းမျှော်ကြည့်လျက် ...

"မေမေတို့ရဲ့ အစီအစဉ်ပါ ... ဒါပေမယ့် ငါကိုယ်တိုင်လည်း ဒီမှာ ဆက်နေချင်စိတ် လုံးဝမရှိတော့ဘူး ... Level IIကို ရန်ကုန်မှာပဲ ဆက်တက်မယ် ... တခြားသင်တန်းတွေ တက်မယ် ... ငါ့ဘဝကို အကောင်းဆုံးဖြစ်အောင် ငါ တည်ဆောက်မယ် ..."

ဘာအကြောင်းနဲ့မှ ဘဝကို ငါ အရှုံးမပေးဘူး ...

စန္ဒီနှင့် သွယ်က သူမအတွက် စိတ်မကောင်းခြင်းကြီးစွာဖြင့် မျက်ရည်ကျကြလေသည်။ သူမကတော့ မငိုမိတော့ချေ။ ထူးခြားအံ့ဩစရာကောင်းသည်မှာ ရှင်းလင်းနှင့် လမ်းခွဲချိန်မှစ၍ မကျေမြို့လေးကို နှုတ်ဆက်ထွက်ခွာလာချိန်ထိ မျက်ရည်တစ်စက်မှ မကျခဲ့ခြင်း ဖြစ်သည်။

ယောကျ်ားတစ်ယောက်၏ အချစ်အပေါ်တွင် ယစ်မူးသာယာလျက် ကိုယ့်နှလုံးသားကိုယ် သေချာမထိန်းကျောင်းနိုင်သော သူမအတွက် ထိုက်တန်သော အပြစ်ဟုသာ ကိုယ့်ကိုယ်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



သတ်မှတ်သည်။ ဝမ်းနည်းမှုကား လုံးဝမရှိပေ။ ဘဝကို အသစ်တည်ဆောက်မည့် သူမရဲ့နှလုံးသားသည် သတ္တိအပြည့်ဖြင့် ရဲရဲတောက်ပနေခဲ့လေသည်။

အဲ့ဒီနောက်မှာတော့ ရန်ကုန်သည် စိတ်လှုပ်ရှားစရာ အပြည့်အသိပ်ဖြင့် သူမကို လက်ကမ်းကြိုနေခဲ့တာ ဖြစ်ပါသည်။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် (၁၀၆)၊ သုမင်္ဂလာ (၆) လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းသို့
ပေးပို့နိုင်ပါသည်။





## အတိတ်

## ( II )



www.burmeseclassic.com

www.burmeseclassic.com











သူ့ဘဝတွင်ဖေဖေပြီးလျှင် အချစ်ရဆုံးသူတစ်ယောက်မှာ ရှင်းလင်းပဲ ဖြစ်သည်။ သူ့ကို မွေးပြီးပြီးချင်းပဲ သူ့မေမေက မီးတွင်းထဲမှာ ဆုံးပါးသွားခဲ့ရာ သူက ရှင်းလင်းရဲ့အမေ အန်တီမြရဲ့လက်ထဲမှာပဲ ကြီးပြင်းခဲ့ရသည်။ သူနဲ့ ရှင်းလင်းဟာ လပိုင်းမျှသာကွာတာမို့ အန်တီမြရဲ့ နို့ချိုကို အတူတူစို့ရင်း ကြီးလာခဲ့သူများပီပီ တကယ့်ညီအစ်ကိုရင်း တွေလိုပဲ မှတ်ယူထားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေကကြယ်ငါးပွင့်လိုင်းမှာ ကပ္ပတိန်ကြီးတစ်ဦးမို့ အိမ်မှာ အမြဲမရှိချေ။ ဒီတော့ သူဟာ မွေးကတည်းက ရှင်းလင်းတို့အိမ်မှာပဲဖြစ်၍ အရွယ်ရောက်ကြီးပြင်းလာသည်အထိ ရှင်းလင်းနှင့် မခွဲအတူမို့ အကြောင်းမသိသူတွေအဖို့ ညီအစ်ကိုအရင်းတွေလို ပဲဖြစ်သည်။

တစ်သက်လုံး မခွဲခဲ့သော သူနှင့် ရှင်းလင်းဟာ ခွဲမဲ့ခွဲရတော့လည်း ရန်ကုန်မှ ဝေးရာသို့ တစ်ယောက်တစ်နေရာစီပင်။ သူက ဖေဖေ့အစီအစဉ်ဖြင့် ဖေဖေ့ရဲ့ လိုင်းမှာ သင်္ဘောတက်ရတော့မှာဖြစ်ပြီး ရှင်းလင်းကတော့ သူ့အဖေ ပြောင်းရွှေ့ရာနယ်သို့ လိုက်ပါသွားရတော့မှာဖြစ်၏။

တစ်သက်လုံး မွေးတည်းက ရန်ကုန်မှာပဲ ကြီးပြင်းလာခဲ့သော ရှင်းလင်းက နယ်မှာသွားနေရတော့မှာကို အတော်ကြီး စိတ်ပျက်လက်ပျက်ဖြစ်နေသော ဒီဖိုင်းနှင့် ....

"ရေလည်လေတယ်ကွာ ... မင်းကလည်းထွက် ... ငါကလည်း တောပြောင်းရတော့မယ် ... မင်းကတော့ ဟိုမှာ ကမ်းတစ်ခါကပ်တိုင်း ဇိမ်ပေါ့ကွာ ... ငါ့မှာသာ ဘော်ဒါမရှိ၊ အတွဲမရှိနဲ့ ငေါင်နေဦးတော့မှာပဲ ... "

"မင်းလည်း ငါနဲ့အကူသူ သင်္ဘောလိုက်တက်ပါလားကွာ"





သူကလည်း ရှင်းလင်းနှင့် မခွဲချင်သဖြင့် ခေါ်လေလျှင် သကောင့်သားက မျက်နှာကို အစွမ်းကုန်ရှုံ့မဲ့လျက် ငြင်းသည်။

"မလုပ်စမ်းပါနဲ့ကွာ ... ငါက အဲလို ရေပြင်ကျယ်ကြီး မြင်နေရရင် အရမ်းအသည်းယားတာ ... ပြေးပြီး ဒိုက်ဗင်ပစ်ချင်တာ မင်းလည်း သိသားနဲ့ ...

မဖြစ်ပါဘူးကွာ ... အူယားတယ် ... "

"ပျင်းရင် ပျင်းတယ်ပေါ့ကွာ ... လာလုပ်မနေစမ်းပါနဲ့"

"သိရင်လည်း ပြောမနေနဲ့ကွာ ... ငါမှ ဝါသနာမပါတာ ... မင်းပဲ ပင်လယ်ပျော်ကြီးလုပ် ... ငါ့ဆီတော့ ဖုန်းမှန်မှန်ဆက်၊ စာမှန်မှန်ရေးနော် ဟေ့ကောင် ... "

သူက ရှင်းလင်းရဲ့ စကားကို ရှုံ့မဲ့လျက် လက်တခါခါနှင့်ပင် ...

"ဖုန်းတော့ ဆက်မယ်ကွာ ... စာရေးဖို့တော့ အာမသိပ်မခံဘူး ... ပျင်းလိုက်တာ ... စာရေးရမှာ ပျင်းလို့တောင် အခုတည်းက ရည်းစားတွေကိုတောင် ဖြတ်လိုက်ပြီ ... "

"နှလုံးသားမရှိတဲ့လူကြီး ... "

သူက ရှင်းလင်းရဲ့ အပြောကို သဘောတကျနှင့်



www.burmeseclassic.com

www.burmeseclassic.com



တဟားဟား အော်ရယ်မိလေသည်။ ပြောရလျှင် သူနှင့် ရှင်းလင်းနှစ်ယောက်မှာ မိန်းကလေးတွေနှင့် ပတ်သက်သူက သူပဲဖြစ်သည်။ ရှင်းလင်းသည် သူ့ဟာနဲ့သူတော့ အတော်ကြည့်ကောင်းချောမောသောသူ ဖြစ်သော်ငြား သူနှင့် အတူတူ တွဲသွားလျှင် ကောင်မလေးတွေ ပိုစိတ်ဝင်စားခံရသောလူက သူသာလျှင်ဖြစ်၏။ မိန်းကလေးတွေကလည်း ဘယ်လိုအထာတွေမှန်း မသိချေ ... ။ အပြုံးချိုချိုနှင့် Sweet ဖြစ်သော ရှင်းလင်းရဲ့ပုံထက် ဘယ်သူ့ကိုမှ ဂရုမစိုက်တတ်သည့် ဂျစ်ကန်ကန်ဒီဇိုင်းနှင့် သူ့ပုံကို ပို၍ရင်ခုန်ကြသည်။

စပို့ရှပ်လက်တိုများနှင့် စတိုင်လ်ပန်ကို ဝတ်ဆင်တတ်သော ရှင်းလင်းရဲ့ ဒီဇိုင်းထက် ရှပ်အင်္ကျီကို ကြယ်သီးသုံးလုံးလောက်ဖြုတ်လျက် (501)ဂျင်း(န်)ကို ကပိုကရိုဝတ်တတ်သော သူ့ Style ကို ပိုကြိုက်ကြ၏။

ဒီတော့ သူ့မှာ ရည်းစားများရတာ မဆန်းချေ။ ဒါပေမဲ့ တကယ့်တကယ်တမ်းမှာ သူ့ရင်ထဲမှာ အချစ်မရှိပေ။ သူက ရည်းစားများသလောက် ရှင်းလင်းကတော့ တစ်ယောက်မှ မထားဖူးသူဖြစ်၏။ ဒါကို သူက အားမလို အားမရနှင့် အမြဲမြှောက်ပေးခဲ့ဖူးသည်။





"မင်းကွာ ဒီအရွယ်ကြီး ရောက်နေပြီ၊ ရည်းစားတစ်ယောက်မှ မထားဖူးဘူးတဲ့ ... မင်းနဲ့ အမျိုးတော်ရတာ ရှက်လိုက်တာ ... "

"ဟာ ... ငါချစ်တဲ့ ကောင်မလေးမှ မတွေ့သေးတာကွာ"

"ကျွတ် ... ငါ့မှာရော ချစ်တဲ့လူ ရှိတာကျလို့ ... အဲဒီ အချစ်ဆိုတာ ဘာကြီးတုန်းကွာ ... ခံစားမနေနဲ့ ... စိတ်ထဲမှာ ကြိုက်ရင် ချစ်တယ် ပြောကြတာပဲ ... မင်းမို့ ပိန်းနေတယ်"

"နေပါစေတော့ကွာ ... ငါ တကယ်ချစ်တဲ့ တစ်ယောက်ကို တွေ့လာမှပဲ ပုံအောပြီး ချစ်လိုက်မယ် ... အရှုးအမူးချစ်လိုက်မယ် ... မင်းလို ဝေလေလေအချစ်မျိုးတော့ အားမကျဘူး ... "

"မင်း သိပ်ဝေးတဲ့ကောင်ပဲ ... မိန်းမတွေက မာယာများတယ်ကွ ... သွားပြီး ပုံအော်မချစ်နဲ့ ... မင်း ငံသွားရမယ်၊ မိန်းမတွေအကြောင်း မင်း ဘယ်လောက်သိလို့လဲ ... သူတို့က အရှုးအမူး ကြွေပြလေလေ အထာတွေကိုင်လေလေပဲ၊ ပြီးတော့ မိန်းမတွေနဲ့ ချစ်ရတာ ဘိန်းစွဲသလိုပဲကွ ... ငြီးငွေ့ပြီးတော့ မိန်းမတွေနဲ့ ချစ်ရတာ ဘိန်းစွဲသလိုပဲကွ ... ငြီးငွေ့တွေချည်းပဲ ... အန္တရာယ်တောကိုလည်း ရောက်နိုင်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



မင်းမသိတဲ့ အနက်တွေ အများကြီးရှိတယ် ... မင်းက မလည်မဝယ်ကောင်ပါကွာ ... ညီအစ်ကိုဘော်ဒါမို့ပြောတာ မင်းကို စိတ်မချပါဘူး ... "

အဟုတ်ကိုပင် သူဟာ သံယောဇဉ်သိပ်ကြီးရသော ရှင်းလင်းကို ခပ်လည်လည်မိန်းကလေးမျိုး၊ အသည်းခွဲတတ်သည့် မိန်းကလေးမျိုးနှင့် ဆုံဆည်းသွားမှာ အလွန်စိုးရိမ်ခဲ့တာဖြစ်သည်။ ရှင်းလင်းဟာ ပတ်သက်လာလျှင် လုံးဝအဖြူထည်သမား ...။ ဒါကို သူက သေချာသိထားသဖြင့် စိုးရိမ်ခဲ့တာဖြစ်လေသည်။

ဒီလိုနဲ့ပင် သူကလည်း သင်္ဘောတက်သွားခဲ့သလို ရှင်းလင်းတို့ မိသားစုလိုက်လည်း နယ်သို့ ပြောင်းသွားခဲ့သည်။ သူက စာရေးအင့်မတန် ပျင်းသလောက် ရှင်းလင်းကတော့ နေရာသစ်မှာ အသားမကျသူ၊ မပျော်သူ၊ မနေတတ်သူပီပီ သူ့ထံသို့ စာတွေ အတော်ရေးသူဖြစ်၏။

ပထမဆုံးရောက်လာသော စာများမှာတော့ ဟိုမှာ ပျင်းကြောင်း၊ အထာမကျသေးကြောင်းတွေ ရေးဖြစ်သော်လည်း နောက်ပိုင်းစာတွေကတော့ တက်ကြွသည့် အရိပ်သဏ္ဌာန်တွေပါလာခဲ့သည်။





["လင်းလွန်းရေ ...

ငါ Heart ထိတဲ့ ကောင်မလေးတစ်ယောက်ကို တွေ့ပြီကွာ ... အရမ်းချစ်စရာကောင်းပြီး အရမ်းလည်းချောတယ် ... အမိုက်စားလေးကွ ... ဟော့ကောင် ... အချစ်ကို ငါ စတွေ့တဲ့ပုံစံက အရမ်းသစ်တယ် ... သူ ရှော့သီးစပ်နေတဲ့ပုံလေးကို ငါ ဓာတ်ပုံ ... သွားတာကွ ... အခု သူ့ကို ငါ ခင်ခွင့်ရအောင် ကြိုးစားနေတယ်၊ သူက မြို့မှာတော့ ဘဲလ်ပဲကွ ... ငါ တကယ် ကြွေနေပြီကွာ ... သူ့နာမည်လေးက ဘုန်းမေထိုက်တဲ့"]

သူက စာကိုဖတ်ကာ ပြုံးရသည်။ အင်း မချစ်ဖူးသေးတဲ့ အချစ်ရူးပါလားဟုပင်။ ရှင်းလင်းသည် ဘုန်းမေထိုက်နှင့် ပတ်သက်သမျှ သူ့ထံသို့သာ ရင်ဖွင့်သဖြင့် ရှင်းလင်းရဲ့ နှလုံးသားရေးရာကိစ္စတိုင်းကို သူက update ဖြစ်လို့နေသည်။ ရှင်းလင်းရဲ့ လာသမျှစာတိုင်းဟာ ဘုန်းမေထိုက်နှင့် ပတ်သက်သော ဖီလင်ဘုန်းမေထိုက်တွေချည်းပင်။

["လင်းလွန်း ...

မေထိုက်နဲ့ ဘော်ဒါဖွဲ့ပြီးသွားပြီကွ ... လွယ်လွယ်နဲ့ တော့ရတာ မဟုတ်ဘူး ... ထိုက်က အရမ်းနေတတ်တယ်ကွာ၊ သူက LCCI တက်နေတာကွ ... ငါက သူနဲ့ နီးစပ်ချင်တော့ သူ



www.burmeseclassic.com

www.burmeseclassic.com



တို့သင်တန်းမှာပဲ ကွန်ပြူတာတက်တယ် ... သူနဲ့ ခင်သွားမှ ထိုက်က တကယ့်ရတနာလေးမှန်း သိရတော့တယ် ... အရမ်းဖြူစင်တယ်ကွာ ... ရည်းစားလည်း တစ်ခါမှ မထားဖူးသေးဘူး ... သူ့ကိုလိုက်တဲ့ သူတွေတော့ အများကြီးပေါ့ကွာ၊ ငါလည်း အသည်းအသန် ကြိုးစားနေရတယ် ...

ငါ ထိုက်ကို အရမ်းချစ်တယ်ကွာ ... ငါ အခုရိုန်မှာ မင်းကို ရေရေလည်လည် သနားနေတယ် သိလား ... ဘာလို့လဲဆိုတော့ မင်းက ရည်းစားသာ သက်စေ့ထားခဲ့ဖူးတာ ... အချစ်ဆိုတာကို လုံးဝမသိ၊ မခံစားခဲ့ရတဲ့ကောင်မို့လို့ပဲ ...

မင်း မခံစားဖူးသေးတဲ့ အချစ်ဆိုတာကို ငါ အခု ခံစားနေရပြီ ... အကြည့်တစ်ချက်နဲ့တင် ရင်ခုန်တဲ့ ခံစားချက်မျိုး မင်းမှာ မရှိဖူးသေးပါဘူး တော့်းရာ ... ဟဲ ... ဟဲ ... ဟဲ ... "]

တောက် ခွေးကောင်။ ငါ့ကိုများ တော့်းတဲ့။ တစ်သက်လုံးက မိန်းမဆိုတာ စိတ်ဝင်စားရကောင်းမှန်း မသိတဲ့ကောင်က အခုမှ မိန်းမကောင်းမှန်း သိနေလိုက်တာ။

သူက စိတ်ပေါက်ပေါက်နှင့်ပင် သူ့ကို ရိထားသော ရှင်းလင်းထံ ချက်ချင်းကို စာကောက်ရေးသည်။ မခံချင်စိတ်ကြောင့် ပျင်းပျင်းနှင့်ကို ဇွဲတင်းကာ ရေးရခြင်းဖြစ်၏။





["ဟေ့ကောင်ကြောင် ...

"ရန်ကုန်မှာ မစွံလို့ အနောက်မှာ လူချောဖြစ်နေတာကို ဂုဏ်ယူမနေနဲ့ ... မင်း မဒီကရော လူချောပဲ မဟုတ်လား ... လုပ်မနေစမ်းပါနဲ့ကွာ ... မင်း စာတတ်လာတာ မနေ့တစ်နေ့က မှပါ ... ဒါတွေကို ဆက်လုပ်ရမှာ ပျင်းလို့ကို လင်းလွှန်းတို့က ရေ ပျော်ငှက် လုပ်သွားတာ ... အသားမည်းမည်းဆံပင်ကကျဲကျဲ တောသူမကို မင်းက အဟုတ်ကြီးလုပ်နေတာ ... စောစော ငါ ကြားဖူးသလို မင်းကို ရွာသူက ပြုစားထားပြီနဲ့ တူတယ် ... ကျွတ် ... ကျွတ် ... ကျွတ် ...

မင်းကို ဆရာက အပြန်တစ်ရာသနားလိုက်တယ်ကွာ ... ဟုတ်ပြီလား"]

သူက သူ့စာသူ တခွိခွိနှင့်ရယ်ကာ ရှင်းလင်းထံသို့ ပို့လိုက်သည်။ အဲဒီနောက် ရှင်းလင်းထံက စာမလာတော့ချေ။ ဒီလိုနှင့် သူတို့ သင်္ဘောကြီး ဆိပ်ကမ်းကပ်တော့မှ ရှင်းလင်းထံ ဖုန်းဆက်လျှင် အဆင်ပြေနေသော သတင်းကို နားမဆန့်အောင် ကြားရလေသည်။ သူ့မှာ ဖုန်းချချင်သော်လည်း မရပေ။ ရှင်းလင်းသည် သူ့ချစ်သူ ပူပူနွေးနွေးအကြောင်းကို အကြီးအကျယ် ကြွားတော့တာဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ကြာတော့ သူ့သည် မဟားရက်နိုင်တော့ဘဲ ...။

"ရှင်းလင်း ... မင်း ဘုန်းမေထိုက်ကို တော်တော်ချစ်လား၊ တကယ်ထိတာလား ..."

ဟု ကြင်နာစွာ မေးမိလေတော့၏။

ရှင်းလင်းသည် ဘယ်ဘဝက ဖြေချင်နေသော လေသံမျိုးဖြင့် ...

"ငါ့ဘဝမှာ ... ဘယ်သူ့ကိုမှ ဘယ်သူ့ကိုမှ မချစ်ဘူးသေးတဲ့ အချစ်မျိုးနဲ့ ချစ်တာ ... ပြောပြလို့ မရဘူးကွာ ... အဲဒီခံစားချက်က ... သူနဲ့ တွေ့ရင် အရာအားလုံးကို မေ့သွားတယ်၊ ငါ သူ့ကို အရမ်း crazy ဖြစ်တယ် ... ငါ့ဘဝရဲ့ လက်တွဲဖော် အဖြစ် ရည်မှန်းထားတယ် ..."

ရှင်းလင်းရဲ့ အသံသည် အချစ်ရဲ့စွမ်းအင်ဖြင့် နူးညံ့လျက် တိကျပြတ်သားလို့နေသည်။ သူပင်လျှင် အဲဒီလောက်ထိ မခံစား ခဲ့ဖူးချေ။ ပြောရလျှင် သူဟာ ဘယ်မိန်းမကိုမှ မချစ်ခဲ့ပေ။

"သူကရော ရှင်းလင်း ... သူကရော မင်းကို တကယ်ချစ်လား ..."

ရှင်းလင်းဘက်မှ ခေတ္တ အသံတိတ်သွားသည်။





"ဘယ်လိုပြောရမလဲကွာ ... ချစ်ပါတယ် ... ထိုက်က ငါ့ကို ချစ်ပါတယ် ..."

"မင်းပြောပုံကလည်းကွာ ... မင်းအတွက် စိုးရိမ်လို့ ပြောတာနော် ... အင်း ... မင်းက အရမ်းငြိနေတော့လည်း ခက်တယ် ... မင်း တစ်ဘဝလုံးအတွက်ဆိုရင် သူ့အနေအထား ဘာညာရော စဉ်းစားပြီးပြီလား ..."

ဒါက သူတို့ ယောကျ်ားလေးတွေရဲ့ အတွေးတစ်ခု ဖြစ်သည်။ ဒီဘက်ခေတ်ထဲမှာ သူတို့သည်လည်း မိန်းကလေးတစ်ယောက်ကို အိမ်ထောင်ဘက်ဖြစ် ရွေးချယ်တော့မည်ဆိုလျှင် ဘက်စုံထောင့်စုံမှ စဉ်းစားလာရတာပင်။ အထူးသဖြင့် အဲဒီမိန်းကလေးရဲ့ အသိုင်းအဝိုင်းက မပါမဖြစ်ပဲ ဖြစ်သည်။

"မေထိုက်က ဘာမှပြောစရာ မရှိပါဘူးကွာ ... သူ့မိဘတွေကလည်း ပိုက်ဆံရှိတယ် ... ငါပြောရင် မင်းက ကိုယ့်ငါးချဉ်ကိုယ်ချဉ်တယ် ဖြစ်ဦးမယ် ... နဖူးစာ ရှာလည်တယ်ဆိုတာ ငါ တကယ်ယုံသွားပြီကွ ... ဟဲ ... ဟဲ ..."

"ရောဂါကတော့ ဆေးမမှီတော့ဘူး ... မင်း ကောင်မလေးကို ဒီလောက်မွှန်းနေတာ ဓာတ်ပုံလေးဘာလေး ပြဦးလေ"

"မင်း ကြိုက်မသွားရဘူးနော် ..."



www.burmeseclassic.com

www.burmeseclassic.com



သူက တဟားဟားဘဲ အော်ရယ်နေလိုက်တာ ရှင်းလင်းကို စိတ်မဆိုးရက်တော့ပါပေ။ လူတွေဟာ တစ်သက်မှာ တစ်ခါတော့ အချစ်ကို တွေ့ဖူးကြတယ်တဲ့။ အဲဒီအခါမှာလည်း ခဏတော့ သည်းခြေပျက်တတ်ကြသတဲ့။

အခုတော့ သူဟာ ဒီအဆိုကို လက်ခံရတော့မလိုဖြစ်နေချေပြီ။

"ဒီတစ်ခါစာထည့်ရင် ဓာတ်ပုံနှစ်ပုံလောက် ထည့်ပေးလိုက်ကွာ ... မင်း မဒီရဲ့ ကြွန်အင်လက္ခဏာကို ငါ ကြည့်မယ်..."

ရှင်းလင်းထံက စာရောက်လာလျှင် ဘုန်းမေထိုက်ရဲ့ ဓာတ်ပုံနှစ်ပုံ ပါလာခဲ့သည်။ သူသည် ဓာတ်ပုံကိုကြည့်လျက် ခေတ္တတော့ ငေးစိုက်လို့ သွားခဲ့သည်ဆိုတာကိုတော့ ဝန်ခံပါသည်။ သို့သော် ဒါဟာ ဘယ်လိုစိတ်နှင့်မှတော့မဟုတ်။ ရိုးရိုးသားသားပင် အလှအပတစ်ခုကို ခံစားတာ ဖြစ်၏။

ရှင်းလင်း၏ ချစ်လှစွာသော ဘုန်းမေထိုက်သည် လှပသည်ထက် ချစ်စရာကောင်းသည့်ဘက်သို့ ပို၍ကဲသည်။ သူမ အလှက မပူပြင်းချေ။ သို့သော် ခပ်အေးအေးပုံစံလေးကို တစ်မျိုး Attraction ရှိစေ၏။ တစ်ပုံက မျက်နှာချည်းပုံကို ဘေးတစ်စောင်းရိုက်ယူထားသောပုံဖြစ်၍ လွမ်းမောဖွယ် ဒီဇိုင်းဝင်နေသည်။ နောက်





တစ်ပုံကတော့ ပြင်ဦးလွင်မှာဟု စာတန်းပါသောပုံဖြစ်၍ ဆွယ်တာအဖြူရောင်၊ ဂျင်းနံဘောင်းဘီရှည်တို့ဖြင့် ခြေထောက်ချိတ်ထိုင်ကာ ရွှင်ရွှင်လန်းလန်း ပြုံးရယ်နေသော အသက်ဝင်နေသည့်ပုံတစ်ပုံ ဖြစ်သည်။

ရှင်းလင်း၏စာထဲမှ စာသားများအရ သူမဟာ အကြင်နာတွေကို သိပ်လက်မခံချင်တတ်သူတဲ့။ သူတို့နှစ်ဦးကြားထဲမှာ ဒါဟာ ပြဿနာတစ်ခုလိုဖြစ်လျက် ကျန်တာ Ok တဲ့။ မင်းကောင်မလေးတွေနဲ့တုန်းကရော ဒီလိုပဲလားတဲ့။ ဒါတော့ တပည့်တော်လည်း မလျှောက်တတ်တော့ပါခုရားဟု စာမြန်မြန်ပြန်လိုက်ရသည်။

ဘာပဲပြောပြော တည်ငြိမ်အေးချမ်းသည့် မျက်နှာပေးတစ်ခုနှင့် ဘုန်းမေထိုက်ကို မြင်ဖူးပြီးသွားသည့်နောက်မှာ ရှင်းလင်းအတါက် သူစိတ်အေးခဲ့ရချေပြီ။ သူ့ သဘောက ခဏပြန်ဆင်းချိန်ဝယ် လက်ထပ်ဖို့တောင် စဉ်းစားထားပြီးပြီဟု အကြောင်းကြားထားသော ရှင်းလင်းတို့အတွက် တန်ဖိုးအကြီးဆုံး လက်ဖွဲ့ကိုပင် ကြိုတင်စဉ်းစား နေရစ်ခဲ့သည်။

အဲဒီနောက်ပိုင်း ... ရှင်းလင်းထံမှ အဆက်အသွယ် မလာတော့ချေ။ တော်တော်ကြာမှ သူ မမျှော်လင့်ထားသော



www.burmeseclassic.com

www.burmeseclassic.com



သတင်းတစ်ခုနှင့် စာက ရောက်လာခဲ့သည်။ ဝမ်းနည်းပက်လက်ရင်ဖွင့်လာသော ရှင်းလင်း၏ စာတစ်စောင်က သူ့ထံကိုပါ စိတ်မချမ်းမြေ့မှုတွေ ကူးစက်စေလေသည်။ ဘာအကြောင်းမှ မရှိပါဘဲ ရက်စက်စွာ အစိမ်းဖြတ် ဖြတ်သွားခဲ့သော ဘုန်းမေထိုက်ကို သူပင်လျှင် နားမလည်ခဲ့။

သဘော်ကမ်းကပ်လျှင် သူသည် ရှင်းလင်းထံ အပြေးအလွှား ဖုန်းခေါ်သည်။ ရှင်းလင်းနှင့် မတွေ့ရချေ။ အန်တီမြကိုသာ အင်မတန်စိတ်ပျက်လက်ပျက်ဖြစ်သောလေသံနှင့် ...

"လင်းလွန်းရယ် ... အန်တီတော့ ရှင်းလင်းနဲ့ သေသာသေချင်တယ် ... ဒီလောက် အသည်းအသန်ဖြစ်နေရအောင် ဟိုကောင်မလေးက ဘာမို့လို့လဲ ... အခုလည်း အရက်တွေသောက် ... ညညအိမ်ပြန်မလာ ... သူများအိမ်ရှေ့သွားအော်လို့ ရန်ဖြစ်ကြ ... ရဲစခန်းရောက်နဲ့ သူ့အဖေလည်း တော်တော်စိတ်ဆိုးနေတယ် ... "

"သူတို့ ဘာပြဿနာဖြစ်ကြလို့လဲ အန်တီ ... "

"မသိပါဘူးကွယ် ... ရှင်းလင်း သူငယ်ချင်းတွေဆီ မေးမြန်းကြည့်တော့လည်း ဘာမှမဖြစ်ကြဘူးတဲ့ ... ကောင်မလေးက ဘလိုင်းဖြတ်တယ်လို့လည်းပြောရဲ့ ...





သူတို့ ယူမယ် ဘာမယ်အထိ ဖြစ်ကြပြီးမှ ... ဟိုမိန်းကလေးကလည်း သူ့ကို အတွေ့ကို မခံဘူးလို့ပြောတယ် ... "

သူသည် ရှင်းလင်းအတွက် ကရုဏာဒေါသ၊ ဘုန်းမေထိုက်ကိုတော့ အကြောင်းပြချက်မယ်မယ်ရရ မရှိလှသောဒေါသများဖြင့် အန်တီမြကိုပင် ခပ်ဆတ်ဆတ် ပြောမိ၏။

"အန်တီမြလည်း သေချာဆုံးမဦးလေ ... ကြားဝင်သင့်ရင်လည်း ဝင်ပေးလိုက်ပါဗျာ ... ဒီကောင်က အဲဒီမိန်းမကို ရေလည် ရူးသွပ်နေတာ ... "

"အေးလေ ... အဲဒီလို ရူးလို့ကို ဆုံးမလို့မရ ဖြစ်နေတာပေါ့၊ ဘာပြဿနာများ ဖြစ်ကြလို့ ဖြစ်ရတာလဲ မသိပါဘူးဟယ်၊ ငါ့သားလေးခမျာ အပျို့တွေဝိုင်းနေရဲ့သားနဲ့က သူမှ သူ သည်းသည်းလှုပ်ပါ ... "

"ဒီကောင့်ကိုရှာပြီး အိမ်မှာခေါ်ထားပါ အန်တီ ... ကျွန်တော် မနက်ဖြန် မနက်ရှစ်နာရီလောက် ဖုန်းထပ်ဆက်ပါ့မယ်"

နောက်တစ်နေ့နံနက်မှာ သူ ဖုန်းဆက်လိုက်လျှင် ဝမ်းနည်းပက်လက်ဖြစ်နေသော ရှင်းလင်း၏ အသံခပ်လေးလေးသွဲ့သွဲ့ကြီးကို စ၍ကြားရသည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ... မင်း ဘာဖြစ်နေတာလဲ၊ ငါ မင်းအကြောင်းတွေ ကြားပြီးပြီ ... "

"လင်လွန်း ... ငါ့ကို ထိုက်က ဖြတ်လိုက်ပြီကွာ ... မုန်းသွားပြီတဲ့ ... "

သူသည် စိတ်ထဲမှာတော့ ပျစ်ပျစ်နှစ်နှစ် ကျိန်ဆဲလိုက်ရင်း ...

"မုန်းသွားလည်း ခေါက်လိုက်ပေါ့ကွာ ... ရှင်းလင်း မင်း ဘာမှ အုံးစားမနေစမ်းပါနဲ့ ... ဒါ အခိုက်အတန့်ပေါ့ကွာ၊ မင်း အသည်းကွဲပြီလား ... အေး ... ဒါဆိုလည်း ခဏလေး အောင့်ခံလိုက် ... ပြီးရင် ပျောက်သွားမှာ ... မရူးစမ်းပါနဲ့ကွာ ... မင်းမို့လို့ မိန်းမတစ်ယောက်အတွက်နဲ့ ဒီလောက်ကြေဆင်းပြနေတယ်၊ မိန်းမတစ်ယောက်အတွက်နဲ့ ရဲစခန်းရောက်ရတယ်ဆိုတာ ငါတို့ အမျိုးထဲမှာ မရှိဖူးဘူး၊ ဂရုစိုက်မနေစမ်းပါနဲ့ကွာ ... "

"ငါ သူ့ကို အဆုံးရှုံးမခံနိုင်ဘူး လင်းလွန်းရာ ... "

"ပြောရက်လိုက်တာကွာ ... မင်း ည,ညတွေ အိမ်ပြန်မအိပ်ဘူးဆို ... ဘယ်သွားနေလဲ ... "

"ထိုက်တို့အိမ်ရှေ့မှာ ထိုင်တယ် ... ပြီးရင် စက်မှုဇုန်က ငါ့





အိမ်လေးမှာ သွားနေတယ် ... အဲဒါ သူနဲ့ ငါ နောက်ဆုံးတွေ့ခဲ့တဲ့ နေရာလေးပဲ ... "

သူက ရင်နင့်စွာ ပြောနေသော ရှင်းလင်းရဲ့ စကားတွေကို နားထောင်ရင်း စိတ်ထဲမှလည်း မေထိုက်ဟူသော မိန်းမကို ပြေး၍ လက်သီးစာကျွေးနေမိလေသည်။

သူ့ရှေ့မှာ ယောကျ်ားလေးတစ်ယောက် အသည်းကွဲလျှင် သူသည် ဘာမဆိုင် ညာမဆိုင် တစ်ဘက်မိန်းကလေးကို ကြည့်လို့မရတတ် ...။ သူက ယောကျ်ားထုကိုယ်စား နာတတ်ဖြစ်၏။

ယခု ပိုးစိုးပက်စက် အသည်းကွဲပြနေသူဟာ သူ့ရဲ့ ချစ်ခင်တွယ်တာရသော ရှင်းလင်းဖြစ်လို့နေလျှင် ပို၍ ပြောဖွယ်မရှိတော့ချေပြီ။

"ရှင်းလင်း ... ငါ့စကားကို နားထောင်စမ်းပါကွာ ... မင်း နေရောကောင်းရဲ့လား ... နေ့နေ့ညည အရက်တွေပဲ သောက်နေတယ်ဆို ... မိန်းမတစ်ယောက်အတွက်နဲ့ ဒီလောက် စတေးမနေစမ်းပါနဲ့ကွာ ... အန်တီမြကိုလည်း သနားပါဦး ... "

"မသိဘူးကွာ ... ငါ ရူးသွားလည်း နားအေးတယ် ... အရက်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



သောက်တော့ မူးပြီး ထိုက်ကို မေ့သွားတယ် … ထိုက် အရမ်းရက်စက်တယ် … လုံးဝထင်မထားဘူး … ဒီလောက် လေးနဲ့ ငါ့ကို ဖြတ်စရာလားကွာ … ငါ သူ့ကို ဘယ်လောက် ချစ်ခဲ့လဲ … သူ သိတယ် … ဒါကို …

သူ ငါ့ကိုမချစ်ဘူး လင်းလွန်းရာ … သူ ငါ့ကို တကယ်မချစ်လို့ ဒီလို ဖြတ်ချသွားတာ … သိပ် အသည်းအေးတဲ့ မိန်းမ၊ ဒါပေမဲ့ ငါကတော့ သူ့ကို မေ့လို့မရဘူး … သူကတော့ ငါ့ကို မချစ်ဘူးတဲ့ကွာ … ”

ရှင်းလင်းက ဗလုံးဗထွေးပြောလျက် ဖုန်းချသွားသည်။ သူသည် တယ်လီဖုန်းခွက်ကို ကိုင်ထားဆဲဖြစ်လျက် နားထဲမှာ ရှင်းလင်းပြောသွားသော စကားတွေကို ထပ်ထပ် ပြန်ကြားယောင်နေမိသည်။ ဘုန်းမေထိုက်ဟာ ရှင်းလင်းကို တကယ်မချစ်ခဲ့ဘူးတဲ့ …။ ဘာအကြောင်းမှ မရှိဘဲ အစိမ်းဖြတ် ဖြတ်သွားခဲ့တာတဲ့ …။ သူက လက်သီးကို ကျစ်ကျစ်ပါအောင်ဆုပ်လျက် တက်တစ်ချက်ကို ပြင်းပြင်းခေါက်မိသည်။

ထိုနေ့က ဖုန်းပြောခြင်းဟာ နောက်ဆုံးစကားပြောခွင့်မှန်း သိခဲ့ရလျှင် သူဟာ ထိုဖုန်းကို ဘယ်တော့မှ ချမိမှာ မဟုတ်တော့ချေ။ ဒီလိုနဲ့လည်း ေသခြင်းတရားကို ရပ်တန့်ထားလို့ မရနိုင်





ခဲ့ပါ။ သို့သော် ရှင်းလင်းကတော့ ထင်မှတ်မထားစွာနှင့် နှုတ်တောင်မဆက်ဘဲ သူ့ကို ခွဲခွာသွားခဲ့သည်။ သူတို့ သဘောကို Faxဝင်လာ

တော သူ ယုံတောင် မယုံနိုင်ချေ။

ရှင်းလင်း ဆုံးသွားပြီတဲ့။ သူဟာ မဖြစ်နိုင်ဘူးဟူ

သော စကားကိုသာ အတပ်ထပ်ရွတ်လျက် ဘာကိုမှ မလုပ်နိုင်ချေ။

နောက်တော့ အန်တီမြနှင့် ဖုန်းပြောတော့မှ လက်မခံချင်သော်

လည်း လက်ခံလိုက်ရတာဖြစ်၏။

“ရှင်းလင်းဟာ အဖြစ်ဆိုးနဲ့ သေခဲ့ရတာ လင်းလွန်းရယ် …

အဲဒီနောက် နှစ်ယောက်စလုံး လမ်းအကူးမှာ သူက အဲဒီမိန်းမလက်ကို လှမ်းအဆွဲ သူက ဆောင့်ရုန်းပြီး တွန်းလွှတ်

တာတဲ့ … သူသာ တွန်းမလွှတ်ခဲ့ရင် ငါ့သားလေး သေမှာ

မဟုတ်ဘူး …

သူသတ်တာ … ငါ့သားကို သူသတ်တာ … သိပ်ကြောက်ဖို့ ကောင်းတဲ့ ကဝေမ … သူ့ကြောင့် ဖြစ်ရတာတောင် ငါ့သား

ရဲ့ အသုဘကို လာဖော်မရဘူး …

အန်တီတော့ သားရက်လည်ပြီးတာနဲ့ အဲဒီက အပြီးပြောင်းလာခဲ့ပြီ … အဲဒီမြို့မှာ တစ်စက်မှ နေချင်စိတ်လည်း မရှိဘူး၊



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



လင်းလွန်းရယ် ... ဒီကအဖြစ်တွေကိုလည်း မင်း မြင်လှည့်ပါဦး ... ”

အန်တီမြရဲ့ ငိုရှိုက်သံ ဗလုံးဗထွေးနှင့် ပြောသောစကားတွေဟာ သူ့နှလုံးသားကို တစ်စစီ ဖွဲ့ထုတ်နေသလိုပဲ ဖြစ်သည်။ သူ ဘာလုပ်ရမှာလဲ။ ဒီလောက်တောင် နှလုံးသားမရှိတဲ့ ကဝေမတစ်ယောက်ကို ကမ္ဘာမြေကြီးပေါ်မှာ ပျော်ရွှင်စွာ အောင်သေအောင်သားစားခွင့်ကို သူက ပေးရမှာလား။

ဒါမှမဟုတ်ဘဲ သူမ ကစားချင်တိုင်း ကစားပြီးသွားတဲ့အခါမှာ သေမင်းဆီ အပို့ခံလိုက်ရတဲ့ ရှင်းလင်းအတွက် သူက ဒီအတိုင်းပဲ ငြိမ်ခံနေရတော့မှာလား ...။ ဒီလိုတော့ မဖြစ်စေရဘူး ဘုန်းမေထိုက် ...။

သူက သံမဏိဒွာန်တစ်ခုကို ပြတ်သားစွာ ချလိုက်ပြီးနောက် ဖေဖေ့ကို ခွင့်တောင်းသည်။

“ဒီတစ်ခါ ကမ်းကပ်ရင် သား သင်္ဘောဆင်းမယ် ဖေဖေ၊ ရန်ကုန်မှာ အန်တီမြတစ်ယောက်တည်း ဘယ်လောက်အားငယ်အထီးကျန်နေရှာမလဲ ဖေဖေ ...

အန်တီမြက သားရဲ့အမေဆိုလည်း ဟုတ်တယ် ... သားသူ့အနားမှာ ရှိနေမှဖြစ်မယ် ... ”





“ဒါပေါ့ သား ... မင်း ဆုံးဖြတ်တာ မှန်ပါတယ် ... မြမြအနားမှာ သားရှိနေသင့်တယ် ... ဂျပန်မှာ ကမ်းကပ်ရင် သားပြန်ဖို့ စီစဥ်တော့ ... ”

ဖေဖေက စာနာနားလည်စွာနှင့် သူ့ကို ခွင့်ပြုခဲ့သည်။ မိသားစုအင်အားနည်းပါးသော သူတို့အတွက် ရှင်းလင်း သေဆုံးသွားရခြင်းအပေါ် အားလုံးက နှမြောကြေကွဲကြသည်။

ရန်ကုန်မင်္ဂလာဒုံလေဆိပ်သည် သူ့အတွက် တစ်စက်မှ ပျော်ရွှင်ဖွယ်ရာမရှိဘဲ ခါးသီးသူစိမ်းဆန်စွာပင် ကြိုဆိုခဲ့သည်။ အန်တီမြသည် သူ့ကိုမြင်လျှင် ဝမ်းသာဝမ်းနည်းဖြစ်လျက် ရှိုက်ကြီးတငင် ငိုရှာလေသည်။ ရှင်းလင်း သေဆုံးတာကို အိပ်မက်တစ်ခုလို ခံစားလျက် မယုံနိုင်သေးသော သူက အန်တီမြကို ခွင့်တောင်းကာ နယ်သို့ လိုက်သွားခဲ့သည်။

အန်ကယ်ကတော့ တာဝန်တွေ မပြီးသေး၍ ဆက်လက်ထမ်းဆောင်နေရတုန်းမို့ ထိုမြို့လေးမှာ ရှိနေတုန်းပဲဖြစ်သည်။ အဲဒီမှာ ရှင်းလင်း ပေါင်းသင်းခဲ့သော အပေါင်းအသင်းတွေနှင့်လည်း ဆုံခဲ့ရသည်။ သူ သိချင်သော မေထိုက်ရဲ့ အကြောင်းအရာများစွာကို သိခွင့်ရခဲ့ပါသည်။

“ဘုန်းမေထိုက်က ဘလိုင်းကြီး ဖြတ်သွားတာပါဗျာ ...



www.burmeseclassic.com

www.burmeseclassic.com



ဧရှင်းမှာ ဘာဖောင်းလ်မှ မရှိဘူး ... ဒီကောင်က သူ့ကို သောက်ရမ်းချစ်တာ ... ကျွန်တော်တို့တောင် မျက်စိနောက် ယူရတယ် ... မေထိုက် ရက်စက်သွားတာ အပီပဲ ... "

"သူက နောက်အသစ်တွေ့သွားလို့လား ... "

"အဲဒီလိုလည်း မဟုတ်ဘူး ... မေထိုက်က အဲဒီလို ဘဲကိစ္စ တော့ မရှုပ်တတ်ဘူး ... ရည်းစားတောင် ဒီကောင်က ပထမဆုံးပဲ ...

ဘယ်သူနဲ့မှ တွဲတယ်လည်း အသံမကြားရဘူး ... သူတို့နှစ် ယောက်လုံးက အရမ်းလိုက်တော့ အားလုံးက ဘယ်တော့ ယူကြမလဲဆိုပြီး စိတ်ဝင်စားကြတာ ...

ဒီလိုဖြစ်သွားတော့ အားလုံးက အရမ်းအံ့သြကြတယ် ... အထူးသဖြင့် ရှင်းလင်းသေသွားတဲ့အတွက် ပို အံ့သြကြတယ်၊ ထူးဆန်းတာတစ်ခုက ရှင်းလင်းရဲ့ အသုဘကို ဘုန်းမေ ထိုက် လုံးဝမလာတာဘဲ ... သူ့ရှေ့မှာတင် သေသွားတော့ သူ တော်တော်သွေးပျက်သွားပုံရတယ် ... "

သူက နှုတ်ခမ်းကိုမဲ့ကာ အသာပြုံးမိလေသည်။

"အခု သူ ဘယ်လိုနေလဲ ... "

"ဘုန်းမေထိုက်လား ... သူ ဒီမြို့မှာ မရှိတော့ဘူး ... သူက





LCCI တက်နေတာ ... Level II ကို ရန်ကုန်မှာ ဆက်တက် မယ်လို့ ကြားတယ် ... ပြီးခဲ့တဲ့လကပဲ ရန်ကုန်ရောက်သွား ပြီ ... "

ဩော် ... မှဆိုးရှိတဲ့နေရာကို သားကောင်က ကြို ရောက်နေနှင့်တာကိုး ... ။ သူက ယဲ့ယဲ့မျှပြုံးကာ ကျေနပ်စွာဖြင့် ခေါင်းတစ်ချက်ညိတ်မိသည်။ အန်ကယ်က သူ့ကို ရှင်းလင်း သွားနေ တတ်သော စက်မှုဇုန်က အိမ်လေးရဲ့သော့ကို ပေးလာခဲ့သော်လည်း သူက သွားဖို့မစဉ်းစားတော့ ... ။ ငါ မင်းရဲ့ အငွေ့အသက်တွေနဲ့ မထိတွေ့ချင်တော့ဘူး ရှင်းလင်းရယ်။

သူက ... ရှင်းလင်းတစ်ယောက်တည်း ထာဝရလဲ လျောင်းရာ နေရာဆီကိုပဲ သွားခဲ့ပါသည်။ ရှင်းလင်းရဲ့ အုတ်ဂူဖြူဖြူ လေးပေါ်မှာ ပန်းစည်းတစ်စည်းချပေးရင်း အံကို တင်းတင်းကြိတ် လျက် မျက်ရည်ကျခဲ့ရသည်။

"ငါ ကတိပေးတယ် ရှင်းလင်း ... မင်း ခံစားခဲ့ရသလို ဘုန်း မေထိုက် ခံစားစေရမယ် ... မင်း စောင့်ကြည့်နေပါ ... ငါ အနိုင်ရလာတဲ့ တစ်နေ့မှာ မင်းဆီကို နောက်တစ်နေ့ ပြန် လာခဲ့မယ် ... "



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနောက်မှာတော့ သူဟာ ဘုန်းမေထိုက်ရဲ့ လိပ်စာကို မရ,ရအောင် စုံစမ်းပြီးမှ ရန်ကုန်သို့ ပြန်လာခဲ့သည်။ သူ့ သွေးကြောထဲတွင် သူမအတွက် အမုန်းတရားတွေ၊ အငြိုးတရားတွေကသာ လှည့်ပတ်စီးဆင်းလျက် ရှိနေခဲ့သည်။

သူမကို လက်စားချေဖို့အတွက် အစီအစဉ်ကျနစွာ သူ အကွက်ချခဲ့သည်။ မိန်းကလေးတို့၏ အထာကို ထုံးလိုကြေခဲ့သူမို့ သူ့အတွက် သူမကို ချဉ်းကပ်ဖို့ရာ မခက်ခဲခဲ့ချေ။ တစ်လတိတိ သူမကို ခြေရာခံ အကဲခတ်မိပြီးလျှင် သူမ ဘယ်တွေသွားတတ်သည်၊ ဘာကြိုက်တတ်သည်ဆိုတာကအစ မှတ်သားထားနိုင်ပြီဖြစ်သည်။

အဲဒီနောက်မှာတော့ သူ့ရဲ့လေးညှို့ကို စတင်ခဲ့ပြီဖြစ်လေသည်။

✻✻✻

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် (၁၀၆)၊ သုမင်္ဂလာ (ဗြ) လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သာယာဝတီ၊ သင်္ဃန်းကျွန်းသို့ ပေးပို့နိုင်ပါသည်။







ဘုန်းမေထိုက်၏ နှလုံးသားကို အသေသတ်မည့် စစ်ဆေးရေးတွင် ပထမဆုံးပြောင်းလဲခဲ့သည်မှာ သူ့ရဲ့ဘဝနှင့် နေထိုင်မှုပုံစံဖြစ်သည်။ ပြည့်စုံကြွယ်ဝလှသော သူ့ရဲ့ တကယ့်ဘဝကို ခဏအမှောင်ချထားလျက် သူမလိုပင် နယ်မှ သင်တန်းလာတက်သူတစ်ယောက်အဖြစ် ပြောင်းလဲထားခဲ့သည်။ သူ သုံးစွဲနေသော MARK II ကား၊ မိုဆိုင်းလ်ဖုန်း၊ တန်ဖိုးကြီးအဝတ်အထည် အသုံး



www.burmeseclassic.com

www.burmeseclassic.com



အဆောင်များအားလုံးကို ခဏစွန့်ခွာထားခဲ့ကာ စာကြည့်မျက်မှန် တစ်လက်၊ သာမန်ရှုပ်အင်္ကျီလက်တိုများနှင့် အကွက်စိပ်စိပ်ပုဆိုးများ ကို ပြောင်းလဲဝတ်ဆင်လိုက်လျှင် သူ့ပုံက အတော်ကွဲပြားခြားနား သွားပြီဖြစ်သည်။

ဒီလိုနှင့်ပင် ရာသီဥတုသာယာသော တစ်နေ့မှာ သူ့ ရဲ့ စစ်ဆင်ရေးကို စတင်အကောင်အထည်ဖော်ခဲ့သည်။ သူမက LCCI အပြင် ဗြိတိသျှကောင်ဘယ်လ်မှာ အင်္ဂလိပ်စာသင်တန်းတစ်ခု တက်သေးသည်မို့ သူ့အတွက်တော့ သူမနားကပ်ဖို့ရာ အတော် အဆင်ပြေသွားခဲ့သည်။

သူမက Libary မှာ စာအုပ်ငှားတတ်သူမို့ သူမ ဘာ စာအုပ်တွေ ဖတ်တတ်သည်ဆိုတာ ရက်အနည်းငယ်ထဲက အကဲ ခတ်ပြီးလျှင် သူမလိုချင်သော စာအုပ်က သူ့လက်ထဲသို့ ရောက်လာ ချေပြီ။ သူက သူမ မြင်သာသည့်နေရာမှာ စာအုပ်ကို ထိုင်ဖတ်နေ လိုက်သည်။

ခဏကြာလျှင် သူ့ဆီသို့ လျှောက်လာသော အရိပ် တစ်ခုကို မျက်လုံးထောင့်စွန်းများမှ မြင်နေရချေပြီ။ ငြင်သာစွာ ရွေ့လျားလာသော အရိပ်သည် သူ့အရှေ့မှ ရပ်တန့်သွားသည်။ အတန်ကြာသည်အထိ သူမထံမှ ထွက်မလာသဖြင့် သူပင် မော့်





ကြည့်ရကောင်းနိုးနိုး ဖြစ်လာသည်။ အိုကွာ ... နေပစေ ... ။ သူလာ ခေါ်မှ ... ။

"ဒီမှာ ..."

နူးညံ့မှုသိပ်မရှိသော်လည်း ထိုအသံဟာ သူ့နှလုံး သားကို ဆတ်ခနဲ တုန်သွားစေသည်။ ဘယ်လိုအသံမျိုးမှန်းမသိ။ ရင်ခေါင်းထဲမှလာသောအသံမျိုးဟု မှတ်ချက်ချရမလိုဖြစ်လျက် Fashion TV ထဲမှ နောက်ခံစကားအမြဲပြောလေ့ရှိသော အမျိုးသမီးရဲ့ အသံမျိုးဖြစ်သည်။

ထိုအသံကြောင့် သူက စာဖတ်နေရာမှ ဖျတ်ခနဲ မော်ကြည့်လိုက်သည်။ သူ့ကို ဘာအရောင်အဆင်းမှ မရှိသော မျက် လုံးများဖြင့် ကြည့်လျက်ရှိသော သူမ ... ။ သူ့ကို အနီးကပ်မြင်ရ တာ ဒါ ပထမဆုံးပင် ... ။ ရှင်းလင်းကို ရက်ရက်စက်စက် ဥပေက္ခာ ပြုပစ်ခဲ့သောရုပ်ဟု ထင်ရက်စရာမရှိအောင် အဆင့်အတန်းတစ်မျိုး ရှိသည့် ရုပ်ရည်ဟာ နူးညံ့ချောမောနေသည်။

သို့သော် သူမသည် အန္တရာယ်။

"ဝေါလက်ကျနေတယ် ..."

"ဗျာ ..."



www.burmeseclassic.com

www.burmeseclassic.com



ဝီဝီသသပြောလိုက်သော်လည်း ရုတ်တရက် သူမဘာကိုဆိုလိုမှန်း မသိပေ။ ဖယောင်းတိုင်တစ်တိုင်လို သွယ်ပျောင်းသော လက်ညှိုးလေးဟာ ကြမ်းပြင်နေရာသို့ ညွှန်ပြလျက် ...

"ရှင့်ဝေါလက်အောက်မှာ ကျနေတယ်လို့ ပြောတာ ... "

သူ နားလည်သွားပြီဟု ယူဆသွားချိန်ဝယ် သူမကဘာတုံ့ပြန်မှုကိုမှ စောင့်မနေတော့ဘဲ ... သူ့ကို ဖြတ်ကျော်ကာ လျှောက်သွားသည်။ အောက်သို့ ငုံ့ကြည့်လိုက်လျှင် သူ့ရဲ့ဝေါလက်ပုဆိုးကြားထဲ မညှပ်တတ်သော သူဟာ ဒီလိုပဲ ခဏခဏ ပြုတ်ကျတတ်သည်။

သူက လှမ်းကောက်လိုက်ပြီးနောက် သူမကို ဖျတ်ခနဲ ခိုးကြည့်မိသည်။ သူမကဖြင့် သူ့ကို အာရုံထဲတွင်တောင် ရှိသည့်ပုံ မပေါ်တော့ ... ။ စာအုပ်တစ်အုပ်ကိုသာ စူးစိုက်ကြည့်နေသည်။ အင်း ... မျှော်လင့်ထားတာနဲ့ နည်းနည်းတော့လွဲတယ် ... ။

သူ မျှော်လင့်ထားတာက သူ့လက်ထဲမှ စာအုပ်ကိုသူမ လာတောင်းလိမ့်မည်ဟု ထင်ခဲ့တာဖြစ်သည်။ သို့သော် ဒီလိုမဟုတ်ခဲ့။ ဘာပဲဖြစ်ဖြစ် ပထမဆုံးနေ့တစ်နေ့မှာ ဒီလို အဖြစ်အပျက်တစ်ခု ရှိခဲ့တာကိုပဲ သူ ကျေနပ်လေသည်။ ခဏအကြာတွင် သူမက





စိတ်ကြိုက်စာအုပ်ကို ရွေးလို့ရသွားဟန်ဖြင့် စာအုပ်တစ်အုပ်ကိုယူကာ ထွက်သွားသည်။

သူ့ကိုတော့ ယောင်လို့မျှပင် လှည့်မကြည့်ပေ။ သူက ပခုံးနှစ်ဖက်ကို အသာတွန့်လျက် ကျန်ရစ်ခဲ့ရသည်။ နောက်တစ်နေ့လည်း ဒီလိုပင် ... ။ class မှာ သူမဟာ ဘယ်သူနဲ့မှ သိပ်မရောတတ်ချေ။ အထူးသဖြင့် ယောကျ်ားလေးများနှင့် ပတ်သက်လျှင် ပို၍ကင်းရှင်းတာကို သူ သတိထားမိသည်။

ဒီတော့ သူ့ရဲ့ style ကိုလည်း သူမလိုပင် ပြောင်းယူရသည်။ သူမလို ဘယ်သူနဲ့မှမရော၊ ခပ်အေးအေးနှင့် သီးသန့်နေတတ်သော ပုံစံအတိုင်း သူကလည်းနေသည်။ ဒီတော့ နှစ်ပတ်အတွင်း၌ class မှာ သူနဲ့ သူမဟာ တစ်မျိုးတစ်ဘာသာကွဲထွက်လျက် သူမကို ယောကျ်ားလေးတွေနဲ့ မတူအောင် သူက သီးသန့်နေပြခဲ့သည်။

အနေတည်လှသော သူမကို ဒီထက်ရင်းနှီးအောင် ဘယ်လိုကြံရပါ့ပါ့ဟူသော အတွေးမျိုးဖြင့် အကြံအိုက်နေဆဲမှာပင် တိမ်မသာနေ့တစ်နေ့မှာ ကံတရားက သူ့ကို မျက်နှာသာပေးခဲ့လေသည်။ BC မှ class ပြီးစီးသောအချိန်တွင် မိုးက ခပ်စိတ်ဓာတ်ကျစ



www.burmeseclassic.com

www.burmeseclassic.com



ပြုလာသည်။ ကားပါသူ၊ ထီးပါသူတွေက အလျှိုလျှိုပြန်ကုန်ကြသော်လည်း သူမကတော့ မိုးအတိတ်ကို စောင့်နေဟန်တူသည်။

သူ သိတာပေါ့။ နာရီတကြည့်ကြည့်နဲ့ သူမဟာ LCCI သင်တန်းကိုလည်း ကူးရဦးမယ်ဆိုတာ။ သို့သော် သူကလည်း မသိသလိုနှင့်ပင် မိုးအတိတ်ကို စောင့်သလိုဖြင့် စာအုပ်တစ်အုပ်ကို ဖတ်နေလိုက်သည်။

ကောင်းကင်တစ်ပြင်လုံး ဖြူနေသောမိုးဟာ မတိတ်ဘဲ ပိုလို့တောင် သည်းလာခဲ့သေးသည်။ နောက်ဆုံး classroom ထဲတွင် သူနှင့် သူမသာ ကျန်နေရစ်တော့သည်။ စာဖတ်ဟန်ဆောင်နေရာမှ သူက စာအုပ်ကို အပြီးပိတ်ချလိုက်ကာ ဆုံးဖြတ်ချက်တစ်ခုဖြင့် သူမအနားသို့ လျှောက်သွားသည်။

"ခင်ဗျား မိုးအတိတ်ကို စောင့်နေတာလား ..."

မိုးစက်တွေကို ငေးကြည့်နေသော သူမက ဖျတ်ခနဲ သူ့ကို လှည့်ကြည့်လာသည်။

"ဟုတ်တယ် ..."

သူက ကျောပိုးအိတ်ထဲမှာ မိုးကာအင်္ကျီကို ထုတ်ယူလိုက်ရင်း သူမကို ကမ်းပေးလိုက်၏။





"တစ်တန်းတည်းသားချင်း ရိုးရိုးသားသား အကူအညီပေးတာပါ ... ခင်ဗျား ဝတ်သွားပါ ..."

"အို ... နေပါစေ ..."

သူမက ခေါင်းကို ခပ်သွက်သွက်ခါယမ်းကာ အလျှင်အမြန် ငြင်းဆန်သည်။ သူက တစ်ချက်ပြုံးလိုက်ကာ သူမရှေ့သို့ မိုးကာအင်္ကျီအိတ်လေးကို အသာအယာချပေးလိုက်ရင်း ...

"မငြင်းပါနဲ့ဗျာ ... ယောကျ်ားလေးတစ်ယောက် မိုးရွာထဲမှာ ပြန်သွားတာက လူ သိပ်အကြည့်မခံရပါဘူး ... ခင်ဗျားရဲ့ လုံခြုံမှုအတွက် ပြောတာပါ ..."

သူက တိုးတိတ်ငြင်သာစွာပြောကာ သူမအနားမှ လှစ်ခနဲပင် ထွက်လာခဲ့လိုက်သည်။

"ဟိတ် ... နေဦးလေ ..."

ဟူသော သူမရဲ့ ခေါ်သံသွဲ့သွဲ့က နောက်ပါးမှ လွင့်ကျန်ရစ်ခဲ့သည်။ ချည်သားအပွင့်ကျဲကျဲလေးများပါသော ဂါဝန်ရှည်ကို ဝတ်ဆင်ထားသော သူမဟာ ကိုယ့်ဝတ်စုံကိုယ် အခြေအနေသိလျက် သူ့မိုးကာကို မဝတ်မဖြစ်ဝတ်လိမ့်မည်ဆိုတာ သူ သိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖြိုတိသျှကောင်ဆယ်လ်ထဲမှ ထွက်လာသော သူသည် Taxi မငှားသေးဘဲ မိုးရွာထဲ၌ တော်တော်ကြာလျှောက်နေမိသေးသည်။ အဘယ့်ကြောင့်ဆိုသော် သူ ဖျားချင်သောကြောင့်ဖြစ်သည်။ ဘုန်းမေထိုက်ရဲ့ နှလုံးသားတစ်ခုလုံး အဖျားကြီးဖျားဖို့အတွက် သူ အရင်ဆုံး အဖျားခံခြင်း ဖြစ်ပါသည်။

လောကမှာ တစ်ခုလိုချင်ရင် တစ်ခုပေးဆပ်ရတာပဲ မဟုတ်ဘူးလား ဘုန်းမေထိုက်ရယ်။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် (၁၀၆)၊ သုမင်္ဂလာ (၆) လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သဃ်န်းကျွန်းသို့
ပေးပို့နိုင်ပါသည်။







တိုနေ့က မိုးလည်း မိသေးသည့်အပြင် ရေကိုလည်း ခပ်ကြာကြာ ထပ်ချိုးလိုက်သေးသည်မို့ သူ့ဆန္ဒပြည့်ဝစွာပင် ဖျားသည်မှာ ခေါင်းတွေကိုက်လွန်းသဖြင့် မွင့်ထွက်မတတ်ပင်။ ဆရာဝန်က ဆေးလာထိုးပေးပြီး ပြန်သွားလျှင် အန်တီမြကား သူ့ကို အံ့သြဟန်ဖြင့် တဗျစ်တောက်တောက် ပြောမဆုံးချေ။

"အံ့ပါရဲ့ လင်းလင်းရယ် ... ကားနဲ့ သွားလာနေတာတောင်



www.burmeseclassic.com

www.burmeseclassic.com



မိုးက မိသတဲ့ ... ဘယ်လိုများ မိရတာလဲ ... ငါဖြင့် စဉ်းစားလို့တောင် မရပါလား ... "

"ကားက ပါကင်မှာ ရပ်ထားတာလေ ... class က ပြေးလာတော့ မိတာပေါ့"

"မင်းရဲ့ Rain Coat ကရော ... "

အန်တီမြ ... စစ်ပေါက်ပေါက် လိုက်၍မေးနေလျှင် ခေါင်းတွေပင် ပိုကိုက်လာရသည်။ ရှင်းလင်းဆုံးပါးသွားပြီးတည်းက အန်တီမြသည် သူ့ကိုဆိုလျှင် သေးသေးမွှားမွှားကအစ ဂရုတစိုက် လိုက်ကြည့် လိုက်ပြောတတ်သူပင်။

အခုလို မိုးမိကာ အဖျားဝင်လျှင် ပြော၍ မဆုံးတော့ချေ။

"ကျွန်တော် အိပ်ချင်ပြီဗျာ ... အိပ်တော့မလို့ ... "

သူက စောင်ကိုဆွဲယူ၍ တစ်ဘက်သို့ စောင်းအိပ်လျှင် အန်တီမြက မျက်စောင်းတစ်ချက်ထိုးကာ ထွက်သွားသည်။ ဒါတောင် ပါးစပ်က ပွစိပွစိ ပြောသွားသေးဆဲ။

"မိစံရေ ... လင်းလင်းရဲ့ ကားထဲကို ထီးနှစ်လက်လောက် ထည့်ထားပေးလိုက်စမ်း ... လင်းလင်းဟာလေ ... နေရာတကာမှာ သိပ်ပေါ့တာပဲ ... ခုတော့ ဖျားပြီ ... "

အန်တီမြ ထွက်သွားမှပင် သူက ပက်လက်ပြန်လှန်





လျက် ဘုန်းမေထိုက်ရဲ့အကြောင်းကို စ,တွေးရသည်။ မိန်းမချောများစွာနှင့် ပတ်သက်ခဲ့ဖူးသော သူ့အတွေ့အကြုံအရ သူမရဲ့ ပုံသဏ္ဌာန်သည် ပေါ့သွမ်းသော မိန်းကလေးစာရင်းထဲတွင် လုံးဝမပါချေ။

အထူးသဖြင့် အမြဲ တင်းတင်းစေ့ထားတတ်သော နှုတ်ခမ်းဖူးဖူးနှင့် မျက်နှာတစ်ခုလုံးတွင် အထူးခြားဆုံးဖြစ်သော နှာတံတို့၏ အလှဟာ အဆင့်အတန်းတစ်မျိုးကို ဖော်ပြနေသည်။ အသက်ငယ်သော်လည်း တခြားမိန်းကလေးတွေမှာ မတွေ့ရတတ်သည့် ကျက်သရေရှိသည့် ဥပမိရုပ်မျိုးကို ပိုင်ဆိုင်ထားသေးသော ဘုန်းမေထိုက်သည် ရှင်းလင်းကို သေစေခဲ့သူဟု (မသိလျှင်) လုံးဝယုံချင်စရာ မရှိချေ။

class မှာ စာတော်သူတစ်ယောက်အဖြစ် အသိအမှတ်ပြုခဲ့ထားရသော သူမဟာ ခေတ်မိန်းကလေးတချို့ဆို သွားမယ် လာမယ် ပျော်ပါးမယ်ဆိုသော ပုံစံမျိုးလည်း လုံးဝမတွေ့ရချေ။ သူမထံ၌ လေးနက်မှုကို အပြည့်အဝ တွေ့ရလေ၏။ ဒါနဲ့များ မင်းဟာ ရှင်းလင်းကို ဘာကြောင့် ကစားပစ်ခဲ့ရလဲ ဘုန်းမေထိုက်ရာ ... ။

သူက မျက်လုံးကို မှိတ်လျက် သူမကို အာရုံထဲ၌ ဇွတ်အတင်း ဖျောက်ပစ်လိုက်လေသည်။ ဒီလိုနှင့် သူ့အဖျား[illegible]နှစ်



www.burmeseclassic.com

www.burmeseclassic.com



ရက်လောက်နေမှ အရှင်းပျောက်သွားခဲ့သည်။ အဖျားပျောက်သော်လည်း class မရှိသော ရက်တွေနှင့် ကြုံသည်မို့ BCသို့ ရောက်လာဖြစ်ခဲ့ပါသည်။ classuoom ထဲသို့ဝင်လျှင်ဝင်ချင်း သူမကို စောင့်နေသည့်ပုံစံမျိုးဖြင့် ဆုံဆည်းလိုက်ရသည်။

"ရှင်ဘာလို့ class လာမတတ်တာလဲဟင်"

သူ့အနားသို့ လာရပ်လျက် ညင်သာစွာ မေးပုံသည် အားနာရိပ်၊ စိတ်ပူပန်ရိပ်တို့နှင့် ပြည့်နေသည်ဟု သူက လိုရာသို့ ဆွဲတွေးလိုက်လေသည်။

သူက ဘာမှ အရေးမကြီးဟန်ဖြင့် ...

"ကျွန်တော် နေမကောင်းလို့ပါ ခင်ဗျာ ..."

သူမ မျက်နှာ၌ ထင်တဲ့အတိုင်းပဲ ဟူသော အရိပ်ယောင်မျိုး ဖြတ်ပြေးသွားသည်။ နှာတံလောက် မလှသော်လည်း စိုက်ကြည့်ခြင်းခံရပါက နည်းနည်းသွေးပျက်ချင်စိတ် ပေါက်လောက်သော မျက်လုံးတွေ၌ ကရုဏာရိပ်တွေက ပြည့်သိပ်သွားခဲ့သည်။

"ရှင် မိုးမိတာလား ..."

"အင်း ... ဆိုပါတော့ ..."

"ကျွန်မ စိတ်မကောင်းလိုက်တာရှင် ... ရှင် နေမကောင်းဖြစ်ရတာ ကျွန်မကြောင့်ပါ ... ကျွန်မ တောင်းပန်ပါတယ်"

သူ့ကိုငုံ့ကြည့်ပြောနေသော သူမရဲ့ မျက်နှာ၌တကယ်ကို





အားနာရိပ်၊ စိတ်မကောင်းရိပ်တွေက အထင်းသားပဲ ဖြစ်သည်။

"ရပါတယ် ... အဲလောက်လည်း မဟုတ်ပါဘူး ... နောက်ဆို ထီးဖြစ်ဖြစ်၊ မိုးကာဖြစ်ဖြစ် ဆောင်ထားနော်၊ ကျွန်တော်လည်း အစက အထာမသိတော့ ရွဲတာပဲ ... ရန်ကုန်မိုးက အစိုးမရဘူး ..."

"ဩော် ... ဒီမှာ ရှင့်မိုးကာလေး ... ကျွန်မ သေချာလျှော်ပေးလာတယ်နော် ... ကျေးဇူးအရမ်းတင်ပါတယ် ..."

သူက ... သူမကမ်းပေးသော မိုးကာအိတ်လေးကို လှမ်းယူလိုက်ရင်းမှ လက်ချောင်းလေးတွေကို ဂရုတစိုက်ကြည့်မိသည်။ ဆိုးဆေးမပါသော လက်ချောင်းသန့်သန့်လေးတွေဟာ အတော်ကြည့်ကောင်းတာပဲ။

"လျှော်ပေးစရာ မလိုပါဘူး ... မိုးကာပဲဟာ ... မိုးစိုမှာပေါ့၊ ဩော် ... ဒါနဲ့ ဒီက ဟို ... ဒီတစ်ယောက်ရော မိုးမိသေးလား ... ကျွန်တော်က ခင်ဗျားရော နေကောင်းရဲ့လားလို့ တွေးနေသေးတယ် ..."

သူမက သူ့စကားကြောင့် နူးညံ့စွာ ပြုံးပြရင်း ခေါင်းတစ်ချက်ညိတ်ပြသည်။

"ကျွန်မ မိုးမမိပါဘူး ... ကျွန်မနာမည် ဘုန်းမေထိုက်ပါ၊ ကျွန်မကတော့ ရှင်မလာတာ ဖျားနေပြီပဲလို့ တွက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တာ ... ကျွန်မ စိတ်မကောင်းပါဘူးရှင် ...

အဲဒီနေ့က မိုးတိတ်အောင် မစောင့်နိုင်တာလည်း တခြား သင်တန်းတစ်ခုကို ကူးစရာရှိသေးလို့ပါ ... ”

“ရပါတယ်ဗျာ ... တစ်တန်းသားချင်းတွေပဲ ... ကျွန်တော့် နာမည် လင်းလွန်းဗိုလ်ပါ ... ”

“ဟုတ်ကဲ့ ... ကျွန်မ မှတ်ထားပါ့မယ် ... ”

သူမက ခေါင်းလေးညွှတ်ကာ လေးလေးစားစား ပြောလေသည်။ သူက ဖျတ်ခနဲပင် ခေါင်းထဲဝင်လာသော အကြံ ဉာဏ်ဖြင့် ...

“ကျွန်တော့်ကို ကျေးဇူးတွေ အရမ်းတင်စရာ မလိုပါဘူး ... ဘုန်းမေထိုက်လည်း ကျွန်တော့်ကို ကူညီပေးဖူးခဲ့တာပါပဲ”

“ရှင် ... ဘယ်တုန်းကပါလိမ့် ... ”

သူမက အဟုတ်ကိုပင် မှတ်မိပုံ မပေါ်ချေ။

“Library ထဲမှာလေ ... ကျွန်တော့် ဝေါလက်လေးအောက် ကို ကျနေတာ ကျွန်တော် မသိဘူး ... ဘုန်းမေထိုက်က ဝေါလက်ကျနေတယ်ဆိုပြီး ပြောပြပေးသွားတာ ... မှတ်မိ ပြီလား ... ”

အဲဒီအခါမှ သူမက မှတ်မိသွားသည့် အရိပ်သဏ္ဍာန် ဖြင့် ခေါင်းကို သွက်သွက်ညိတ်လျက် ...





“ဪ ... ဟုတ်တယ် ... ကျွန်မ မှတ်မိပြီ ... ”

“အပြန်အလှန်ပဲ ... ကျေပြီပေါ့နော် ... ”

“မဟုတ်တာရှင် ... ကျွန်မနေရာမှာ တခြားတစ်ယောက် သာဆိုရင်လည်း ဒီလိုပြောသွားမှာပါပဲ ... ဒါ ကူညီတယ် မဆိုသာပါဘူး ... ”

“ဘုန်းမေထိုက်ကြည့်ရတာ ရန်ကုန်က မဟုတ်ဘူးနဲ့ တူ တယ်နော် ... ”

သူမက အနည်းငယ်ငိုင်သွားသော မျက်လုံးများဖြင့် ခေါင်းညိတ်ပြပြီးလျှင် ...

“ဟုတ်ပါတယ် ... ကျွန်မ နယ်ကပါ ... ဘာလို့လဲဟင်”

“ဪ ... ရန်ကုန်မိုးရဲ့အထာကို မသိလို့လေ ... ကျွန်တော် လည်း ပြည်ကပါ ... ကျွန်တော် ရောက်ခါစကလည်း ဒီလို ပဲ မိုးကာတွေ ထီးတွေ ဆောင်းရမှန်း နားမလည်ဘူးလေ၊ ရောက်ခါစက မိုးမိပြီး ဖျားဖူးသေးတယ် ...

တစ်ယောက်တည်းဆိုတော့ Home sick ကဖြစ်၊ နေမကောင်း တဲ့အခါ ပြုစုမဲ့သူက မရှိနဲ့ အရမ်း Work ဖြစ်ရတာ ... ဒါ တောင် ကျွန်တော်က ယောကျ်ားလေးနော်၊ မိန်းကလေး ဆိုရင် ပိုခံစားလွယ်တယ် ...

ဘုန်းမေထိုက်ကို ကျွန်တော် အကဲခတ်ကြည့်တော့ နဖော့



www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးလို့ ထင်တာကြောင့် အကူအညီပေးခဲ့တာပါ။ တစ်ယောက်တည်း ဖျားနာနေရင် အခက်အခဲရှိမှာစိုးလို့"

သူကကြိုတင်မရည်ရွယ်ထားခဲ့သော ဒိုင်ယာလော့ခ် အရှည်ကြီးကို mood ဝင်ဝင်ဖြင့် ပြောဖြစ်သွားလေသည်။ သူ့စကားဟာ သူမကို ဘယ်လောက်တောင်များ Heart ထိသွားစေသလဲတော့ မသိ။ သူ့ကို ငေးစိုက်ကြည့်လျက် အတန်ကြာ ဘာစကားမှ မပြောနိုင်တော့ချေ။ ခဏကြာမှ ခေါင်းကို ငုံ့ချပစ်လျက် ...

"ကျေးဇူးတင်ပါတယ် ... "

ဟု တိုးဖွဖွပြန်၍ ပြောလေသည်။

"ဘုန်းမေထိုက်မှာ ဘာအခက်အခဲပဲရှိရှိ ... လိုတဲ့အကူအညီကို ကျွန်တော့်ကို ပြောပါ ... ကျွန်တော်တို့တစ်တွေဟာ ရည်မှန်းချက်တွေ ကွဲပြားကြပေမယ့် ... ရည်မှန်းချက်တွေ ပြည့်ဝဖို့ဆိုတဲ့ ဆန္ဒချင်းတော့ တူကြပါတယ် ... ရန်ကုန်မှာလာပြီး ရုန်းကန်နေရသူအချင်းချင်း ကျွန်တော် စာနာနားလည်လို့ပါ ... ကျွန်တော့်ကို သူငယ်ချင်းကောင်း အဖြစ် သတ်မှတ်နိုင်ပါတယ် ခင်ဗျာ ... "

သူ့စကားဟာ သူမကို ဘယ်လောက်ထိ လွှမ်းမိုး ...ွားသလဲဆိုတာ သူမ မျက်လုံးတွေကို ကြည့်တာနဲ့တင် သိနိုင်စွမ်း





လေသည်။ ဒီနေရာမှာ သူ့ရဲ့အတွေ့အကြုံနှင့် သူမအပေါ် လေ့လာ ထားမှုက သူ့ကို အများကြီး ပို့ဆောင်ပေးလိုက်သလိုရှိ၏။

တခြားယောက်ျားလေးတွေလို မြင်တာနှင့် လိုက် လိုက်လှဲလှဲခင်ချင်သော၊ မျှော်လင့်သော မျက်လုံးတွေနှင့် ကြည့် သော ပုံစံမျိုးကို သူ ရှောင်ခဲ့သည်။ ဒီလိုပုံစံမျိုးကို သူမ ကြိုက်မှာ မဟုတ်မှန်းလည်း အလိုလိုသိနေခဲ့၏။

အတိတ်ခံစားချက်တစ်ခုကြောင့် ရှောင်လွှဲလာခဲ့တဲ့ သူမမှာ မြို့လေးကို သံယောဇဉ်တွယ်သောစိတ် ရှိနေမှာလည်း အသေအချာပဲ ဖြစ်ပါသည်။ ဘယ်လောက်ပဲ မာန်တွေတင်းထား သော မိန်းမတစ်ယောက်ဖြစ်ပါစေဦး အားငယ်ရိပ်ကတော့ ရှိ အောင်းနေမှာ အသေအချာ။ ဒီအချက်ကို ကောင်းကောင်းနားလည် ထားသော သူဟာ သူမနှင့် ဒီ့ထက်ရင်းနှီးပတ်သက်ရဖို့ အချိန်ကာလ တစ်ခုကိုတော့ ရင်းရမှာ ဖြစ်လေသည်။ ဒါဟာ သာမန်ရည်းစား ထားဖို့ မဟုတ်ချေ။ ရည်းစားမြန်မြန်ဖြစ်ကာ မြန်မြန်ပြတ်သားဖို့ အရေးကို သူ မလိုလား။ သူမကို တစ်သက်လုံး တမြေ့မြေ့လောင် ကျွမ်းသွားစေလိုပါသည်။

"ကျွန်တော်ပြောတာတွေက လျှာအရမ်းရှည်သလိုများ ဖြစ် နေပြီလား မသိဘူး ... စိတ်များခုသွားလားဟင် ... ဘုန်းမေ ထိုက် ... "



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ပြုံးကြည့်လာသော သူမ မျက်ဝန်းများတွင် ယုံကြည်မှုနှင့်အတူ ပျော်ရွှင်မှုအရိပ်တွေပါ လင်းလက်၍နေလေသည်။

"ဘုန်းမေထိုက်လို့ခေါ်ရတာ ရှည်ပါတယ် ... ကျွန်မကို မေထိုက်လို့ ခေါ်လည်းရပါတယ် ... ရှင့်ကိုလည်း ကျွန်မ လင်းလွန်းလို့ပဲ ခေါ်မယ်နော် ... "

ရင်းရင်းနှီးနှီး ပြောလိုက်သော စကားသံလေးအဆုံးတွင် သူ့မျက်နှာဟာ ကျေနပ်စိတ်ဖြင့် ဝင်းပလို့ သွားတော့သည်။ သူမနှင့် ပတ်သက်၍ ထပ်မံသိခွင့်ရခဲ့သည်မှာ သူမဟာ ပွင့်ပွင့်လင်းလင်းနှင့် ဟန်မဆောင်တတ်သောသူတစ်ယောက်ဆိုတာပင်။

မင်းဟာ ... ဘာမှမသိသေးတဲ့ လူတစ်ယောက်အတွက်ဆိုရင်တော့ အင်မတန် ရင်ခုန်ဖို့ကောင်းတဲ့ ပန်းတစ်ပွင့်ပါ မေထိုက်ရယ် ... ။

ပေးစာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် (၁၈၆)၊ သုမင်္ဂလာ (၆) လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းသို့
ပေးပို့နိုင်ပါသည်။







မိန်းကလေးတွေရဲ့ အားနည်းချက်ဟာ ဘာဆိုတာပါလို့ သိထားသော သူ့အတွက် ဘုန်းမေထိုက်နှင့် ခင်မင်ခွင့်ရသွားပြီးလျှင် ရှေ့ဆက်လှုပ်ရှားဖို့ရာမှာ ဘာမှ မခက်ခဲတော့ချေ။ အစကောင်းမှ အနှောင်းသေချာဟူသော စကားသည် သူ့အတွက် ရာနှုန်းပြည့် မှန်ကန်ခဲ့သည်။ သူမ အကူအညီလိုတဲ့အချိန်မှာ အနစ်နာခံ ကူညီခဲ့ပြီး ဘဝတူတွေဟူသော အသိကို သွင်းပေးထားသည့်အတွက် သူမက သူ့ကို ခင်မင်ခဲ့ရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



အခင်အမင်တစ်ခုရပြီးလျှင် နောက်ထပ် သူ တက်မည့်အဆင့်မှာ စိတ်ကြည်နူးမှုကို ပေးစွမ်းနိုင်သော အဆင့်ဖြစ်သည်။ ဒီမှာ မိတ်ဆွေ ... ။ စာဖတ်သူ ခင်ဗျားဟာ ယောကျ်ားလေးပဲဖြစ်ဖြစ်၊ မိန်းကလေးပဲဖြစ်ဖြစ် ဒီနည်းကို သုံးလို့ရပါတယ်။ ဘယ်သူမဆို ကိုယ့်ကို ဂရုစိုက်ကြင်နာတာကို မကြိုက်တဲ့သူ မရှိပါဘူး။ တမင်ကြီး ပျာပျာသလဲ မျက်စိနောက်အောင် ကဲပြနေတာမျိုးကို ဆိုလိုတာ မဟုတ်ပါ။ အသေးအမွှားလေးတွေကို ကြင်နာတတ်တဲ့ မျက်စိနဲ့ မြင်တတ်ပြီး ဂရုစိုက်တာကိုသာ ဆိုလိုပါတယ်။

သူက သူမကို အသေးစိတ်ကြင်နာဂရုစိုက်သော ပုံစံမျိုးဖြင့် နေခဲ့တာဖြစ်သည်။ စာအုပ်တွေကို နှစ်သက်သဘောကျမှန်းသိ၍ စာအုပ်တချို့ လက်ဆောင်ပေးသည်။

"မေထိုက်အတွက် ကျွန်တော် ဖေမြင့်ရဲ့ နှလုံးသားအဟာရ ဝယ်လာတယ်၊ နောက် ဂျာနယ်လ်တွေရော ... ဂျာနယ်လ်တွေက latest news တွေ သိရအောင်လို့"

"ဟယ် ... အားနာစရာကြီး ... ဘယ်လောက်ကျသလဲဟင်"

သူမက ကျေနပ်သွားသည့် အရိပ်အယောင်ဖြင့် ဝမ်းပန်းတသာပြောလျှင် သူက ကျိတ်၍ ကျေနပ်ရသည်။

"မေထိုက်က ဘယ်လိုပေးချေချင်လို့လဲ ... "





"ရှင်ပြောတာ ကျွန်မ နားမလည်ဘူး ... "

"စာအုပ်နဲ့ ဂျာနယ်လ်ရဲ့တန်ဖိုးအတွက်ပဲ ပေးချင်တယ်ဆိုရင်တော့ သိပ်မကျပါဘူး ... ဝယ်လာပေးသူရဲ့ စေတနာအတွက် ပေးချင်တယ်ဆိုရင်တော့ အများကြီးကျလိမ့်မယ်၊ ဒီတော့ ဘယ်လို cash လုပ်ချင်သလဲ"

သူမက သူ့စကားကို သဘောတကျနှင့် ရယ်မောလေသည်။ အခါတိုင်းက ဖြန့်ချထားလေ့ရှိသော ပခုံးကျော်ရုံ ဆံနွယ်တွေကို ဒီနေ့မှ ပိုနီတေးလ်ပုံစံ ခပ်မြင့်မြင့် စုချည်ထားပုံက သူမကို အသွင်တစ်မျိုး သစ်စေသည်။

"ရှင်က တော်တော်စကားတတ်တာပဲ ... "

"ဒါတောင် သင်ပေးမယ့် အမေက မီးတွင်းထဲမှာတင် ဆုံးသွားလို့ ... နို့မို့ဆို ဒီ့ထက်တတ်တယ် ... "

"ဩော် ... ရှင့်မေမေက မရှိတော့ဘူးလား ... ဒါဖြင့်ရင် ရှင်က မွေးချင်းမောင်နှမ မရှိဘူးပေ့ါနော် ... "

"ဟင့်အင်း ... ကျွန်တော်က မွေးကတည်းက မေမေ့ကို မမြင်ဖူးခဲ့ဘူး ... အဒေါ်တွေရဲ့ လက်ထဲမှာပဲ ကြီးလာရတာ ... ကျွန်တော့်ဘဝမှာ မိခင်မေတ္တာကို မခံစားဖူးဘူး"

"ကျွန်မ စိတ်မကောင်းပါဘူးရှင် ... "



www.burmeseclassic.com

www.burmeseclassic.com



သူမပုံစံက ... သူ့အတွက် အမှန်တကယ်ကို စိတ်မကောင်းသည့် အရိပ်အယောင်ဖြစ်သည်။

"ကဲပါ ... အခုနာကားက ပျောက်သွားပြီ ... စာအုပ်တန်ဖိုးတွေကို မေထိုက်က ဘယ်လိုရှင်းမှာလဲ ..."

သူမထံမှ အလွန်ချစ်စရာကောင်းသော မျက်စောင်းလှလှလေးတစ်ခုက ဝဲပုံ၍လာလေသည်။

"ရှင်က ဘယ်လိုရှင်းစေချင်လို့လဲ လင်းလွန်းရဲ့ ..."

"ကျွန်တော်ကတော့ စေတနာရဲ့ တန်ဖိုးကိုပဲ ရှင်းစေချင်တယ် ..."

"ဟယ် ... ရှင်က မတန်တဆကြီးတောင်းရင် ဘယ့်နှယ်လုပ်မလဲ ..."

"မေထိုက် သဘောတူမှပေးပါ ... ရောင်းသူဝယ်သူ ကြည်ဖြူမှ ..."

"ကဲပါ ... မစ္စတာသာလီကာရယ် ... မြန်မြန်ပြောပါတော့"

သူက ချက်ချင်းမပြောသေးဘဲ သူမမျက်နှာကို ပြုံးစေ့စေ့ကြည့်ကာ ပြောမထွက်ခဲ့သူ လုပ်နေလိုက်သေးသည်။ အဲဒီပုံကို သူမက မချင့်မရဲဖြစ်နေဟန်ဖြင့် မျက်ခုံးနှစ်ဖက်ကျုံ့ကာ သွားစေ့ရင်း ကြိမ်းလေသည်။





"ကျွန်တော့်ကို တုတ်ထိုးအဝလိုက်ကျွေးလို့ ... အဲဒါ"

သူမက ဘာမှပြန်မပြောတော့ဘဲ ပခုံးကိုသာ လှုပ်လျက် ရယ်မောနေတော့လေသည်။

"ကျွေးမှာလား ..."

"လင်းလွန်းရယ် ... ရှင်ဟာလေ ... ကျွန်မကို အမြဲရယ်ရအောင် လုပ်တတ်တယ် ... တုတ်ထိုးများ ရှင်လည်း ဝယ်မစားနိုင်တာ ကျနေတာပဲ ..."

"သူများကျွေးတာက ပိုစားလို့ကောင်းတယ်ကွ ..."

"ဩော် ... ဟော်ဟော် ... လက်စသတ်တော့ အကြံဆိုးကြီးနဲ့ကိုး ..."

"အဲဒီလိုလည်း မဟုတ်ပါဘူး မေထိုက်ရယ် ... တကယ်တော့လေ ... အဟဲ ... ဘိုင်ပြတ်နေလို့ပါ ... ပြတ်တုန်းလက်တုန်း နှစ်ဆယ့်သုံးလေ မေထိုက်ရဲ့ ..."

"ဘာတုန်း ပြတ်တုန်းလက်တုန်း နှစ်ဆယ့်သုံးဆိုတာ"

"တစ်လစာ ပို့ပေးတဲ့ငွေဟာ နှစ်ဆယ့်သုံးရက်နေ့လောက်ဆိုရင် ပြတ်ပြီလေ မေထိုက်ရဲ့ ... အိမ်က ငွေမလာသေးလို့ အဟဲ ... ဟဲ ..."

ဒီတော့မှ သူမက သဘောပေါက်ကာ တသိမ့်သိမ့်



www.burmeseclassic.com

www.burmeseclassic.com



ရယ်လေတော့သည်။ သူက ကကြိုးပုံနဖူးလေးနှင့် ဆံညွန့်လေးတွေ ဝဲကျနေသော သူမရဲ့ အရယ်မျက်နှာလေးကို အမှတ်တမဲ့ ငေးနေမိသည်။

အခါတိုင်း တင်းတင်းစေ့ထားသော နှုတ်ခမ်းဖူးဖူးလေးတွေဟာ သူနဲ့ ခင်ပြီးမှ အဖွင့်အပိတ်တွေ ပိုလုပ်လာသလိုပဲဟု ခံစားရလေသည်။

"သိပ်သနားစရာကောင်းအောင် လုပ်မနေပါနဲ့ ... class ပြီးရင် (၁၉)လမ်းမှာ သွားစားကြမယ်လေ ... "

"တကယ်ကြီး ကျွေးတော့မှာပေါ့ ... "

သူမက ဒါပေါ့ဟူသောပုံစံဖြင့် မျက်ခုံးပင့်ကာ ပြလေသည်။ class ပြီးလျှင် သူနဲ့ သူမ ဘတ်စ်ကားအတူတူစီးကာ (၁၉) လမ်းသို့ သွားကြသည်။ ဒါဟာ ခင်မင်ပြီးမှ နှစ်ယောက်တွဲ၍ ပထမဆုံးအကြိမ် အပြင်အတူတူသွားကြခြင်းဖြစ်၏။ ရုံးဆင်းချိန် နီးလာပြီမို့ ကျပ်လာသော ဘတ်စ်ကားထဲမှာ သူနှင့် သူမ နှစ်ဦးသားလည်း တဖြည်းဖြည်း ကျပ်ညပ်၍လာသည်။

စပါယ်ယာက လူတွေ နင်းကန်ထပ်ထည့်လျှင် သူမက သူ့ရင်ခွင်ထဲသို့ တဖြည်းဖြည်း ရောက်၍လာတော့သည်။ သူမအတွက်သာ အပေါ်လက်ကိုင်ကွင်းကို လှမ်းကိုင်ဖို့ပင် သိပ်မတတ်





နိုင်တော့။ ဘတ်စ်ကားက ပွိုင့်မိ၍ ဘရိတ်ဆွဲဖမ်းလိုက်လျှင် ယိုင်လဲမလိုဖြစ်သွားသော မေထိုက်ကို သူက အလျင်အမြန်ပင် ဆွဲဖမ်းထားလိုက်ရသည်။

"ကျေးဇူး ... "

သူမက ခပ်တိုးတိုးဆိုကာ ခေါင်းငုံ့သွားသည်။ ငုံ့မှာပေါ့။ ဘတ်စ်ကားအဆောင့်မှာ သူကလည်း ရှေ့သို့ ငိုက်ဆင်းသွားလျက် သူ့နှုတ်ခမ်းဟာ သူမရဲ့ နဖူးပြင်ကို ပွတ်ကာသီကာ ထိသွားခဲ့တာကိုး ... ။

"ကျွန်တော့်လက်မောင်းကို ကိုင်ထားပါလားဟင် ... "

"ရပါတယ် ... "

"နောက်တစ်ခါ ထပ်လဲမှာစိုးလို့ပြောတာ ... ကျွန်တော် မေထိုက်ကို ထပ်ဖမ်းနေရမှာစိုးလို့ ... "

သူမ နှုတ်ခမ်းလေးတွေက ယောင်ယောင်မှု ပြုံးသွားပြီးနောက် တစ်ဘက်သို့လှည့်ကာသွားသည်။ သူ့လက်မောင်းကိုတော့ လာမကိုင်ချေ။ နေနှင့်ဦး။ ဒီတစ်ခါ ဘရိတ်ထပ်အုပ်မှသိမယ်။

သို့သော် သူ့ရဲ့အကြံအစည်ကို အားမပေးသော မိုးနတ်မင်းက ဘရိတ်အုပ်ဖို့ ထပ်အားမပေးတော့တာလားတော့



www.burmeseclassic.com

www.burmeseclassic.com



ချေ။ ကားက ဘရိတ်ကြမ်းကြမ်း ထပ်မအုပ်တော့။ ဒီလိုနဲ့ လသာ မြို့နယ်ထဲရှိ ဆင်းရမည့် မှတ်တိုင်သို့ ရောက်လာခဲ့သည်။

ဘတ်စ်ပေါ်မှ ဆင်းပြီးလျှင် သူမ မျက်နှာကား သိသိသာသာကို ရှုံ့မဲ့၍ နေလေသည်။

"မေထိုက် ... တော်တော်အီသွားပြီလား ..."

"အမလေး ... ကျွန်မတော့ ရန်ကုန်ဘတ်စ်ကားကျပ်တာကို အားကြီးစိတ်ညစ်တာပဲ ..."

သူက ချွေးလေးတွေစို့နေသော သူမကို ကြင်နာစွာ ငေးကြည့်မိသည်။ ဘုရားရေ ... သတိထားစမ်း လင်းလွန်း။ ဒါ မင်း လက်စားချေဖို့ ကြိုးစားနေတဲ့ မိန်းကလေးနော်။ သူက သူ့ကိုယ်သူ သံပတ်ပြန်တင်းလျက် သူမနှင့်အတူတူ ယှဉ်တွဲ၍ လျှောက်လာခဲ့သည်။

ညနေစောင်းစောင်း တရုတ်တန်းသည် အမျိုးမျိုး အဖုံဖုံ စျေးဆိုင်များဖြင့် စည်ကားသက်ဝင်စ ပြုနေချေပြီ။ သူမကား စျေးသည်တွေကို စိတ်ဝင်တစားနှင့် အကဲခတ်ကြည့်ရှုရင်း သူ့ကိုလည်း စကားလမ်းလှမ်းပြောသေးသည့်ပုံမှာ ကလေးငယ်လေးတစ်ယောက်လိုပင် ...။ စကားငဲ့စောင်းပြောလိုက်တိုင်း ခါရမ်းသွား





သော နားကွင်းကြီးကြီးနှင့် ပိုနီတေးလ်ဆံပင်မှာ ဘယ်လိုလိုက်မှန်း မသိပေ။

ဟင်း ...။ သူက သူမ မသိအောင် သက်ပြင်းကို အသာနိုးချမိလေသည်။

"လင်းလွန်းရေ ... ဒီမှာပဲ စားရအောင်နော် ..."

သူမက တရုတ်မကြီးတစ်ယောက် ထိုင်ရောင်းနေသော ဝက်သားတုတ်ထိုးခြင်းတောင်းကြီးကို ညွှန်ပြကာ ပြောသည်။ အဲ့ဒီနောက်မှာတော့ စိတ်တိုင်းကျရွေး၍ စားတော့တာ ဖြစ်လေသည်။ တုတ်ထိုးကို ဟန်မဆောင်တမ်း အားရပါးရစားနေသော သူမရဲ့ပုံကို နိုးကြည့်နေရတာမို့ သူ့မှာ ဖြောင့်ဖြောင့်ကို မစားနိုင်ချေ။

"လင်းလွန်း ... ရှင် စားတာနည်းတယ်နော် ..."

"ကျွန်တော် ရင်ပြည့်နေလို့ ..."

"ဟယ် ... ဟုတ်တယ် ... ဘာဖြစ်တာလဲ ... အခုနကတော့ အဝစားမှာဆို ..."

"အလကားနောက်တာပါ ... စားမှာပေါ့ ... စားပြီးရင် အအေးပါ တိုက်ဦးနော် ..."

"အေးပါဟယ် ..."

သူမသည် သူ့ကို အလိုလိုက်သည့် အစ်မကြီးပါစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်နှယ် ပြောလေသည်။ အဲဒါပြီးလျှင် သူ့ကို အအေးတိုက်သည်။ သူက အအေးဆိုင်ထဲ ဝင်လာသော လူတစ်ယောက်ကို မသိမသာပြလျက် ...

"မေထိုက် ... အဲဒီလူက တစ်ကိုယ်ကောင်းဆန်တယ် သိလား ..."

"ရှင်နဲ့ သိလို့လား ..."

"မသိပါဘူး ... ဒါပေမဲ့ သူက တစ်ကိုယ်ကောင်းဆန်တယ်"

"လျှောက်ပြာပြန်ပြီ ... ကျွန်မတော့ မယုံဘူး ..."

"စာကယ်ပြောတာ ... ကျွန်တော် စာအုပ်တစ်အုပ်ထဲမှာ ဖတ်ဖူးတာလေ ... နှာခေါင်းကောက်တဲ့လူတွေက တစ်ကိုယ်ကောင်းဆန်တယ်တဲ့ ... ကဲ ... မေထိုက်ရဲ့အသိထဲမှာ နှာခေါင်းကောက်တဲ့သူ မရှိဘူးလား ... စဉ်းစားကြည့်စမ်း ...

သူ တစ်ကိုယ်ကောင်းဆန်လားလို့ ..."

သူမက မျက်လုံးလေးထောင့်ကပ်၍ စဉ်းစားသည်။ ပြီးလျှင် ရယ်ဟဟဖြင့် ...

"အင်း ... ရှိတယ် ... ရှိတယ် ... ဟုတ်သားပဲနော်"





သူက ရုပ်အကျီကော်လံကို မ,ကာ ပခုံးတွန့်ပြလိုက်လျှင် သူမက တဟက်ဟက် ရယ်မောတော့သည်။

"ကျွန်တော် တစ်ခုမေးမယ် ... မေထိုက် စိတ်ဆိုးတတ်လား ..."

"စိတ်ဆိုးစရာဆိုရင်တော့ ဆိုးမှာပေါ့ ... ဘာပြောမလို့လဲ"

"ကျွန်တော် မေထိုက်ကို class စတက်ထဲက သတိထားမိပါတယ် ... မေထိုက်က ဘယ်သူနဲ့မှ သိပ်မရောဘူး ... ပုံမှန်ပဲ၊ အရယ်အပြုံးလည်း မရှိဘူး ...

ဟို ဘယ်လိုသဘောမျိုးနဲ့မှ ပြောတာတော့ မဟုတ်ဘူးနော်၊ ကျွန်တော်နဲ့ ခင်သွားပြီးမှ မေထိုက်ပြုံးတာ ရယ်တာကို တွေ့ဖူးတယ် ..."

ဒီတစ်ခါလည်း သူမက ပြုံးပါသည်။ အဲဒီနောက် သူ့ကို စောင်ငဲ့ကြည့်လာလျက် ...

"ရှင် ကျွန်မကို ဘယ်လိုမြင်လဲ လင်းလွန်း ..."

ထိုမေးခွန်းအတွက် သူ့မှာ ဒိုင်ယာလော့ခ်အဆင်သင့်မရှိချေ။ ပြီးတော့ ဒီလိုမေးလာလိမ့်မည်ဟုလည်း သူ ဘယ်တုန်းကမှ မမျှော်လင့်ခဲ့ဘူးပါ။ သူမရဲ့မေးခွန်းသည် ဖြေနိုင်ရင် ဖြေနိုင်သလို ကျယ်ပြန့်သော မေးခွန်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုမြင်လဲဆိုတော့ မေထိုက်ရဲ့ ရုပ်ပိုင်းဆိုင်ရာကိုတော့ မပြောချင်တော့ပါဘူး ... ရုပ်ပိုင်းဆိုင်ရာဆိုတာက လူတိုင်းလက်ခံထားတဲ့ အမြင်ကိုပေါ့ ... ဥပမာ မေထိုက်က ချောတယ် လှတယ် ဘာညာပေါ့ ... ကျွန်တော်က မေထိုက်ရဲ့ စိတ်ပိုင်းဆိုင်ရာကိုပဲ ပြောမှာ ... မေထိုက်က နေတာထိုင်တာ သိုးသန့်ဆန်တယ် ... နောက် ... ပွင့်လင်းတယ်၊ ရိုးသားမှုရှိတယ် ... အရမ်းခင်တဲ့ သူငယ်ချင်းတွေနဲ့ဆိုရင် အရမ်းကို ပျော်တတ်မယ့်ပုံစံပဲ ... "

သူမက သူ့ကို မျက်လုံးလှန်ကြည့်ကာ ဒါပဲလားဟု မေးလေသည်။ သူက ခေါင်းတစ်ချက်ညိတ်လိုက်ရင်း ...

"အခုတော့ ဒီလောက်ပဲပေါ့ ... နောက်မှ ထပ်ပြောမယ်"

"ကျေးဇူးတင်တယ် လင်းလွန်း ... ရှင်ဟာ ကျွန်မမျှော်လင့်ထားတဲ့ သူငယ်ချင်းပုံစံပါပဲ ... ရှင် ခန့်မှန်းတာတွေက nearly perfect ပါ ...

ရှင်က လူတွေကို·လေ့လာရတာ ဝါသနာပါပုံပေါ်တယ်နော်၊ ကျွန်မကတော့ လူကဲခတ် တော်တော်ညံ့တယ် ... "

ဒီစကားကို သူမ ဘာအဓိပ္ပာယ်နှင့်ပြောသည်ဆို တာ





သူ နားမလည်ချေ။ သို့သော် အဓိပ္ပာယ်တစ်ခုခုကတော့ ပါ ကောင်းပါနိုင်ပါသည်။

"ကျွန်တော်တို့ကြားထဲမှာ ခင်မင်မှုသက်တမ်း ဒီထက်ရင့်လာရင် မေထိုက်ကို ကျွန်တော် ဒီထက် ခန့်မှန်းပေးနိုင်မယ်လို့ မျှော်လင့်ပါတယ် ... "

ဒီတစ်ခါ ထပ်ပြုံးသော သူမရဲ့အပြုံးက အဓိပ္ပာယ်အရှိဆုံးပဲ ဖြစ်၏။

"ဒီလိုဆိုရင်တော့ အားနာစရာကြီး ဖြစ်တော့မှာပဲ ... "

"ဘာဖြစ်လို့လဲဟင် ... "

"ဩော် သူငယ်ချင်းတို့ မိတ်ဆွေတို့ဆိုတာ တစ်ယောက်နဲ့တစ်ယောက် စိတ်ဝင်စားမှုရှိရတယ်လေ ... လိုအပ်တဲ့ အကြံဉာဏ်လည်း ပေးနိုင်ရတယ် ... အကဲခတ်ပေးတတ်ရတယ်၊ ရှင်ကချည်း ကျွန်မကို အကဲခတ်ပေးနေရတာ ရှင်ကတော့ သူငယ်ချင်းကောင်းဖြစ်ပြီး ကျွန်မက တာဝန်မကျေသလို ခံစားရတယ် ...

ရှင့်ကိုလည်း ကျွန်မ ပြန်ခန့်မှန်းပေးရမယ် ...

လုံးဝ မလွဲစေရဘူး ... ဒါပေမဲ့ ရှင် မညာဖို့တော့ လိုမယ်၊ ဘယ်လိုလဲ ... "



www.burmeseclassic.com

www.burmeseclassic.com



မျက်စပစ်၍ ပြုံးစစလေးမေးပုံကို သူ အင်မတန် မျှားသွားခဲ့သည်။ မင်း လျှော့မတွက်နဲ့ လင်းလွန်း။ မေထိုက်ဟာ ခပ်တုံးတုံးမိန်းမတစ်ယောက် မဟုတ်ဘူး။ ရိုးသားပွင့်လင်းခြင်းဟာ ရဲရင့်ခြင်းလိုပဲ ကောင်းကောင်းကြီး အနိုင်ရသွားစေနိုင်တယ်။

သူက ကိုယ့်ကိုယ်ကိုယ် သတိပေးလျက် သူမကို ခေါင်းညိတ်ပြလိုက်ရသည်။

"မေထိုက် ... ခန့်မှန်းပေးတာ တော်ရင်တော့ ကျွန်တော် မညာပါဘူး ..."

"အိုကေလေ ... သိပ်မကြာတော့ပါဘူး ..."

အဲဒီနောက် သူမက Taxi တစ်စီးငှားကာ အဆောင်သို့ ပြန်သွားသည်။ ကားပေါ်မှ လက်ချောင်းလေးများလှုပ်ခတ်လျက် နှုတ်ဆက်သွားပုံဟာ သူ့ရဲ့အိပ်မက်ထဲအထိ အလည်ရောက်ရှိလို့ လာခဲ့လျှင် သူကိုယ်သူ ကြီးစွာ တုန်လှုပ်၍သွားခဲ့ရပါသည်။

ဝေဖန်စာ၊ အကြံပြုစာ၊ စိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် (၁၀၆)၊ သုမင်္ဂလာ (၆) လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းသို့
ပေးပို့နိုင်ပါသည်။







ဒီလိုနှင့် သူနှင့်ဘုန်းမေထိုက်၏ ခင်မင်မှုသည် တစ်စ တစ်စ နက်ရှိုင်းလျက် ရင်းနှီးနွေးထွေး၍ လာခဲ့လေသည်။ သူနဲ့သူမ ၏ ပုံမှန်တွေ့ချိန်မှာ class ပြီးသွား၍ BC ထဲရှိ ကန်တင်းမှာ ထိုင်ရင် ထိုင်၊ မထိုင်ရင်လည်း BC ထဲမှာပဲ အချေကြည့်ကြတာများ၏။ ဒီလိုနှင့် သူ့အကြောင်း ကိုယ့်အကြောင်း ဖလှယ်ကြတာ ဖြစ်သည်။

တစ်နေ့သော် သူက Class ပြီးသွားလျှင် ...



www.burmeseclassic.com

www.burmeseclassic.com



"မေထိုက် ဒီနေ့ LCCI ကို သွားရဦးမှာလား ..."

"ဟင့်အင်း ... ဘာလို့လဲဟင်"

"အခွေရော ကြည့်ဦးမှာလား ..."

"မကြည့်လည်း ရပါတယ် ... လင်းလွန်း ဘာကိစ္စရှိလို့လဲ"

"ဒီနေ့ အိမ်က ငွေရောက်တယ်လေ ... အဲဒါ မေထိုက်ကို အကြော်ကျွေးမယ် စားမှာလား ... အင်းလျားကန်စောင်းကို သွားမှာ ... အပြန်ကျ အဆောင်ထိ လိုက်ပို့ပေးမယ်လေ ..."

"အကြော်စားမယ်ဆိုရင်တော့ သွားစားကြတာပေါ့၊ ဒါပေမဲ့ လင်းလွန်း မကျွေးပါနဲ့ ကိုယ့်ဘာသာသုံးပါနော်"

သူက သူမကို သိပ်မပြည့်စုံသူဟု ပြောထား၍ သူမသည် နေရာတကာတွင် သူ့ကို ညှာတာနေလေသည်။ ဒါကလည်း သူလိုချင်သော အကွက်ပဲ ဖြစ်သည်။

"မေထိုက်ကလည်းဗျာ ... ကျွန်တော် အဲဒီလောက်တော့ မဆင်းရဲသေးပါဘူး ... ဘာလဲ စားရမှာ မျိုမကျလို့လား"

သူမက ရှုံ့ရှုံ့မဲ့မဲ့နှင့်ရယ်မောလျက် ...

"မဟုတ်ပါဘူးဟယ် ... စားပါ့မယ် ... သွားမယ် ... သွားမယ် ..."





သူမက ချစ်စဖွယ်ပြုံးကာ ကတိပေးလေသည် ...။

class ပြီးရင် BC ထဲမှ ထွက်လာလျှင် သူက ဘတ်စ်ကားဂိတ်သို့ မလျှောက်ဘဲ Taxi ငှားဖို့ ဟန်ပြင်သည်။ သူမက သူ့ကိုနားမလည်သည့် မျက်လုံးဝိုင်းများဖြင့် မော်ကြည့်လာလျက် ...

"ဘတ်စ်စီးမှာမဟုတ်လား ... လင်းလွန်း ဘာကိုစောင့်နေတာလဲ ..."

"ဟင့်အင်း ... ကျွန်တော်တို့ Taxi နဲ့ပဲ သွားမယ် မေထိုက်"

"အယ် ... ရှင့်ပိုက်ဆံတွေ ကုန်မှာပေါ့ လင်းလွန်းရဲ့ ... လာပါ ... ဘတ်စ်တွေ သိပ်မကျပ်ပါဘူး ... ဘတ်စ်ပဲ စီးရအောင်ပါ ..."

သူမက တကယ့်ကို အရိုးခံမျက်ဝန်းတွေနှင့် ပြောတာ ဖြစ်၏။ အခုနောက်ပိုင်းတွင် သူသည် အဲဒီမျက်လုံးများနှင့် မဆုံဖြစ်အောင် အတော်ကြိုးစားနေထိုင်ရလေသည်။

"စီးပါ မေထိုက် ... တစ်ခါတလေပဲဥစ္စာ ... အပြန်ကျ နေအေးသွားပြီဆိုတော့ ... မေထိုက်ရဲ့အဆောင်ကို အေးအေးဆေးဆေး လမ်းလျှောက်ပြန်ကြတာပေါ့ ... မကောင်းဘူးလား ..."

"ရှင့်ကိုတော့ လိုက်လို့ကို မမီတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူမက ဘာမှထပ်မပြောတော့ချေ။ Taxi တစ်စီးလာလျှင် သူက ယုတ္တိရှိအောင် အနည်းငယ်ဈေးဆစ်ပြီးမှ ငှားလိုက်သည်။ သူ့ဘဝ၌ ဘတ်စ်ကားဆိုတာ မွေးကတည်းက စီးဖူးခဲ့တာမဟုတ်ချေ။ အကြောင်းတိုက်ဆိုင်လို့ Taxi ငှားသည်ပင်လျှင် ဈေးမေးနေတာမဟုတ်။ ဘယ်သွားမယ်ပြောပြီး ရောက်မှသာ ကျငွေကိုထုတ်ပေးလိုက်တာ ဖြစ်၏။

သူနှင့် ရှင်းလင်းဟာ ကားတစ်ယောက်တစ်စီးစီဖြင့် စိတ်ရှိတိုင်း ကဲခဲ့ကြသူများ ဖြစ်သည်။ သူနဲ့တွဲသော မိန်းကလေးများဟာ အနည်းဆုံးတော့ Mr.Guiter တို့ Feel တို့မှာ အေးအေးလူလူထိုင်လျက် ကော်ဖီသောက်ကြရသည်။

အထူးနေ့တွေမှာ စားသောက်ဆိုင်ကောင်းကောင်း၌ dinner စားကြရသည်။ သူမကိုတော့ ဒီလိုနည်းတွေနဲ့ သူ မချဉ်းကပ်ချင်ခဲ့။ ချဉ်းကပ်လို့ ရမှာလည်းမဟုတ်ဆိုတာ သူ သိနေခဲ့၍ဖြစ်သည်။

ဒီတစ်ခါ Taxi ငှားခြင်းကတော့ သူ ဘတ်စ်ကားမစီးချင်တာထက် သူမကို သက်သောင့်သက်သာ ရှိစေချင်သောစေတနာတွေက အတိုင်းထက်အလွန် ဖြစ်ပါသည်။ တိုက်ဆိုင်စွာနှင့်ပင် Taxi မှ ဖွင့်ထားသော City FM မှလာနေတာက စိုင်းစိုင်းမောဝ်





ရဲ့ သီချင်းကို Examplez အဖွဲ့က ပြန်ဆိုထားသော သီချင်းဖြစ်၏။

"ရန်ကုန်မှာ လိုင်းကားစီးဖို့အဖြစ်က သိပ်တော့မလွယ် ××× ရှိသမျှငွေလေးနဲ့ ကိုယ့်ချစ်သူလေး စိတ်မောပန်းမှာစိုးလို့ ×× ကိုယ့်ချစ်သူသွားလိုတဲ့နေရာလေးဘီးငှားကာရယ် ××× ဒါဟာ ချစ်လွန်းလေးဘီလေးငှားပြီး လိုက်ပို့ခဲ့ဖူးတယ် ××× ဘာလိုသေးလဲ ×× ဘာလိုသေးလဲ ပြောလို့ပါကွယ် ×× ကွယ်"

ဒီသီချင်းကို ကြားတာနှင့် သူရော သူမရောသည် တိုင်ပင်မထားပါဘဲနှင့် ပြိုင်တူပြုံးမိကြလေသည်။ သူက သူမရဲ့အနားသို့ကပ်၍ လေသံသဲ့သဲ့မျှဖြင့် ...

"သီချင်းက ကျွန်တော့်ကို စောင်းရေးထားတာနဲ့တူတယ်နော် ... ပထမအပိုဒ်ကလည်း တိုက်ဆိုင်သလိုပဲ ..."

သူက သူမကို မိုးကာလေး ငှားလိုက်သည့်အဖြစ်ကို ရည်ရွယ်ပြီး ပြောလိုက်တာဖြစ်၏။ သူမက ဘာမှမပြုံးဘဲ အသည်းယားချင်စဖွယ်ပင် ပြုံးနေလေသည်။ အဲဒီနောက် အင်းလျားကန်ဘောင်ပေါ်သို့ အတူတူတက်ခဲ့ကြသည်။ လေပြည်တွေကြောင့် သူမရဲ့ဆံနွယ်တွေ လွင့်နေပုံကိုမြင်လျှင် တစ်နေ့က ဆံပင်တွေကို ဖိုး
တေးစည်းထားသောပုံကို ပြန်မြင်ယောင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖြူစင်ဝင်းမွတ်နေသော ကုပ်သားလေးကို ရှင်းရှင်းလင်းလင်းမြင်ရသည့် အဲဒီပုံစံလေးဟာ သူမနှင့်အတော့်ကိုပဲ လိုက်ဖက်ပါသည်။ အဲဒီခဏမှာပဲ သူဟာ သူမအတွက် ခေါင်းစည်းကြိုးလှလှလေးတွေ လက်ဆောင်ဝယ်ပေးဖို့ စိတ်ကူးရသွားခဲ့သည်။

အကြော်ဆိုင်သို့ရောက်လျှင် အကြော်မှာပြီးနောက် သူက ဘာရယ်မဟုတ်ပါဘဲနှင့် သူမကို မေးထောက်ငေးလျက် ...

"မေထိုက် ကျွန်တော့်ကို ဘယ်လိုမြင်လဲဟင် ..."

ဟု စိတ်ကူးပေါက်စွာဖြင့် ထမေးမိလေသည်။ အဲ့ဒီအတွက် သူမက ကြိုတင်ပြင်ဆင်ပြီးသည့်အလား ဘာမှ မမွှသည့် သဏ္ဍာန်ဖြင့် ...

"အမြင်ထက် အထင်ကို ပြောပြချင်တယ် ... သေချာပေါက် ပြောမှာ ... ဒါပေမဲ့ ပြောထားပြီးသားပဲနော် ... ရှင် ကျွန်မကို မညာဖို့တော့ လိုမယ် ..."

"ကိုယ်ညာရင်ရော မေထိုက်က သိနိုင်မှာလား"

"သိနိုင်တယ်လို့တော့ မပြောလိုပါဘူး ... အဲဒါဆို အရမ်းယုတ္တိတန်သွားလိမ့်မယ် ... ဒါပေမဲ့ ... လူတွေက ကိုယ့်အကြောင်းကိုယ်တော့ အသိဆုံးပဲလေ ... ဘယ်သူတွေ ဘယ်လိုပဲထင်ထင် ကိုယ့်အကြောင်းကိုယ်သိစွာနဲ့ လိပ်ပြာ





လုံနိုင်ဖို့ အရေးကြီးတာပါ ... ဟုတ်တယ်မှလား ..."

သူမစကားကို ပြန်ချေပစရာစကားလုံး သူ့မှာမရှိပေ။

"ကိုယ် မညာပါဘူး ... ကဲ ... မေထိုက် ပြောတော့ ကိုယ့်ကို ဘယ်လိုမြင်လဲ ..."

သူမက စကားမစသေးဘဲ အဝေးသို့ ငေးမောနေသေးသည်။ အဲဒီအခိုက်မှာ ... သူ တကယ့်ကိုပဲ ချွေးပျံချင်လာခဲ့ပါသည်။ သူမ ဘာတွေပြောမှာလဲ။ ရှင်ဟာ အကြံအစည်တစ်ခုနဲ့ ကျွန်မရဲ့အနားကို ချဉ်းကပ်လာတဲ့သူ။ ဒီလိုစွပ်စွဲမှာလား။ ဒီလိုတွေးမိလျှင် သူ တော်တော်တုန်လှုပ်သွားခဲ့ရသည်။

အို ... သူမ ဘာအကြောင်းနဲ့မှ ရိပ်မိစရာမရှိပါဘူး။

"ရှင့်ရဲ့ စိတ်နေစိတ်ထားနဲ့ပတ်သက်ပြီးတော့ ကျွန်မမှာ အထင်ရော အမြင်ရော မရှိပါဘူး ... ရှင်ဟာ ခင်ဖို့ကောင်းတဲ့ လူတစ်ယောက်ဆိုတာတော့ ကျွန်မ လက်ခံပါတယ် ... ရှင့်ကို အတိအကျ ပြောချင်တာတစ်ခုကတော့ ရှင်ဟာ အခု ဝတ်ထားတဲ့ အဝတ်အစားနဲ့ ရှင့်ပုံစံဟာ တခြားစီဖြစ်နေတယ်ဆိုတာပဲ ..."

"ဗျာ ..."

သူမစကားကြောင့် သူက လန့်ဖျပ်ကာ ကိုယ့်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပင် ယောင်ယမ်း၍ ငုံ့ကြည့်မိသေးသည်။

“ဥပမာတစ်ခုပေးရရင် တိုးရစ်တစ်ယောက် မြန်မာဝတ်စုံ ဝတ်ထားတာကို မြင်ဖူးတယ် မဟုတ်လား ... ဝတ်တော့ ဝတ်ထားတာပဲ ... ဒါပေမဲ့ သူဟာ ဘယ်တုန်းကမှ ဝတ်ဖူးခဲ့တဲ့သူ မဟုတ်မှန်း သိသာနေတယ် ... ဒီလိုပဲ ရှင့်ရဲ့ရုပ်သွင်က ရုပ်အင်္ကျီနဲ့ပုဆိုး ဝတ်မလာခဲ့ဖူးဘူးဆိုတာ ပြောပြနေသလိုပဲ ... ဒီအဝတ်အစားတွေနဲ့ ရှင်ဟာ used to မဖြစ်ဘူး ... ကျွန်မစိတ်ထဲမှာ ရှင်ဟာ ဘောင်းဘီနဲ့ ဆို ပိုကြည့်ကောင်းမယ်လို့ထင်တယ် ... ”

သူ ရုတ်တရက် ဘာပြောပြရမှန်းမသိသဖြင့် တဟဲဟဲနှင့်သာ ရယ်နေရလေသည်။ ကံကောင်းတာတစ်ခုက သူမဟာ ဟုတ်သလား ... ၊ မဟုတ်ဘူးလားဆိုတာကို မမေးခြင်းဖြစ်သည်။ ဒီတော့ သူကလည်း ရှူးချင်ယောင်ဆောင်ကာ ပြောမနေတော့။

ပြီးတော့ သူ ဒီထက် အချိန်ကြာကြာ ထပ်မဆွဲချင်တော့ပေ။ သူမရဲ့နှလုံးသားထဲသို့ အမှတ်တရတွေ တစ်ခုပြီးတစ်ခု ပို့ဖို့က အင်မတန်အရေးကြီးနေပြီ ဖြစ်သည်။

“မေထိုက်ကိုလည်း ကျွန်တော်က မျက်ကွဏာတစ်ခု ထပ်ဖတ်ပေးရဦးမယ် ... ”





“ဘယ်လို ... မျက်ကွဏာ ဟုတ်လား ... ကြံကြီးစည်ရာ ဟာယ် ... ကြားဖူးပါဘူး ... ”

“ရှိတယ် မေထိုက်ရဲ့ ... လက္ခဏာဆိုတာက လက်ဖဝါးပြင်ပေါ်က အရေးအကြောင်းတွေကို ဖတ်တာ အဲဒါက လူတိုင်းကို ဖတ်ပေးလို့မသင့်တော်ဘူး ... ဒါကြောင့် မေထိုက်ကို မျက်ကွဏာ ဖတ်ပေးမယ်လို့ ပြောတာ ... မျက်ကွဏာဆိုတာကတော့ မျက်နှာပေါ်က အစိတ်အပိုင်းတွေကိုကြည့်ပြီး ပြောတာပေါ့ ... ”

“ရှင် ပြောလိုက်ရင် အဆန်းချည်းပဲ လင်းလွန်းရယ် ... လက္ခဏာဖတ်တာက ဘာကိစ္စ မသင့်တော်ရတာတုန်း ... ”

“လက္ခဏာဖတ်ပေးရင် လက်ကိုင်ရတယ်လေ ... လက်ကိုင်တော့ မသင့်တော်ဘူးပေါ့ မေထိုက်ရဲ့ ... ”

သူ့စကားကို သူမက အင်မတန်သဘောကျသည့်အလား လက်ခုပ်ပင်တီးလျက် ရယ်လေသည်။

“ဟုတ်ပါပြီ ဟုတ်ပါပြီ ... ကဲ ... ရှင်က ကျွန်မကို ဘယ်ပညာသုံးပြီး ဟောမှာတုန်း ... ”

“ကျွန်တော် မေထိုက်ကို မျက်ကွဏာပဲ ဖတ်ပေးပါ့မယ် ... လက္ခဏာကတော့ မေထိုက် ဆန္ဒရှိတဲ့ တစ်နေ့မှပေါ့”



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားကို သူမက တစ်စုံတစ်ရာ ပြန်မပြောဘဲ ချိုရီစွာ ပြုံးကာနေလေသည်။ သူကတော့ ... လက္ခဏာဖတ်လျှင် လက်ကိုင်ရသည်။ မျက်က္ခဏာဖတ်တော့ မျက်နှာကို စေ့စေ့စပ်စပ် ကြည့်ခွင့်ရသည်ဟု ယူဆလျက် အလွတ်ရပြီးသား မျက်နှာလေးကို တမေ့တမော ထပ်မံကြည့်ရှုလိုက်သေးသည်။

ပြီးမှ လည်ချောင်းတစ်ချက်ရှင်းကာ ...

"အဟမ်း ... မေထိုက်ဟာ တစ်သက်လုံး ကြွယ်ကြွယ်ဝဝ နေသွားရမဲ့သူပဲ ... နောက် နူးညံ့မလိုလိုနဲ့ မာနကြီးတယ်၊ အဲဒါ ဟုတ်လား ..."

"ဟုတ်တယ် ... ဘာကို ကြည့်ပြီး ပြောတာလဲ ..."

"မေထိုက်ရဲ့ နှာခေါင်းက ပြည့်တယ် ... နှာတံက စင်းပြီး ချောနေတယ် ... နှာတံခန့်ခန့်ကြီးပေါ့ ... ဒီလိုလူမျိုးတွေ က ချမ်းချမ်းသာသာ ပြည့်ပြည့်စုံစုံ နေရတတ်တယ် ... ဥပမာ ဒီလို နှာခေါင်းမျိုးရှိသူတစ်ယောက်က တွမ်ခရုစ် ... နောက် ... မေထိုက်ရဲ့ မျက်ခုံးပေါ့ ... မျက်ခုံးက အရင်းမှာ တုတ်ပြီး အဖျားက ရှူးပြီးတော့ ကော့သွားတယ် ... ဒါမျိုး လူတွေက နူးနူးညံ့ညံ့လေးတွေပေမဲ့ မာနကြီးရင် သူများ လိုက်မမီဘူး ... နည်းနည်းပိုပြောရရင်တော့ အသည်းမာ တယ်ပေါ့ ..."





"ဆရာကြီး ကိုင်ရှိုး ပြောတာတွေ အားလုံး မှန်ပါတယ်"

"အာ ... မေထိုက်ကလည်းကွာ၊ လူကို စော်ကားရင် စော် ကား ... ပညာကိုတော့ မစော်ကားနဲ့နော် ... လူကနေပေ မဲ့ ပညာက မနေဘူး ..."

"အေးပါ အေးပါ ... ထားပါတော့၊ ပြီးတော့ရော ..."

"ပြီးတော့ ..."

သူက သူမရဲ့ အောက်နှုတ်ခမ်းထူထူလေးကို တစ်ခဏမျှ စိုက်ကြည့်လျက် နူးညံ့စွာ ပြုံးပြီး ခေါင်းခါရမ်းလိုက်သည်။

"အဲဒီတစ်ခုကိုတော့ ကျွန်တော် မပြောတော့ဘူး ... ဟုတ် မဟုတ်ဘဲ လက်တွေ့ စောင့်ကြည့်တော့မယ်"

သူမရဲ့ မျက်နှာလေးက မချင့်မရဲပုံစံသို့ ပြောင်းလဲသွားပြီးလျှင် ...

"ဟာ ... လင်းလွန်းက အဲဒီလို မညစ်နဲ့ကွာ ... မရဘူး ပြော ..."

"ပြောလို့ မရဘူး မေထိုက်ရဲ့ ... နောက်တော့ မေထိုက် သိလာမှာပါကွာ ... ဟုတ်ပြီလား၊ ကျိမကျနဲ့နော် ... လိမ္မာ တယ် ..."

"နောက်တော့ဆိုတာ ဘယ်တော့လဲ ..."



www.burmeseclassic.com

www.burmeseclassic.com



“အဲဒီ နောက်တော့ဆိုတာလည်း မေထိုက်နဲ့ပဲ သက်ဆိုင်နေတယ် ... မေထိုက် သဘောကောင်းရင် စောစော သိခွင့်ရမယ် ... သဘောသိပ်မကောင်းရင်တော့ နောက်ကျမှ သိခွင့်ရမယ် ... ”

“အာ ... ရှုပ်နေတာပဲ၊ တော်ပြီ ... မသိချင်တော့ဘူး၊ အလကား ... ဆရာကိုင်ရွှီးက ပဲများတယ် ... ကြက်သားနည်းတယ် ... ”

သူမရဲ့ မကျေနပ်သလို အပြောကို သူက ရယ်မောလို့သာ နေလိုက်သည်။ နောက်တစ်ချက်ကိုတော့ ပြောဖို့ စိတ်ကူးမရှိတော့ပေ။

မင်းရဲ့ အောက်နှုတ်ခမ်းလေးဟာ ခပ်ထူထူ ပြည့်ပြည့်လေး ဖြစ်နေတယ် ဘုန်းမေထိုက်ရယ်။ အဲဒီလိုလူတွေဟာ တကယ် ချစ်မိပြီဆိုရင် နက်နက်ရှိုင်းရှိုင်းနဲ့ တွယ်တွယ်တာတာ ချစ်ပြတတ်ကြသတဲ့။ မင်း ကိုယ့်ကို အဲဒီလို အချစ်မျိုးနဲ့ချစ်ဖို့ ကိုယ်ဆန္ဒ ရှိပါတယ် မေထိုက် ... ။

အင်းလျားကန်စောင်းမှ ပြန်သောအခါ ညနေ နေစောင်းပြီမို့ သူက သူမကို အဆောင်အထိ အေးအေးလူလူ လမ်းလျှောက်ပြီး လိုက်ပို့ဖြစ်သည်။ ထူးဆန်းဖွယ်တစ်ခုက သူ့ဘဝတွင်





မိန်းကလေးတစ်ယောက်နှင့် အတူတွဲ၍ ပလက်ဖောင်းပေါ်မှာ ... ဘယ်တုန်းကမှ လမ်းမလျှောက်ခဲ့ဘူးချေ။ အဲဒီလောက်လည်း စိတ်မဝင်စားခဲ့။

အခု ဘာကြောင့် ဒီလောက်ထိ သူ ခံစားမိရတာပါလိမ့်။ လေပြေလေးတွေ တိုက်ခတ်နေသော မြို့ပြညနေခင်းမှာ သူမနှင့်အတူ ခပ်ဖြည်းဖြည်း လမ်းလျှောက်လာရသော ဖီလင်ကို သူ ဘယ်တော့မှ မေ့မှာမဟုတ်တော့ချေ။

“ကိုယ့်ဘဝမှာလေ အခုလိုမျိုး ဘယ်မိန်းကလေးနဲ့မှ အတူတွဲပြီး လမ်းမလျှောက်ဖူးဘူး သိလား မေထိုက် ... ”

“အခွင့်အရေး မပေးခဲ့လို့ နေမှာပေါ့ ... ”

“မဟုတ်ဘူး မေထိုက် ... အခွင့်အရေးဆိုတာ လူက ဖန်တီးရတာပဲလေ ... အဲဒါကို လက်ခံလား ... ”

“အခွင့်အရေးဆိုတာ လူက ဖန်တီးတာ ... ”

သူ့စကားကို သူမက သံယောင်လိုက်လျက် ရေရွတ်သည်။ ပြီးလျှင် ခေါင်းတဆတ်ဆတ် ညိတ်လျက် ...

“ဟုတ်တယ် ... အခွင့်အရေးဆိုတာ လူက ဖန်တီးပေးမှရတာ ... တချို့လူတွေက ရတဲ့အခွင့်အရေးထက် ပိုလိုချင်ကြတယ် ... အို အထူးသဖြင့် ယောကျာ်းလေးတွေပေါ့ ...



www.burmeseclassic.com

www.burmeseclassic.com



သူတို့က အခွင့်အရေးတစ်ခု ဖန်တီးထားပြီးရင် အပြည့်အဝ လိုချင်ကြတာ ကျွန်မ စိတ်ထင်တော့ ယောကျ်ားတွေရဲ့ ဧဝ က မိန်းမတွေထက် ပိုကြီးတယ်လို့ မြင်တယ် ...”

“မေထိုက်က ယောကျ်ားတွေကို မုန်းနေတာလား”

“ကျွန်မ မမုန်းပါဘူး ... ယုံတယ် မယုံဘူးဆိုတာလည်း မရှိဘူး ... ကြောက်တယ်ဆိုတာလည်း မရှိဘူး ... ဒါဆို အရှုံး ပေးရာ ရောက်တယ် ... ကျွန်မကတော့- ဘာပဲလာလာ ရင်ဆိုင်ဖို့ အသင့်ပဲ ... သတိတော့ ထားရတာပေါ့”

သူမရဲ့ အဆောင်နားသို့ ရောက်ခါနီးလျှင် သူက သူမနှင့် မျက်နှာချင်းဆိုင် တည့်တည့်ရပ်ပစ်လျက် သူမ နာမည်ကို တိုးတိုးလေး ခေါ်လိုက်မိသည်။

“မေထိုက် ...”

သူမက သူ့ကို ပြန်မထူးပါ။ သူ့မျက်လုံးများကိုသာ တည့်တည့်စိုက်ကြည့်လျက် သူ့အပြောကို စောင့်စားနေသည်။

“ကျွန်တော်ဟာ ... အခွင့်အရေးယူတတ်တဲ့ ယောကျ်ား မဟုတ်ဘူးလို့ မငြင်းချင်ပါဘူး ... ဘာမဆို မေထိုက် အခွင့် အရေးပေးမှ ကြည်ဖြူမှ ယူမဲ့လူစားမျိုးပါ ... ကျွန်တော်





မေထိုက်ကို ညနေတိုင်း ဒီလိုပဲ အဆောင်ကို ပြန်လိုက် ပို့ပေးပါရစေနော် မေထိုက် ... ခွင့်ပြုမှာလားဟင် ...”

သူမ မျက်နှာလေးဟာ ... ချစ်ဖို့ကောင်းအောင်ပင် ပန်းရောင်ပြေးသွားသည်။ သူသည် ထိုမျက်နှာလေးကို တစိမ့်စိမ့် စိုက်ငေးရင်း ရင်ထဲမှာ အသက်ရှူမဝသလို ခံစား၍ လာခဲ့ရသည်။

“အင်း ... ဒါပေမဲ့ ...”

သူမရဲ့ ... ဒါပေမဲ့ နောက်က စကားကို သူက ရင် တမမဖြင့် နားစွင့်နေမိသည်။ သူမ ဘာပြောမှာလဲ။ ဒီအခွင့်အရေး ထက် ထပ်မတက်လာရဘူးလို့ ပြောမှာလား။ ဒါဆိုရင်တော့ ...

“ပျက်ကွက်ခဲ့ရင်တော့ ... ချက်ချင်း အလုပ်ဖြုတ်ရလိမ့်မယ် နော် ...”

သူမရဲ့ စကားအဆုံးမှာ သူ့ရင်တစ်ခုလုံး လှိုက်ခနဲ ဖြစ်သွားအောင် ပျော်ရွှင်သွားခဲ့ရသည်မှာ သူ့ကိုယ်သူပင် ပြန်နား မလည်နိုင်ခဲ့တော့ချေ။



www.burmeseclassic.com

www.burmeseclassic.com





ဒီနေ့ဟာ သူရော မေထိုက်ရော မဆုံတွေ့ဖြစ်ကြသည့် ဘာသင်တန်းမှမရှိသော Sunday ဖြစ်၏။ နောက်တစ်နေ့ သင်တန်းမှာတွေ့လျှင် မေထိုက်ကို ပေးနိုင်ဖို့အတွက် သူက ခေါင်းစည်းကြိုးလှလှလေးတွေ ဝယ်ရန် ဒဂုံစင်တာသို့ တစ်ယောက်တည်း အေးအေးလူလူပင် ထွက်လာခဲ့သည်။

အရင်က သူကောင်မလေးတွေ သွားလျှင် ... သူပါ





ရောက်ဖြစ်သော Pretty Girl မှာ Accersories တွေ တွေ့ဖူးထားသည်မို့ သူက အဲဒီကိုပဲ ခြေလှမ်းပြင်လိုက်သည်။ သို့သော် ဆိုင်ထဲမဝင်ခင်မှာကို သူ့ ခြေလှမ်းတွေက တုံ့ခနဲ ဖြစ်သွားရသည်။ အကြောင်းမှာ ဆိုင်ထဲတွင် မေထိုက်ကို တွေ့လိုက်ရခြင်းကြောင့် ဖြစ်လေသည်။

မေထိုက်ကား သူ့ကို မမြင်ချေ။ ရွယ်တူ ကောင်မလေးနှစ်ယောက်လောက်နှင့် စကားပြောရယ်မောကာ အဝတ်အစားတွေကို ကြည့်နေသည်။ နောက် အဖြူရောင်အင်္ကျီလေးတစ်ထည်ကို ကိုယ်မှာကပ်ကြည့်လိုက်၊ ခွာကြည့်လိုက်နှင့် အလုပ်ရှုပ်ပြီးနောက် ပြန်ချထားလိုက်ပြန်သည်။ အဲဒီနောက် ကောင်မလေးနှစ်ယောက်နဲ့အတူ ထွက်လာ၍ သူ့မှာ အလျင်အမြန်ပင် ပုန်းလိုက်ရသည်။

မေထိုက်တို့ ထွက်သွားလျှင် သူက ဆိုင်ထဲသို့ ဝင်ရောက်လာခဲ့ပါသည်။ သူသည် ခေါင်းစည်းကြိုးကို မရွေးအားသေးဘဲ အခုနက မေထိုက် ကြည့်ပြီး ချသွားခဲ့သော အင်္ကျီလေးကို ညွှန်ပြကာ ...

"ဒါ ဘယ်လောက်လဲ မသိဘူး ..."

ဆိုင်မှ အရောင်းဝန်ထမ်းကောင်မလေးက အင်္ကျီကိုပြလျက် ...



www.burmeseclassic.com

www.burmeseclassic.com



"နှစ်သောင်းသုံးထောင်ပါ အစ်ကို ... colour က အဖြူရယ် အနက်ရယ် နှစ်မျိုး လာပါတယ်ရှင် ... အနက်ရော ပြပေးရမလားရှင် ... "

အင်း ... နှစ်သောင်းသုံးထောင်ဆိုတော့ မေထိုက်ခမျာ လိုတော့ လိုချင်ရဲ့သားနဲ့ ဘတ်ဂျတ်တွက်ပြီး မဝယ်ဖြစ်သွားတာ နေမှာပေါ့။ အင်္ကျီလေးကတော့ အင်မတန် လှပသားပဲ။ သူမသာ ဝတ်လိုက်လျှင် တော်တော်အဖိုးတန်တဲ့ အင်္ကျီမှန်း ပို၍သိသာစေမှာပင်။

"ရတယ် ... မပြပေးနဲ့တော့၊ ဒီအဖြူလေးကိုပဲ ကိုယ် ယူမယ်၊ ပြော် ... နောက်ထပ်လေ ဆံပင်စည်းတဲ့ ခေါင်းစည်းကြိုးလှလှလေးတွေ ကြည့်ချင်တယ် ... "

"ဟုတ်ကဲ့ ... ပြပေးပါ့မယ်ရှင်"

ကောင်မလေးက သူ့ကို ကလစ်တွေ၊ ခေါင်းစည်းကြိုးတွေ ရောင်းသော ကောင်တာဘက်သို့ ခေါ်သွားကာ ပြပေးသည်။ သူက အဲဒီထဲမှ ချစ်စဖွယ် ခေါင်းစည်းကြိုး ငါးခုကို ရွေးချယ်ဝယ်ယူလိုက်ပါသည်။ အဲဒီနောက် ဒဂုံစင်တာထဲမှ ပေ့ါပါးသော ခြေလှမ်းများနဲ့ ဆင်းလာစဉ်မှာပဲ City Mart ထဲမှ ထွက်လာသော မေထိုက်ကို ထပ်တွေ့ရပြန်သည်။





အထုပ်အပိုး တပွေ့တပိုက်နှင့် သူမဟာ သူ့ကို မမြင်ချေ။ ဒဂုံစင်တာရှေ့မှာ ကောင်မလေးနှစ်ယောက်ကို ရယ်မောနှုတ်ဆက်ပြီးနောက် Taxi တစ်စီးနှင့် ထွက်ခွာသွားသည်။ သူက Taxi ထပ်ငှားဖို့ပြင်နေသော ကောင်မလေးနှစ်ယောက်ကို ငေးလျက်ခေါင်းထဲ၌ အကြံတစ်ခု ဖျတ်ခနဲ ပေါ်၍လာသည်။ ပြီးလျှင် အမောတကော ခြေလှမ်းမျိုး ဖန်တီးကာ ကောင်မလေးနှစ်ယောက်အနားသို့ ရောက်သွားလျက် ...

"မေထိုက် ... ဘယ်ရောက်သွားလဲဟင်"

ကောင်မလေးနှစ်ယောက်က ဖြူန်းခနဲ ရောက်လာသော သူ့ကို ခြေဆုံးခေါင်းဆုံး အကဲခတ်လျက် မပွင့်တပွင့်နှင့်

"မေထိုက်က ပြန်သွားပြီ ... ရှင်က ဘယ်သူလဲ"

"ကျွန်တော် မေထိုက်ရဲ့ သူငယ်ချင်းပါ ... အပေါ်ထပ်က ဆင်းလာတော့ မေထိုက်ကို ဖျတ်ခနဲ တွေ့လိုက်တာနဲ့ ပြေးလာတာ ... မမှီတော့ဘူးပေါ့ ... "

"ရှင်က LCCI ကလား ... "

ကောင်မလေးတစ်ယောက်က သန့်ပြန့်သားနားနေသော သူ့ပုံစံကို စိတ်ဝင်တစား အကဲခတ်လျက် မေးလာသည်။

"ဟင့်အင်း ... BC မှာ ခင်တာပါ ... ဒါနဲ့ ဒီက ညီမတို့က မေထိုက်ရဲ့ သူငယ်ချင်းတွေလား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး ... သူနဲ့ ညီမဝမ်းကွဲတော်တယ်"

"ဪ ဟုတ်လား ... ရန်ကုန်မှာ အမျိုးတွေ ရှိရဲ့သားနဲ့
တောင် မေထိုက်က အဆောင်မှာနေတယ်နော် ... ညီမ
တို့ကရော ပြန်တော့မှာလား ... ကျွန်တော် လိုက်ပို့ပေးပါ
ရစေ ...
ကျွန်တော် မေထိုက်ကိုတွေ့တာနဲ့ ပြန်ပို့ပေးမယ်ဆိုပြီး ပြေး
လာတာ ... ညီမတို့ ကျန်နေတော့ ညီမတို့ကို ပို့ပေးပါရစေ၊
ကျွန်တော်လည်း ပြန်တော့မှာပါ ... "

ကောင်မလေးတွေက ယောကျ်ားတန်မဲ့ Pretty
Girl ဆိုင်တံဆိပ်ပါ လက်ဆွဲအိတ်တွေကို ကိုင်ထားသော သူ့ကို ပြုံး
စိစိဖြင့် ကြည့်လျက် တစ်စုံတစ်ရာ သဘောပေါက်သွားဟန်ဖြင့်
ခေါင်းညိတ်ပြကြပြီး ...

"ငြင်းရမှာလည်း အားနာစရာကြီး ... မေထိုက်မျက်နှာနဲ့
လိုက်ပို့တာဆိုတော့ စီးကောင်းပါရဲ့ ... "

"အားမနာပါနဲ့ ခင်ဗျာ ... ကျွန်တော် ကားသွားထုတ်လိုက်
ဦးမယ်နော် ... ဒီကပဲ စောင့်နေပါ ... "

သူက ကားပါကင်မှ ကားကို ထုတ်လာပြီးနောက်
ကောင်မလေးနှစ်ယောက်က နောက်ခန်းမှာ ဝင်ထိုင်ပြီးလျှင် ကား
ကို မောင်းထွက်လာခဲ့သည်။





"ဘယ်ကို မောင်းရမလဲဟင် ... "

"စမ်းချောင်း ကျွန်းတောလမ်းပါ ... "

သူက နောက်ကြည့်မှန်ထဲမှာ လှမ်းမြင်နေရသော
ကောင်မလေးကို တစ်ချက်ပြုံးပြလိုက်သည်။ ကောင်မလေးနှစ်
ယောက်သည် ကိုယ်ပိုင်ကားကောင်းကောင်းနှင့် မိုဘိုင်းလ်ဖုန်းပြော
နေသော Oakley မျက်မှန်တပ်ထားသည့် သူ့ကို စိတ်ဝင်တစားဖြင့်
အကဲခတ်နေကြမှန်း သူ သိသည်။ ပြီးတော့ မေထိုက်နှင့် ဘယ်လို
ပတ်သက်နေသလဲဆိုတာကိုလည်း အတော်စိတ်ဝင်စားနေတဲ့ပုံပင်။

သူ ... ဖုန်းပြောပြီးသွားလျှင် ကောင်မလေးတစ်
ယောက်က

"ရှင်နဲ့ မေထိုက်နဲ့က ခင်တာ ကြာပြီလားဟင် ... "

"ကြာပါပြီ ... သူ BC စ,တက်တည်းကပေါ့ ... ဒီတစ်ခါ
တွေ့ရင်မေးကြည့်လိုက်လေ ... ကျွန်တော့်နာမည် မင်းရန်
ပါ ... "

"မင်းရန် ... ဟုတ်ကဲ့ ... ရှင်က မေထိုက်နဲ့ ဘာတော်လဲ
ဟင် ... "

ကောင်မလေးတွေက ပွင့်ပွင့်လင်းလင်း ပုံစံတွေ
ဖြစ်သည်။ သူနဲ့ မေထိုက်ကို သူငယ်ချင်းတွေပါဆိုတာ ယုံချင်မှ



www.burmeseclassic.com

www.burmeseclassic.com



မပေါ်ပေ။ ပြီးတော့ သူမလေးတို့ဟာ မေထိုက်ရဲ့ ရာဇဝင်တွေကို သိထားကြသူတွေပီပီ သူ့လို ခပ်ဖြောင့်ဖြောင့် ယောကျာ်းတစ်ဦးနှင့် ဘယ်လိုပတ်သက်သွားရတာပါလိမ့် ဆိုပြီး စပ်စုချင်ကြပေမည်။

ကောင်မလေးတစ်ယောက်ရဲ့အမေးကို သူကဟက်ခနဲ တစ်ချက်ရယ်ကာ ...

"တကယ် သူငယ်ချင်းပါ ... မယုံရင် မေးကြည့်ပါလား၊ ဒါနဲ့ ကြုံလို့ မေးချင်တယ် ... သူမှာရော (မေထိုက်) ချစ်သူမရှိဘူးလား ..."

"အံမယ် ... လာအစ်နေတယ်တော့၊ လူလည်ကြီးပဲ၊ ပြောမပြဘူး ..."

သူက သဘောတကျနှင့် ရယ်ကာ ထပ်မေးမိပြန်သည်။

"မေထိုက်က ညီမတို့အိမ်မှာ မနေဘဲ ဘာလို့ အဆောင်မှာ နေတာလဲဟင် ... ဒီကောင်က အရမ်းလျှိုတယ်နော် ... စမ်းချောင်းမှာ အမျိုးတွေ ရှိတယ်လို့ တစ်ခါမှ မပြောဖူးဘူး"

"ဟုတ်ပ! ... ကျွန်မတို့လည်း ဒီတစ်ခါ သူနဲ့တွေ့ရင် စစ်စရာတွေ ရှိသေးတယ် ... အိမ်မှာ လာနေပါလို့ ခေါ်တာကို လုံးဝခေါ်မရဘူးလေ ... မေထိုက်က ဟိုး အရင်တုန်းကတော့ အရမ်း ပျော်တတ်ခဲ့တယ် ..."





"အခုကျတော့ ဘာလို့ မပျော်တတ်တော့တာလဲ ..."

သူ့စကားကို ကောင်မလေးက ပြန်မဖြေနိုင်တော့ချေ။ ဘာပြောရမှန်းမသိ ဖြစ်နေစဉ်မှာပဲ ပို၍ ပါးနပ်ပုံရသော ကောင်မလေးတစ်ယောက်က ဝင်ပါလာပြီးလျှင် ...

"ဝင့်ဝါကလည်း ... ဘာတွေလျှောက်ပြောနေမှန်း မသိဘူး၊ အလကား ... မေထိုက်က ဒီလိုပါပဲ၊ အေးအေးဆေးဆေး နေတတ်တာပါ ... ရွှေ့ကလမ်းဆို ရောက်ပြီနော် ... ကျွန်းတောလမ်းပဲ ..."

သူက ခေါင်းညိတ်ပြကာ ကျွန်းတောလမ်းထဲသို့ ကားကို ချိုးကွေ့ဝင်လိုက်သည်။

"ရှေ့တစ်အိမ်ဆို ရပြီ ... အိမ်ထဲ ဝင်ပါဦးလား ... ကော်ဖီသောက်သွားပါဦးနော် ..."

"နေပါစေဗျာ ... နောက် ကြုံမှ သောက်တာပေါ့"

ကောင်မလေးနှစ်ယောက်က ကားပေါ်မှ ဆင်းကာ သူ့ကို နှုတ်ဆက်သည်။ သူက အပြုံးတစ်ခုနှင့် ကားကို ဘီးလှိမ့်ရုံ မောင်းထွက်နေစဉ်မှာပဲ ... သွက်လက်သည့် ဝင့်ဝါဆိုသော တစ်ယောက်သည် သူ့နံဘေးသို့ ကိုင်းလျက် ...

"ကျေးဇူးတင်တဲ့အနေနဲ့ ပြောပြလိုက်မယ် ကိုမင်းရန် ...



www.burmeseclassic.com

www.burmeseclassic.com



မေထိုက်မှာ ဘာချစ်သူမှ မရှိဘူး ... ရှင့်အရည်အချင်းနဲ့ဆို ရင်တော့ မြင်ယောင်နေတယ် သိလား ... ”

“ကျေးဇူးတင်ပါတယ် ခင်ဗျာ ... ”

သူက ကားကို သွက်သွက်မောင်းထွက်လာရင်းမှ တစ်ယောက်တည်း နှစ်နှစ်ခြိုက်ခြိုက် ပြုံးမိလာသည်။ အခုမှ စတွေ့ဖူးသော ကောင်မလေးကတောင် သူ့ဘက်က မဲပေးသွားသတဲ့။ မိုးဦးကာလမှာ စတင် ခင်မင်ခဲ့သော သူနဲ့ မေထိုက်ရဲ့ ခင်မင်မှုသည် မိုးနှောင်းကာလသို့ ရောက်လာသည့်အခါမှာ ပို၍ နက်ရှိုင်းလာသည်ဟု သူ ထင်၏။

ဆောင်းဦးကာလမှာတော့ မင်းကို ကိုယ့်ရင်ခွင်ထဲ သိမ်းပိုက်ဖို့ အချိန်တန်ပြီပေါ့ မေထိုက်ရယ်။

✻✻✻

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် (၁၀၆)၊ သုမင်္ဂလာ (၆) လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းသို့
ပေးပို့နိုင်ပါသည်။







နောက်တစ်နေ့ သင်တန်းကအပြန်တွင် သူက မေထိုက်ကို လိုက်ပို့သော တာဝန်ကို စတင်ထမ်းဆောင်လေသည်။ သူ့အကြံကို သိနေသည့်အလား ဘတ်စ်ပဲ စီးမှာနော်ဟု ဦးအောင် ပြောသေးသည်။ သူ့ကို ပိုက်ဆံမကုန်စေချင်သော စေတနာဟု နားလည်ရလျှင် သူမကို တော်တော်ကရုဏာသက်မိသွားပြန်သည်။

“မေထိုက် အချိန်ရလားဟင် ... ”



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် ဘာဖြစ်လို့ ..."

"အင်းလျားက ခုံလေးတွေမှာ သွားထိုင်ရအောင်လေ ..."

သူမက ကျေနပ်သဘောတူသည့်အလား အပြုံးတစ်ခုနှင့် လက်ခံသည်။ ညနေပိုင်းရောက်ပြီမို့ အင်းလျားကန်ပေါင်ပေါ်တွင် သွားသူလာသူများဖြင့် စည်ကားစ ပြုနေပြီဖြစ်သည်။ သူသည် ဒီနေ့အဖို့ သူမကို ချစ်စကားဖွင့်ပြောဖို့ စီစဉ်ထားသည်။ နောက်ခေါင်းစည်းကြိုးလေးတစ်ခု လက်ဆောင်ပေးမည် ဖြစ်ပါသည်။

အင်းလျားက ခုံလေးမှာ နှစ်ယောက်သား ဝင်ထိုင်မိပြီးလျှင် သူက စကားစလိုက်သည်။

"မေထိုက် မနေ့က ဘယ်တွေသွားသေးလဲ ..."

ဒါဟာ သူ့အပေါ်ကို သူမ ဘာတွေလျှို့ဝှက်ထားချင်လဲဟု ဆန်းစစ်သော မေးခွန်းဖြစ်၏။

သူမက အင်းခနဲ သံရှည်ဆွဲကာ ...

"အင်း ... မနေ့က စမ်းချောင်းက အဒေါ်အိမ် ခဏသွားဖြစ်တယ် ... အိမ်ကပို့တဲ့ ပါဆယ်လ်ရယ် ပိုက်ဆံရယ် သွားယူတာ ..."

"ဒါပဲလား ..."





သူမက ဟာက်ခနဲ တစ်ချက်ရယ်ရင်း ပုလိပ်စစ် စစ်နေတယ်ဟု ပြောသေးသည်။ ပြီးမှ ...

"ဝမ်းကွဲညီမတွေနဲ့ ဒဂုံစင်တာ ခဏရောက်ဖြစ်သေးတယ်၊ ကျွန်မက City Mart မှာ ရိက္ခာသွားဝယ်တာပါ ..."

"ဒဂုံစင်တာရောက်တော့ ... မေထိုက် လိုချင်တာတွေများ မတွေ့မိဘူးလား ..."

သူ့အမေးကို သူမက ခေါင်းမော့ကာ တဟားဟားနှင့် ရယ်လေသည်။ သူ့ညီမပြောဖူးသောစကားအရ မေထိုက်ဟာ ဟိုးအရင်က ပျော်တတ်သူတဲ့။ ဒီလို အရယ်အပြုံးတွေ များလာခြင်းဟာ သူမအတွက် ပျော်ရွှင်ခြင်းနိမိတ်တွေ ယူဆောင်လာတာရော မဖြစ်နိုင်ဘူးတဲ့လား။

လက်စားချေခြင်းနဲ့ မသက်ဆိုင်တဲ့ ခြွင်းချက်အဖြစ် မင်း ပျော်တယ်ဆိုရင် ကိုယ် ကျေနပ်ပါတယ် ဘုန်းမေထိုက်ရယ်။

"အထူးအဆန်းတွေ လာမေးနေတာပါလား ... ဒဂုံစင်တာရောက်တော့ ... အင်း ... လိုချင်တာတွေကတော့ အများကြီးပဲပေါ့၊ ရမယ်ဆိုရင်တော့ ဒဂုံစင်တာကြီးတစ်ခုလုံး လိုချင်တာပေါ့ ... အဟား ဟား ..."



www.burmeseclassic.com

www.burmeseclassic.com



သူမက လွတ်လပ်ပေါ့ပါးဟန်အပြည့်ဖြင့် ပြောလေသည်။

"မဟုတ်ဘူးလေ ... စိတ်ထဲမှာ အရမ်းလိုချင်ခဲ့တဲ့ တစ်ခုခုပေါ့ ... "

"အင်း ... Pretty Girl မှာ အင်္ကျီလေးတစ်ထည်တော့ ... သဘောကျမိသား၊ အရမ်းလှတယ် ... ဈေးကလည်း နှစ်သောင်းကျော်ဆရာ ... ဝယ်မယ်ဆိုရင်တော့ ရပါတယ်လေ၊ အရင်လို စိတ်မျိုးနဲ့ကတော့ ဝယ်ပြီးပြီပေါ့ ... ဒါပေမဲ့"

အဲဒီနောက် သူမက စကားကို ထပ်မဆက်ချေ။ ရုတ်ခြည်းပင် ရှင်လန်းမှုတွေ ကွယ်ပျောက်လျက် တိတ်ဆိတ်ငြိမ်သက်လို့ သွားသည်။ သူမဟာ ရှင်းလင်းတစ်ယောက်လုံး သေသွားတဲ့ ကိစ္စအပေါ် ဘယ်နဲ့မှ မတုန်လှုပ်ခဲ့ဘူးလား။

ရှင်းလင်းအတွက် သူမ ဘာမှ မခံစားခဲ့ရဘူးဆိုလျှင်တောင် သူမအတွက်တော့ သူမ ခံစားခဲ့ရမှာပဲဟု သူ ယုံကြည်သည်။ သူမတို့မြို့လေးမှာ အဲဒီကိစ္စဟာ လူသိပ်စိတ်ဝင်စားတဲ့ ကိစ္စတစ်ခု ဖြစ်ခဲ့သည်။ ဒါတွေကြောင့်လည်း သူမ ရန်ကုန်ကို ထွက်လာခဲ့တာ ဖြစ်သည်။

"ဒါပေမဲ့ ဘာဖြစ်လဲ ... ပြောပြပါ မေထိုက်ရဲ့ ... ဒီနေ့အဖို့





ကျွန်တော်လည်း မေထိုက်ကို ပေးစရာနှစ်မျိုးရှိနေတယ်၊ မေထိုက်ဆီကလည်း ခံစားချက်တွေ မျှဝေယူချင်တယ်"

"ကျွန်မမှာ ခံစားချက်က ကိုယ့်အတွက်ကိုယ်တော့ သိပ်မရှိပါဘူးလေ ... ကျွန်မမိဘတွေ အတွက်ပါ ... အသိဉာဏ်လည်း ပြောင်းလဲလာတဲ့သဘောပေါ့၊ အရင်ကတော့ သုံးမယ်၊ ပျော်မယ် ပါးမယ် ဒီလောက်ပေါ့ ... သင်တန်းတွေ တက်ပြီး ရည်မှန်းချက်တွေလည်း ရှိတော့ရှိတာပေါ့ ... ဒါပေမဲ့ ဘဝကို ပေါ့ပေါ့လေးပဲ မြင်တယ် ... Life က ရိုးစင်းတယ်ပေါ့ ... ကျွန်မက Bank နဲ့ ပတ်သက်တာတွေ ဝါသနာပါတဲ့အတွက် အစိုးရဘဏ်ကြီးရဲ့ မန်နေဂျာမကြီး အရမ်းဖြစ်ချင်တယ် ...

အဲဒါ ကြုံလို့ ကျွန်မ ပြောပြတာ ... ကျွန်မက နိုင်ငံတော်ဝန်ထမ်းတစ်ယောက် အရမ်းဖြစ်ချင်တာ ... အပြင်အလုပ်ကို အဲဒီလောက် serious မဖြစ်ဘူး ... ဒီနိုင်ငံမှာနေပြီး ဒီနိုင်ငံတော်ရဲ့ တာဝန်ကို ထမ်းဆောင်နေတဲ့သူတစ်ယောက်ပေါ့၊ အဲလို ... ကျွန်မတို့မြို့လေးရဲ့ ဘဏ်မန်နေဂျာမကြီး ဖြစ်ရင် ကျွန်မ ကျေနပ်ပြီ ... အဲဒီ ရည်မှန်းချက်တစ်ခုတော့ရှိတယ်



www.burmeseclassic.com

www.burmeseclassic.com



ကျန်တာတော့ ဘဝမှာ ပေ့ါပေ့ါပဲ ... အိမ်ကလည်း ကျွန်မကို အားပေးတယ် ... အိမ်က ကုန်သည်မျိုးရိုးဆိုတော့ ဂုဏ်တစ်ခုအနေနဲ့ လုပ်စေချင်ကြတာပေ့ါနော် ... ဒါပေမဲ့ ဘဝဟာ secret တွေ အရမ်းများတယ် လင်းလွန်း ...
ထင်သလောက် မလွယ်ဘူးဆိုတာ ... သဘောပေါက်ခဲ့ရတယ် ... "

ပြောရင်းနဲ့ သူမ မျက်လုံးတွေက အတိတ်သို့ ခဏအလည်ပြန်ရောက်သွားသလို ရှိသည်။ သူ့ရင်တွေ တဒိတ်ဒိတ်နှင့် ခုန်လာခဲ့ချေပြီ။

"ဘယ်လို မလွယ်တာလဲ ... အလုပ်က မလွယ်တာလား"

"မဟုတ်ဘူး လင်းလွန်း ... ကျွန်မဘဝမှာ ထင်မှတ်မထားတဲ့ ဖြစ်ရပ်တွေနဲ့ ကြုံခဲ့ရဖူးတယ် ... လောကဒဏ်ဆိုတာ လူတိုင်း ကြုံရတဲ့ ကိစ္စတစ်ခုပါ ...
ဒါပေမဲ့ ... ကျွန်မအတွက်တော့ သတ္တဝါနဲ့လက်နက်နဲ့ မမျှဖြစ်တဲ့လောကဒဏ်ပါပဲ ... "

"အဲဒါတွေက မေထိုက်ကို နာကျင်စေခဲ့လို့လား ... "

သူမ နှုတ်ခမ်းတွေက ခပ်မဲ့မဲ့ပုံစံဖြင့် ပြုံးသွားကြသည်။





"ကျွန်မအတွက်ဆိုရင် အဲဒီလောက် နာကျင်စေမှာမဟုတ်ဘူး ... ကျွန်မ မိဘတွေအတွက်ပါ ထိခိုက်ရလို့ ကျွန်မ နာကျင်ရတာ ... အခုနစကားကို ပြန်ပြောရရင် အဲဒီလိုပေ့ါ။ လူဆိုတာ တစ်ယောက်ယောက်အပေါ်မှာ အမှားတစ်ခု လုပ်မိခဲ့ရင် အပြစ်မကင်းတဲ့ ခံစားမှုကတော့ ရှိနေမှာပဲ ...

"ကျွန်မလည်း ဒီသဘောပဲ ... ကျွန်မ ရည်ရွယ်သည်ဖြစ်စေ၊ မရည်ရွယ်သည်ဖြစ်စေ အမှားတစ်ခုကတော့ ဖြစ်သွားခဲ့ပြီ၊ ဒီအတွက် ကျွန်မ အရင်လို လွတ်လပ်ပေ့ါပါးစွာ မနေနိုင်တော့တာတော့ အမှန်ပဲ ...
ဒီအချိန်မှာ ကိုယ့်ခြေထောက်ပေါ် ကိုယ် သေချာမရပ်တည်နိုင်သေးလို့ မိဘရဲ့ ထောက်ပံ့မှုကို ယူနေရတုန်း ဖြစ်ပေမဲ့ ... မိဘပိုက်ဆံကို အရင်လို သုံးချင်စိတ်မရှိတော့ဘူး၊ ကျွန်မကိုယ် ကျွန်မ တာဝန်မကျေတဲ့ သမီးတစ်ယောက်အဖြစ် ခံစားရလို့ပဲ ... "

သူမက ပြောပြီးလျှင် ခေတ္တရပ်သွားကာ သူ့ကို ငဲ့ကြည့်သည်။ အဲဒီအကြည့်တွေသည် သူ့ရင်ကို ထိုးခွဲလျက် နှလုံးသားရဲ့တစ်ဆုံး ဟိုး အဝေးကြီးအထိ ဝင်ရောက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူက ကျောပိုးအိတ်ထဲမှ ခေါင်းစည်းကြိုးလေးကို ထုတ်ယူကာ သူမထံ ကမ်းပေးလိုက်လျှင် အံ့ဩသွားသောဟန်ဖြင့် ချက်ချင်းမယူသေးဘဲ ...

"အဲဒါက ဘာလဲ ..."

"မေထိုက် အတွက်လေ ... ဝယ်လာတာ ... ကျွန်တော့်ရဲ့ ပထမလက်ဆောင်ပေါ့"

သူမက ပြုံးသွားသော မျက်နှာဖြင့် အဲဒီကျမှ ခေါင်းစည်းကြိုးလေးကို လှမ်းယူသည်။

"လှသားပဲ ... ရှင်ကိုယ်တိုင် ဝယ်တာလား"

"ဒါပေါ့ ... ကျွန်တော်ကိုယ်တိုင် မဝယ်လို့ ဘယ်သူက ဝယ်ပေးမှာလဲ ... ကျွန်တော့်ဘဝမှာ ဒါမျိုး ဘယ်သူ့ကိုမှ ဝယ်မပေးခဲ့ဖူးဘူး ..."

"ကြော်ငြာကလည်း ဝင်လိုက်တာရှင် ..."

သူမက ပြောသာပြောသော်လည်း မျက်လုံးတွေကတော့ သဘောကျ ကျေနပ်ရိပ်ဖြင့် ရွှင်မြူးလို့နေလေသည်။ တကယ်တော့ ... သူက အရင်ထားခဲ့ဖူးသော ရည်းစားများနှင့် နှိုင်းကာ ပြောခြင်းဖြစ်သည်။ သူ့ဘဝမှာ ဘယ်မိန်းကလေးတစ်ယောက်ကိုမှ ဒီလို စိတ်ရှည်လက်ရှည် မပိုးပန်းဘူးချေ။





ဒီသစ္စာ မှန်ခဲ့ပါက မင်းရဲ့ အသည်းနှလုံးကို စိုးပိုင်ပါရစေ မေထိုက်ရယ်။

"မေထိုက်က ဆံပင်လေး စည်းထားရင် ပိုမိုက်တယ် သိလား၊ မျက်နှာလေးက ဖူးပြီး ရှင်းရှင်းလေးလှနေတာ ..."

"အမလေး ... ဘာစိတ်ကူးနဲ့ လာမြှောက်နေရတာလဲ ကိုယ်တော်ချောရယ် ..."

သူမက ရှက်သွားရိပ် အလျဉ်းမရှိဘဲ ပြုံးပြုံးလေးပြောသောအသံဟာ သူ့နားထဲသို့ စိမ့်ဝင်ဖြတ်စီး၍ သွားသည်။

"ကိုယ် ပေးတာကို သဘောကျလား မေထိုက် ..."

"သြော် ... ကျပါတယ်၊ Thank you ..."

"နောက်ထပ် ပေးစရာတစ်ခု ကျန်သေးတယ် မေထိုက်ရဲ့"

"ဟယ် ... ဘာတွေလဲ၊ တော်ပါတော့ လင်းလွန်းရယ် ... ရှင် ပိုက်ဆံတွေ သိပ်ကုန်နေပါ့မယ် ... ဒီခေါင်းစည်းကြိုးဟာလည်း အနည်းဆုံး နှစ်ထောင်လောက်တော့ ပေးရမှာ ... အဲဒီလို လျှောက်,လျှောက် ဝယ်မလာပါနဲ့ ... အလကား ပိုက်ဆံကုန်အောင် ... နောက် မဝယ်နဲ့ ကြားလား ..."

သူ့ကို ဆူသလို မာန်သလို ပြောသော သူမကို သူက



www.burmeseclassic.com

www.burmeseclassic.com



ခပ်စိုက်စိုက်လေး ငေးကြည့်လျက် ...

"ဒီတစ်ခါ ပေးမဲ့လက်ဆောင်က တန်ဖိုးအကြီးကြီး မေထိုက်ရဲ့ ... ကျွန်တော်က ဝယ်လာပြီးနေပြီ ... မေထိုက် မယူလို့မရတော့ဘူး ... "

"ဟင် ... ဘာကြီးတုန်း"

သူက သူမ နှုတ်ခမ်းဖူးဖူးလေးကို ရင်ခုန်စွာဖြင့် တစ်ချက်ကြည့်လျက် ...

"အချစ်ကြီးလေ ... အချစ်ကြီးကို ပေးမှာ ... "

"ဟယ် ... ဒါ ... ရှင် ကျွန်မကို လူပျိုစကားပြောတာလား"

"Yes. လူပျိုစကား ဟုတ်ပါသတဲ့ဗျာ ... မေထိုက် ကိုယ်မင်းကို ချစ်နေတယ် ... အဲဒီအချစ်တွေကို ပေးချင်တယ်၊ မယူချင်လို့လည်း မရတော့ဘူး မေထိုက် ... နှလုံးသားထဲက ထုတ်ပြီးနေပြီ ... "

သူမသည် မျှော်လင့်မထားသောအချိန်မှာ ရည်းစားစကား အပြောခံလိုက်ရသည့်အတွက် ဘာပြန်ပြောရမှန်းမသိ ဝေခွဲမရ ဖြစ်နေပုံရသည်။

"မေထိုက် ... တစ်ခုခု ပြန်ပြောဦးလေ၊ ကိုယ် ချစ်တာကို မယုံဘူးလား ... "





"ရှင့်ကို ယုံဖို့ မယုံဖို့ထက် လက်ရှိအဖြစ်အပျက်ကို ဖုံ့သင့်မယုံသင့် စဉ်းစားနေတာ ... "

"ဘာဖြစ်လို့လဲ ... ဒီစကားကို မျှော်လင့်မထားခဲ့လို့လား"

သူမက ဘာမှမပြောဘဲ အိတ်ကိုလွယ်ကာ ဆတ်ခနဲ ထသည်။ အဲဒီနောက် ထိုင်ခုံမှ ရုတ်တရက် ထွက်သွားတော့သည်။ ပထမတော့ သူဟာ ကြောင်တောင်တောင်ဖြင့် ထိုင်ကျန်နေရစ်ခဲ့သေးသည်။ နောက်မှ သတိဝင်လာလျက် သူမနောက်ကို အပြေးလိုက်ရသည်။

ဒေါက်အမြင့်စီးထားသော ခြေထောက်တွေဟာ ... စတိုင်လ်ကျကျဖြင့် သွက်သွက်လျှောက်လှမ်းဆဲ ... ။ သူက ဘေးမှ အမောတကော လိုက်၍

"မေထိုက် ဘာဖြစ်သွားတာလဲ ... စိတ်ဆိုးသွားတာလား၊ ကျွန်တော် တောင်းပန်ပါတယ်ဗျာ ... စိတ်တော့ မဆိုးပါနဲ့"

သူမက တစ်ခွန်းမှ ပြန်မပြောချေ။ လမ်းချိုးရောက်လျှင် ကွေ့လျက် လေကားထစ်များမှတစ်ဆင့် အောက်သို့ ဆင်းနေချေပြီ။

"မေထိုက် ... အဲဒီလိုကြီးတော့ တင်းမသွားနဲ့ကွာ ... ယုံစမ်း၊ ကိုယ် မင်းကို တကယ်ချစ်တာပါ ... ဟိတ် မေထိုက် "



www.burmeseclassic.com

www.burmeseclassic.com



သူမက ... သူ့ကို လှည့်ပင်မကြည့်ဘဲ ကားလမ်းကို ဖြတ်ကူးဖို့ ကြိုးစားနေသည်။ ကားအနည်းငယ် ရှင်းသွားလျှင် လမ်းကို စတင်ကူးသည်။ လမ်းအလယ်ခေါင်ရောက်လျှင် သူက သည်းမခံနိုင်တော့ဟန်ဖြင့် သူမရဲ့လက်ကို ဖမ်းဆွဲထားလျက် ...

"မေထိုက် ... မကျေနပ်ရင် ပါးရိုက်သွားကာ ... ဒီလိုတော့ ဥပေက္ခာမပြုပစ်ခဲ့နဲ့ ... ကိုယ့်ကို တစ်ခုခု တုံ့ပြန်မှု ပေးစမ်းပါ ... "

သူ့ကို တည့်တည့်စိုက်ကြည့်လာသော သူမ မျက်ဝန်းတွေထဲ၌ သူ မသိသော အရိပ်ယောင်တွေ ယှက်ဖြာလျက် ရှိနေ၏။

"ရှင်က ကျွန်မအကြောင်းကို ဘယ်လောက်သိလို့ ဒီစကားမျိုး ပြောရတာလဲ လင်းလွန်း ... "

သိတာပေါ့။ မင်းအကြောင်းကို သိလွန်းလို့ မင်းနဲ့ ဒီလောက်အခြေနေထိ ရောက်လာခဲ့တာပေါ့ မေထိုက်ရဲ့။ သို့သော် အဲဒီစကားကို သူ အပြင်သို့ ထုတ်မပြောမိပေ။ ပြောလို့လည်း မဖြစ်ချေ။

သူမက ဆက်၍ ...

"ကျွန်မဟာ ချစ်သူရှိတဲ့ မိန်းမတစ်ယောက် ဖြစ်ကောင်းဖြစ်နိုင်တယ် ... ဒါမှမဟုတ် အိမ်ထောင်ကျဖူးတဲ့ မိန်းမတစ်ယောက် ဖြစ်ချင်ဖြစ်နိုင်မယ် ... ရှင်က ကျွန်မအကြောင်းကို ဘယ်လောက်သိလို့ ကျွန်မကို ချစ်ရတာလဲ ... "





ဒီတစ်ခါတော့ သူက ရဲရင့်ပြတ်သားစွာဖြင့် ပြန်ဖြေခြင်း ဖြစ်၏။

"အဲဒါတွေက မေထိုက်ရဲ့ကိစ္စတွေပါ ... ကိုယ့်ကိစ္စမှ မဟုတ်တာ ... မေထိုက်ဘာသာ ရည်းစားပဲရှိရှိ ယောကျ်ားပဲရှိရှိ ကိုယ်နဲ့ မဆိုင်ပါဘူး ... ဘာလဲ ... ဒါတွေကြောင့် မေထိုက်က ကိုယ့်ကို ရင်မဆိုင်ရဲတာလား ... "

"ရှင် ရင်မဆိုင်ရဲမှာသာ စိုးတာပါ ... "

"အဲ ... အဲဒီစကားက ဘာလဲ မေထိုက် ... ကိုယ့်ကို ရှင်းရှင်းပြောပါ ... ဘာအကြောင်းနဲ့မှတော့ မင်းဟာ အိမ်ထောင်ကျဖူးတဲ့သူ မဟုတ်ဘူးဆိုတာ ကိုယ် သိတယ် ... ချစ်သူလည်း မင်းမှာ ရှိချင်တော့ ရှိခဲ့ဖူးမယ် ... ဒါပေမဲ့ ကိုယ် မင်းကို ချစ်နေလို့ပါ မေထိုက်ရယ် ... "

သူ့အသံက ဖျော့တော့စွာ တိုးဝင်သွားသည်။ ဘုရားရေ ... သူမ ငြင်းမှာကို သူ ဘာကြောင့် အသေအလဲ ကြောက်နေရတာလဲ။ ဒါဟာ အနိုင်ရချင်စိတ်တစ်ခုထဲနဲ့တော့ မဟုတ်လောက်ဘူး



www.burmeseclassic.com

www.burmeseclassic.com



ဟု သူ ထင်သည်။ တကယ်ပါ ... သူ မေထိုက်ကို ချစ်ကို ချစ်နေလို့ပါ။

"ရှင်နဲ့ ကျွန်မနဲ့ ပြိုင်ပွဲတစ်ခု စ,ကြတာပေါ့ လင်းလွန်း ..."

"ဘယ်လို ပြိုင်ပွဲလဲ ..."

"ဘယ်သူက ဘယ်သူ့ကို ပိုချစ်ပြနိုင်လဲဆိုတဲ့ ပြိုင်ပွဲပေါ့"

ချက်ချင်းပင် အေးစက်နေသော သူ့ နှလုံးခုန်နှုန်းသည် လျင်မြန်စွာ ပြန်လည်ပူနွေးအသက်ဝင်လာလေသည်။ မေထိုက်သည် သူ့ကို အရည်တဖျတ်ဖျတ် လက်နေသော မျက်လုံးများဖြင့် ငေးကြည့်နေခဲ့သည်။ သူသည် မယုံနိုင်ခြင်းများစွာဖြင့် ...

"ဒါ ... ဒါဆို အဲဒီအဓိပ္ပာယ်က ..."

သူမက လှစ်ခနဲပြုံးကာ ...

"ကျွန်မတို့နှစ်ယောက်မှာ အရင်စွန့်ခွာသွားတဲ့လူက အရှုံးပဲ လင်းလွန်း ... ဘယ်လိုလဲ ... ကျွန်မကတော့ ကိုယ့်ကိုယ်ကို အမြဲ အနိုင်ရနေမယ်လို့ ထင်တယ် ..."

"မေထိုက်ရယ် ..."

သူက မချိတင်ကဲ ရေရွတ်သံဖြင့် သူမရဲ့ လက်လေးနှစ်ဖက်ကို ဆွဲယူလျက် ရင်ခွင်မှာ အပ်ထားမိသည်အထိ သူမစကား





အတွက် ဆို့နင့်ဝမ်းသာလို့ သွားခဲ့သည်။ အဓိပ္ပာယ်က သူမဟာ
သူ့ကို ဘယ်တော့မှ စွန့်ခွာမသွားဘူးတဲ့ပေါ့။ သေချာလား ... ။
သေချာလို့လား ... ။ အရင်စွန့်ခွာသွားပါ လူဆိုးမလေးရယ်။ ဒါမှ
မင်း နိုင်မှာမို့ပါ။

တိုနေ့က လမ်းလယ်ခေါင်မှာ ခံစားမှုတွေ ပေါက်
ကွဲခဲ့ကြသော သူတို့နှစ်ယောက်ကို ရုပ်ရှင်ရိုက်နေတာလားဟု ထင်
သူတွေကလည်း ထင်ခဲ့ကြသည်အထိ အချစ်သည် အရာရာကို မေ့
လျော့အောင် စွမ်းဆောင်စေနိုင်ခဲ့သူ ဖြစ်ပါသည်။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
သယ်နှင်းကျွန်းသို့
အမှတ် (၁၀၆)၊ သုမင်္ဂလာ (၆) လမ်း၊ သုမင်္ဂလာအိမ်ရာ၊
ပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





‘ချစ်တယ်’ ဟူသော စကားလုံးတစ်လုံးမှ မပါဘဲ ပြောင်မြောက်လှပစွာ အဖြေပေးတတ်ပုံကို သူမနှင့်ကျမှ သူကြုံဖူးခဲ့တာ ဖြစ်သည်။ မေထိုက်သည် နှလုံးသားထဲက အချစ်ကို အရှိကို အရှိအတိုင်း သတ္တိရှိစွာ ဖွင့်ချပြခဲ့သူပင်။ အချစ်နှင့်ပတ်သက်၍ မေထိုက်ရဲ့ ဖလော်ကား ချစ်တတ်တဲ့သူဟာ သတ္တိရှိတတ်တဲ့သူလည်း ဖြစ်ရမယ်တဲ့။





“ဘယ်လိုသတ္တိရှိတာလဲဟင် ထိုက် ... စွန့်စားရဲတာကို ပြောတာလား ...”

ချစ်သူတွေ ဖြစ်သွားပြီဆိုကတည်းက သူက သူမကို ထိုက်ဟု ပြောင်းလဲခေါ်တွင်ခဲ့သည်။ သူမကတော့ အခေါ်အဝေါ်တွေ ပြောင်းလဲမသွားသေးချေ။

“မဟုတ်ဘူး လင်းလွန်း ... ကိုယ့်ချစ်သူက ထားခဲ့မဲ့ဒဏ်ကို သတ္တိရှိစွာ ရင်ဆိုင်နိုင်ဖို့ ပြောတာ ...”

“ဟာကွာ ... ဘာတွေပြောနေတာလဲ ထိုက်ကလည်း ... ကိုယ် တစ်ခုမေးမယ်နော် ... ထိုက် စိတ်မဆိုးရဘူး”

“စကားကြီးက ကြိုပိတ်ထားပြီးမှကွာ ... ကဲ မေးပါ ... မဆိုးပါဘူး ...”

“ထိုက်ဟာ အချစ်နဲ့ ပတ်သက်ပြီး ဒဏ်ရာရခဲ့ဖူးတယ်လို့ ကိုယ် ထင်တယ် ...”

သူမက တစ်နေရာသို့ ငေးကြည့်နေကာ တော်တော်နှင့် ပြန်မဖြေပေ။

“ဒဏ်ရာရတာ မဟုတ်ဘူး လင်းလွန်း ... တစ်ခါတည်း [illegible] သွားခဲ့တာ ...”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား ... အဲဒီတစ်ယောက်ကို ထိုက်က တော်တော် ချစ်ခဲ့လို့လား ... "

ဒီစကားကို မေးစဉ်မှာ သူ့နှလုံးသားဟာ ပေါ့ပါး မနေချေ။ မေထိုက် ပြန်ဖြေမည့်အဖြေကို စောင့်ရချိန်သည် သူ့အတွက် ငရဲမှာ တာန်းစီနေရသလိုပဲ ဖြစ်၏။

"လုံးဝ မချစ်ခဲ့ဘူး ... "

သွားကြားထဲမှ ထွက်လာသော လေသံနှင့် ... ဖြေသော အသံသည် ရှင်းလင်းကို ဘယ်လောက်တောင် နာကြည်းနေသလဲဆိုတာ အတိအကျ ဖော်ပြနေသလိုပင်။ အဲဒီစကားကြောင့် သူ့နှလုံးသွေးတွေ ရတ်တရက် ခဲသွားသလို ခံစားသွားခဲ့ရသည်။ အပြစ်မဲ့သော ရှင်းလင်းရဲ့ ရုပ်သွင်က မျက်လုံးထဲတွင် ဖျတ်ခနဲပေါ်လာလျှင် ထိုခဏ၌ သူမကို မုန်းသွားသည်။

"ကိုယ် နားမလည်ဘူး ထိုက် ... မင်းက သူ့ကို လုံးဝမချစ်ခဲ့ဘူးလို့လည်း ပြောသေးတယ် ... သူ့ကြောင့် မင်းဘဝ သေဆုံးသွားသလိုပဲလို့လည်း ပြောတယ် ... ကိုယ့်ကို ရှင်းရှင်းပြောပါ ထိုက်ရယ် ... ကိုယ် မင်းဘဝကို စိတ်ဝင်စားတယ် ... မင်းမှာ ဒဏ်ရာတွေ ရှိနေတယ်လို့ ကိုယ် ထင်တယ် ... "





သူ့ကို မော့ကြည့်လာသော ထိုက်ရဲ့ အကြည့်များစွာတို့ထဲတွင် အားကိုးနှောင်ဖွဲ့ချင်သည့် အရိပ်အယောင်တွေ အများကြီးပဲ ဖြစ်သည်။ ဟင့်အင်း ... မနှောင်တွယ်ချင်နဲ့ မေထိုက်။ ရှင်းလင်းကို တကယ်မချစ်ခဲ့ဘဲနဲ့ အရူးလုပ် ဆော့ကစားခဲ့တဲ့အတွက် မင်းကို ကိုယ် ဒဏ်ခတ်ရလိမ့်မယ်။

"ကျွန်မမှာ ဘာဒဏ်ရာမှ မရှိတော့ဘူး လင်းလွန်း ... လူတစ်ယောက်ဟာ ဝေဒနာတစ်ခုကို အဆုံးစွန်ထိ ခံစားပြီးသွားရင် ပေါ့ပါးလွတ်မြောက်သွားကြတာပဲလေ ... ဒါဟာ ဒီခန္ဓာကိုယ်နဲ့တော့ မဟုတ်တော့ဘူး ... တခြားကမ္ဘာသစ်တစ်ခုမှာ လွတ်မြောက်ခွင့်ရသွားတာ ...

ကျွန်မလည်း အဲဒီလိုပါပဲ ... ကမ္ဘာသစ်တစ်ခုကို ရောက်သွားခဲ့တာပါပဲ ... အဲဒီကမ္ဘာသစ်မှာ ထပ်မံရှင်သန်ရင်း ရှင်နဲ့ ဆုံတွေ့ရတာပဲ ... ကျွန်မ တစ်ခုတော့ ဝန်ခံမယ် ... ကျွန်မဟာ လိပ်ပြာတစ်ကောင်ဆိုရင် ရှင်ဟာ ကျွန်မကို အသက်သွင်းပေးခဲ့တဲ့သူပဲ ...

ရှင်နဲ့တွေ့မှ ကျွန်မဟာ အသက်ဝင်လာခဲ့တာပါ ... "

"ထိုက်ရယ် ... မင်းဟာ အဲဒီတစ်စုံတစ်ယောက်ကို [illegible]



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်များ ဒီလောက် ခါးသီးနေရတာလဲဟင် ... သူက မင်းရဲ့ အချစ်ဦး မဟုတ်ဘူးလား ... "

"အချစ်ဆိုတာ ဘာလဲ လင်းလွန်း ... ကျွန်မ စိတ်ထဲတော့ အချစ်ဆိုတာ လှည့်ဖြားတတ်တဲ့သဘောရှိတယ်လို့ ထင်တယ် ... ဒါပေမဲ့ တကယ်ချစ် မချစ်ဆိုတာတော့ တစ်ချိန်ကျရင် ပေါ်မှာပါပဲလေ ... "

အဲဒီစကားကြောင့် သူ့နောက်ကျောတွင် စိမ့်ခနဲ ဖြစ်သွားသည်။

"ထိုက်ကရော ဒီတစ်ခါ တကယ်ချစ်လို့လား ... "

ဒီမေးခွန်းကိုတော့ သူကိုယ်တိုင် လိုလားတောင့်တစွာ မေးခြင်း ဖြစ်ပါသည်။

"ရှင်ကရော လင်းလွန်းရဲ့ ... "

သူမက ခပ်ပြုံးပြုံးနှင့် ပြန်မေးကာ သူ့မျက်မှန်လေးကို ဆွဲချွတ်လျက် တစ်သျှူးပေပါဖြင့် ကြည်လင်အောင် သုတ်ပေးနေသည်။ သူမရဲ့ အမှတ်တမဲ့ ဒီလို အကြင်နာတွေဟာ သူ့ကို ပို၍ ကြည်နူးစေတာ ဖြစ်လေသည်။

သူမ မေးခွန်းကို ပြန်မဖြေဖြစ်သေးဘဲ သူမရဲ့ လက်ဖျားလေးတွေကို ပထ...သုံး.ခကြွမ်အဖြစ် ဆွဲယူဖျစ်ညှစ်မိသည်။





"ကျွန်မရဲ့ အရင်တစ်ယောက်ကို ကျွန်မ အဖြေပေးဖြစ်ခဲ့တာဟာ တကယ်ချစ် မချစ် မသေချာလို့ဘဲ ... မသေချာလို့ ပေးဖြစ်ခဲ့တာ ... ပြီးတော့ သူ့ကို အရမ်း စဉ်းစားခဲ့တယ်၊ အကျင့်စာရိတ္တ၊ မိဘအသိုင်းဝန်း၊ ပညာအရည်အချင်း အစုံပဲ၊ ဒါပမေ့ ... ဒါတွေဟာ တကယ်တမ်း ရင်ဘတ်နဲ့ထိတဲ့ကိစ္စတွေမှာ ဘာမှ အရေးမပါတော့ဘူး ...

ရှင့်အကြောင်းကို ကျွန်မ ဘာမှ သိပ်မသိဘူး လင်းလွန်း၊ ဒါပေမဲ့ ထူးဆန်းတာတစ်ခုက ရှင့်ကို ကျွန်မ စိတ်ထဲမှာ ရင်းနှီးမှု ရှိနေတယ် ... အချစ်ရေးနဲ့ ပတ်သက်ရင် အရမ်းစဉ်းစားခဲ့တဲ့ ကျွန်မ ဒီတစ်ခါမှာတော့ ဘာမှ ထွေထွေထူးထူး မစဉ်းစားတော့ဘူး ... ဒါကြောင့် ရင်ထဲရှိတဲ့အတိုင်းပဲ ရှင့်ကို တုံ့ပြန်ခဲ့တာပဲ ...

တစ်ခုတော့ ရှိတာပေါ့လေ ... ဒီယောကျ်ားဟာ ငါ့အပေါ် မှာ ပက်ပက်စက်စက်တော့ မဆိုးတန်ကောင်းပါဘူး ဆိုတဲ့ အချက်ပဲ ... "

သူက လှမ်းကိုင်ထားသော သူမရဲ့ လက်ဖျားလေးတွေကို ဖျစ်ခနဲပင် လွှတ်ချမိမလို ဖြစ်သွားသည်အထိ သူမစကား



www.burmeseclassic.com

www.burmeseclassic.com



ကို အကြီးအကျယ် အားနာသွားခဲ့ရသည်။ ဒီစကားဟာ သူ့ကိုယ်သူလည်း သတိပေးလိုက်သလိုပင် ... ။

အဲဒီအချိန်မှာပဲ သူက ဆုံးဖြတ်ချက်တစ်ခုကို ချလို့နေပြီးဖြစ်၏။ မင်းကို ရည်စူးထားလည်း မခြွေရက်တော့ပါဘူး ထိုက်ရယ်။ ယုတ်စွအဆုံး ရင်ခုန်ရတဲ့ မင်း ပါးပြင်လေးကိုတောင် နမ်းမွှေးခွင့်ကို ကိုယ် တားဆီးပါ့မယ်။

ဘာအခွင့်အရေးမှ မယူရက်တော့လောက်အောင် မင်းဟာ ကိုယ့်အပေါ်မှာတော့ ယုံကြည်နေပြီး ရှင်းလင်းကိုတော့ ဘာလို့ ရက်စက်နိုင်စွမ်းရတာတဲ့လဲ ... ။

❋❋❋

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် (၁၀၆)၊ သုမင်္ဂလာ (၆) လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းသို့
ပေးပို့နိုင်ပါသည်။







သူမနှင့် ... ချစ်သူဘဝ ဖြတ်သန်းမှုများသည် သူ့အတွက်တော့ ပြည့်စုံသည်ဟူသော အခြေအနေမှာ ရှိသည်ဟု ပြောလို့ရခဲ့သည်အထိ ထိုက်နှင့် သူဟာ အပေးအယူမျှတခဲ့၏။ အံ့ဩစရာကောင်းလောက်အောင်ပင် ထိုက်ဟာ သူ့ကို ချစ်နိုင်ခဲ့သူ ဖြစ်သည်။ ပါးစပ်က ထုတ်မပြောပါဘဲနှင့်ကို သူ့ကို ကြည့်သော ထိုင်း ရဲ့ အကြည့်တွေထဲတွင် အချစ်တွေ လျှံကျနေလေ့ရှိ၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတလေကျလျှင် သူက ထိုက်ကို နောက်သလို လိုဖြင့် ...

"ထိုက် ကြည့်ရတာ ကိုယ့်ကို တော်တော်ချစ်ပုံပဲ နော် ... " ဟု ပြောလျှင် ထိုက်က သူ့ကို ချစ်မျက်စောင်းလေး ဝဲလျက် ...

"ဒါဆို ဒီနှစ်ယောက်တော့ ဒီတစ်ခါ တကယ်ရတော့မယ်နဲ့ တူတယ် ... "

သူက ထိုက်ရဲ့ နားသယ်စပ်မှာ ဝဲကျနေသော ဆံမျှင်လေးအား မနာအောင် ဆွဲစလိုက်ရင်းမှ ...

"ထိုက်က ကိုယ့်ကို လက်ထပ်မှာလား ... "

"အင်း ... "

အဲဒီ 'အင်း'ဟာ အဖြေစကား၊ ခေါင်းညိတ်သည့် အဓိပ္ပာယ်မဟုတ်ချေ။ လေးလေးနက်နက် ဖြေဖို့အတွက် အင်းခနဲ သံရှည်ဆွဲကာ စဉ်းစားနေခြင်း ဖြစ်သည်။

သူက မေးစေ့ကို လက်ညှိုးလေးထောင်လျက် စဉ်းစားနေသော ထိုက်ရဲ့ ပုံလေးကို ချစ်မြတ်နိုးစွာ ငေးကြည့်နေမိသည်။ ထိုက်ဟာ သူက ဆံပင်စည်းတာကို သဘောကျတတ်မှန်း





သိ၍ အခုတလော အမြဲလိုလိုပင် ဆံပင်တွေကို ခပ်မြောက်မြောက်လေး စည်းနှောင်တတ်ပါသည်။

သူက အဲဒီဆံပင်မြောက်မြောက်လေးကို အမြဲဆွဲ၍ စ,တတ်ပြီး 'ထိုက်က ကိုယ့်စကားကို အရမ်းနားထောင်တယ်နော်' ဟု ပြောလျှင် 'အိုက်လို့ စည်းတာပါ" ဟု အမြဲ ပြန်ပြောတတ်သော ထိုက် ... ။

မင်း ချစ်တာ ကိုယ် သိတာပေါ့ ထိုက်ရယ်။

"ရှင့်ကို ကျွန်မ ဘာမှ မညာချင်ဘူး လင်းလွန်း ... ကျွန်မဘဝရဲ့ တစ်စိတ်တစ်ဒေသကို ရှင် သိထားသင့်တယ်လို့ ထင်တယ် ... ကျွန်မဘဝမှာ ယောကျ်ားတစ်ယောက်နဲ့ လက်ထပ်တော့မယ်လို့ လူတွေက အသိအမှတ်ပြုပေးဖူးကြတယ်၊ ကျွန်မစိတ်မှာလည်း အဲဒီလိုပဲ လက်ခံထားပေးခဲ့ပါတယ်"

ထိုစကားကြောင့် သူ့နှလုံးသားတစ်ခုလုံး ထုံကျဉ်သွားသလို ခံစားသွားခဲ့ရသည်။ အားလုံး အတိအကျပဲ။ သူ သိထားတဲ့ အကြောင်းအရာတွေနဲ့ သူမ ပြောပြနေသော အကြောင်းအရာတွေနဲ့ အခုထိ ဘာမှမလွဲသေး ... ။ အားလုံး အတိအကျပဲ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းဟာ အင်မတန် ရက်စက်တဲ့ မိန်းမ။ ဒီစကားကို သူ့ရင်ထဲမှာ အကြိမ်ကြိမ် အော်နေမိခြင်း ဖြစ်လေသည်။

"ဒါပေမဲ့ ကံကြမ္မာဟာ အံ့သြစရာကောင်းလောက်အောင်ကို အဲဒီ အဖြစ်ပျက်တွေကို ပြောင်းပြန်လှန်ပစ်လိုက်တယ်၊ သူ့ကို လက်ထပ်ဖို့ဆိုတာ ဘယ်နည်းနဲ့မှ ဖြစ်မလာနိုင်တော့ဘူး ... သေချာတာတစ်ခုကတော့ အချစ် မရှိတာဘဲ ...

"အဲဒါကို ကျွန်မ ရှင်းရှင်းလင်းလင်း သိခွင့်ရခဲ့တာပါ ..."

"အဲ ... အဲဒီတော့ ထိုက် ဘယ်လိုဆုံးဖြတ်ခဲ့လဲ ..."

သူမက ခေါင်းငုံ့ မျက်လွှာချလျက် ခပ်တိုးတိုးလေး ဖြေပါသည်။

"ကျွန်မ သူ့ကို လမ်းခွဲလိုက်တယ် ..."

ဒီနေရာမှာ သူမဟာ သူ့ကို မကြည့်နေ၍သာ တော်တော့သည်။ ကြည့်နေခဲ့လျှင်လည်း အဖြေဟာ ဒီနေရာမှာပဲ အပြီးပေါ်သွားခဲ့မှာ ဖြစ်လေသည်။ သူမကို စူးစူးရဲရဲ စိုက်ကြည့်နေသော နာကြည်းမျက်ဝန်းများကို သူမ မမြင်သွားခဲ့ချေ။

သူက အသံကို တည်ငြိမ်အောင် ပြန်ထိန်းလျက်

"အဲဒီတစ်ယောက်က ထိုက် လမ်းခွဲတာကို အေးအေးဆေး





ဆေးပဲ လက်ခံလား ... နောက်ပြီး ထိုက်ကရော လမ်းခွဲဖို့ကိစ္စကို လွယ်လွယ်နဲ့ ဆုံးဖြတ်ချက် ချခဲ့တာလား ... သူ့ဘက်ကရော ထည့်မစဉ်းစားပေးခဲ့ဘူးလား ..."

သူမက ... သူ့ကို အံ့သြသလိုနှင့် စောင်းငဲ့ကြည့်ပြီးနောက်မှ အရယ်မျက်နှာတစ်ခုဖြင့် ...

"ထူးဆန်းတယ်နော် ... ကျွန်မအနေနဲ့ ချစ်သူရွေးတာ မှန်ကန်မှုရှိတယ်လို့ ထင်ပါရဲ့ ... ရှင် မေးနေတဲ့ပုံက ကျွန်မရဲ့ ချစ်သူ မဟုတ်သလိုဘဲ ...

လုံးဝ ဂျယ်လက်ဆီမျက်နှာမျိုး မရှိဘူး ... ကျွန်မ အရမ်းကံကောင်းတာပဲနော် ..."

"ထိုက်က နောက်နေတာလား ..."

"ဩော် ... တကယ်ပြောနေတာပါ ... ကျွန်မ နားလည်မှုရှိတဲ့ ယောကျ်ားမျိုး သဝန်မတိုတတ်တဲ့ ယောကျ်ားမျိုးတွေကိုပဲ သဘောကျတာပါ ... ရှင်ဟာ ကျွန်မရဲ့ ... တကယ့်အဖော်ကောင်းပါ လင်းလွန်းရယ် ... ဒီအတွက် ရှင့်ကို ဆုံးရှုံးသွားစေဦး ... ကျွန်မ ကျေနပ်ပါတယ်"

"ကဲ ... ကိုယ်မေးတာကို ဖြေပါဦးကွာ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... ရှင် ဒါကို သိပ်စိတ်ဝင်စားနေတာပါလား ... ဒီကိစ္စကို ရှင်နဲ့ တွေ့ပြီးတဲ့နောက်မှာ ကျွန်မ အပြီးမေ့ထားခဲ့တာ လင်းလွန်းရဲ့ ... ကျွန်မ အဲဒါတွေ ထပ်မပြောချင်တော့ဘူး ... ရှင် မသိချင်ပါနဲ့တော့ ..."

သူမက အဲဒီအကြောင်းကို လုံးဝ မဆက်ချင်တော့သည့်ပုံဖြင့် ငြင်းဆိုလိုက်တာ ဖြစ်လေသည်။ သို့သော် ... သူက ဒွဲ မလျှော့ချေ။

"မဟုတ်ပါဘူး ... ကိုယ် သိချင်တာက သူ့ကို လမ်းခွဲလိုက်လို့ ထိုက် နာကျင်ခံစားခဲ့ရတာလား ဆိုတာကိုပါ ..."

"အဟား ... မဖြစ်နိုင်တာဘဲ ... ကျွန်မလား သူ့အတွက် ခံစားမှာ၊ လောကမှာ ချစ်ခြင်းနဲ့ ခွင့်လွှတ်ခြင်းဟာ ဘယ်လို အပြန်အလှန် အကျိုးပြုနေသလဲဆိုတာတော့ ကျွန်မ မသိဘူး ... သေချာတာကတော့ ရှင်းလင်းကို ဆိုတဲ့ ... ယောက်ျားဟာ ကျွန်မကို သေသည့်တိုင်အောင် ဒုက္ခပေးခဲ့တဲ့ ယောက်ျားပဲ ..."

"ဘုရားရေ ... ရှင်းလင်းကို ... သူက ဘယ်သူလဲ"

အကယ်ဒမီအိုက်တင်ဖြင့် သူက မေးလိုက်ခြင်း ဖြစ်သည်။ သူမရဲ့ မျက်ဝန်းများသည် အမုန်းတွေ စီးဝင်လာသည်ထင်။





ပြောင်လက်ရူးရှကာ ရက်စက်တတ်သည့် အရိပ်အယောင်တွေ တဖျတ်ဖျတ်လက်လာသည်။ အဲ့ဒီအချိန်တွေတုန်းကလည်း ဒီလို အကြည့်တွေနဲ့ ရှင်းလင်းကို သေစေခဲ့တာ ဖြစ်မှာပဲ။

"ရှင်းလင်းကို ဆိုတာ ကျွန်မရဲ့ ရည်းစားပဲ ..."

"သူက သေသွားပြီ ဟုတ်လား ..."

"ဟုတ်တယ် ... သူ ကျွန်မရှေ့မှာတင် သေသွားခဲ့တာ ... အဲဒီအဖြစ်အပျက်ကို ကျွန်မ မျက်လုံးထဲကကို မထွက်ဘူး၊ အင်မတန် သွေးပျက်စရာကောင်းတဲ့ ကိစ္စပါ ..."

"မင်းက လမ်းခွဲလိုက်လို့လား ... အဲဒီလောက်တောင်ပဲ လား ထိုက်ရာ ..."

သူက ညည်းညည်းညူညူလေသံနှင့် ပြောလိုက်လျှင် သူ့ကို လှမ်းကြည့်လာသော သူမ မျက်ဝန်းတွေက ဒဏ်ရာ တစ်ဖန် ပြန်ရသလို နာကျင်ကြေကွဲရိပ်တွေနှင့် ပြည့်နှက်နေခဲ့ပါသည်။

"အဲဒီလောက်ထိလည်း ဖြစ်မယ် မထင်ခဲ့ပါဘူး ... အဲဒါပဲ လင်းလွန်း ... အဲဒီကိစ္စတွေနဲ့ ကျွန်မရဲ့ဘဝက ရှင်လျက် သေသူတစ်ယောက် ဖြစ်ခဲ့ရတာပါ ...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မရဲ့ နောက်ကြောင်းရာဇဝင်ဟာ မလှပခဲ့ပါဘူး ... ဒီလို စောစောစီးစီး ဖွင့်ဟဝန်ခံထားတာဟာ ရှင့်အပေါ်မှာ ရိုးသားခြင်းတစ်ခုပါ ... ကျွန်မဘဝမှာ ဘာကိုမှ ဖုံးကွယ်ထားတဲ့လူ မဖြစ်ချင်ပါဘူး ... ”

ရိုးသားစွာနဲ့ ဖွင့်ဟဝန်ခံထားတာတဲ့။ ဒီလောက်ထိ ဖြစ်မယ် မရည်ရွယ်ခဲ့ဘူးတဲ့။ လုံးဝ မချစ်ခဲ့သော ရှင်းလင်းကိုတဲ့။ ဒီလိုတွေ ပွင့်ပွင့်လင်းလင်း ထပ်သိခွင့်ရမှတော့ ကိုယ်ဟာ မင်းကို ဘာအကြောင်းတွေနဲ့ ထပ်ခွင့်လွှတ်ပေးရဦးမလဲ ဘုန်းမေထိုက်ရယ်။

✲✲✲

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် (၁၀၆)၊ သုမင်္ဂလာ (၆) လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းသို့
ပေးပို့နိုင်ပါသည်။







ဒီလိုနဲ့ ဖြတ်သန်းခဲ့သော အချိန်တွေ ကုန်မှန်းမသိ ကုန်လာချိန်ဝယ် သူနှင့် မေထိုက်တို့၏ ချစ်သူသက်တမ်းသည်ပင် လျှင် နှစ်ပတ်လည် တစ်ကျော့ပြန်လည် ရောက်ရှိလာပြီ ဖြစ်လေသည်။ သူမကပင်လျှင် မယုံနိုင်သလို မျက်ဝန်းများဖြင့် ...

“ရှင်နဲ့ ကျွန်မရဲ့ 1st Anniversary တဲ့ ... (တစ်နှစ်ပြည့်နှစ်ပတ်လည်) အချိန်တွေက မြန်နေသလိုပဲနော် ... ”



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြုံးပြုံးလေး ဆိုခဲ့သည်။

"အဲဒါ ကိုယ်နဲ့ ချစ်ရတာ ထိုက် စိတ်ချမ်းသာလို့ နေမှာပေါ့"

အဲဒီစကားကို ကြားလျှင် သူမက တဟားဟားနှင့် အော်ရယ်လေသည်။ သူမ အဲဒီလို ပွင့်ပွင့်လင်းလင်း ဟန်မဆောင် စတမ်း ရယ်ပုံကို သူ အင်မတန် သဘောကျလေ့ရှိသည်။ ဖြူဖွေး ချောမွတ်သော လည်တိုင်တွေ ဖြောင့်စင်းသွားအောင် ခေါင်းမော့ ရယ်လျှင် ရွှေလည်တိုင်ကို ကြည့်လျက် သူ သက်ပြင်းကျိတ်ချရစမြဲ။

သူ့အတွက်တော့ တစ်ချိန်ချိန်မှာ နှုတ်ဆက် ချန်ထားရစ်မည့် မိန်းကလေးတစ်ယောက်အပေါ်မှာ ဘာအခွင့်အရေးမှ မယူရက်ခဲ့တာ ဖြစ်ပါသည်။ အဲ့ဩစရာကောင်းလောက်အောင်ကို ချစ်သူသက်တမ်း တစ်နှစ်ရှိလာသည်အထိ သူမရဲ့ ဆံနွယ်လေးတွေကိုတောင် သူ မနမ်းရှိုက်ခဲ့ဘူးချေ။

"အဲဒီနေ့က ဆန်းဒေး ကျတယ်နော် ... ထိုက်မှာ ဘာအစီအစဉ်တွေရှိလဲ ..."

"မရှိပါဘူး ... လင်းလွန်းရော ..."

"ကိုယ့်မှာတော့ ရှိတယ် ... အဲဒီနေ့မှာ ထိုက်ကို ကိုယ့်တိုက်ခန်းကို ဖိတ်ချင်တယ် ... ဩော် ... ထိုက် ဆန္ဒရှိမှပါ၊





ထိုက် မလာချင်ဘူးဆိုလည်း ရတယ်နော်၊ တခြား မဟုတ်ပါဘူး ... ကိုယ်က ထိုက်ကို အပြုံး ဘဲဥချဉ်ရည်ဟင်း ချက်ကျွေးချင်လို့ ..."

"ဟာ ... ဆန်းတာပြားပြားပါလားဟယ် ... အပြုံးဘဲဥချဉ်ရည်ဟင်း ဟုတ်လား ... ဘယ်လိုမျိုးလဲ"

သူမ မျက်ဝန်းလေးတွေက စိတ်ဝင်စားရိပ်ဖြင့် ... တောက်ပရွှန်းလက်လို့ လာလေသည်။ သူက မျက်စိတစ်ဖက် မှိတ်ပြလိုက်ရင်း ...

"ဒါတော့ တောဖီးကွက်လေ ... ပြောမပြဘူး ..."

Top Secret (ထိပ်တန်းလျှို့ဝှက်ချက်)ကို တောဖီးကွက်ဟု ရွှတ်နောက်နောက်ပြောသော သူ့စကားကို သူမက ရယ်ဟဟဖြင့် ပြန်၍မေးသည်မှာ ...

"တောဖီးကွက်နဲ့ မြို့ဖီးကွက် ဘာကွာလို့လဲ ..."

"တောဖီးကွက်က မျက်လုံးပိုပြူးတယ် ... အဲဒီနေ့ကျရင် ထိုက် မျက်လုံးပြူးရမဲ့ကိစ္စမျိုးတွေ ရှိနေလို့ပေါ့ ..."

"အမလေး ... ညှိယူပြားယောင်းနေပြန်ပြီ ... ဟုတ်ပါပြီ၊ ရှင်နေတဲ့အခန်းကိုလည်း ကျွန်မ တစ်ခါမှ မရောက်ဘူး တော့ လာလည်ရင်းနဲ့ လာခဲ့ပါမယ် ...



www.burmeseclassic.com

www.burmeseclassic.com



ထူးထူးဆန်းဆန်း ဟယ် ... အပြုံးဘဲဥချဉ်ရည်ဟင်းလို့ပဲ၊ ရှင်က ဟင်းတွေ ဘာတွေ ချက်တတ်လို့လား ... ”

သူက မိန့်မိန့်ကြီး ပြုံးပြကာ ...

“ဘဲဥစီးရီးစ်တွေတော့ အားလုံးတတ်တယ် ... ဘဲဥကြော်၊ ဘဲဥချက်၊ ဘဲဥပြုတ်၊ ဘဲဥမကျက်တကျက်၊ ဘဲဥလုံးဝကျက်၊ အကျက်လွန်၊ ဘဲဥအတူး ... ”

“တော်ပါတော့ဟယ် ... ရယ်ရလွန်းလို့ အူတက်တော့မယ်၊ ကဲ ... ဒါဆို အဲဒီဆန်းဒေးကျ ဆုံမယ်လေ ... ကျွန်မ Class ချိန် နီးလာလို့ သွားတော့မယ်နော် ... ”

“ခဏလေး ထိုက် ... ”

သူက ... ကျောပိုးအိတ်ထဲမှာ နောက်ဆုံးကျန်နေသော ဝက်ဝံရုပ်ပုံပါ ခေါင်းစည်းကြိုးလေးကို သူမအား ကမ်းပေးလိုက်သည်။ သူမက ပြုံးရွှင်သော မျက်နှာထားဖြင့် လှမ်းယူပြီးနောက် ...

“အဲဒီနေ့ကျ ကျွန်မ အဲဒါလေး စည်းခဲ့မယ်နော် ... ”

“အင်း အင်း ... ကောင်းကောင်းသွားနော် ထိုက်”

သူမက သူ့ကို ချစ်စဖွယ် နှာခေါင်းရှုံ့ပြောင်ပြရင်း ထွက်ခွာသွားသည်။ သူသည် လူအုပ်ကြားထဲမှာ ရောနှောပျောက်





သွားသည်အထိ သူမ ပုံရိပ်လေးကို စောင့်ကြည့်နေခဲ့မိသည်။

ထိုက်ဟာ သူ ထင်ထားတာထက်ကို သူ့အပေါ်၌ မျှော်လင့်ချက်မဲ့စွာ ချစ်ခဲ့သည်။ ဒီအဖြစ်ကို ... သူ အလွန်အမင်း တောင့်တခဲ့ရသော်လည်း တကယ်တမ်း ရလာသောအခါ သူ ထင်သလောက် မပျော်နိုင်တော့သည်မှာ ဘာကြောင့်ပါနည်း။

သူသည် ... ဆုံးဖြတ်ချက်တစ်ခု ချပြီးလျှင် ဘာအကြောင်းနဲ့မှ ပြုပြင်တတ်သော လူစားမျိုးမဟုတ်ချေ။ သူ ထိုက်ကို မလွဲသာမရှောင်သာ ချစ်မိသွားသော်လည်း နောက်ဆုံးမှာ သူ ဘာလုပ်ရမလဲဆိုတာကို သူ ကောင်းကောင်းနားလည်လေသည်။ ပြီးတော့ ထိုက်နဲ့ သူဟာ ဘယ်လိုမှ ဆုံစည်းနိုင်ခွင့် မရှိသည့်သူတွေ ဖြစ်သည်။

ဘုန်းမေထိုက် ဆိုတာ သူတို့ အသိုင်းအဝန်းမှာတော့ စုန်းမတစ်ယောက်သာ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com





"တီ ... တီ ... တီ ... "

တံခါးဘဲ(လ်)သံကြားလျှင် ထိုက် လာပြီမှန်း သူ သိသဖြင့် အပြေးအလွှား တံခါးသွားဖွင့်ပေးလိုက်လျှင် ထင်သည့်အတိုင်း ထိုက်ပဲ ဖြစ်ပါသည်။ ဝက်ဝံရုပ်ခေါင်းစည်းကြိုးလေးဖြင့် ဆံပင်တွေကို အားတစေခင်း ယူစည်းထားပုံလေးဟာ ထိုက်ကို ကလေးမလေးတစ်ယောက်သဖွယ် နုနယ်စေသည်။





"ကြွပါ ဒေါ်မေထိုက် ခင်ဗျာ ... "

သူက လက်ကမ်းကြိုဆိုသည့်ပုံဖြင့် ပြောလိုက်လျှင် ထိုက်က မျက်မှောင်ကုတ်လျက် ပြုံးပြရင်း သူ့အခန်းထဲသို့ ဝင်လာသည်။ သူငယ်ချင်းတစ်ယောက်၏အခန်းကို ခဏငှားထားသဖြင့် သူ့အခန်းလေးဟာ တစ်ကိုယ်ရေအသုံးဆောင်တို့ဖြင့် ပြည့်စုံတင့်တယ်၍ နေသည်။

ထိုက်က သူ့အခန်းလေးကို စိတ်ဝင်တစား လှည့်ပတ်ကြည့်ရှုရင်း ...

"အခန်းလေးက သပ်သပ်ရပ်ရပ်လေးနော်၊ ရှင် တစ်ယောက်တည်း နေတာလား ... "

"မဟုတ်ဘူး နှစ်ယောက် ... ဘော်ဒါက ဒီနေ့ date ထွက်သွားတယ် ... "

"ဪ ... "

"ထိုက် ဒီနေ့ ဘယ်တွေသွားချင်သေးလဲ ... Shopping တွေ ဘာတွေ ထွက်မလား ... "

"ဟင့်အင်း ... မထွက်ပါဘူး၊ ကဲ ... ရှင် ချက်တဲ့ အပြုံးဘဲဥ ချဉ်ရည်ဟင်းက ဘယ်မှာတုန်း ... "

"အဟား ... အရမ်းကို စိတ်ဝင်စားနေပါလား ... လူမှာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့ ... ကဲ လာ ... စားကြမယ်ဟေ့ ကောင်းကောင်းလုပ်ရအောင် ..."

သူက ထိုက်ကို မီးဖိုဆောင်ထဲသို့ ဦးဆောင်၍ ခေါ်လာခဲ့သည်။ ထိုက်သည် စူးစမ်းစိတ်ဝင်စားသော မျက်လုံးလေးများဖြင့် နှုတ်ခမ်းလေး ကော့အောင်ပြုံးကာ လိုက်ပါလာသည်။ မီးဖိုထဲရောက်လျှင် သူက ပြုတ်ထားသော ဘဲဥတွေထဲမှ တစ်လုံးကို ဆယ်ယူလိုက်ပြီး ...

"ဒီမှာလေ ပြုံးနေတဲ့ ဘဲဥ ... ဒီဘဲဥကို ချဥ်ရည်ဟင်း ချက်မှာ ... ထိုက် ကြိုက်လား ..."

"ကြံကြံဖန်ဖန်ဟယ် ..."

ထိုက်သည် သူပြသော ဘဲဥကိုကြည့်ကာ အလိုက်သည်းလိုက် ရယ်မောပြီး သူ့လက်မောင်းကို တစ်ဖတ်ဖတ်ရိုက်လေသည်။ တကယ်တော့ အပြုံးဘဲဥ ဆိုသည်မှာ ဘာမှ ထူးထူးဆန်းဆန်း မဟုတ်ချေ။ ဘဲဥပေါ်တွင် မျက်လုံး၊ နှာခေါင်းနှင့် ပါးစပ်တစ်ခုပုံကို ခပ်ပြုံးပြုံးပုံစံဖြစ်အောင် ဆေးပန်ဖြင့် ရေးဆွဲထားခြင်း ဖြစ်လေသည်။ ဘဲဥဖြူဖြူပေါ်တွင် ဆေးပန်အနက်ဖြင့် ဆွဲထားသဖြင့် ထင်းထင်းလင်းလင်း ပြုံးနေသော ဘဲဥလေးများဟာ ထိုက်ကို အစွမ်းကုန် ပြုံးပြနေပုံပင်။





"လင်းလွန်းရယ် ... ဒီ အိုင်ဒီယာကို ရှင်မို့ ကြံကြံဖန်ဖန် စဥ်းစားတတ်ပလေတယ် ..."

"ကိုယ်က မင်းကို ပျော်စေချင်လို့ပါ ထိုက်ရယ် ..."

"ရှင်က ကျွန်မကို အမြဲပဲ ပျော်စေချင်တာလားဟင် ..."

"ဒါပေါ့ ... မင်း ပြုံးနေတာ ရယ်နေတာတွေ့ရင် စိတ်ချမ်းသာနေတာပဲ ... ဒါကြောင့် မင်း ပျော်အောင် ... ကိုယ်က အချိန်ပြည့်တွေးနေတတ်တာ ... ထိုက်ကို ရယ်ရအောင် ဘာလုပ်ပေးရင် ကောင်းမလဲလို့ ဆိုပြီး ..."

"ကျေးဇူးတင်ပါတယ် ... ရှင့်ကို ကျွန်မ အမြဲလိုအပ်တယ် လင်းလွန်း ..."

"တကယ်လား ... မင်းက ကိုယ့်ကို အဲလောက်ထိ ... ချစ်လား ..."

"ချစ်တာပေါ့ ..."

သူမက မဆိုင်းမတွပင် ချက်ချင်း ပြန်ဖြေသည်။ သူက လှစ်ခနဲ ပြုံးလိုက်ရင်း ...

"အကယ်၍ ကိုယ့်ကို ဆုံးရှုံးရမယ်ဆိုရင်ကော ..."

သူမ နှုတ်ခမ်းတွင် တွဲလဲခိုနေသော အပြုံးသည် ဖျတ်ခနဲပင် ကြေကျ ပျောက်ကွယ်၍သွားသည်။ အဲဒီအပြုံးလေး



www.burmeseclassic.com

ပျောက်ဆုံးသွားခဲ့လျှင် သူ့ပါးစပ်ကိုသူ ပိတ်ရိုက်ပစ်ချင်စိတ်ပေါက် အောင်ပင် နောင်တရသွားခဲ့ပါသည်။

ဒီလိုအချိန်မျိုးမှာ သူမကို သူ ဒီလိုစကားမျိုး မပြောသင့်ဘူး။

"ဆောရီး ထိုက် ... စိတ်မကောင်းဖြစ်သွားလား ... ကိုယ်က စ,တာပါ ..."

"ရပါတယ်လေ ... အဲဒီမေးခွန်းကို ကျွန်မ ဖြေရဲပါတယ်၊ ရှင့်ကို ဆုံးရှုံးဖို့ဆိုတာ ရှင်က ချန်သွားမှ ဖြစ်တဲ့ကိစ္စပါ လင်းလွန်းရယ် ... ကျွန်မနဲ့ ရှင်ဟာ ပြိုင်ပွဲတစ်ခုကို ပြိုင်နေကြတာလေ ...

"ကျွန်မ ပြောပြီးသားပဲ ... ကျွန်မတို့နှစ်ယောက်မှာ စတင်စွန့်ခွာသူကသာ အရှုံးပါလို့ ... ကျန်ရစ်ခဲ့ရတဲ့သူက အနိုင်ပဲ၊ ဒါဟာ အနိုင်လိုချင်တာထက် ကျန်ရစ်ခဲ့ရတဲ့သူအတွက် ဖြေသိမ့်ဆေးတစ်ခုပါ လင်းလွန်းရယ် ..."

အဲဒီစကားကို ကြားရသည့်အခိုက်တွင် သူ့ရင်ထဲ၌ ဘယ်လိုဖြစ်သွားမှန်း မသိချေ။ အတန်တန် ထိန်းချုပ်ထားသည့်ကြားမှ သူမကို ရင်ခွင်ထဲ ပွေ့ထည့်ထားပြီးလျှင် နဖူးပြင်ကို ခပ်ဖွဖွ နမ်းမိသည်။ အဲဒီနောက် ...

အသက်ရှူသံနှစ်ခုသာ ကြီးစိုးနေသော မီးဖိုချောင်





လေးထဲတွင် သူရော သူမရောပါ ရင်ခုန်စိတ်လှုပ်ရှားမှုများဖြင့် တိမ်းမူးနေခဲ့သည်။ သူ့နှုတ်ခမ်းဟာ အခုထိ သူမ နဖူးပြင်မှ မခွာရသေး။ စ၍ နမ်းကတည်းက အဆုံးမရှိသော အနမ်းရှည်တစ်ခုပါ ထိုက်ရယ်။

(ဟေ့ကောင် လင်းလွန်း ... မင်း မော်ရုံတောမှာ မိနေပြီလားကွ ... )

သူ့နားက ဖျတ်ခနဲ ကြားလိုက်မိတာက ရှင်းလင်းရဲ့ အသံပဲဖြစ်၏။ သူ့မျက်လုံးထဲတွင် သွေးအလိမ်းလိမ်းဖြင့် မေထိုက်ဟူသော နာမည်ကို တ,ကာ သေဆုံးသွားသော ရှင်းလင်းရဲ့ပုံကို အာရုံခံ၍ ရလာသည်။

အဲဒီခါမှာ သူမကို ဆတ်ခနဲ တွန်းဖယ်မိသည်။ နားမလည်သလို မျက်ဝန်းများဖြင့် ငေးကြည့်လာသော အကြည့်တွေကို ရှောင်လွှဲလျက်မှ ...

"ဆောရီးပါ ထိုက် ... ကိုယ့်ကို ခွင့်လွှတ်ပါ ..."

"ဘာအတွက်လဲဟင် ..."

သူမက သူ့ခါးကို သိုင်းဖက်ထားလျက် သူ့မျက်နှာကို မော့ကြည့်ကာ ရင်ခေါင်းထဲမှ လာသောအသံမျိုးဖြင့် မေးလေသည်။

"မင်းနဖူးလေးကို ခပ်ကြာကြာ နမ်းထားမိတဲ့အတွက်ပါ ...



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အခန်းကို ဖိတ်ခေါ်ပြီး ... မင်းကို ကိုယ် ဒီလို မလုပ်သင့်ဘူးနော် ... ”

သူမ ပြုံးသောအပြုံးသည် သူ တွေ့ဖူးသမျှသော အပြုံးတွေထဲ၌ ကြက်သီးထစရာ အကောင်းဆုံးသော အပြုံးမျိုး ဖြစ်လေသည်။ ထို့အတူ သူမ ကြည့်သော အကြည့်တွေသည်လည်း ရင်ခုန်သံနှင့် အသိစိတ်ကို မယိမ်းချုပ်ထားနိုင်တော့သော အကြည့်မျိုးတွေ ဖြစ်၏။

“အဲဒီတော့ ရှင် ကျွန်မအပေါ် အကြွေးတင်သွားပြီပေါ့နော်”

သူက ခေါင်းညိတ်ပြလိုက်၏။ သူ့ခါးဆီမှ သူမရဲ့ လက်များသည် သူ့လည်ပင်းသို့ လာရောက်ယှက်သိုင်းလျက် ...

“အဲဒီအကြွေးကို ကျွန်မ ပြန်ဆပ်မယ် ... ”

သူပင် မယုံချင်စရာ ... ။ ခြေဖျားထောက်လိုက်သော သူမရဲ့အပြုံးသည် သူ စားသုံးဖို့ရာအတွက် ချိုမြိန်လှပစွာဖြင့် သူ့နှုတ်ခမ်းများအထိ ရောက်လာခဲ့သည်။ မေထိုက်ဟာ သူ့ကို အံ့ဩဖို့ကောင်းလောက်အောင်ကို ချစ်ပြတတ်သူပေပဲ ... ။ သူမဟာ ဟန်မဆောင်တတ်။ Uptown Girl တစ်ယောက်လို အရိုင်းဆန်သော အချစ်သည် သူ့ရင်ကို ခပ်ပြင်းပြင်းမွှေ့ယူလို့ သွားလေသည်။

❋❋❋







ထမင်းစားချိန်ရောက်လျှင် သူ့ရဲ့ အပြုံးဘဲဥချဉ်ရည်ဟင်း၊ ရယ်ဒီမိတ် ဘာလချောင်ကြော်တို့နှင့် ထမင်းစားဖြစ်ကြသည်။ ထိုက်သည် သူ့ရဲ့လက်ရာ အပြုံးဘဲဥဟင်းကို အထူးအားပေးလေသည်။ ဘဲဥဟင်းတစ်ခွက်ကိုတော့ ဖြစ်ဖြစ်မြောက်မြောက် ချက်တတ်သော သူ့ကို ချီးကျူး၍မဆုံးချေ။

“လင်းလွန်းက အရမ်းတော်တာပဲဟယ် ... နောက်လည်း ကျွန်မကို ချက်ကျွေးဦးနော် ... ”



www.burmeseclassic.com

www.burmeseclassic.com



"အင်း ... ကိုယ်က ချိုင်းနိစ်ဖုတ်လည်း ရတယ် ထိုက်ရဲ့"

"ဟုတ်လား ... ဒါတွေ ရှင် ဘယ်တုန်းက တတ်နေတာလဲ ဟင် ... "

သဘော်တက်တုန်းကဟု ... ယောင်၍ ထွက်သွားတော့မလို ဖြစ်သော ပါးစပ်ကို အမြန်ဘရိတ်အုပ်ရလေသည်။ သူဟာ အစားအသောက်ကောင်းကောင်းကို ဝါသနာပါသူမို့ အားလျှင် သဘော်မှ cook ထံ သွား၍ ဆည်းပူးစမြဲ။

"ဒီလိုပါပဲ ... ကိုယ်က အစားကောင်း မက်တယ် မဟုတ်လား ... ဖြစ်သလို မစားတတ်တော့ လေ့လာရင်း လက်တည့်စမ်းချက်ရင်းနဲ့ တတ်သွားတာပေါ့ ... ကဲ စား စား၊ ပြီးရင် ထိုက်ကို အံ့သြစရာတစ်ခု ပြဖို့ကျန်သေးတယ်"

"လင်းလွန်းရယ် ... ရှင်ကတော့ တကယ်ကို ချစ်ဖို့ကောင်းတဲ့သူပါပဲ ... "

သူမက နှလုံးသားထဲမှလာသော ပီတိသံဖြင့် လိုက်လိုက်လှဲလှဲ ပြောလျှင် ထိုအသံမျိုးတွေကို သူ မကြားချင်တော့ချေ။ မေထိုက်ဟာ ထင်ထားတာထက်ကို သူ့အပေါ်၌ နှောင်တွယ်နေခဲ့ပြီ။

အရမ်း မချစ်တော့နဲ့ မေထိုက်။ ကိုယ်တို့ လမ်းခွဲရတော့မဲ့အချိန် တဖြည်းဖြည်းနဲ့ နီးလာခဲ့ပြီ။





ထမင်းစားပြီး သူမ ပြန်ခါနီးအချိန်တွင် သူက သူမကို လက်ဆောင်ထုပ်လေးတစ်ခု ပေးခဲ့ပါသည်။ သူမ သိပ်လိုချင်ခဲ့သော Pretty Girl မှ နှစ်သောင်းကျော်တန် အဖြူရောင်ဘလောက်စ်လေး ဖြစ်သည်။ သူမသည် အင်္ကျီလေးကိုမြင်လျှင် အံ့သြမှုကို ဖုံးမရဟန်ဖြင့် ...

"ဟယ် ... ဒါ ဟိုတစ်ခါ ကျွန်မ ဒဂုံစင်တာသွားတုန်းက သိပ်သဘောကျခဲ့တဲ့ အင်္ကျီပဲ ... ဒါကို ရှင် ဘယ်လိုလုပ်သိပြီး ... "

"ကြာပြီ မဟုတ်လား ... ဒီအင်္ကျီလေး ကိုယ့်ဆီမှာ ရှိနေတာတောင် တစ်နှစ်ပြည့်ပြီလေ ... အဲဒီနေ့က ထိုက်ကို ကိုယ် ဒဂုံစင်တာမှာ တွေ့လိုက်တယ် ... အဲဒီအင်္ကျီလေးကို ထိုက် သဘောကျနေမှန်းလည်း ကိုယ် သိလိုက်တယ် ... အဲဒီထဲက ဝယ်လာပြီး သိမ်းထားခဲ့တာပဲ ... တစ်နေ့နေ့မှာ ထိုက်ကို လက်ဆောင်ပေးမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပေါ့ ... "

သူမက စကားပင် မပြောနိုင်တော့လောက်အောင် ခံစားချက်တွေ ဆို့နင့်နေသည့် မျက်ဝန်းများဖြင့် သူ့ကို ကြည့်လာခဲ့သည်။ အဲဒီအကြည့်တွေဟာ ... စကားလုံးပေါင်း များစွာထက် အဓိပ္ပာယ် တော်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"လင်းလွန်းရယ် ... ရှင့်ကို ကျွန်မ ... "

သူက သူမရဲ့ နှုတ်ခမ်းလေးကို သူ့လက်လေးနှင့် အသာပိတ် တားဆီးလိုက်၏။ မပြောပါနဲ့တော့ ထိုက်ရယ်။ မင်း ဘာပြောမယ်ဆိုတာ ကိုယ် သိနေပါတယ်။ ဒီစကားတွေ ကိုယ် မကြားချင်တော့ပါဘူး ... ။

"မင်းဟာ အရမ်းချစ်တတ်တဲ့သူမှန်း ကိုယ် အစတည်းက ပြောခဲ့သားပဲ ... "

"အေးနော် ... ရှင် ဘယ်လိုသိ ... "

သူက သူမရဲ့ လက်ဖမိုးလေးကို ဆွဲယူနမ်းရှိုက်လိုက်ရင်း တီးတိုးမျှသော လေသံဖြင့် ...

"မင်းရဲ့ အောက်နှုတ်ခမ်းလေးက ထူထူပြည့်ပြည့်လေးကိုး ထိုက်ရဲ့ ... "

သူမက အရမ်းချစ်တတ်ကြောင်း ပြန်ခါနီးမှာပဲ ထပ်၍ သက်သေပြခဲ့ပြန်ပါသည်။ သူသည်လည်း ရှန်းမထွက်နိုင်သော ချစ်ခြင်းများစွာဖြင့် ... ။







"ဟော့ကောင် လင်းလွန်း ... "

သူ့ပခုံးကို ဆတ်ခနဲ ပုတ်လိုက်သဖြင့် နောက်သို့ လှည့်ကြည့်လိုက်လျှင် အံ့ဩစိတ်က ငယ်ထိပ်သို့ ဆောင့်တက်၍ သွားရသည်။

"ဟာ ရှင်းလင်း ... မင်း ... မင်း ... ရှင်းလင်း မဟုတ်လား"

ရှင်းလင်းက သူ့ပုံစံကို သဘောတကျဖြင့် တ[illegible] ဟား ရယ်မောပြီးလျှင် ...



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကိုတွေ့တာ ဒီလောက်အံ့ဩစရာလားကွ ... ဟုတ်ပါတယ် ... ရှင်းလင်းကို အစစ်ပါ ... "

အရင်အတိုင်း စပို့ရှပ်အဖြူရောင်နှင့် ကာကီဘောင်းဘီရှည်တို့ ဝတ်ဆင်ထားသော ရှင်းလင်းဟာ နုဖတ်ချောမောနေစမြဲ။ ဘာမှ မပြောင်းလဲသေးချေ။ သို့သော် လွဲနေတာတစ်ခုက

"ရှင်းလင်း ... မင်းက မင်းက သေသွားပြီပဲ မဟုတ်လား၊ အခု ဘယ်လိုလုပ်ပြီး ... "

သူက စကားမဆက်နိုင်ချေ။ ရှင်းလင်းက ပြုံးစိုက်ကြည့်လာလျက် ...

"ဒီလိုပဲပေါ့ကွာ ... သေတယ် ရှင်တယ်ဆိုတာ ပညတ်ချက်တွေပါ ... ငါက မင်းကို တွေ့ချင်တော့လည်း သေလည်းလာရတာပေါ့ကွာ ... "

ရှင်းလင်း စကားကြောင့် လေအေးတွေ စိမ့်တိုက်လာသလို သူ့ကလီစာထဲအထိ အေးစက်ထုံကျဉ်မှုကြီးက ကြီးစိုး၍လာသည်။

"မဟုတ်ဘူးလေ ... သေသွားရင် လာလို့မှ မရတော့တာ၊ ဘာ ... ဘာဖြစ်လို့ မင်းက ... "





ရှင်းလင်းရဲ့ မျက်နှာတွင် အရယ်အပြုံးတွေက ရုတ်တရက် ပျောက်ဆုံးသွားလျက် သူ့ကို အေးခဲသော မျက်လုံးမျိုးဖြင့် ကြည့်လာခဲ့သည်။

"မင်းဟာ သစ္စာမရှိတဲ့ကောင်ပဲ လင်းလွန်း ... မေထိုက်ကြောင့် သေသွားခဲ့တဲ့ ငါ့မျက်နှာကိုတောင် မထောက်ဘဲ မင်းက မေထိုက်နဲ့ ကြည်နူးနေတယ် ဟုတ်လား ... မင်းကြောင့် ဟိုဘက်ကမ္ဘာမှာ ငါ ဘယ်လောက်ပူလောင်ကျွမ်းမြေ့နေရတယ် မှတ်လဲ ...

မင်း လုံးဝ သစ္စာမရှိတဲ့ကောင် ... မင်း ငါ့ကို မချစ်ဘူး ... မင်းတို့နှစ်ယောက်စလုံးကို ငါ အရမ်းမုန်းတယ် ... "

ရှင်းလင်းရဲ့ မျက်လုံးမှ အစိမ်းရောင်မျက်ရည်တွေက စီးကျ၍ လာသည်။ သူသည် ဝမ်းနည်းနာကျင်သော ရင်အစုံဖြင့်

"မ ... မမုန်းပါနဲ့ ရှင်းလင်းရာ ... ငါ မင်းကို အရမ်းချစ်တာပါ ... မင်းအတွက် ခံစားရလွန်းလို့ သူ့ကို လက်စားချေဖို့ ချဉ်းကပ်တာပါ ... မင်းအတွက်ပါကွာ ... ငါ့ကို မမုန်းပါနဲ့"

ရှင်းလင်းသည် ကလေးတစ်ယောက်လိုပင် ရှိုက်ကြီးတငင် ငိုယိုလျက် ရှိသည်။ ရှင်းလင်းရဲ့အဖြစ်ကိုကြည့်ကာ သူပမျက်ရည်ကျလာခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလက်စားချေတာလဲ၊ မင်းလည်း မေထိုက်ရဲ့ မာယာအောက်မှာ ကျဆုံးသွားပြီ မဟုတ်လား ... မင်း မေထိုက်ကို သိပ်ချစ်သွားပြီ မဟုတ်လား ... မင်း ငါ့အပေါ်မှာ ရက်စက်တယ် ..."

"မဟုတ်ဘူး ရှင်းလင်း ... ငါ သူ့ကို အသည်းခွဲချင်လို့ မင်းအတွက် ... မင်း ခံစားရသလို သူ ခံစားရစေဖို့ ... အဲ ... အဲဒီအတွက် ..."

"အဟား ဟား ... ငါ ခံစားခဲ့ရတာက ဒီလိုကွ ... ဒီလို"

ချက်ချင်းပင် ... သူ့မျက်လုံးထဲ၌ အပြေးအလွှား လျှောက်သွားနေသော မေထိုက်ရဲ့ပုံ ပေါ်လာသည်။ မေထိုက်ရဲ့ လက်ကို လှမ်းဆွဲလိုက်တာက ရှင်းလင်း။ အဲဒီနောက် မေထိုက်ရဲ့ လက်ပြန်ရိုက်ချက် ... ရှင်းလင်းကို ဆောင့်တွန်းလိုက်ပုံ ဆိုင်ကယ်နှင့် ချိတ်ပါသွားသော ရှင်းလင်းဟာ ဓာတ်တိုင်နှင့် ပြင်းထန်စွာ ရိုက်မိလျက် သွေးတွေက ဖြန်းခနဲ ...။

"အား ..."

သူက ထိုအဖြစ်အပျက်ကို ရင်မဆိုင်ရဲစွာနှင့် စူးစူးဝါးဝါး အော်ဟစ်မိသည်။ ဒီ...ဆိုက်မှာပင် ...





"သား လင်းလင်း ... ဘာဖြစ်တာလဲ ... ဘာဖြစ်တာလဲကွယ် ..."

သူ့အခန်းထဲသို့ အလန့်တကြား ပြေးဝင်လာသူက အန်တီမြပင် ဖြစ်သည်။ အဲဒီအခါမှ အခုန အဖြစ်အပျက်က အိပ်မက်ဆိုတာ သူ သိလိုက်ရသည်။ သို့သော် ... အိပ်မက်ဟာ အမှန်တွေပဲဟု သူကတော့ ယုံကြည်သည်။ သူ့ထံသို့ ရှင်းလင်း တကယ်ကိုရောက်လာခဲ့တယ် ဟူသော အသိက သူ့ရင်ကို မီးပြင်းပြင်းနှင့် မြှိုက်ထားသလို ပူလောင်စေသည်။

မင်း စိတ်မဖြောင့်ဘူးလား ရှင်းလင်းရယ်။

"အန်တီမြ ... ကျွန်တော့်ဆီ ရှင်းလင်း လာတယ် ... အိမ်အိမ်မက်ထဲမှာ သူ လာတယ် ... မ ... မဟုတ်ဘူး ... သူတကယ်လာတာ ..."

အယောင်ယောင် အမှားမှားဖြင့် ထိတ်လန့်တုန်လှုပ်ကာ Air Con ခန်းထဲမှာပင် ချွေးတွေရွှဲနစ်နေသော သူ့ကို အန်တီမြက ကြင်နာယုယစွာဖြင့် နဖူးလေးကို သပ်တင်ပေးကာ ရေတစ်ခွက် ထည့်လိုက်သည်။

အန်တီမြရဲ့ မျက်နှာကား လုံးဝမကောင်းချေ။



www.burmeseclassic.com

"အန်တီလည်း သူ့ကို အိပ်မက် မက်တယ် သား ... သားငယ်လေးက ငိုနေတယ်ကွယ် ... ဘာလို့လဲ မသိဘူး ... စကားလည်း မပြောဘူး ... အန်တီက သားလေး ဘာဖြစ်ချင်လဲမေးတော့ ခေါင်းရမ်းပြီး ငိုပဲ ငိုနေတယ် ...

ဒီကလေး ... ဒီကလေးဟာ ... အခုထိကို အေးငြိမ်းရာ မရောက်နိုင်သေးဘူးလား မသိပါဘူးကွယ် ... ရှေ့တစ်ပတ်ဆိုရင် သူ ဆုံးတာ နှစ်နှစ် ပြည့်ပြီလေ ... ဒါကြောင့် သူ လာရှာတာနေမှာ ... သားရယ် မင်းအတွက် မေမေ အလှူအကြီးအကျယ် လုပ်ပေးပါ့မယ် ... မင်းသာ သာခုခေါ်ပါ အဖြစ်ဆိုးလိုက်တဲ့ ငါ့သားလေး ... ဥပဒ္ဒေဝက ကံနဲ့ သေရတာ ဘယ်လိုလုပ် ကျွတ်နိုင်မလဲကွယ် ..."

ဝမ်းပန်းတနည်း ငိုရှိုက်လိုက်သော အန်တီမြရဲ့အသံဟာ သူ့နှလုံးသားတစ်ခုလုံးကို ပူပြင်း လောင်ကျွမ်းသွားစေခဲ့ပါသည်။ အခုထိ စိတ်မဖြောင့်နိုင်စွာဖြင့် ငိုယိုစိတ်ဆင်းရဲနေသော ရှင်းလင်းရဲ့ အဖြစ်အပျက်ဟာ သူ့ကို နာကြည်းမှုတွေအား တစ်ဖန် ပြန်လည်၍ မွေးဖွားစေပြန်သည်။

ဘုန်း[illegible]ယိုက်ကဲ့ကို ချစ်မိသွားသော သူ့နှလုံးသားကို





လည်း သူ တော်တော် စက်ဆုပ်သွားမိခဲ့သည်။ ဒီလို မိန်းမကို ချစ်မိတာ ... ။ စိတ်ဖြောင့်ဖြောင့်နဲ့ သွားပါတော့ ရှင်းလင်း။ မင်းသေဆုံးတဲ့ နှစ်နှစ်ပြည့်တဲ့နေ့ဟာ မေထိုက်နဲ့ ငါ လမ်းခွဲတဲ့နေ့ ဖြစ်မှာပါ ... ။

သေချာလေသည် ... ။ အဲဒါဟာ ရှင်းလင်းအတွက် အရာအားလုံး စိတ်ချစွာ ကျော်ခိုင်းသွားဖို့အတွက် အကောင်းဆုံး တုံ့ပြန်မှုတစ်ခုပဲ ဖြစ်ပါသည်။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် (၁၀၆)၊ သုမင်္ဂလာ (၆) လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းသို့
ပေးပို့နိုင်ပါသည်။



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com





ရှင်းလင်း သေဆုံးသွားခဲ့ခြင်း နှစ်နှစ်ပြည့်အတွက် ကုသိုလ်ကောင်းမှုကို အန်တီမြကြ အိမ်တွင် ဘုန်းကြီးသက်ဈေပင့်ကာ လှူဖွယ်ပစ္စည်း အစုံအလင်ဖြင့် ကုသိုလ်ကောင်းမှု လုပ်ပေးခဲ့သည်။ အဲဒီအချိန်တွင် သူလည်း အနားမှာရှိလျက် အစစအရာရာကို ဦးစီးဆောင်ရွက်ပေးခဲ့သည်။

မေထိုက်ကိုတော့ ဖုန်းဆက်ပြီး ပြည်ကို ခဏပြန်





မယ်ဟု ပြောထားသဖြင့် သူမနှင့် မဆုံဖြစ်တော့ချေ။ အဲဒီနေ့က တော့ သူသည် မနက်ပိုင်း ကုသိုလ်ရေးကိစ္စတွေပြီးတာနှင့် သူ့ရဲ့ မိုဘိုင်းလ်ဖုန်းနှင့်ပင် သူမရဲ့အဆောင်ကို ဖုန်းလှမ်းခေါ်လိုက်သည်။ ဖုန်းထဲမှ သူမရဲ့အသံသည် လွမ်းဆွတ်မှုကို အပြည့်အဝ သယ်ဆောင်လာလျက် ...

"လင်းလွန်း ဘယ်တော့ပြန်လာမလဲဟင် ... "

"ကိုယ် ရောက်နေပြီ ထိုက် ... ညနေ ငါးနာရီလောက် ကန်တော်ကြီးထဲကို လာနိုင်မလား ... "

"ဟယ် ... ရောက်နေပြီလား ... အင်း လာခဲ့မယ်လေ ... ထူးထူးဆန်းဆန်း အပြင်မှာ ချိန်းလို့ပါလား ... "

"အိုကေ ... ထိုက် သေချာလာခဲ့နော် ... ဘိုင့် ဘိုင့်"

သူက ဖုန်းကို ပိတ်လိုက်ပြီးနောက် ကျေနပ်စွာ ပြုံးလိုက်သည်။ ညနေ ငါးနာရီမထိုးခင်ကပင် ကန်တော်ကြီးထဲသို့ ကြိုတင်ရောက်နှင့်နေကာ ကားကိုမှီလျက် သူမကို စောင့်နေလိုက်သည်။ ဒီအတိုင်း နေရတာ ပျင်းလာသဖြင့် chatting လုပ်ရင်း ခင်သွားသော ကောင်မလေးတစ်ယောက်ထံ ဖုန်းဆက်ကာ စကားပြောနေတုန်းမှာပင် အညိုရောင်အိတ်လေးကို လွယ်လျက် တလှုပ်လှုပ် လျှောက်လှမ်းလာသော သူမကို လှမ်းမြင်လိုက်ရသည်။

ကားကိုမှီရပ်လျက် ဖုန်းပြောနေသော သူ့ကို ဒီမိုင်း



www.burmeseclassic.com

www.burmeseclassic.com



အသစ်တွေနှင့် မြင်ရလျှင် သူမ အနည်းငယ် ဇဝေဇဝါ ဖြစ်သွားဟန်တူသည်။ သို့သော် လုံးဝ လွဲနိုင်စရာအကြောင်းလည်း မရှိသဖြင့် အုံပြဲရှူးစမ်းရိပ်တွေနှင့်အတူ သူ့အနားသို့ ရောက်လာသည်။ သူက သူမကို ခေါင်းတစ်ချက် ညိတ်ပြရင်း ...

"ဆွိတီရေ ... နောက်မှ ပြန်ဆက်မယ်ကွာ နော် ... ပလိစ်၊ သူငယ်ချင်းတစ်ယောက် ရောက်လာလို့ ... အိုကေ အိုကေ၊ ဘိုင့် ဘိုင် ... "

သူက ဖုန်းပိတ်လိုက်ပြီးနောက် သူမကို တစ်ချက် စိုက်ကြည့်လိုက်သည်။

Oakley မျက်မှန်အနက်တပ်ထားသဖြင့် သူ့မျက်ဝန်းထဲက ပြတ်သားတော့မည့်၊ စိမ်းကားရက်စက်မည့် အရိပ်တွေကို သူမ မမြင်သေးချေ။

တိုက်ဆိုင်စွာနှင့်ပင် သူမက သူ လက်ဆောင်ပေးထားခဲ့သော အင်္ကျီအဖြူရောင်လေးကို ဝတ်ဆင်ထားခဲ့ကာ မျက်စိမလွှဲချင်စရာကောင်းအောင်ပင် လှပလွန်းနေခဲ့သည်။

သို့သော် ... ။ ဝေးကြဖို့ အချိန်အတိအကျ ရောက်လာခဲ့ချေပြီ။

"လင်းလွန်း ... "

သူမက စကားစဖို့ ခေါ်လိုက်လျှင် သူက လက်ကာ





ပြလျက် စကားတစ်ခွန်းကို စ,လိုက်သည်။

"ကိုယ်တို့ လမ်းခွဲကြရအောင် ဘုန်းမေထိုက် ... "

သူမ နှုတ်ခမ်းများက ရုတ်တရက် ပွင့်အာသွားလျက် 'ဘာ' ဆိုတဲ့ စကားတောင် ထွက်မလာနိုင်ချေ။ ရုတ်တရက် ပြောင်းလဲသွားသော သူ့အခြေအနေနှင့် ဘယ်တုန်းကမှ မျှော်လင့်မထားခဲ့ဘူးသော စကားတို့ကို ကြားလိုက်ရသည့်အတွက် အတော်ကြီး လိုက်မမီဟန်တူကာ ဘာစကားမှ မပြောနိုင်ချေ။

ခဏအကြာမှ အတုန်တုန် အလှုပ်လှုပ် လေသံဖြင့်

"ဘယ်လို ... ဘယ်လို ပြောလိုက်တာလဲ လင်းလွန်း ... ထိုက်တို့ လမ်းခွဲကြမယ် ဟုတ်လား ... ဘာအတွက်ကြောင့်လဲ ... ဘာအတွက်ကြောင့်လဲဟင် ... "

အဲဒီအခါမှာ သူ့ရင်ထဲက စကားတွေ၊ နာကြည်းချက်တွေ၊ အမုန်းတွေ၊ အငြိုးတွေအားလုံးကို တစ်ချိုးထဲနှင့် သူမထံ အိတ်သွန်ဖာမှောက် သွန်ပြခဲ့သည်။ သူမသည် ဝှက်လက်သီးတွေ တစ်လုံးပြီးတစ်လုံး ပစ်သွင်းခံနေရသူလို ဘာတုံ့ပြန်မှုမှ မပေးနိုင်ဘဲ shock ရလျက် အလဲလဲ အကွဲကွဲ ကျဆုံးလျက်ရှိသည်။ သူမက သူ့ရဲ့ စွပ်စွဲချက်တွေကို တောင်းပန်တိုးလျှိုးလျက် ရှင်းပြခွင့်ကို အကြိမ်ကြိမ်တောင်းခံခဲ့သည်။ ဘာရှင်းပြစရာ လိုသေးလို့လဲ။ သူမကိုယ်တိုင်က ရှင်းလင်းကို လုံးဝမချစ်ခဲ့ကြောင်း၊ လမ်းခွဲခဲ့ကြောင်း၊ ပျောက်သွား



www.burmeseclassic.com

www.burmeseclassic.com



မယ်လို့ မထင်ခဲ့ကြောင်း အားလုံး ရင်ဖွင့်ပြခဲ့တာပဲ။

ဒါကို ဘာတွေထပ်ပြီး ရှင်းပြချင်တာလဲ ... ။ သူက လုံးဝ လက်မခံခဲ့ပေ။ နောက်ဆုံး မျက်ရည်တွေ ဖြိုင်ဖြိုင်စီးကျလာတာတွေ့လျှင် သူက ဉပေက္ခာပြုပစ်လျက် ကားပေါ်ကိုတက်ကာ မောင်းထွက်လာခဲ့လိုက်သည်။

သံယောဇဉ် မကုန်စွာဖြင့် ဘက်မှန်ထဲမှ ဖျတ်ခနဲ လှမ်းကြည့်မိလျှင် လက်ဝါးနှစ်ဖက်ထဲသို့ မျက်နှာအပ်၍ ပခုံးတွေ တသိမ့်သိမ့်တုန်ကာ ရှိုက်ကြီးတငင် ငိုကြွေးနေလျက်ရှိသော သူမကို တွေ့ရသည်။ ကားဘရိတ်ကို ဆောင့်နင်းမိမလို ဖြစ်သွားသော သူ့ခြေထောက်တွေကို မှန်းမှန်းနှင့် ကျိန်ဆဲမိရင် သူက အပြင်းမောင်းနှင်ထွက်လာခဲ့တာ ဖြစ်သည်။

ပြီးဆုံးသွားခဲ့ပြီ ... ။ အားလုံး ပြီးဆုံးသွားခဲ့ချေပြီ။ သူသည် တစ်နေရာမှ ရပ်စောင့်ကြည့်နေမည်ဟု ထင်ရသော ရှင်းလင်းကို ယောင်ရမ်းမှန်းဆကာ ပြုံးပြဖြစ်သည်။ သို့သော် သူ့ရင်ထဲ၌ ထင်သလောက် ပေါ့ပါးမနေချေ။ အားလုံး ပြီးဆုံးသွားခဲ့သော်လည်း သူ့ရင်ထဲ၌ တစ်ခုခု ကျန်နေခဲ့သည်ဟု သူ ထင်ပါသည်။





# လက်ရှိပစ္စုပ္ပန်



www.burmeseclassic.com

www.burmeseclassic.com











မေထိုက်၏ဘဝတွင် ကြုံတွေ့ခဲ့ရသော ... အဖြစ်အပျက်များသည် ကံဇာတ်ဆရာက ကျီစယ်နေသလားဟု ထင်ရလောက်အောင်ပင် ချိုမြိန်ဟန်ဆောင်ထားသော ဒဏ်ရာဒဏ်ချက်တွေချည်းသာ ဖြစ်လေသည်။ အခုလက်ရှိ ပြင်းပြင်းထန်ထန် ထိခိုက်ခံစားခဲ့ရသောကိစ္စဆိုလျှင် မေထိုက်ကို လုံးဝပင် shock ရစေခဲ့၏။

ရိုးသားဖြူစင်သော အပြုံးတစ်ခုနှင့် ပြည်ကနဲ့သော



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးဟာ ရှင်းလင်းရဲ့ ညီအစ်ကိုတစ်ဝမ်းကွဲတဲ့။ ရှင်းလင်း တဖွဖွပြောခဲ့သော ရေထဲကကောင်ဆိုတာ သူပေါ့။ အင်မတန်ပါး နပ်တဲ့ကာ ... ဟန်ဆောင်ခြင်းအတတ်ပညာကို တစ်ဖတ်ကမ်းတတ် မြောက်ခဲ့သော သူဟာ မေထိုက်၏ ချစ်သူအဖြစ် တစ်နှစ်တိတိ ပိပိရိရိ ဟန်ဆောင်နိုင်ခဲ့တာကို သူမ ချီးကျူးပါသည်။

အဲဒီလို တော်သည့်အတွက် သူမ အလိမ်အညာ ခံခဲ့ ရတာ မထူးဆန်းချေ။ ထူးဆန်းတာက သူ့ကို သူမ မမုန်းခြင်းပင် ဖြစ်ပါသည်။ မမုန်းဘဲ ခွင့်လွှတ်နိုင်ခြင်းဟာ မေထိုက်ကို အသည်း မကွဲစေခဲ့။ အဲဒီအချိန်မှာ အချစ်ဆိုတဲ့အရသာကို သူမ တကယ်ရှာ တွေ့ခြင်း ဖြစ်သည်။

အချစ်တစ်ခုမှ နှစ်ဦးနှစ်ဖက်ချစ်နေမှ ရည်းစား ဖြစ် နေမှ ချစ်နေခွင့်ရှိတာမှ မဟုတ်တာ လင်းလွန်းရယ်။ နှလုံးသားထဲ က တစိမ့်စိမ့် လှမ်းမြတ်နိုးနေပြီး အတူရှိခဲ့ဖူးတဲ့အချိန်တွေကို တမ်း တရင်း ကျေနပ်ပြီး ချစ်နေလို့ ရတာပဲလို့ မင်း ဘာလို့ မတွေးမိတာ လဲ ... ။

ဒီတစ်ချက်မှာတော့ မင်း နောက်ကျသွားခဲ့ပြီ။

ခွင့်လွှတ်ခြင်းနှင့် ဆက်ရှင်သန်ခဲ့သော သူမရဲ့ဘဝက





ထူးထူးခြားခြား ဘာမှပြောင်းလဲသွားခြင်း မရှိပေ။ အရင်အတိုင်း သင်တန်းတွေတက်စမြဲ၊ ကြိုးစားစမြဲပင် ဖြစ်သည်။ မေမေတို့က ဇွတ်တိုက်တွန်းသဖြင့် အဆောင်မှာ မနေဖြစ်တော့ဘဲ စမ်းချောင်းရှိ အဒေါ်အိမ်မှာ ပြောင်းနေလိုက်တာ တစ်ခုပဲ အပြောင်းအလဲ ရှိခဲ့ပါ သည်။

အားလပ်ရက်တစ်ရက်မှာတော့ ဝမ်းကွဲညီမတွေက ဇွတ်ခေါ်သဖြင့် သူမက သူတို့နှင့်အတူ အနီးနားရှိ ဒဂုံစင်တာသို့ ရောက်ဖြစ်ခဲ့သည်။ အဲဒီမှာပဲ မျက်နှာချင်းဆိုင်မှ လျှောက်လာသော သူ့ကို တွေ့ခဲ့တာ ဖြစ်ပါသည်။ သူတစ်ယောက်တည်းတော့ မဟုတ် ချေ။ သူ့နံဘေးမှာ လှပေခတ်မီသော ကောင်မလေးတစ်ယောက် လည်း ပါ၊ပါသည်။

သူကလည်း သူမကို မြင်သည်။ မျက်မှန်တပ်မထား သဖြင့် သူ့မျက်လုံးများကို ဖုံးကွယ်၍ မရချေ။ သူမက သူ့မျက်လုံး တွေထဲသို့ တည့်တည့်စိုက်ကြည့်လျက် တစ်ခုခုကို ရှာဖွေနေမိသည်။ ဒါကို ရိပ်မိဟန်တူသော သူက ချက်ချင်း မျက်နှာလွှဲသွားလေသည်။

အဲဒီအခိုက်မှာ သူမက ဖျတ်ခနဲ ပြုံးသွားမိသည်။ ခဏလေးပါပဲ ... အဲဒီအချိန်လေးဟာ ခဏလေးပေမဲ့ မေထိုက်ရဲ့ ညီမ ဝင့်ဝါသည် ခြေလှမ်းကို တုံ့ပစ်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ သူ သူ ... ခုန ခပ်ဖြောင့်ဖြောင့်တစ်ယောက်ဟာ မေထိုက်ရဲ့ သူငယ်ချင်း ... ငါတို့ကို အိမ်လိုက်ပို့ပေးတဲ့သူ ... မင်းရန် ... မင်းရန် ဆိုတဲ့ တစ်ယောက်မဟုတ်လား"

"အေးဟဲ့ ... တူသလိုပဲ ... ဟဲ့ မေထိုက် ... အဲဒါ နင့်သူငယ်ချင်း မင်းရန် မဟုတ်လား ..."

"ဘယ်က မင်းရန်လဲ ... ငါ့အသိထဲမှာ မင်းရန်ဆိုတာ မရှိပါဘူး ..."

"အာ ... အဲဒါ မင်းရန်မှ မင်းရန်ပါ ... နင် မသိဘူးလား"

"ကျွတ် ... တစ်ခုခုတော့ မှားနေပြီ ... မင်းရန် ဆိုတာကိုလည်း မသိဘူး ... အခုန တစ်ယောက်ကိုလည်း မသိဘူး"

"ဟယ် ... ဒါဆို ငါတို့ အကြောင်းရိုက်ခံရတာလား မသိ၊ ဒီလိုဟဲ့ ..."

သူမက ... ဝင့်ဝါ ပြောပြနေသော အကြောင်းအရာတွေကို နားစိုက်ထောင်ပြီးလျှင် နှုတ်ခမ်းတွေက တဖြည်းဖြည်း ပြုံးလို့လာခဲ့သည်။ တတ်လည်း တတ်နိုင်တဲ့ လင်းလွန်းရယ်။

"သူမှ သူပါဟာ ... မှတ်မှတ်ရရ အဲဒီတုန်းက Pretty Girl ဆိုင်က အိတ်တွေတောင် ဆွဲလာသေးတယ် ... ငါတို့က နင့်ဖို့ ထင်နေတာ ..."





မေထိုက်သည် နှစ်နှစ်ခြိုက်ခြိုက် ပြုံးရုံတင်မကဘဲ ဟက်ဟက်ပက်ပက်ပင် ရယ်မိတော့လေသည်။ ရှင် တကယ် တော်ပါတယ် လင်းလွန်းရယ်။ ကျွန်မ အလဲထိုးခံလိုက်ရတာ သိပ်မဆိုးဆန်းတော့ပါဘူး။ အခုချိန်ထိ သူမကို ရယ်ရအောင် စွမ်းဆောင်ပေးနိုင်တဲ့ သူ့ကို မေထိုက် လွမ်းဆွတ်နှမြောနေခဲ့တာတော့ အမှန်ပဲ ဖြစ်လေသည်။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် (၁၀၆)၊ သုမင်္ဂလာ (၆) လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းသို့
ပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





သူမ ပြိုးသွားခဲ့သည်။ အဲဒီအပြုံးဟာ တကယ့်ကို ခဏလေးပါပဲ။ သို့သော် သူက မြင်ဖြစ်အောင် မြင်ခဲ့သည်။ သူမ ဘာအဓိပ္ပာယ်နှင့် ပြုံးသွားခဲ့သလဲဆိုတာကိုတော့ သေချာစွာ သူ မသိချေ။ သူမနဲ့ သူသည် လမ်းခွဲပြီးကတည်းက လုံးဝမတွေ့ဆုံဖြစ်ခဲ့တော့ဘဲ ငါးလကြာမှ ပထမဆုံးအကြိမ်အဖြစ် ပြန်ဆုံခဲ့ကြခြင်း ဖြစ်သည်။





အဲဒီ ငါးလအတွင်းမှာ သူမကို သိပ်သတိရမိလျှင် ငါးကြိမ်ထက်မနည်း သွားချောင်းကြည့်ခဲ့မိတာကိုတော့ သူ ဝန်ခံရပေမည်။ သူ ခိုးကြည့်ခဲ့ရသော သူမ ပုံစံဟာ ကြည်ကြည်လင်လင်လေးပဲ ဖြစ်သည်။ ညှိုးရိပ်ဆင်နေသည့် အားငယ်သည့်ပုံမျိုးတော့ သူ မတွေ့ခဲ့ရပေ။

သူမနှင့် မျက်လုံးချင်းဆုံသည့် တစ်ခဏတွင် ရှင်းလင်းကို သူ ဘာကြောင့် သတိရသွားသလဲဆိုတာတော့ သူ မသိချေ။ ချက်ချင်းပင် ရှင်းလင်း လဲလျောင်းရာဂူလေးနှင့် ရှင်းလင်း နောက်ဆုံးနေ့ရက်တွေကို ဖြတ်ကျော်ခဲ့သော မြို့စွန်ရှိ အိမ်လေးကို သူ အပြင်းအထန်ပင် သွားချင်လာခဲ့သည်။ တစ်စုံတစ်ရာက သူ့ကို ညှို့ငင်ဖိတ်ခေါ်နေသလိုပင်။

သူသည် အိမ်ပြန်ရောက်ရောက်ချင်း အန်တီမြထံ ခွင့်ပန်မိသည်။

"အန်ကယ်ရှိတုန်း ကျွန်တော် အဲဒီမြို့ကို တစ်ခေါက်လောက် ထပ်သွားချင်တယ် အန်တီ ... ပြီးတော့ အဲဒီမှာလည်း ကုသိုလ် ထပ်လုပ်ချင်တယ် ..."

"အေးလေ ... ဒါက တားသင့်တဲ့ကိစ္စမှ မဟုတ်တာ ... လင်းလင်း မင်းလည်း မငယ်တော့ဘူး၊ မင်းအဖေကလည်း



www.burmeseclassic.com

www.burmeseclassic.com



အန်တီ့ကိုပဲ အစစအရာရာ အပ်ထားတာနော် ... မင်း အိမ်ထောင်ရေးအတွက်လည်း အန်တီ စိတ်ပူတယ်၊ သဉ္ဇာကို လက်ထပ်ပြီး စီးပွားရေးကို ဦးဆောင်တော့ ...

မင်း ငြင်းလာခဲ့တာ ကြာပြီ ... ”

ဒဂုံစင်တာတုန်းက မေထိုက်တို့တစ်တွေ သူ့ကို နှစ်ယောက်တွဲမြင်ခဲ့သော မိန်းကလေးကို ဆိုလိုခြင်းဖြစ်သည်။

“ကျွန်တော် အိမ်ထောင်မပြုချင်သေးဘူး အန်တီမြ ... ”

“ဘယ်ဖြစ်လိမ့်မလဲ လင်းလင်းရဲ့ ... မင်း ရည်းစားတွေ ဒီလောက်ထားခဲ့တာ ငါ ဘယ်လိုစိတ်ချရမှာလဲ ... မင်း စဉ်းစားသင့်ပြီနော် ... ”

အဲဒီအခိုက်တွင် သူ ဖျတ်ခနဲ သတိရသွားမိခဲ့တာသည် မေထိုက်ပဲ ဖြစ်လေသည်။ မေထိုက်ကို သူ ဘယ်သူ့ကိုမှ မချစ်ခဲ့ဘူးသော အချစ်မျိုးဖြင့် ချစ်ခဲ့သည်။ ဒါဟာ ငြင်းမရသော အမှန်တရားပဲ ဖြစ်ပါသည်။

“ဘယ်လိုလဲ လင်းလင်း ... အန်တီမြ စိတ်ချမ်းသာအောင် မင်း ဖြည့်ဆည်းမပေးနိုင်ဘူးလား ... ”

မေထိုက်ရယ် ... ။ ကိုယ်နဲ့ မင်းနဲ့ကတော့ မဆုံနိုင်ကြတော့တဲ့ မျဉ်းပြိုင်ပေပဲ။





“ကျွန်တော် စဉ်းစားပါ့မယ် အန်တီမြ ... ဒီတစ်ခေါက် ရှင်းလင်းဆီက ပြန်လာရင် ကျွန်တော် သေချာတဲ့ကတိတစ်ခု ပေးနိုင်မှာပါ ... ”

အဲဒီနောက်တော့ သူသည် ငြိမ်သက် တိတ်ဆိတ်သော နှလုံးသားတစ်ခုဖြင့် ရှင်းလင်း အိပ်စက်အနားယူရာ ... ၊ သူ့နှလုံးသားကို ပူနွေးစေသည့် ကောင်မလေးတစ်ယောက်ရဲ့ ဇာတိမြို့လေးထံသို့ ထွက်ခွာလာခဲ့တော့တာ ဖြစ်ပါသည်။

ဝေဖန်စာ၊ အကြံပြုစာ၊ မိတ်ဆက်စာများ ပေးပို့လိုပါလျှင်
အမှတ် (၁၀၆)၊ သုမင်္ဂလာ (၆) လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းသို့
ပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





မေထိုက်တို့ မြို့လေးသည် လွန်ခဲ့သော သုံးနှစ်ခန့်က သူ ရောက်ဖူးခဲ့သည့်အတိုင်း ဘာမှ ထူးထူးခြားခြား ပြောင်းလဲခြင်း မရှိချေ။ ဆိုင်ကယ်စီးသွားသော ကောင်မလေးတွေကို တွေ့ရလျှင် သူမလည်း တစ်ချိန်က ဒီလို လွတ်လပ်ပေ့ါပါးစွာ သွားလာခဲ့ဖူးမှာပဲ ဟူသော အတွေးမျိုးဖြင့် ဆွတ်ပျံ့ကြည်နူးရသည်။

(ငါ့ကောင်မလေးက ငါ့ကို ဆိုင်ကယ်စီး သင်ပေးတာ ... အရှမ်း ရင်ခုန်ဖို့ ကောင်းတယ်)





သူ့ကို လှမ်းကြွားထားသော ရှင်းလင်းရဲ့ စာတွေထဲမှ အကြောင်းအရာတစ်ခုကို သွားသတိရမိလျှင် သူဟာ ကြေကွဲဖွယ် ဇာတ်လမ်းတစ်ပုဒ်ကို မတွေးချင်စွာနှင့် ဖွတ်မိတ်ဖျောက်ပစ်ရသည်။ ဘာလို့များ ဒီလို ကြေကွဲဖွယ်ကောင်းတဲ့ အဖြစ်ပျက်မျိုးဟာ မင်းနဲ့ မေထိုက်ကြားထဲမှာ ဖြစ်ပွားခဲ့ရတာလဲ။

ဘယ်သူ့ အပြစ်တွေလဲ ... ။

"လင်းလင်းရေ ... ရှင်းလင်းနေခဲ့တဲ့ အိမ်လေးကို သွားကြည့်ချင်တယ်ဆိုရင် လေးလေးဆီက သော့ယူသွားနော်၊ နောက်တစ်ပတ်နေရင် အဲဒီအိမ်လေးကို ရောင်းလိုက်ပြီ ... သား သွားချင်ရင် ပြောတာပါ ..."

လေးလေးက အဲဒီစကားကို ပြောပြီးလျှင် သူက ချက်ချင်းပင် သော့တောင်းလျက် မြို့ရဲ့အစွန်မှာရှိသော အိမ်လေးထံ ထွက်လာခဲ့သည်။ ခြံဝင်းကျယ်သာရှိသော အိမ်လေးသည် တစ်စုံတစ်ရာကို ဝမ်းနည်းနေသလို ခပ်မှိုင်းမှိုင်းပုံစံဖြင့် သူ့ကို ကြိုနေခဲ့သည်။ ဒါဟာ ရှင်းလင်းရဲ့ နောက်ဆုံးအငွေ့အသက်တွေ ထင်ကျန်ရစ်ခဲ့တဲ့ အိမ်တဲ့။ သူက တထိတ်ထိတ်ခုန်လာသော ခံစားချက်ဖြင့် အိမ်ထဲသို့ ဝင်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ..."

အခန်းတစ်ခုထဲသို့ ဝင်လိုက်လျှင် ... ဟင်ခနဲမြည် အောင် အံ့သြသွားရလောက်အောင်ပင် မေထိုက်ရဲ့ ပန်းချီကားကြီး က သူ့ကို အပြုံးစစ်စစ်ဖြင့် ကြိုဆိုနေခဲ့သည်။ သတို့သမီးဝတ်စုံဖြင့် ကျက်သရေရှိစွာ ချောမောနေသော မေထိုက်မှ မေထိုက်ပင်။

"မင်း ဒီလောက်တောင်ပဲ ချစ်ခဲ့လား ရှင်းလင်းရယ် ..."

သူက မချိတင်ကဲ ရေရွတ်ရင်း ခုတင်စွန်းတွင် ဝင်ထိုင်မိသည်။ ရှင်းလင်းရဲ့ အသုံးအဆောင် ဂစ်တာ၊ စီးကရက်ဘူးခွံ၊ ဘီယာပုလင်းခွံတွေ၊ အမှိုက်စတွေဟာ တစ်ခုမှ ခြေရာလက်ရာ မပျက် ...။ ဒီနေရာမှာပဲ ရှင်းလင်းဟာ အသည်းကွဲခဲ့ဟန်တူသည်။

အဲဒီအခိုက်မှာပင် အရာအားလုံးကို စေ့စေ့စပ်စပ် အကဲခတ်ကြည့်ရှုနေသော သူက အံဆွဲတစ်ခုကို သွားမြင်သည်။ အံဆွဲထဲမှာရော ဘာတွေရှိမှာပါလိမ့်။ သူက စိတ်ဝင်တစားနှင့် ဆွဲဖွင့်လိုက်လျှင် အံဆွဲကား သော့ခတ်ထားသဖြင့် မဖွင့်ချေ။ သူ့လက်ထဲမှ သော့တစ်ခုဖြင့်ဖွင့်မှ ပွင့်သွားသည်။

အံဆွဲပွင့်သွားလျှင် ... အင်မတန် စိတ်ဝင်စားစရာ ကောင်းသော အရာနှစ်ခုကို တွေ့ရလေသည်။ သူသည် တဆတ်





ဆတ်တုန်လာသော လက်များဖြင့် ထိုအရာတွေကို လှမ်းယူမိသည်။ ဒါတွေက ...။ ဒီထဲကနေပြီး သူ ဘာတွေကို ထပ်မံသိခွင့်ရဦးမလဲ။

သူ့လက်ထဲမှာ ပါလာတာက ရှင်းလင်းရဲ့ ဒိုင်ယာရီနှင့် လက်စွပ်ထည့်သည့် နက်ပြာရောင်ကတ္တီပါဘူးလေး ဖြစ်သည်။ ကတ္တီပါဘူးလေးကို ဖွင့်လိုက်လျှင် အရည်တဖျတ်ဖျတ် လက်နေသည့် ချစ်စဖွယ် စိန်လက်စွပ်လေးကို တွေ့ရသည်။ ဘုရား ဘုရား။ ဒီလိုပစ္စည်းမျိုးဟာ ဒီနေရာမှာ ရှိနေတယ်။

သူက လက်စွပ်ကို အသာချလျက် ... ဒိုင်ယာရီကို အလောတကြီး ဖွင့်လှန်လိုက်သည်။ အချိန်တွေ ... ရှင်းလင်း မသေခင်ရက်ပိုင်းက အချိန်တွေ နေ့ရက်တွေကို သူ အထူးစိတ်ဝင်စားသည်။ ဒိုင်ယာရီ၏ ပထမပိုင်း စာမျက်နှာတွေက သူ့အတွက် ဘာထူးခြားမှုမှ မရှိချေ။ သူ့ထံ စာရေးထားသော အကြောင်းအရာတွေပဲ ဖြစ်သည်။

နောက်ပိုင်းမှ ...

[" ဒီနေ့ဟာ ငါနဲ့ ထိုက်ရဲ့ 1st Anniversary တဲ့ ... ထိုက်ကို second home ငါ့ရဲ့ လေးဆီ ခေါ်လာတယ် ... အရမ်းကြည်နူးစရာကောင်းတယ် ... ရင်ခုန်ဖို့ မှေ့လောက်အောင်ကို ထိုက်က သိပ်လှနေတယ် ...



www.burmeseclassic.com

www.burmeseclassic.com



ထိုက်ကို လက်ထပ်လက်စွပ်နဲ့ လက်ထပ်ခွင့်တောင်းတော့ ထိုက်က ခေါင်းညိတ်တယ် ... ငါ ဘယ်လိုပျော်သွားမှန်း မသိဘူး ... ထိုက်ကို ငါက အရမ်းချစ်ရတာလေ ... ထိုက်နဲ့ နှစ်ယောက်တည်း ရှိတဲ့အချိန်တွေမှာ ငါ့စိတ်တွေကို ဘယ်လိုမှ ချုပ်ထိန်းလို့မရတော့ဘူး ... ထိုက် အရမ်းစိတ်ဆိုးသွားတယ် ... လက်စွပ်ကိုချွတ်ပြီး ငါ့ကိုပေါက်ရင်း ထွက်ပြေးသွားတယ် ...

ထိုက် ရှက်သွားတာ နေမှာပါ ... ထိုက်က ချော့ရင် ရပါတယ် ... " ]

သူက စာတွေကို ဖတ်ရင်း မျက်စိလည်လာသည်။ ပြီးတော့ ရေးတေးတေး မြင်လာလျက် သဘောပေါက်သလို ရှိလာခဲ့သည်။ ဟာ ... ဒါဆို ဒီကောင်က ထိုက်ကို ... ။ သူက ဆက်မတွေးရဲစွာဖြင့် မျက်လုံးကို မှိတ်ချလိုက်ရသည်။ ပြီးလျှင် အသက်ကို မရဲတရဲ ရှူလျက် ကျန်စာမျက်နှာတွေကို တုန်တုန်ယင်ယင်နှင့် ဆက်ဖတ်မိသည်။

[ "လုံး၀ မျှော်လင့်မထားတဲ့ဖြစ်ရပ်ပဲ ... ထိုက်က ငါ့ကို ခါးခါးသီးသီးနဲ့ ဖြစ်တယ်တဲ့ ... ငါ ဘယ်လို တောင်းပန်တောင်းပန် လက်မခံဘူး ... ချစ်လွန်းလို့ ချည်နှောင်ချင်လို့





မှားတဲ့အမှားကို နည်းနည်းလေးမှ ခွင့်လွှတ်မှုမပေးနိုင်ဘူးတဲ့လား ... တစ်မြို့လုံးက အသိအမှတ်ပြုထားကြရဲ့သားနဲ့ ထိုက်ဟာ ဒီလိုအခြေအနေထိ အမိုက်ခံ ပြတ်သားလိမ့်မယ်လို့ ငါ မထင်ခဲ့ဘူး ...

တစ်မြို့လုံးက ထိုက်ကို အသည်းခွဲသူတဲ့ ... ထိုက် ဘာလို့ ခေါင်းမာနေရတာလဲ ... ဘယ်သူမှ မသိကြတဲ့ကိစ္စမှာ အားလုံးက ထိုက်ရဲ့ အလွန်လို့ပဲ ထင်ကြတယ် ... ထိုက်ရယ်၊ မင်း အဲဒီလောက် အသည်းမာလိမ့်မယ်လို့ ငါ ထင်မထားခဲ့ဘူး ...

မေထိုက် ... ငါ့ကို ခွင့်လွှတ်ပါကွာ ... " ]

ဒိုင်ယာရီရဲ့ နောက်စာမျက်နှာတွေကလည်း ထိုက်ကို အထပ်ထပ်တောင်းပန်ထားသော ရှင်းလင်းရဲ့ သွေးရူးတမ်းရူး စာတွေသာ ဖြစ်၏။ သူသည် စာအုပ်ကို ပိတ်ချလိုက်ပြီး ကြမ်းပြင်ပေါ် ဒူးညွှတ်၍ ခွေလဲကျသွားသည်။

အမှားကြီးမှားခဲ့ပြီ ဟူသော အသိသည် သူ့တစ်ကိုယ်လုံးမှာ စီးဆင်းနေသော သွေးတွေလိုပင် ခန္ဓာကိုယ်ထဲ၌ ပြည့်ပတ်စီးဆင်း၍ နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



လမ်းခွဲစဉ်က ဝမ်းပန်းတနည်း ရှိုက်ကြီးတငင် ငိုယိုကာ ရှင်းပြဖို့ အထပ်ထပ်တောင်းဆိုခဲ့သော သူမရဲ့ ရုပ်သွင်၊ နောက်ဆုံး မြင်တွေ့ခဲ့ရသည့် ... နားလည်ရခက်သော အပြုံးတစ်ခုရဲ့ အဓိပ္ပာယ်ကို ဒီအချိန်မှာ သူ ကောင်းကောင်းကြီး သဘောပေါက်ခဲ့ပြီဖြစ်သည်။

ဒိုင်ယာရီစာအုပ်ကို ကိုင်လျက် ကတုန်ကယင်နှင့်ပင် အောက်သို့ ပြေးဆင်းလာကာ ခြံစောင့်ကို မေးကြည့်လျှင် အဖြေက ဇာတ်ကျနိုင်မာလို့ သွားခဲ့သည်။

"အဲဒီပန်းချီကားထဲက ကောင်မလေးနဲ့ တစ်ရက် လာသေးတယ်ဗျ ... ကျွန်တော်တော် အပြင်ထွက်ပေးသေးတယ်၊ တစ်နာရီလောက်ကြာတော့ ကောင်မလေးက အိမ်ပေါ်က နေ ပြေးဆင်းလာတာပဲ ... ရှင်းလင်းက နောက်က လိုက်ခေါ်သေးတယ် ...

ကောင်မလေးက သူ့ဘာသာသူ ပြန်သွားတာ ... ကျွန်တော် မြင်တာတော့ အဲဒီလောက်ပဲ ..."

ထိုခဏ၌ သူသည် ဒီကမ္ဘာမြေပြင်ပေါ်က အငွေ့ပျံပျောက်ဆုံးချင်လောက်အောင်ပင် ရှက်ရွံ့သိမ်ငယ်လို့ သွားခဲ့သည်။





သူမအတွက် ရင်နှင့် မချိအောင် ခံစားမှုသည် သူ့ကို သေပစ်ချင်စိတ်ပေါ်လာအောင်ပင် ဖိစီးနှိပ်စက်သည်။ လောကမှာ အမှန်တရားတိုင်းဟာ ထုတ်ဖော်ပြောလို့ မသင့်ဘူးဆိုတာကို ဒီသင်ခန်းစာနဲ့တင် ကိုယ် နောင်ကျဉ်သွားခဲ့ရပါပြီ။

မေထိုက်သည် ... အများအမြင်မှာ လူကြမ်းမလေးတစ်ဦး ဖြစ်ခဲ့သည်။ ရက်စက်တတ်သူတစ်ယောက် ဖြစ်ခဲ့သည်။ သို့သော် ဘာအကြောင်းကြောင့်ဆိုတာ ဘယ်သူမှ မသိခဲ့။ တကယ်တော့ သူမဟာ သနားစရာအကောင်းဆုံး လူကြမ်းတစ်ယောက်သာ ဖြစ်လေသည်။

ဝေဖန်စာ၊ အကြံပြုစာ၊ စိတ်ဆောက်စာများ ပေးပို့လိုပါလျှင်
အမှတ် (၁၀၆)၊ သုမင်္ဂလာ (၆) လမ်း၊ သုမင်္ဂလာအိမ်ရာ၊ သင်္ဃန်းကျွန်းသို့
ပေးပို့နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





ဒိုင်ယာရီစာအုပ်လေးကို သူ့အိတ်ထဲတွင် သေချာသိမ်းဆည်းထားခဲ့ပြီးနောက် မပြန်ခင် တစ်ရက်မှာပင် ရှင်းလင်းထံ သူ ထွက်လာခဲ့သည်။ ရှင်းလင်း တင်ခဲ့သော အကြွေးကို သူက ဆပ်နိုင်သည်ဟု ထင်ခဲ့သော်လည်း မဆပ်နိုင်သည့်အပြင် သူကပါ သူမအပေါ် ထပ်မံအကြွေးတင်ခဲ့ပြန်သည်။

ရှင်းလင်းလိုလူတွေ ထာဝရနားခိုရာ သုသာန်သည်





ပကတိ တိတ်ဆိတ်လျက် ငြိမ်သက်နေသည်။ မေထိုက်ဟာ မင်းရဲ့ နောက်ဆုံးခရီးကို လိုက်မပို့နိုင်လောက်အောင် မင်းအပေါ် ကို စိတ်နာခဲ့တယ်တဲ့။

ငါ့ဆိုရင်တော့ နာမည်တောင် မကြားချင်လောက်အောင် မုန်းတီးမယ်နဲ့ တူပါတယ် ရှင်းလင်းရယ်။

သူက ခေါင်းငိုက်စိုက်ဖြင့် လျှောက်လှမ်းလာရင်း ရှင်းလင်းရဲ့ အုတ်ဂူအနားသို့ ရောက်လာလျှင် သူ့ထက်ဦးစွာ ရောက်နေသူတစ်ယောက်ကို မယုံနိုင်စရာကောင်းအောင် တွေ့လိုက်ရသည်။

အံ့ဩလွန်းသဖြင့် သူ့လက်မှ နှင်းဆီပန်းစည်းပင် အောက်သို့ လွတ်ကျသွားခဲ့လေသည်။ တစ်ယောက်သောသူက ကျသွားသော ပန်းစည်းကို ငုံ့ကောက်ပြီး သူ့ကို ကမ်းပေးသည်။

"မေထိုက် ... "

သူမက ဘာစကားမှ မပြောဘဲ သူ့ကို နက်ရှိုင်းစွာ ငေးကြည့်နေသည်။ အကြည့်နှစ်ခုတို့ ဆုံမှတ်တစ်ခု၌ ရပ်တန့်နေသည်မှာ အကြာကြီးပင်။

အဲဒီနောက် ... ချာခနဲလှည့်ထွက်သွားသော သူမ ကြောင့်သာ သတိပြန်ကပ်လာပြီးလျှင် ...

"ခဏ ... ခဏလေးပါ မေထိုက် ... "



www.burmeseclassic.com

"ဘာပြောစရာရှိသေးလို့ လင်းလွန်း ... "

သူမရဲ့ စကားသံတွင် နာကြည်းမှုတွေမပါ၊ ဒေါသရိပ်တွေမပါ၊ နိုင်လိုခံခက်မှုတွေမပါဘဲ သူနှင့် စတွေ့ခါစတုန်းကလိုပင် ပကတိ တည်တည်ငြိမ်ငြိမ်သာ ဖြစ်၏။ မတည်ငြိမ်နိုင်သူက သူသာလျှင် ဖြစ်သည်။

သူ ဘယ်ကနေ ဘယ်လို စ,ပြောရမလဲ။ အဖြစ်မှန်တွေအားလုံး ကိုယ် သိခွင့်ရပြီးပြီ။ ဒါမှမဟုတ် ခွင့်လွှတ်ပါလို့လား။ သူ စဉ်းစားမရတော့ချေ။

တကယ်တမ်းမှာ သူ့ရင်ထဲ၌ အမြဲမေးနေမိသော မေးခွန်းကသာ ထွက်သွား၏။

"ကိုယ့်ကို မင်း မုန်းနေလား မေထိုက် ... "

"ကျွန်မ ရှင့်ကို ဘယ်တုန်းကမှ မမုန်းခဲ့ပါဘူး ... "

ထိုအဖြေသည် သူ့မျက်နှာကို ဓားနှင့် လှီးချပစ်ချင်လောက်အောင်ပင် အရှက်ရစေသည်။

"မဟုတ်ဘူး မေထိုက် ... ကိုယ့်ကို မင်း မုန်းသင့်တယ် ... နာကြည်းသင့်တယ် ... အလိမ်အညာသမားဆိုပြီး စွပ်စွဲသင့်တယ် ... အဲဒီလို မင်း နေပြနေတာက ကိုယ့်ကို ပိုထိခိုက်ခံစားစေတယ် မေထိုက် ...





မင်းကြည့်ရတာ လူနဲ့ မတူတော့ဘူး ... မင်း ဘာလို့ ... ဒီလောက်တောင် မျိုသိပ်နိုင်စွမ်း ရှိရတာလဲ ... "

သူ့ရဲ့ ပေါက်ကွဲမှုကို သူမက တည်ငြိမ်သည့် အကြည့်တစ်ချက်နှင့်သာ တုံ့ပြန်သည်။

"ကျွန်မဘဝမှာ ဝဋ်ကြွေးတွေအများကြီး ပါလာတယ်လို့ ယူဆတယ် လင်းလွန်း ... ကျွန်မ မဆပ်ချင်လည်းဘဲ ဆပ်ရမယ်လို့ နားလည်ထားလိုက်တယ် ... ကျွန်မဟာ ရှင်းလင်းဆီမှာရော ရှင့်ဆီမှာရော ဝဋ်ကြွေးတွေ ပါလာခဲ့တဲ့သူ တစ်ယောက်ပါ ... ဒါကို ဒီအချိန်မှာ ကျေကျေနပ်နပ်ကြီး လက်ခံလိုက်ပါပြီ ...
ဒါကြောင့် ... ရှင်းလင်းကိုလည်း ဒီနေရာမှာ ကျွန်မ လာတောင်းပန်တာပါ ... "

"ဘာဆိုင်လို့ တောင်းပန်ရတာလဲ ... "

သူ့ရဲ့အော်သံကြောင့် သူမ ဆတ်ခနဲ တုန်သွားသည်။ သူက ထိန်းချုပ်မနေနိုင်အားတော့ဘဲ သူမရဲ့ လက်မောင်းနှစ်ဖက်ကို ခပ်ကြမ်းကြမ်း လှုပ်ရမ်းကာ ...

"ကိုယ် အားလုံး သိပြီးပြီ မေထိုက် ... မင်း ဘာလို့ အဲဒီလောက်တောင် မျိုသိပ်ထားခဲ့ရတာလဲ ဟင် ... ပြောစမ်းပါ မေထိုက်ရဲ့ ... "



www.burmeseclassic.com

www.burmeseclassic.com



သူမက အံ့သြဝိုင်းစက်သွားသော မျက်ဝန်းအစုံဖြင့် သူ့ကို အလန့်တကြား ကြည့်ပြီးနောက် သူ့အကြည့်တွေကို ရင်မဆိုင်ရဲသလို ခေါင်းငုံ့သွားခဲ့သည်။

"မင်း ဘာကြောင့် ရှင်းလင်းကို မုန်းသွားခဲ့ရတာလဲ ကိုယ် နားလည်သွားပြီ မေထိုက် ... အခု ဆက်ပြီးတော့ ကိုယ့်ကိုလည်း မင်း မုန်းပါ ... နာကြည်းပါ ... လက်စားချေပါ ... ဒါပေမဲ့ ကိုယ်ဟာ မင်းအတွက်နဲ့ မနေ့ကတည်းက အသည်းကွဲနေခဲ့ပြီးသားပါ မေထိုက်ရယ် ... "

သူ့ကို မော်ကြည့်လာသော သူမရဲ့ အကြည့်တွေထဲ၌ မျက်ရည်ကြည်စတွေ ရစ်ဖွဲ့အိုင်ထွန်းနေလေသည်။

"ကျွန်မကတော့ အသည်းမကွဲခဲ့ဘူး လင်းလွန်း ... သိပ်ချစ်ရင် အသည်းကွဲရတယ်ဆိုတဲ့ ဖလော်ကို ကျွန်မ လက်မခံဘူး ... သိပ်ချစ်တာနဲ့အမျှ ခွင့်လွှတ်ကျေအေးပေးနိုင်ရင် အဲဒီနှလုံးသားက အကောင်းအတိုင်းကြီးပါ လင်းလွန်းရယ်"

သူ့မျက်ဝန်းမှ မျက်ရည်တစ်ပွင့်က လွင့်စဉ်၍ ကျသွားခဲ့ပါသည်။

"မင်း ကိုယ့်ကို စိတ်မနာဘူးလား ထိုက် ... ကိုယ်က မင်းကို လက်စားချေချင်တဲ့စိတ်နဲ့ ချဉ်းကပ်ခဲ့တာလေ ... ပြီးတော့ တကယ်လည်း မင်းကို လက်စားချေခဲ့တာပဲလေ၊





မင်းကို ဒဏ်ရာတွေ ထပ်ရအောင် လုပ်ခဲ့တဲ့သူလေ ... ဒီလိုလူက တောင်းပန်တာကို အလွယ်တကူ ကျေအေးပြီး မင်းက ခွင့်လွှတ်ပေးနိုင်တယ် ဟုတ်လား ... "

သူ့ရဲ့ အမေးတကောအပြောကို ... သူမက ရင်အေးစဖွယ် အပြုံးတစ်ခုဖြင့် နှစ်သိမ့်ကာ ...

"ကျွန်မ တစ်ခုပြောမယ် လင်းလွန်း ... ဒါဟာ ကျွန်မရဲ့ နောက်ဆုံးစကားပါပဲ ... ဟိုးအရင်က ကျွန်မဟာ ချစ်ခြင်းနဲ့ ခွင့်လွှတ်ခြင်းဆိုတာ ... တစ်ခုကိုတစ်ခု ဘယ်လိုအပြန်အလှန် အကျိုးပြုနေခဲ့သလဲဆိုတာ မသိခဲ့ဘူး ... ဒီအဖြစ်အပျက်တွေ ပြီးသွားချိန်မှာ ကျွန်မ သိလိုက်ရတာတော့ ချစ်ခြင်းနဲ့ ခွင့်လွှတ်ခြင်းဟာ ဆတူ အကျိုးပြုပါတယ်၊ နည်းနည်းချစ်ရင် နည်းနည်းခွင့်လွှတ်နိုင်တယ် ... ရှင့်ကို ကျွန်မ နှိုင်းမရအောင် ချစ်တယ် ... အဲဒီအတွက် နှိုင်းမရတဲ့ ခွင့်လွှတ်ခြင်းတွေ ရှိပါတယ် ... အဲဒါပါပဲ ... ကျွန်မရဲ့ အချစ်ဆိုတာ တကယ်တော့ ခွင့်လွှတ်ခြင်းပါပဲ ... "

သူက စကားပင် မပြောနိုင်တော့အောင် ဆို့နင့်ကြေ ကွဲလျက် သူမကို ရင်ခွင်ထဲ ဆွဲသွင်းထားလိုက်သည်။ သူမရဲ့ ဆံပင်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



တွေကြားထဲသို့ သူ့မျက်ရည်တွေက အတားအဆီးမဲ့စွာ စိမ့်ဝင်သွားကြသည်။

"မင်းရဲ့ ဝဋ်ကြွေးတွေရော ... ကိုယ့်ရဲ့ ဝဋ်ကြွေးတွေရော၊ ရှင်းလင်းရဲ့ ဝဋ်ကြွေးတွေရော ဒီနေရာမှာပဲ ထားခဲ့တော့မယ် ထိုက်ရယ် ..."

သူမက ခေါင်းလည်း မခါ၊ ခေါင်းလည်း မညိတ်ဘဲ သူ့ရင်ခွင်ထဲ၌ အသာငြိမ်သက်နေခဲ့သည်။ နိုလုံရာ ရင်ခွင် အတည်တကျ မရှိခဲ့ရရှာသော သူ့ရဲ့ အသက်သွင်းလိပ်ပြာလေးသည် နိုလုံရာ ရင်ခွင်စစ်တစ်ခုကို တွေ့သွားသည့်အလား ကျေနပ်စွာဖြင့် တိတ်ဆိတ်ငြိမ်သက်လို့ နေသည်။


ဘယ်သူတွေ တယ်လိုပဲပြောပြော သူ့အချစ်နဲ့ အရာရာတိုင်းကို အကောင်းအတိုင်း ဖြစ်စေမည်ဟု သူ ယုံကြည်သည်။ ရှေ့ဆက်ရေးရတော့မဲ့ သူနဲ့ သူမရဲ့ စာမျက်နှာတွေတွင် ခွင့်လွှတ်ခြင်း Logo ကို ရိုက်နှိပ်ထားမည် ဖြစ်လေသည် ...။

စာဖတ်ပရိသတ်များအတွက်
ထာဝရ

၆ ၈ ထ န ၁ ၀ ၁ ၉ ပ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com